# စစ်တပ်၏ရက်စက်ကြမ်းကြုတ်မှုများနှင့် ပြည်သူများ၏ခုခံတွန်းလှန်မှု

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုနောက်ပိုင်း မြန်မာပြည်အရှေ့တောင်ပိုင်းအတွင်း ဖြစ်ပွားခဲ့သော မတရားမှု၊ မလုံခြုံမှု၊ အကြမ်းဖက်မှုများနှင့်ပတ်သက်သော သက်သေခံချက်များ



KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

# စစ်တပ်၏ရက်စက်ကြမ်းကြုတ်မှုများနှင့် ပြည်သူများ၏ခုခံတွန်းလှန်မှု

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုနောက်ပိုင်း မြန်မာပြည်အရှေ့တောင်ပိုင်းအတွင်း ဖြစ်ပွားခဲ့သော မတရားမှု၊ မလုံခြုံမှု၊ အကြမ်းဖက်မှုများနှင့်ပတ်သက်သော သက်သေခံချက်များ

ကရင်လူ့အခွင့်အရေးအဖွဲ့

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ

**စစ်တပ်၏ရက်စက်ကြမ်းကြုတ်မှုများနှင့် ပြည်သူများ၏ခုခံတွန်းလှန်မှု – ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုနောက်ပိုင်း မြန်မာပြည်အရှေ့တောင်ပိုင်းအတွင်း ဖြစ်ပွားခဲ့သော မတရားမှု၊ မလုံခြုံမှုနှင့် အကြမ်းဖက်မှုများ၏ သက်သေခံချက်များ**

ကရင်လူ့အခွင့်အရေးအဖွဲ့မှ ရေးသားထုတ်ဝေသည်။
၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ။ KHRG #2021-02

အရှေ့နှင့်အနောက်မျက်နှာဖုံးပုံ၏ ဓာတ်ပုံများအကြောင်းအား ဤအစီရင်ခံစာ၏နောက်ဆုံးစာမျက်နှာတွင် ကျေးဇူးပြု၍ကြည့်ပါ။

ကရင်လူ့အခွင့်အရေးအဖွဲ့အား ၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ပြီး မြန်မာပြည်အရှေ့တောင်ပိုင်းကျေးလက်ဒေသများရှိ ရွာသားများနှင့် ဒေသခံလူထုများ၏အခြေအနေများအား ၎င်းတို့နှင့်တိုက်ရိုက်တွေ့ဆုံမေးမြန်းခြင်းများ၊ ဓာတ်ပုံနှင့် အခြားအထောက်အထားများအားဖြင့် မှတ်တမ်းတင်မှုများပြုလုပ်ပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့သည် သီးခြားလွတ်လပ်စွာလှုပ်ရှားဆောင်ရွက်သော အဖွဲ့အစည်းဖြစ်ပြီး မည်သည့်နိုင်ငံရေး သို့မဟုတ် အခြားအဖွဲ့အစည်းများ နှင့် ပတ်သက်ခြင်းမရှိပါ။ ကျွန်ုပ်တို့၏လုပ်ငန်းများကို သိရှိလိုပါက အင်တာနက်စာမျက်နှာဖြစ်သည့် www.khrg.org တွင် တွေ့ရှိနိုင်ပါသည်။ သို့မဟုတ် ကျွန်ုပ်တို့၏ ထုတ်ဝေပြီးသော အစီရင်ခံစာများကို ရယူလိုပါက အီးမေးလ်လိပ်စာ khrg@khrg.org သို့ ဆက်သွယ် တောင်းယူနိုင်ပါသည်။

ဤအစီရင်ခံစာအား ကရင်လူ့အခွင့်အရေးအဖွဲ့မှ ၂၀၂၁တွင် ထုတ်ဝေပြီးအဖွဲ့၏မူပိုင်ဖြစ်သည်။ ဤအစီရင်ခံစာတွင်ပါရှိသောအကြောင်းအရာများကို မိမိကိုယ်ပိုင်အကျိုးအမြတ်အတွက်မဟုတ်ပဲ အများအကျိုးအတွက် သို့မဟုတ် သတင်းမီဒီယာများတွင်ဖော်ပြလိုခြင်း နှင့် ဆက်စပ်သည့်ရည်ရွယ်ချက်များအတွက် ထပ်မံကူးယူအသုံးပြုခြင်း သို့မဟုတ် ဖြန့်ဝေခြင်းများလုပ်ဆောင်နိုင်ပါသည်။ သို့သော် စီးပွားရေးအကျိုးအမြတ်အတွက်ပြန်လည်အသုံးပြုထုတ်ဝေလိုပါက ကရင်လူ့အခွင့်အရေးအဖွဲ့ထံမှ ဦးစွာခွင့်ပြုချက်ရယူရန်လိုအပ်ပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့မှ ဤအစီရင်ခံစာအား မူလအင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ပြန်ဆိုထားခြင်း ဖြစ်သည်။

**ဤအစီရင်ခံစာသည် ရောင်းရန်မဟုတ်ပါ။**

# မာတိကာ

**အစီရင်ခံစာအနှစ်ချုပ်** ....................................................................................................၄

**နိဒါန်း** ....................................................................................................၆

အစီရင်ခံစာဖွဲ့စည်းပုံ....................................................................................................၁၀

အကြံပြုချက်များ – ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှု....................................................၁၃

အစီရင်ခံစာပြုစုပုံနည်းစနစ် ....................................................................................................၁၅

မြေပုံ – ၁ ကရင်လူ့အခွင့်အရေးအဖွဲ့၏ လုပ်ရှားရာနယ်မြေ ....................................................၁၉

ဝေါဟာရများနှင့်အတိုကောက်အသုံးအနှုန်းများ ....................................................................................................၂၀

**အပိုင်း(၁) နွေဦးတော်လှန်ရေး** ....................................................................................................၂၂

အခန်း(၁) ဆန္ဒပြပွဲများ....................................................................................................၂၂

အခန်း (၂) အာဏာဖီဆန်ရေးလှုပ်ရှားမှု(CDM) ....................................................................................................၄၈

**အပိုင်း (၂) တိုင်းရင်းသား ကျေးလက်ဒေသများတွင် လူသားချင်းစာနာထောက် ထားမှုဆိုင်ရာ အကြပ်အတည်းနှင့်မလုံခြုံမှုများ** ....................................................................................................၆၅

အခန်း (၃) စစ်ဘက်ဆိုင်ရာလှုပ်ရှားမှုများနှင့် အကြမ်းဖက်မှုများ တစ်ဖန်ပေါ်ပေါက်လာခြင်း ....................................................................................................၆၅

မြေပုံ – ၂ တိုက်ပွဲများနှင့် လေကြောင်းတိုက်ခိုက်မှုများ ....................................................................................................၆၉

မြေပုံ – ၃ လူ့အခွင့်အရေးချိုးဖောက်မှုများ ....................................................................................................၈၁

အခန်း (၄) COVID-19 နှင့် အာဏာသိမ်းမှု ....................................................................................................၉၆

**အပိုင်း (၃) ပိုမိုကျယ်ပြန့်သည့်သက်ရောက်မှုများနှင့်အမြင်သဘောထားများ**....................................................၁၀၂

အခန်း (၅) ငြိမ်းချမ်းရေး၊ဒီမိုကရေစီနှင့်ဖွံ့ဖြိုးမှုများအားစိန်ခေါ်ခြင်း ....................................................၁၀၂

အခန်း (၆) အောင်မြင်မှုပန်းတိုင်သို့ရှေ့ဆက်ခြေလှမ်းခြင်း.................................................... ၁၁၁

**နိဂုံး** ....................................................................................................၁၁၆

# အစီရင်ခံစာအနှစ်ချုပ်

ရွေးကောက်တင်မြှောက်ခံရသော အရပ်သားအစိုးရအသစ်တစ်ရပ်ထံမှ မတရားအာဏာသိမ်းယူပြီး ၅ လအကြာ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီး၏ သံအမတ်ဖြစ်သူ မီရှဲ ဘက်ရှ်လက်(MichelleBachelet)က လူ့အခွင့်အရေးကောင်စီတွင် ထုတ်ပြန်ကြေငြာချက်တစ်စောင် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါထုတ်ပြန်ချက်တွင် "မြန်မာနိုင်ငံ၏အခြေအနေသည် နိုင်ငံရေးအကြပ်အတည်းမှ ဘက်ပေါင်းစုံသောလူ့အခွင့်အရေးချိုးဖောက်မှုကပ်ဆိုးကြီးသို့ ပြောင်းလဲဖြစ်ပေါ်နေကြောင်း" ဖော်ပြထားသည်။ တပ်မတော်သည် စစ်အာဏာသိမ်းမှုမှစတင်ကာ အရပ်သားပြည်သူများအား ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျတိုက်ခိုက်သည့် အသွင်သို့ လုပ်ဆောင်လာခဲ့ပါသည်။[1]

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့စစ်အာဏာသိမ်းကတည်းက မြန်မာနိုင်ငံ၏လူ့အခွင့်အရေးအခြေအနေသည် ပျက်စီးယိုယွင်းလာခဲ့ပါသည်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(နစက)သည် အရပ်သားပြည်သူများအပေါ် စနစ်တကျ အကြမ်းဖက်ဖြိုခွင်းမှုများကို ကျူးလွန်နေပြီး ဤသို့သော လုပ်ဆောင်ချက်များသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှ အာမခံချက်အချို့သာပေးထားသည့် ပြည်သူနှင့်နိုင်ငံရေးဆိုင်ရာ အကာအကွယ်ပေးမှုကို လုံးဝသွေဖယ်နေပြီး လူ့အခွင့်အရေးချိုးဖောက်မှုအား ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လာစေရန် လမ်းဖွင့်ပေးသကဲ့သို့ဖြစ်စေခဲ့ပါသည်။ စစ်အာဏာသိမ်းမှုနှင့် စစ်တပ်၏လုပ်ရပ်များကို လက်မခံနိုင်ကြောင်း လမ်းပေါ်တွင် သို့မဟုတ် အွန်လိုင်းတွင် ထုတ်ဖော်ပြောဆိုသူများသည် လုံခြုံရေးတပ်များ၏ အကြမ်းဖက်ခြင်း၊ အသက်အန္တရာယ်ခြိမ်းခြောက်ခံရခြင်းများနှင့် ကြုံတွေ့နေကြရပါသည်။ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေသများတွင် လက်နက်ကိုင်ပဋိပက္ခ များပြားလာခြင်းနှင့် အရပ်သားပြည်သူများနေထိုင်ရာဒေသများအတွင်းသို့ ထိုးစစ်ဆင်တိုက်ခိုက်မှုများကြောင့် ဒေသခံရွာသားအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် မလုံခြုံမှုများကို ပိုမိုရင်ဆိုင်ကြုံတွေ့ကြရပါသည်။ ဆက်လက်ဖြစ်ပွားနေသော ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်မှု၊ COVID-19 ကပ်ရောဂါ အကြပ်အတည်းနှင့်အတူ ပြည်တွင်းနှင့် နိုင်ငံတကာအကူအညီပေးနေသည့်အဖွဲ့အစည်းများအား အရေးတကြီးလိုအပ်သည့်ဒေသများသို့ ဝင်ရောက်ခွင့်ကို နစကမှ တားဆီးပိတ်ပင်နေသောကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြပ်အတည်းသည်လည်း ပိုမိုဆိုးရွားလာပြီး ပြည်သူများ၏ အသက်အန္တရာယ် ခြိမ်းခြောက်နေသည့်အခြေအနေသို့ ရောက်ရှိစေပါသည်။

ဤအစီရင်ခံစာထဲတွင် KHRG မှ စစ်အာဏာသိမ်းမှု ၆ လပြည့်ပြီးနောက်ပိုင်း မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေမှ ဒေသခံရွာသားများ၏ အတွေ့အကြုံနှင့် အမြင်သဘောထားများကို ဖော်ပြထားပါသည်။ ထို့နည်းတူ လုံခြုံရေးအတွက် ကရင်အမျိုးသားအစည်းအရုံး(KNU) ထိန်းချုပ်နယ်မြေတွင် ထွက်ပြေးခိုလှုံနေသော ပြည်သူများ၏အတွေ့အကြုံနှင့် အမြင်သဘောထားများကိုလည်း ဖော်ပြထားပါသည်။ KHRG မှပြုလုပ်သော တွေ့ဆုံမေးမြန်းခန်းများတွင် နစကမှ ဆန္ဒပြပြည်သူများအပေါ် မည်သို့ပင်အကြမ်းဖက်ပြီး ရက်စက်ကြမ်းကြုတ်မှုများပြုလုပ်စေကာမူ ပြည်သူများမှ စစ်အာဏာသိမ်းမှုကို ဆက်လက်ဆန့်ကျင်ကြောင်း ဆန္ဒထုတ်ဖော်တင်ပြနေသည်ကို တွေ့ရှိရပါသည်။ ဆန္ဒပြသူများမှ နစက၏ရက်စက်ကြမ်းကြုတ်သော တုန့်ပြန်မှုများကို ရင်ဆိုင်ကြုံတွေ့ရစဉ် ၎င်းတို့ခံစားရသော ကြောက်ရွံ့စိုးရိမ်မှုနှင့် မလုံခြုံမှုများကို ပြန်လည်ပြောပြခဲ့သည်။ ၎င်းတို့အနေဖြင့် ဖိနှိပ်မှုမှ လွတ်မြောက်ရန်နှင့် ဒီမိုကရေစီတိုက်ပွဲအတွက် ခိုင်မာသည့်ရပ်တည်ချက်ဖြင့် အဆုံးထိ တိုက်ပွဲဝင်မည်ဖြစ်ကြောင်း တူညီသည့်သဘောထားများကို ထုတ်ဖော်ပြောကြားခဲ့ပါသည်။ ဤတွေ့ဆုံမေးမြန်းခန်းများတွင်လည်း ဆန္ဒထုတ်

---

1 ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်မရှင် မဟာမင်းကြီးရုံး (OHCHR) မှ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လတွင်ထုတ်ပြန်သည့် "Statement by Michelle Bachelet, UN High Commissioner for Human Rights, 47th session of the Human Rights Council, July 6th 2021," တွင် ကြည့်ပါ။

ဖော်သူများနှင့် အာဏာဖီဆန်ရေးလူထုလှုပ်ရှားမှု(CDM)တွင် ပါဝင်သူများအနေဖြင့် အကာအကွယ်ရရှိရန်အတွက် အချင်းချင်းမည်သို့ဝိုင်းဝန်းပံ့ပိုးကြသည်ကိုလည်း မီးမောင်းထိုးဖော်ပြထားပါသည်။

နစကာ၏ စစ်ဘက်ဆိုင်ရာ တိုးချဲ့လုပ်ဆောင်မှုများကြောင့် ကျေးလက်ဒေသရှိဒေသခံရွာသားများအပေါ် များစွာ သက်ရောက်မှုရှိနေပါသည်။ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အချို့ဒေသများတွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိခဲ့သော်လည်း စစ်တပ်အာဏာသိမ်းမှု ဖြစ်ပွားပြီးနောက်ပိုင်းတွင် ထိုးစစ်ဆင်မှုနှင့် တိုက်ပွဲများ ဖြစ်ပွားလာခဲ့ပါသည်။ ဖေဖော်ဝါရီလ ၁ ရက်နေ့ အာဏာသိမ်းမှု ဖြစ်ပွားပြီးကတည်းက ဇွန်လ ၂၃ ရက်နေ့အထိ ခန့်မှန်းခြေအရ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ပြည်သူ ၁၇၇,၀၀၀ ဦးရေခန့် ထွက်ပြေးတိမ်းရှောင်နေရပြီး ကရင်ပြည်နယ်တစ်ခုတည်း အတွင်းတွင် ဒေသခံ ၅၀,၀၀၀ ခန့် (ဩဂုတ်လ ၂၃ ရက်နေ့အထိတွင်လည်း ပြည်သူဦးရေ ၁၄၀,၀၀၀ ခန့် ထွက်ပြေးတိမ်းရှောင်နေရလျက်ရှိပြီး) ပြည်တွင်း နေရပ်ရွှေ့ပြောင်းနေထိုင်ခဲ့ရပါသည်။[2] အရပ်သားပြည်သူများအား ပစ်မှတ်ထားသတ်ဖြတ်ခြင်း၊ အတင်းအဓမ္မလုပ်အားပေးခိုင်းစေခြင်း၊ အတင်းအဓမ္မလုယူခြင်းအပါအဝင် အရပ်သားများအား တိုက်ရိုက်တိုက်ခိုက်ခြင်းတို့ကို ဖော်ပြသည့် အစီရင်ခံစာအများအပြားကိုလည်း KHRG မှ လက်ခံရရှိပါသည်။ နစကမှ COVID-19 ရောဂါကပ်ဆိုးအား စစ်လက်နက်သဖွယ် အသုံးပြုနေခြင်းသည်လည်း ကျေးလက်ဒေသရှိ ဒေသခံရွာသားများအား ပုံစံအမျိုးမျိုးဖြင့် တိုက်ခိုက်နေခြင်းသဖွယ် ဖြစ်စေပါသည်။ စစ်အာဏာသိမ်းမှု၏ ပထမ ၆ လတာကာလအတွင်း မှတ်တမ်းပြုစုရာတွင် ကျေးလက်ဒေသရှိ တိုင်းရင်းသားပြည်သူများ၏ အတွေ့အကြုံနှင့် စိုးရိမ်မှုများကို အများပြည်သူများအား ကြားသိနိုင်အောင် လုပ်ဆောင်ပေးနိုင်ခဲ့သည်။ စစ်တပ်အာဏာသိမ်းမှု မဖြစ်ပွားမီကတည်းက မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ဒေသအချို့တွင် လက်နက်ကိုင်ပဋိပက္ခနှင့် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေသော်လည်း လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအလှည့်အပြောင်းများသည် လူ့အခွင့်အရေးအား ကျယ်ကျယ်ပြန့်ပြန့် ထပ်မံချိုးဖောက်နေကြောင်း ထင်ဟပ်စေပါသည်။ ဤသို့သောအခြေအနေသည် ဖြတ်လေးဖြတ်စနစ်အား အသုံးပြုသည့်ခေတ်သို့ ပြန်လည်ရောက်ရှိနေကြောင်း လွတ်လပ်သောသုတေသီ ကေမ်ဂျိုလီ (Kim Joliffe)မှလည်း မီးမောင်းထိုးပြထားပါသည်။ ၎င်းမှ စစ်မြေပြင်တွင်အရပ်သားများအား ဆက်စပ်ထိခိုက်မှုရှိစေရုံသာမက စစ်ဆင်ရေးအတွက် အဓိကအရင်းအမြစ်အဖြစ်လည်း အသုံးချသည်ဟု အလေးပေးဖော်ပြခဲ့ပါသည်။[3]

2 ကမ္ဘာ့ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံးမှ ၂၀၂၁ ခုနှစ်၊ ဇွန်လတွင်ထုတ်ပြန်သည့် “Myanmar Humanitarian Update No. 8, June 24th 2021,” နှင့် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လတွင်ထုတ်ပြန်သည့် “Myanmar Humanitarian Update No. 10, August 27th 2021,” တို့တွင် ဖတ်ရှုပါ။

3 Aljazeera သတင်းဌာနမှ စာရေးသူများဖြစ်သည့် Emliy FISHBEIN၊ Nu Nu Lusan နှင့် Vahpual တို့မှ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေသော “Myanmar military adopts ‘four cuts’ to stamp out coup opponents,” Aljazeera,” တွင် ကြည့်ပါ။

# နိဒါန်း

*“အခုအချိန်မှာ ငြိမ်းချမ်းမှုဆိုတာ လုံးဝမရှိဘူး။ ပြီးတော့ လူတွေက ပုန်းရှောင်နေကြရတယ်။ ညဖက်ဆိုလည်း အပြင်ထွက်လို့မရဘူး။ ကျွန်တော်တို့တွေ ကောင်းကောင်းမွန်မွန် မအိပ်စက်ရဘူး။ ကျွန်တော်တို့မှာ စိုးရိမ်ကြောက်ကြမှုတွေနဲ့ ပြည့်နေတယ်။”* ဆန္ဒပြပွဲများတွင်ပါဝင်ခဲ့သော ကော့တရိမြို့မှတက္ကသိုလ်ကျောင်းသားတစ်ဦး

*“ကျွန်တော်တို့ရွာသားတွေက ညအချိန်ဆိုရင် ရွာထဲမှာမအိပ်ရဲဘူး။ သူတို့ရဲ့ လယ်ဘေးမှာရှိတဲ့ ချောင်းရဲ့တဖက်ခြမ်းမှာ သွားပုန်းပြီးအိပ်ကြရတယ်။ သူတို့က ညဖက်တွေမှာ အကြောက်တရားနဲ့အိပ်ကြရတယ်။ သူတို့[စကစ စစ်သားတွေ]က ညဖက်ဆို အပြင်ထွက်တယ်လို့ ကျွန်တော်တို့ကြားတယ်။ တချို့ရွာသားတွေက ဖုံးခိုကျင်းတွေ တူးပြီး သူတို့ရဲ့ပစ္စည်းတွေကို တခြားနေရာမှာဖွက်ထားကြတယ်။ ကျွန်တော်တို့ရဲ့ရွာမှာဆိုရင် တချို့လူတွေက တကယ်လို့ပြေးရမယ်ဆိုရင် သူတို့ရဲ့ပိုင်ဆိုင်မှုတွေကို သူတို့နဲ့အတူသယ်သွားနိုင်ဖို့ ထုတ်ပိုးထားကြတယ်။”* ရောနှောထိန်းချုပ်နယ်မြေဖြစ်သော ဂည–––ကျေးရွာ၊ ဆပ–––ကျေးရွာအုပ်စု၊ မူး(မုန်း)မြို့နယ်၊ ခလယ်လွိထူခရိုင်မှ ရွာသားတစ်ဦး

### စစ်မြေပြင်များ

မြန်မာစစ်တပ်မှ မတရားအာဏာသိမ်းခဲ့သည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ နိုင်ငံတစ်ဝှမ်းရှိပြည်သူများမှာ လက်နက်ကိုင်အကြမ်းဖက်မှုများ၊ စစ်အာဏာရှင်၏ခြိမ်းခြောက်မှုများနှင့် ဖိနှိပ်ချုပ်ချယ်မှုများကို ခံစားခဲ့ကြရသည်။ အချို့သောသူများသည် ထိုသို့သောအကြမ်းဖက်မှုများနှင့် နိုင်ငံတော်မှအကြမ်းဖက်မှုများကို ပထမဆုံးအကြိမ်ကြုံတွေ့ရခြင်းဖြစ်ပြီး အချို့သူများအတွက်မှာမူ ယခင်(နှင့်ဆက်လက်ဖြစ်ပွားနေသော) လက်နက်ကိုင်တိုက်ပွဲများနှင့် အကြမ်းဖက်နှိပ်စက်မှုများကြောင့်ရရှိခဲ့သည့် အကြောက်တရားများနှင့် စိတ်ဒဏ်ရာများကို ပြန်လည်ခံစားရစေသည်။ မြန်မာစစ်တပ်[4]သည် တိုင်းရင်းသားလူနည်းစုများအပေါ် ဆယ်စုနှစ်ပေါင်းများစွာ လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ခဲ့ပြီး ပြစ်ဒဏ်ကင်းလွတ်ခွင့်ရရှိ ခံစားလျက်ရှိသည်။ အရပ်သားအစိုးရ အုပ်ချုပ်သည့်အချိန်တွင်ပင် စစ်တပ်သည် ၎င်းတို့၏အင်အားကြီးမားသည့် နိုင်ငံတော်အာဏာကို ထိန်းသိမ်းထားနိုင်ခဲ့ပြီး စစ်ရေးလှုပ်ရှားမှုများပြုလုပ်ရန်အတွက် ပြည်တွင်းပြည်ပဘဏ္ဍာငွေများကို သုံးစွဲခွင့်ရရှိခဲ့သည်။ အရပ်သားအစိုးရမှ စစ်တပ်၏လုပ်ရပ်များအပေါ် စောင့်ကြည့်စစ်ဆေးခြင်းမရှိသည့်အပြင် စစ်တပ်မှလည်း လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုဟု သတ်မှတ်ရလောက်သည်အထိ ပြင်းထန်သောလူအခွင့်အရေးနှင့် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဥပဒေကို ချိုးဖောက်လျက်ရှိသည်။[5]

အာဏာသိမ်းပြီးသည့် အချိန်မှစ၍ စစ်တပ်၏အကြမ်းဖက်မှုများမှာ ပိုမိုမြင့်တက်လာခဲ့ပြီး တိုင်းရင်းသားလူနည်းစုအပေါ်သာမက ပြည်သူအားလုံးအပေါ် သက်ရောက်လျက်ရှိသည်။ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့တွင် Amnesty

4 မြန်မာစစ်တပ်ကို ရည်ညွှန်းရာတွင် လူအများအသုံးပြုသည့်အသုံးအနှုန်းမှာ တပ်မတော်ဟူ၍ဖြစ်သည်။ ထိုအသုံးအနှုန်းကို KHRG ၏ယခင်အစီရင်ခံစာများတွင် သုံးစွဲခဲ့ပြီး အရပ်သားအစိုးရလက်ထက်တွင် အများဆုံးခေါ်ဝေါ်သုံးစွဲခဲ့သည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စစ်တပ်အာဏာသိမ်းပြီးနောက် တပ်မတော်မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(SAC)ကို မြန်မာနိုင်ငံအစိုးရတစ်ရပ်အဖြစ် ဖွဲ့စည်းသတ်မှတ်လိုက်သည်။ ထို့ကြောင့်မြန်မာ စစ်တပ်ကို SAC စစ်တပ်ဟု ပြောင်းလဲခေါ်ဝေါ်သည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ အာဏာသိမ်းချိန်မှစ၍ KHRG သည် မြန်မာစစ်တပ်အား SAC စစ်တပ်ဟု အသုံးပြုခေါ်ဆိုထားပါသည်။ ယခင်စစ်အုပ်ချုပ်ရေးကာလများတွင် KHRG သည် တပ်မတော်ကို မြန်မာစစ်အစိုးရအဖြစ် (ဥပမာအားဖြင့်ဆိုလျှင် ၁၉၈၈ နှင့် ၁၉၉၇ အကြား နဝတ[နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးကောင်စီ]) သော်လည်းကောင်း၊ ၁၉၉၈ နှင့် ၂၀၁၁ အကြား နအဖ[နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ] သော်လည်းကောင်း) ရည်ညွှန်းခေါ်ဆိုခဲ့သည်။ ဤသို့ခေါ်ဝေါ်ရခြင်းအကြောင်းရင်းမှာ KHRG လှုပ်ရှားရာနယ်မြေဒေသတွင် ဒေသခံရွာသားများက ထိုအသုံးအနှုန်းများကို ခေါ်ဆိုထားခြင်းကြောင့်ဖြစ်သည်။

5 ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ပြန်သည့် The Economic interests of the Myanmar military: Independent International Fact–Finding Mission on Myanmar တွင် ကြည့်ပါ။

International မှထုတ်ပြန်သည့် အစီရင်ခံစာတစ်စောင်တွင် “မြန်မာစစ်တပ်သည် နိုင်ငံတစ်ဝှမ်း ငြိမ်းချမ်းစွာဆန္ဒပြသူများနှင့် အခြားမသက်ဆိုင်သူများကိုဖြိုခွင်းရန် စစ်ပွဲအတွင်းတွင်သာအသုံးပြုလေ့ရှိသော အသက်သေစေလောက်သည့်နည်းလမ်းများနှင့် လက်နက်များကို အသုံးပြုခဲ့သည်” ဟု ဖော်ပြထားသည်။[6] ထိုအစီရင်ခံစာတွင် စစ်တပ်မှ ပိုင်းခြားစိတ်ဖြာမှု၊ ဆင်ခြင်သုံးသပ်မှုမရှိပဲ လူထူထပ်သည့်နေရာများအတွင်းသို့ ကျည်ဆံများပစ်လွှတ်ခြင်း၊ ဗျူဟာကျကျတိုက်ခိုက်ခြင်းနှင့် တရားလက်လွတ်သတ်ဖြတ်ခြင်းများကို ဖော်ပြထားသည်။ ထို့အပြင် တိုင်းရင်းသားလူနည်းစုများအပေါ် ရက်စက်ယုတ်မာမှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှု ကျူးလွန်ထားသည့် လူအများသိရှိထားပြီးဖြစ်သော တပ်မတော်၏ တပ်ရင်းများမှာလည်း ယခုအချိန်၌ ဆန္ဒပြသူများအား တိုက်ခိုက်ရာတွင် ထိုနည်းတူစွာ ကျူးလွန်ခဲ့ကြကြောင်း ထပ်မံဖော်ပြထားပါသည်။

သတင်းမီဒီယာအများအပြားတွင် အရပ်သားဆန္ဒပြသူများအပေါ် ကျူးလွန်တိုက်ခိုက်မှုများနှင့်ပတ်သက်ပြီး အသားပေးဖော်ပြကြသော်လည်း စစ်အစိုးရသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ထိန်းချုပ်မှုအောက်ရှိ ကျေးလက်ဒေသများအပေါ် တိုက်ခိုက်မှုများကို တစ်ဖန်ပြုလုပ်ခဲ့သည်။ ကျွန်ုပ်တို့တွေ့ရှိရသည်မှာ မြန်မာလက်နက်ကိုင်တပ်ဖွဲ့များမှ မြို့ပြဒေသရှိဆန္ဒပြသူများနှင့် အာဏာဖီဆန်သူများအပေါ် အကြမ်းဖက်နှိပ်နင်းမှုများ တိုက်ရိုက်ပြုလုပ်ပြီးတစ်ပြိုင်နက်တည်းတွင် တိုင်းရင်းသားနယ်မြေများအတွင်း လက်နက်ကိုင်တော်လှန်ရေးတွင် ပါဝင်နိုင်ချေရှိသည်ဟု ယူဆရသောပြည်သူများအပေါ် ပစ်မှတ်ထား၍ ချေမှုန်းနေလျက်ရှိသည်။

ဤအစီရင်ခံစာတွင် စစ်တပ်အာဏာသိမ်းမှုအပေါ် ပြည်သူများ၏ ဆန့်ကျင်ဆန္ဒထုတ်ဖော်ခြင်းနှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် စုဝေးခွင့်ကို ကျင့်သုံးခဲ့ခြင်းကြောင့် ၎င်းတို့ကြုံတွေ့ခံစားရသော အကြမ်းဖက်မှုများကိုလည်း တင်ပြထားသည်။ ထို့အပြင် ယခင်က မြန်မာစစ်တပ်မှ တိုင်းရင်းသားလက်နက်ကိုင်များအား တိုက်ခိုက်ချေမှုန်းရာတွင် အဓိကနည်းဗျူဟာတစ်ခုဖြစ်သည့် တိုင်းရင်းသားဒေသများရှိအရပ်သားများအပေါ် ကာလကြာရှည်စွာ အကြမ်းဖက်မှုများကျူးလွန်ခဲ့ခြင်းကြောင့် ကျေးလက်ဒေသအတွင်း လုံခြုံမှုမရှိသည့်အခြေအနေများ ပိုမိုများပြားလာသည်ကိုလည်း တင်ပြထားသည်။ ထိုသို့သောနည်းဗျူဟာများကို စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် ပြန်လည်အသုံးပြုလာခဲ့သည်။

အာဏာသိမ်းပြီးသည့်အချိန်မှစ၍ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များအပေါ် ထိုးစစ်ဆင်တိုက်ခိုက်မှုများ ပိုမိုများပြားလာပြီး ကျေးလက်ဒေသရှိ အရပ်သားများအပေါ် တိုက်ရိုက်တိုက်ခိုက်မှုများလည်း ရှိလာခဲ့သည်။ မြန်မာပြည်အရှေ့တောင်ပိုင်းရှိတိုင်းရင်းသားဒေသများတွင် နေထိုင်သောရွာသားများ အထူးသဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ထိန်းချုပ်မှုအောက်တွင် နေထိုင်သောရွာသားများအနေဖြင့် စစ်တပ်မှ အရပ်သားများ၏နေရာများအား လေယာဉ်ဖြင့်တိုက်ခိုက်ခြင်းနှင့် ဆက်လက်ဖြစ်ပွားလျက်ရှိသော လက်နက်ကိုင်တိုက်ပွဲများကြောင့် နေရပ်ရွှေ့ပြောင်းနေထိုင်မှုများကို ကြုံတွေ့ခဲ့ကြရသည်။ ထို့အပြင် ၂၀၁၅ ခုနှစ် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)[7] ကို လိုက်နာမှုအားနည်းလာသည့်အတွက် အခြားသောလူ့အခွင့်အရေးချိုးဖောက်မှုများကိုလည်း ခံစားကြရသည်။ သတ်ဖြတ်ခြင်း၊ အဓမ္မဖမ်းဆီးခြင်း၊ ခြောက်လှန့်တောင်းယူခြင်း၊ လုယက်ခြင်းနှင့် အဓမ္မစေခိုင်းခြင်းများသည် NCA လက်မှတ်ထိုးပြီးအချိန်မှစ၍ ဆက်လက်ဖြစ်ပွားလျက်ရှိသော်

6 Amnesty International မှ ၂၀၂၁ ခုနှစ်၊ မတ်လတွင်ထုတ်ဝေသော “Myanmar: Vast arsenal and notorious troops deployed during nationwide ‘killing spree’ protest crackdown – new research,” တွင် ကြည့်ပါ။

7 တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာသဘောတူစာချုပ်(NCA)ကို တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ အများအပြားပါဝင်မှုမရှိသော အငြင်းပွားဖွယ်ရာဖြစ်စေသည့် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ပြီးနောက်ပိုင်း ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် မြန်မာအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် ၁၅ ဖွဲ့အနက် KNU အပါအဝင် ၈ ဖွဲ့သာ ဖိတ်ကြားခံရသော တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအကြား လက်မှတ်ရေးထိုးခဲ့ပါသည်။ အဆိုပါသဘောတူစာချုပ်မှ ပြဋ္ဌာန်းထားသော လေးစားလိုက်နာရမည့် ကတိကဝတ်များကို လက်မှတ်ရေးထိုးသည့်အဖွဲ့အစည်းများက ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလတွင် စတင်ကျင့်သုံးရပါသည်။ မြန်မာအစိုးရ၏ဖိအားပေးမှုကြောင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ နောက်ထပ် ၂ ဖွဲ့မှလည်း အဆိုပါ(NCA)စာချုပ်အား ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် သဘောတူလက်မှတ်ရေးထိုးခဲ့ပါသည်။

လည်း ဤကျူးလွန်မှုများကို စနစ်တကျဖွဲ့စည်းထားခြင်းမရှိသည့် အဖွဲ့များမှ လူတစ်ဦးချင်း သို့မဟုတ် တပ်ရင်းတစ်ခုချင်းမှ လုပ်ဆောင်နေခြင်းဖြစ်သည်။ သို့သော် စစ်တပ်မှအာဏာသိမ်းပြီး ပထမခြောက်လအတွင်းတွင် စစ်တပ်၏အကြမ်းဖက်မှုအသွင် ပြောင်းလဲလာခဲ့ပြီး ၎င်းတို့၏ စနစ်တကျတိုက်ခိုက်မှုများမှာလည်း ပိုမိုများပြားလာခဲ့သည်။

အာဏာသိမ်းပြီးနောက်ပိုင်း ကျေးလက်ဒေသနှင့် မြို့ပြဒေသများတွင် အကြမ်းဖက်မှုများပြုလုပ်လာသည်ကို အထင်အရှားမြင်တွေ့နိုင်သည်သာမက နစက[8] အနေဖြင့် ၎င်း၏အကြမ်းဖက်မှုလုပ်ရပ်များနှင့် အခြေခံလူ့အခွင့်အရေးချိုးဖောက်မှုများကို ဥပဒေအတွင်းထည့်သွင်းရေးသားခြင်းဖြင့် တရားဝင်မှုရရှိရန် လုပ်ဆောင်လျက်ရှိသည်။

## နစကမှကျူးလွန်သည့် အကြမ်းဖက်မှုများ၏တရားဝင်မှု

မြန်မာစစ်တပ်သည် ရွေးကောက်ပွဲ မဲမသမာမှုနှင့်ပတ်သက်ပြီး ခိုင်လုံမှုမရှိသည့်စွဲချက်များပြုလုပ်၍ ရွေးကောက်ခံထားရသော အစိုးရသစ်တရပ်အား ဖြုတ်ချခြင်းဖြင့် မတရားအာဏာသိမ်းယူခဲ့သည်သာမက ၎င်းတို့မှကျူးလွန်လျက်ရှိသည့် ဖိနှိပ်မှုများနှင့် အရပ်သားများအပေါ် အင်အားအသုံးပြုမှုများကိုလည်း တရားဝင်ဖြစ်စေရန်အတွက် ဥပဒေပိုင်းဆိုင်ရာ ပြောင်းလဲမှုများကို ပြုလုပ်လျက်ရှိသည်။ စစ်ကောင်စီသည် အထူးသဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် အသင်းအဖွဲ့များဖွဲ့စည်းခွင့်နှင့် သတင်းအချက်အလက် ရယူသုံးစွဲပိုင်ခွင့် စသည့်သဘောထားကွဲလွဲမှု ဖြစ်ပေါ်စေနိုင်သည့်အရာမှန်သမျှကို ရာဇဝတ်မှုအဖြစ်သတ်မှတ်ကာ အထူးပစ်မှတ်ထားခဲ့သည်။ ထိုဥပဒေပိုင်းဆိုင်ရာ ပြောင်းလဲမှုများတွင် စစ်အစိုးရနှင့်ပတ်သက်၍ ဆန့်ကျင်ပြောဆိုသူများ၊ စစ်အစိုးရ၏လုပ်ဆောင်မှုများ သို့မဟုတ် ၎င်းတို့ကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဖော်ထုတ်ဖြန့်ဝေရန် ကြိုးပမ်းသူများ သို့မဟုတ် ဆန္ဒပြခြင်းတွင် ပါဝင်သူမည်သူ့ကိုမဆိုကို ဖမ်းဆီးရန်၊ ထိန်းသိမ်းရန်နှင့် စစ်ဆေးရန်အတွက် စစ်ကောင်စီအား လုပ်ပိုင်ခွင့်ပေးထားသည်။ တိုင်းပြည်အား အရေးပေါ်အခြေအနေ ကြေညာပြီးသည်နှင့် တစ်ပြိုင်နက် ညမထွက်ရအမိန့် ချမှတ်ခဲ့ပြီး (အချို့သောမြို့နယ်များတွင် အရေးပေါ်လုံခြုံရေးဥပဒေကို ပြဋ္ဌာန်းကာ) ဥပဒေပြင်ဆင်ပြဋ္ဌာန်းမှုများက စစ်ကောင်စီအား ၎င်းတို့မှဖမ်းသင့်သည်ဟု ထင်သောမည်သူ့ကိုမဆို အကြောင်းပြချက်မျိုးစုံဖြင့် အရေးယူနိုင်ရန် အခွင့်ပေးလျက်ရှိသည်။ ဖေဖော်ဝါရီလ ၁၄ ရက်နေ့၌ ကမ္ဘာ့ကုလသမဂ္ဂ အထူးကိုယ်စားလှယ် Tom Andrews မှ ၎င်း၏ Twitter အကောင့်ပေါ်တွင် “ဒါကတော့ [စစ်ကောင်စီ] ဗိုလ်ချုပ်တွေက မြန်မာနိုင်ငံသားတွေကို စစ်ကြေညာလိုက်သလိုပဲ” ဟု ရေးသားမှတ်ချက်ချခဲ့သည်။[9]

ဤဥပဒေ ပြုပြင်ပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီသည့်အပြင် နိုင်ငံတကာဥပဒေများနှင့် ပြင်းထန်စွာ ဆန့်ကျင်လျက်ရှိသော်လည်း စစ်ကောင်စီမှ ဤလုပ်ဆောင်ချက်များကို “ဥပဒေနှင့်အညီလုပ်ဆောင်သည်” ဟု ဆက်လက်၍ အခိုင်အမာပြောဆိုလျက်ရှိသည်။ အာဏာသိမ်းစစ်ကောင်စီ၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ဇော်မင်းထွန်းက “ကျွန်တော်တို့အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်လုပ်ဆောင်ခြင်းမရှိတဲ့ ဥပဒေများအတိုင်း လိုက်နာဆောင်ရွက်သွားပါမယ်။ နိုင်ငံရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်တဲ့အခါမှာ ဥပဒေအများအပြားကို ထည့်သွင်းစဉ်းစားရပါတယ်။ ကျွန်တော်တို့အနေနဲ့ ဥပဒေနဲ့မညီတာ ဘာတစ်ခုမှလုပ်မှာမဟုတ်ပါဘူး” ဟု ဆိုခဲ့သည်။ ထို့နောက်တွင် စစ်ကောင်စီ၏ ဥပဒေပြင်ဆင်ရေးဆွဲမှုများနှင့် ဆန္ဒပြသူများအပေါ် အင်အားအလွန်

8 နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာဏာသိမ်း ပြီးနောက်ပိုင်းတွင် အစိုးရ၏အုပ်ချုပ်ရေးအဖွဲ့အဖြစ် ဖွဲ့စည်းခဲ့သည်။ ဤအစိုးရအဖွဲ့ကို ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် တပ်မတော်အစိုးရအရာရှိရှစ်ဦးနှင့် အရပ်သားရှစ်ဦးတို့ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ ဥက္ကဋ္ဌမှ မြန်မာနိုင်ငံအစိုးရ၏အကြီးအကဲ အဖြစ်သော်လည်းကောင်း၊ မြန်မာနိုင်ငံ၏ စစ်ဘက်ဆိုင်ရာဝန်ကြီးအဖွဲ့ကိုသော်လည်းကောင်း ဦးစီးဦးဆောင်မှုပြုသည်။ မင်းအောင်လှိုင်သည် အာဏာသိမ်းပြီးနောက်ပိုင်းတွင် SAC ၏ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။

9 ကုလသမဂ္ဂအထူးကိုယ်စားလှယ် Tom Andrews မှ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ၌ ၎င်း၏ Twitter တွင် တင်ထားသော “Tweet: February 14, 2021,” တွင် ကြည့်ပါ။

အကျုံးအသုံးပြုခြင်းနှင့်ပတ်သက်၍ ဤသို့ထပ်မံဖြည့်စွက်ခဲ့သည်။ "ဥပဒေအသစ်ရဲ့ အဓိကရည်ရွယ်ချက်က နိုင်ငံတော်နဲ့ပြည်သူတွေရဲ့ လုံခြုံရေးတိုးမြှင့်ရရှိစေဖို့အတွက် ရည်ရွယ်တာဖြစ်တယ်။ [...]ရဲတပ်ဖွဲ့ဝင်နဲ့ အခြားလုံခြုံရေးတပ်ဖွဲ့ဝင်များအနေနဲ့က သူတို့ရဲ့လုပ်ထုံးလုပ်နည်းနဲ့အညီ အဆင့်ဆင့်ဆောင်ရွက်လျက်ရှိပါတယ်။"[10]

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် "အစိုးရနှင့် တပ်မတော်သားများအား ပြစ်ဒဏ်ကင်းလွတ်ခွင့် အပြည့်အဝပေးထား" ပြီး ဥပဒေပြုပြင်ပြောင်းလဲရေးအပေါ် မိမိတို့သဘောအတိုင်း စိုးမိုးနိုင်ရန် စစ်တပ်အားလုပ်ပိုင်ခွင့်အာဏာကို အပြည့်အဝပေးထားကြောင်း ကြာမြင့်စွာဝေဖန်ခြင်းခံရပါသည်။[11] စစ်ကောင်စီမှ အာဏာသိမ်းပြီးသည့်အချိန်မှစ၍ လုပ်ဆောင်ခဲ့သော ပြုပြင်ပြောင်းလဲမှုများသည် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေနိုင်သည့် "တရားစီရင်ရေး" စနစ်တစ်ခုကို ဖန်တီးပုံဖော်ထားသည်။ ထိုစနစ်က အရပ်သားများအတွက် မတရားသောစနစ်ဖြစ်ပြီး စစ်တပ်အတွက် လွတ်ငြိမ်းချမ်းသာခွင့်ကို ပေးထားသည့်စနစ်တစ်ခု ဖြစ်သည်။ ကရင်လူ့အခွင့်အရေးအဖွဲ့(KHRG)မှ တွေ့ဆုံမေးမြန်းထားသူများကလည်း တရားလက်လွတ်ဖမ်းဆီးထိန်းသိမ်းခြင်း၊ဘက်လိုက်မှုမရှိသည့် တရားခွင်မရှိခြင်း၊ ရာဇဝတ်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို တိုင်ကြားနိုင်မည့် တရားစီရင်ရေးစနစ်မရှိခြင်းအပြင် ၎င်းတို့အနေဖြင့် တရားမျှတမှုရှာဖွေရာတွင် ညှဉ်းပမ်းနှိပ်စက်မှုများနှင့် ခြိမ်းခြောက်မှုများကိုသာ ကြုံတွေ့ရမည်ကို စိုးရိမ်ကြောင်း စသည်တို့နှင့်ပတ်သက်ပြီး ထောက်ပြခဲ့ကြသည်။

အလားတူပင် စစ်ကောင်စီသည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကိုအသုံးပြုပြီး အပစ်ရပ်ရန်တောင်းဆိုကာ ၎င်းတို့အနေဖြင့် ငြိမ်းချမ်းရေးကိုထိန်းသိမ်းရန်လိုအပ်သည့် မည်သည့်အရာကိုမဆို လုပ်ဆောင်သည်ဟုဆိုသော်လည်း လက်တွေ့တွင်မူ ဆန့်ကျင်သူများအား ရန်သူသဖွယ်ချေမှုန်းရန်နှင့် တော်လှန်ရေးအစုအဖွဲ့များအား အပြတ်ရှင်းရန် လုပ်ဆောင်လျက်ရှိသည်။ စစ်ကောင်စီမှ တစ်ဖက်သတ်အပစ်ခတ်ရပ်စဲရေးကို ၂၀၂၁ ခုနှစ်၊ ဧပြီလတွင် ထုတ်ပြန်ကြေညာခဲ့သော်လည်း ၎င်းအနေဖြင့် အစိုးရ၏လုံခြုံရေးနှင့် အုပ်ချုပ်ရေးအား အနှောင့်အယှက်ပေးသော မည်သည့်လုပ်ဆောင်မှုကိုမဆို ဆက်လက်တုန့်ပြန်သွားမည်ဟု[12] ထည့်သွင်းဖော်ပြခဲ့ခြင်းဖြင့် စစ်တပ်၏တိုက်ခိုက်ထိုးစစ်ဆင်မှုကို တရားဝင်ခွင့်ပြုခဲ့ပါသည်။ အာဏာသိမ်းပြီးသည့်အချိန်မှစ၍ အခြားလက်နက်ကိုင်တပ်ဖွဲ့များအား ငြိမ်းချမ်းရေးသဘောတူညီချက်များကို လေးစားလိုက်နာရန်ပျက်ကွက်ခဲ့သည်ဟု စစ်ကောင်စီမှ အကြိမ်ကြိမ်စွပ်စွဲခဲ့ပြီး ၎င်းတို့အားဆန့်ကျင်သည့် မည်သည့်အဖွဲ့ကိုမဆို အကြမ်းဖက်အဖွဲ့ဟု သတ်မှတ်ခဲ့သည်။

စစ်ကောင်စီသည် ယခင်ကတည်းက COVID–19 ရောဂါကူးစက်မှုကို အကြောင်းပြကာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေကိုအကြောင်းပြ၍ ဖမ်းဆီးထိန်းသိမ်းမှုများ ပြုလုပ်ခဲ့သည်။ ရောဂါကပ်ဘေးနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ၊ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိနိုင်မှုတို့ကို ကန့်သတ်ခဲ့ကာ ကပ်ဘေးအကြပ်အတည်းကို ပြည်သူလူထုနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအပေါ် နိုင်ငံရေးလက်နက်တစ်ခုသဖွယ်အသုံးပြုခဲ့သည်။ စစ်ကောင်စီ၏ COVID–19 ရောဂါ ကူးစက်မှုအားစီမံခန့်ခွဲမှု ညံ့ဖျင်းခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝှမ်းတွင် COVID–19 ရောဂါ ကူးစက်မှုများ တဟုန်ထိုးမြင့်တက်လာခဲ့ပြီး သေဆုံးသူအများအပြားရှိခဲ့သည်။ ထိုအထဲတွင်

10 လွတ်လပ်သည့်အာရှအသံ (RFA) မှ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင်ထုတ်ဝေသော "'We Didn't Put Restrictions on Everything,' Says Myanmar Junta Spokesman in 1st Remarks Since Coup," နှင့် Just Security မှ စာရေးသူပွင့်ထွန်းမှ ၂၀၂၁ ခုနှစ်၊ ဧပြီလတွင်ထုတ်ဝေသော "Beyond the Coup in Myanmar: 'In Accordance with the Law' – How the Military Perverts Rule of Law to Oppress Civilians," တို့တွင် ကြည့်ပါ။

11 နယူးဇီလန်နိုင်ငံတွင် ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှ ၂၀၁၁ ခုနှစ်၊ မတ်လ၌ ပထမအကြိမ် UPR –အကြံပြုချက်များတွင် ထုတ်ပြန်သော Report of the Working Group on Universal Periodic Review: Myanmar ၏စာမျက်နှာ ၂၁ ကို ကြည့်ပါ။

12 CNN သတင်းဌာနမှ စာရေးသူ Richard ROTH နှင့် အခြားစာရေးသူများမှ ၂၀၂၁ ခုနှစ်၊ ဧပြီလတွင်ထုတ်ဝေသော "Myanmar junta offers ceasefire to some, as UN envoy warns of 'bloodbath,'" တွင် ကြည့်ပါ။

လက်နက်ကိုင်ပဋိပက္ခနှင့် တိုက်ပွဲများကြောင့် ကျန်းမာရေးနှင့် လုံခြုံရေးဆိုင်ရာအကြပ်အတည်းများ ခံစားနေရပြီး ဖြစ်သည့် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးရွာများလည်း ပါဝင်ခဲ့သည်။

ဤအစီရင်ခံစာတွင် မြန်မာပြည်အရှေ့တောင်ပိုင်းရှိပြည်သူများ လက်ရှိခံစားနေရသော ဆိုးရွားလာသည့်လုံခြုံရေး အခြေအနေနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြပ်အတည်းများကို ဖော်ပြထားသည်။ ထို့အပြင် ကျေးလက်ဒေသရှိ ရွာသားများနှင့် ပြည်သူလူထုတို့၏ မျှော်လင့်ချက်များနှင့် ရှန်းကန်နေရမှုအခြေအနေများကို လည်း တင်ပြထားသည်။ ရွာသားများအနေဖြင့် မလုံခြုံမှုများကို ပို၍ခံစားရသော်လည်း ၎င်းတို့နားလည်သဘော ပေါက်ထားသည့် တရားဝင်မှုမရှိသော၊ တရားမျှတမှုမရှိသော စစ်အစိုးရအားရင်ဆိုင်ရန်အတွက် နည်းလမ်းများကို ဆက်လက်ရှာဖွေလျက်ရှိသည်။

## အစီရင်ခံစာဖွဲ့စည်းပုံ

အပိုင်း(၁)သည် စစ်တပ်မှအာဏာသိမ်းပြီးနောက်ပိုင်း ပေါ်ထွက်လာသည့် "နွေဦးတော်လှန်ရေး"ဟု ခေါ်ဆိုကြသော အာဏာသိမ်းမှုဆန့်ကျင်ရေးနှင့် ဒီမိုကရေစီအရေးလှုပ်ရှားမှုများအကြောင်းကို တင်ပြထားသည်။

အခန်း(၁)သည် မြို့ပေါ်နှင့် ကျေးလက်ဒေသများရှိ ဆန္ဒပြမှုများကို အဓိကထားဖော်ပြထားသည်။ ဆန္ဒပြသူများနှင့် ၎င်းတို့၏ရာထူးများကိုစွန့်လွှတ်ပြီး အာဏာဖီဆန်ရေးလှုပ်ရှားမှု(CDM)[13]တွင် ပါဝင်ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင် များ၏ သက်သေခံချက်များကို ဖော်ပြခြင်းဖြင့် ဤအခန်းတွင် စစ်ကောင်စီမှ ဆန္ဒပြသူများ၏ ဆန့်ကျင်မှုများအား ဖိနှိပ်ရန်အသုံးပြုသော ရက်စက်ကြမ်းကြုတ်ပြီး လွန်ကဲသည့်နည်းလမ်းများကို မီးမောင်းထိုးပြထားသည်။ အစီရင် ခံစာတွင် စစ်ကောင်စီမှ ၎င်းတို့၏အကြမ်းဖက် တုန့်ပြန်မှုများကို တရားဝင်ဖြစ်စေရန်နှင့် တရားမျှတမှုရှိကြောင်း ပြသနိုင်ရန်အတွက် ပြုလုပ်ခဲ့သော ဥပဒေပြုပြင်ပြောင်းလဲရေးများကို တင်ပြထားသည်။ ထိုဥပဒေပြောင်းလဲမှုများ က ဥပဒေနှင့်ညီသည့် အကြမ်းမဖက်သော လွတ်လပ်စွာဖော်ထုတ်ပြောဆိုခွင့်နှင့် စုဝေးခွင့်များကို ပြစ်ဒဏ်ချမှတ် နိုင်သည့် ရာဇဝတ်မှုများအဖြစ် ပြောင်းလဲခဲ့သည်။ ဤအခန်းတွင် စစ်ကောင်စီ၏ ပစ်မှတ်ထားတိုက်ခိုက်မှုများ ကြောင့် အရပ်သားများကြုံတွေ့ရသည့် ခြိမ်းခြောက်မှုများနှင့် ကြောက်ရွံ့မှုများကိုဖော်ပြထားပြီး စစ်ကောင်စီလုံခြုံ ရေးတပ်များ၏ အကြမ်းဖက်မှု၊ အခွင့်အရေးချိုးဖောက်မှုနှင့် ဖမ်းဆီးချုပ်နှောင်မှုများမှ ဆန္ဒပြသူများအနေဖြင့် ၎င်းတို့ကိုယ်ကိုကာကွယ်နိုင်ရန် အသုံးပြုသောနည်းလမ်းများကိုလည်း ဖော်ပြထားသည်။

အခန်း(၂)တွင် အာဏာဖီဆန်ရေးလှုပ်ရှားမှု(CDM)နှင့် ထိုလှုပ်ရှားမှုတွင် ပါဝင်သူများ၏ အဓိကစေ့ဆော်မှုပေးသော အကြောင်းရင်းများ၊ ဖိအားများနှင့် စိန်ခေါ်မှုများကို ဖော်ပြထားသည်။ CDM တွင်ပါဝင်သူများက ဒီမိုကရေစီလိုလား မှု၊ အရပ်သားအစိုးရအုပ်ချုပ်ရေးအား ပြန်လည်ရရှိရန်နှင့် စစ်ကောင်စီ၏အုပ်ချုပ်မှုယန္တရားအားရပ်တန့်စေရန် မျှော်လင့်ချက်များနှင့်ပတ်သက်၍ ဖော်ပြခဲ့သည်။ ထို့နည်းတူ CDM တွင်ပါဝင်သည့် စစ်ကောင်စီ၏လုံခြုံရေးတပ် ဖွဲ့များ(ရဲနှင့်စစ်သား)က တရားမျှတမှုမရှိသော ဥပဒေနှင့်မညီသော အမိန့်များသည် ၎င်းတို့အားစေ့ဆော်ပေးသော

[13] ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် မြန်မာပြည်အနှံ့အပြားရှိ အစိုးရဆေးရုံးများနှင့် ကျန်းမာရေးဌာနများတွင် တာဝန်ထမ်းဆောင် နေကြသည့် ကျန်းမာရေးဝန်ထမ်းများသည် အာဏာဖီဆန်ရေးလှုပ်ရှားမှု(CDM)တွင် စတင်ပါဝင်လာခဲ့သည်။ ထိုလှုပ်ရှားမှုတွင် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့၌ အာဏာသိမ်းယူခဲ့သော မြန်မာစစ်တပ်အား ဆန့်ကျင်ဆန္ဒပြသည့်အနေဖြင့် အလုပ်အမား သပိတ်လှန် ခြင်းလည်း ပါဝင်ပါသည်။ ဤလှုပ်ရှားမှုသည် မြန်မာအစိုးရဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ပြည်သူ့ဝန်ထမ်းများသို့ ပျံ့နှံ့သွားပြီး ၎င်းတို့မှ အာဏာသိမ်း စစ်တပ်အား ဆန့်ကျင်သည့်အနေဖြင့် စစ်တပ်အုပ်ချုပ်မှုအောက်တွင် တာဝန်ထမ်း ဆောင်နေခြင်းကို ရပ်တန့်ခဲ့သည်။ ဤအကြမ်းမဖက်လူထုလှုပ်ရှားမှုသည် မြန်မာပြည်အနှံ့လူသိများလာပြီး တစ်ချို့သောပြည်သူလူထုများသည် အာဏာ သိမ်းစစ်တပ်အား ဆန့်ကျင့်သည့်အနေဖြင့် သံပုံးတီးသည့်ဆန္ဒပြပွဲနှင့် စစ်တပ်ထုတ်ကုန်တွေ သပိတ်မောက်သည့်လှုပ်ရှားမှုအပါအ ဝင် ၎င်းတို့လုပ်ဆောင်နိုင်သည့် မည်သည့်သပိတ်မောက်ဆန္ဒပြမှုမဆို စတင်ပြုလုပ်လာခဲ့သည်။

အကြောင်းရင်းများဖြစ်သည်ဟု ပြောခဲ့သည်။ မေးခွန်းဖြေဆိုသူအများစုမှာ ကရင်အမျိုးသားအစည်းအရုံး(KNU)[14] ထိန်းချုပ်မှုနယ်မြေများသို့ ထွက်ပြေးလွတ်မြောက်လာကြသည့် သူများဖြစ်ပြီး ၎င်းတို့အပေါ် ကျရောက်လာသည့် လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများနှင့် ၎င်းတို့၏မိသားစုဝင်များအပေါ် တုန့်ပြန်လက်စားချေခြင်းများအပြင် CDM နှင့်အတူ ကျယ်ကျယ်ပြန့်ပြန့်ပေါ်ပေါက်လာသည့် ထောက်ပံ့မှုကွန်ရက်များအကြောင်းကိုလည်း ဖော်ပြခဲ့ကြသည်။ နောက်ဆုံးအနေဖြင့် ထိုလှုပ်ရှားမှုသည် စစ်အစိုးရအား အောင်အောင်မြင်မြင်နှင့်ယှိုင်နဲ့စေခဲ့သော်လည်း CDM လှုပ်ရှားမှုတွင် ပါဝင်သူများနှင့် ၎င်းတို့၏မိသားစုဝင်များ၏ စားဝတ်နေရေးအပါအဝင် ၎င်းတို့အားပံ့ပိုးပေးပြီး ခိုလှုံခွင့်ပေးနေသည့် လူမှုအသိုင်းအဝိုင်းအပေါ် သက်ရောက်မှုများသည်လည်း လျစ်လျူရှု၍မရသော အချက်များ ဖြစ်သည်။

အပိုင်း(၂)သည် မြန်မာပြည်အရှေ့တောင်ပိုင်း ကျေးလက်ဒေသများတွင် စစ်ဘက်ဆိုင်ရာလှုပ်ရှားမှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများအပြင် COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကြောင့် အထူးသဖြင့် တွေ့ကြုံရသည့်ဘက်ပေါင်းစုံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြပ်အတည်းများကို ဦးတည်ဖော်ပြထားသည်။

အခန်း(၃)သည် အာဏာသိမ်းပြီးနောက် စစ်ဘက်ဆိုင်ရာလုပ်ဆောင်မှုများနှင့် လက်နက်ကိုင်ပဋိပက္ခများကြောင့် ကျေးလက်ဒေသများတွင် ပိုမိုကြုံတွေ့လာရသည့် မလုံခြုံမှုများကို မီးမောင်းထိုးပြထားသည်။ လေကြောင်းတိုက်ခိုက်မှုများနှင့် တိုက်ပွဲများကြောင့် အကြီးစားနေရပ်ရွှေ့ပြောင်းနေထိုင်မှုများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြပ်တည်းများတိုးမြင့်လာခြင်း၊ NCA စာချုပ်အရ ကန့်သတ်ထားသည့် အခွင့်အရေးချိုးဖောက်မှုများ (အဓမ္မလုပ်အားပေးခိုင်းစေခြင်း၊ ပစ်မှတ်ထားသတ်ဖြတ်ခြင်း၊ အဓမ္မဖမ်းဆီးထိန်းသိမ်းခြင်း) ပိုမိုများပြားလာခြင်းကြောင့် လူ့အခွင့်အရေးအခြေအနေများ ပိုမိုဆိုးရွားလာစေသည်။ ဤအခန်းတွင် အကြမ်းဖက်မှုများအား ပြန်လည်လုပ်ဆောင်လာခြင်းများက ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ထားမှုများအား စွန့်ပစ်ခြင်းသာမက ယခင်တိုက်ပွဲကာလအတွင်းက မြန်မာစစ်တပ်မှ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအား အနိုင်ယူရန်ရည်ရွယ်၍ အရပ်သားများအား ဦးတည်ပစ်မှတ်ထားသော အကြမ်းဖက်မှုများကို ပြန်လည်ဖြစ်ပေါ်စေကြောင်း ဖော်ပြထားသည်။

အခန်း(၄)သည် COVID-19 တတိယလှိုင်းတွင် ကျေးလက်ဒေသများ၏ အခြေအနေနှင့်ပတ်သက်၍ နောက်ဆုံးရအခြေအနေများကို ဖော်ပြထားသည်။ ဤအခန်းတွင် စစ်ကောင်စီမှ COVID-19 ရောဂါကူးစက်မှုအားကိုင်တွယ်ဖြေရှင်းပုံနှင့် စစ်ကောင်စီမှကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် မီးမောင်းထိုးဖော်ပြထားသည်။ စစ်ကောင်စီသည် မှန်ကန်တိကျသည့် သတင်းအချက်အလက်များအား ပံ့ပိုးပေးနိုင်မှုမရှိခြင်းနှင့် ဝန်ဆောင်မှုများအား လက်လှမ်းမီနိုင်မှုကိုငြင်းဆိုခြင်း သို့မဟုတ် နှောင့်နှေးစေခြင်းအားဖြင့် ပြည်သူများ၏ကျန်းမာရေးနှင့် အသက်ရှင်သန်ခွင့်များအား ချိုးဖောက်ခဲ့သည်။ အထူးသဖြင့် ရွာသားများမှ ကျန်းမာရေးစောင့်ရှောက်မှုအနည်းငယ်သာရရှိသော ကျေးလက်ဒေသများတွင် ရောဂါကူးစက်မှုအခြေအနေအား စစ်ကောင်စီအနေနှင့် လွဲမှားစွာကိုင်တွယ်နေခြင်းကို ခံစားနေရပြီးဖြစ်သည်။

အပိုင်း(၃)သည် အာဏာသိမ်းမှု၏ ပိုမိုကျယ်ပြန့်သောသက်ရောက်မှုများနှင့် ရှေ့ဆက်မည့်အခြေအနေအပေါ် အမြင်သဘောထားများကို ဖော်ပြထားသည်။

[14] KNU သည် ကရင်လူမျိုး၏ အဓိကနိုင်ငံရေးအဖွဲ့အစည်းဖြစ်သည်။ ၎င်းအား ၁၉၄၇ ခုနှစ်တွင် အစပြုပြီး မြန်မာအစိုးရနှင့် ၁၉၄၉ ခုနှစ်တွင်စ၍ သဘောထားကွဲလွဲခဲ့ပြီး ပဋိပက္ခဖြစ်ခဲ့ပါသည်။ KNU ၏အာဏာသည် မြန်မာပြည်အရှေ့ တောင်ပိုင်းဒေသတစ်ဝိုက်တွင် ကျယ်ပြန့်စွာအုပ်ချုပ်နိုင်ပြီး ဒီမိုကရက်တစ်ဖက်ဒရယ်စနစ်အားတည်ထောင်ရန် ၁၉၇၆ ခုနှစ်တွင် စတင်တောင်းဆိုခဲ့ခြင်းဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA) အား ရေးထိုးခဲ့သော်လည်း အစိုးရနှင့် ဆက်ဆံရေးတင်းမာနေဆဲဖြစ်သည်။

အခန်း(၅)တွင် စစ်တပ်၏အာဏာသိမ်းမှုကြောင့် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်မှုအပေါ် ကျယ်ကျယ်ပြန့်ပြန့် သက်ရောက်မှုများကို ဦးတည်ဖော်ပြထားသည်။ စစ်အစိုးရသည် ၎င်း၏ထိန်းချုပ်မှုများကို ကဏ္ဍအလိုက်သာမက ကျေးရွာအဆင့်များတွင်လည်း ဒေသခံများမှရွေးချယ်ခန့်အပ်ထားသော ဝန်ထမ်းများကို ၎င်းတို့ရွေးချယ်သည့်အရာရှိများနှင့် အစားထိုးခန့်အပ်ခြင်းများကိုပါ လုပ်ဆောင်လာကြသည်။ ဤသို့လုပ်ဆောင်မှုများကြောင့် အထူးသဖြင့် ရောနှောထိန်းချုပ်ရာနယ်မြေများတွင် သက်ရောက်မှုများကို ယခုမှစတင်ခံစားရသော်လည်း တိုင်းရင်းသားဒေသများ၏ အုပ်ချုပ်ရေး၊ ပူးပေါင်းပါဝင်မှုနှင့် ငြိမ်းချမ်းရေးအပေါ်တွင်မူ သိသာသောသက်ရောက်မှုများရှိနိုင်သည်။ ဤအခန်းတွင် အားနည်းနေပြီးဖြစ်သော ကျေးလက်ဒေသများ၏ စားဝတ်နေရေးနှင့် ငွေရေးကြေးရေးအပေါ် အာဏာသိမ်းမှု၏သက်ရောက်မှုများ၊ ကျန်းမာရေးနှင့် ပညာရေးအပေါ်သက်ရောက်မှုများအပြင် ပြည်သူများ၏တုန့်ပြန်လုပ်ဆောင်မှုများကိုလည်းရှာဖွေဖော်ထုတ်ထားသည်။နောက်ဆုံးတွင်ဆက်သွယ်ရေးလမ်းကြောင်းများအပေါ်သက်ရောက်မှုနှင့် စစ်ကောင်စီမှသတင်းမီဒီယာအား ထိန်းချုပ်ကန့်သတ်ထားခြင်းများ အထူးသဖြင့် ကျေးလက်ဒေသများမှ သတင်းအချက်အလက်ရယူနိုင်မှုကိုလည်း ရှာဖွေဖော်ထုတ်ထားသည်။

အခန်း(၆)တွင် အာဏာသိမ်းပြီးခြောက်လအတွင်း ဆန္ဒပြခြင်း၊ CDM လှုပ်ရှားမှုများနှင့်ပတ်သက်၍ KHRG တွေ့ဆုံမေးမြန်းထားသူများ၏ မျှော်မှန်းချက်နှင့် အမြင်သဘောထားများကို အဓိကမီးမောင်းထိုးပြဖော်ပြသည်။ စစ်အစိုးရအားဖြုတ်ချရန်အတွက် ရှေ့ဆက်လုပ်ဆောင်ရမည့် နည်းလမ်းများနှင့်ပတ်သက်သည့် အတွေးအခေါ်များမှာ ကွဲပြားခြားနားနေပါသည်။ ညှိနှိုင်းအဖြေရှာမှုနှင့် ငြိမ်းချမ်းသောနည်းဖြင့် ဆောင်ရွက်ခြင်းများသည် ရှေ့ဆက်လုပ်ဆောင်ရန်သင့်မသင့်ဟူသော အမြင်များအပြင်၊ လက်နက်ကိုင်တော်လှန်ခြင်းကသာ တစ်ခုတည်းသောနည်းလမ်းဖြစ်ခြင်းနှင့်ပတ်သက်၍ မေးခွန်းဖြေကြားသူများ၏ မတူညီသောအမြင်သဘောထားများကိုလည်း ဤအစီရင်ခံစာတွင် ပါဝင်ဖော်ပြထားပါသည်။ အရပ်သားအုပ်ချုပ်ရေးကို ပြန်လည်ရရှိရန်အတွက် စည်းလုံးညီညွတ်မှုလိုအပ်ကြောင်းကို အဓိကအချက်အဖြစ်ဖော်ပြလေ့ရှိပြီး အချို့မေးခွန်းဖြေကြားသူများက လက်ရှိဖြစ်ပေါ်နေသောတိုင်းရင်းသားအစုအဖွဲ့များအကြား ကွဲလွဲနေမှုများအပြင်နှင့် အဖွဲ့များအတွင်း ပြိုကွဲနေမှုများနှင့်ပတ်သက်သည့် စိုးရိမ်မှုများကိုလည်း ဖော်ပြကြသည်။ တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးနှင့်တန်းတူညီမျှမှုရရှိရန်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အားပေးနိုင်မည့် တစ်ခုတည်းသောနည်းလမ်းဖြစ်သည့် ဖယ်ဒရယ်ဒီမိုကရေစီစနစ်လိုအပ်ကြောင်းကိုလည်း အထူးအလေးပေးဖော်ပြထားသည်။ ပြည်သူများအနေဖြင့် စစ်တပ်၏ရက်စက်ယုတ်မာမှုများအား ကိုယ်တိုင်ကြုံတွေ့လာရပြီးဖြစ်သောကြောင့် တိုင်းရင်းသားလူနည်းစုများ ခံစားချက်နှင့်အခက်အခဲများကို ပိုမိုသိရှိနားလည်လာပြီးဖြစ်ကြောင်း ဖော်ပြထားသည်။ ထို့အတွက်ကြောင့် တွေ့ဆုံမေးမြန်းမှုများအရ အနာဂတ်တွင် လူနည်းစုများ၏အသံများအား ပိုမိုပါဝင်ခွင့်ပေးမည်ဟု မျှော်လင့်နိုင်သည်။

# အကြံပြုချက်များ – ၂၀၂၂ ခုနှစ် စစ်အာဏာသိမ်းမှု

***နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(နစက)***

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ အာဏာချက်ချင်းစွန့်လွတ်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအစိုးရ(NUG)သို့ အာဏာလွှဲပြောင်းပေးရန်။
- ဆန္ဒပြသူများနှင့် အာဏာဖီဆန်ရေးလှုပ်ရှားမှု(CDM)တွင် ပါဝင်သူများအားအကြမ်းဖက်ဖြိုခွဲခြင်း၊ ဖမ်းဆီးခြင်းနှင့် ပစ်မှတ်ထားခြင်းများကို အဆုံးသတ်ပါ။
- မြန်မာပြည်အရှေ့တောင်ပိုင်းတွင် COVID–19 နှင့် အခြားလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြပ်အတည်းများကို လျှော့ချနိုင်စေရန်ရည်ရွယ်သော ဆေးဝါးနှင့်အထောက်အပံ့များကို ပိတ်ဆို့ခြင်းနှင့်ဖမ်းဆီးခြင်းများအား ချက်ချင်းရပ်တန့်ပါ။
- နိုင်ငံသားများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကိုကာကွယ်ပေးသော ဥပဒေပုဒ်မ ၅၊ ၇ နှင့် ၈ ကို ပြန်လည်ပြဌာန်းပါ။ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅/၂၀၁၇)
- ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ၊ ရာဇသတ်ကြီးဥပဒေနှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေများ(နစက ဥပဒေအမှတ် ၃/၂၀၂၁၊ ၅/၂၀၂၁ နှင့် ၆/၂၀၂၁)ကို ပြင်ဆင်ထားမှုအား ပြန်လည်ရုတ်သိမ်းပေးရန်။
- သတင်းရယူပိုင်ခွင့်ကို ချိုးဖောက်နေသည့် ဆက်သွယ်ရေးဝန်ဆောင်မှုများအား နှောင့်ယှက်ခြင်းများနှင့် မီဒီယာလွတ်လပ်ခွင့်ကို ဖိနှိပ်ခြင်းများအား ရပ်ဆိုင်းပေးရန်။
- အရပ်သားများကို တိုက်ခိုက်ခြင်းများအားရပ်ဆိုင်းပြီး ကျေးရွာများနှင့် ဒေသခံရွာသားများ အသက်မွေးဝမ်းကျောင်းပြုလုပ်ရာ နေရာများအနီးတွင် ကင်းလှည့်ခြင်းများနှင့် စစ်ဘက်ဆိုင်ရာသယ်ယူပို့ဆောင်ရေးပြုလုပ်ခြင်းများကို ရပ်ဆိုင်းပါ။ စစ်တပ်စခန်းများနှင့် စစ်ရေးလှုပ်ရှားမှုများအား ကျေးရွာများအနီးတွင်သော်လည်းကောင်း လယ်ယာများ၊ တောင်ယာများနေရာအနီးတွင်သော်လည်းကောင်း ဖယ်ရှားပေးရန်။
- အဓမ္မစေခိုင်းမှုပုံစံအားလုံးဖြစ်သော ရွာသားများကို လူသားဒိုင်းသဖွယ်အသုံးပြုခြင်း၊ ပေါ်တာဖမ်းခြင်းနှင့် လမ်းပြအဖြစ်အသုံးပြုခြင်းများ ရပ်တန့်ပါ။ ရွာသားများ၏ ပိုင်ဆိုင်မှုများဖြစ်သော မော်တော်ယဉ်များ၊ လှေများသို့မဟုတ် အခြားပစ္စည်းများကို စစ်ရေးလှုပ်ရှားမှုအတွက်အသုံးပြုရန် မတရားတောင်းဆိုခြင်းများ၊ ယူဆောင်ခြင်းများမှ ရှောင်ကျဉ်ပါ။
- စစ်ရေးအတွက်သော်လည်းကောင်း ပုဂ္ဂိုလ်ရေးအတွက်သော်လည်းကောင်း အရပ်သားများ၏အိုးအိမ်ပစ္စည်းများကို အတင်းအဓမ္မသိမ်းယူခြင်း၊ အခွန်ကောက်ခံခြင်းများမှ ရပ်ဆိုင်းရန်။
- နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု စံချိန်စံနှုန်းများနှင့် လူ့အခွင့်အရေးဥပဒေများကို မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းမဆို လိုက်နာရမည်ဖြစ်ပြီး လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် လွတ်လပ်၍ဘက်မလိုက်သော၊ တရားမျှတပြီး ပွင့်လင်းမြင်သာသော စုံစမ်းစစ်ဆေးမှုများနှင့် အရပ်ဘက်တရားရုံးများ၏ တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် ပူးပေါင်းလုပ်ဆောင်ရန်။
- နယ်မြေရှင်းလင်းရေးနှင့် စစ်ဆင်ရေးများတွင် အသုံးပြုလေ့ရှိသော “ဖြတ်လေးဖြတ်မဟာဗျူဟာ” ဖြစ်သည့် အရပ်သားများ၏စားနပ်ရိက္ခာ၊ ဆက်သွယ်ရေး၊ အကူအညီများနှင့် အခြားအခြေခံလိုအပ်ချက်များကို ဖြတ်တောက်သောလုပ်ဆောင်ချက်များကို ရပ်ဆိုင်းပါ။

## *နိုင်ငံတကာအဖွဲ့အစည်းများ၊ NGO များ၊ အလှူရှင်များနှင့် နိုင်ငံခြားအစိုးရများ*

- စစ်အာဏာရှင်အား တရားဝင်မှုပေးခြင်းမှရှောင်ကျဉ်ရန်နှင့် နိုင်ငံတကာအဆင့်တွင် အသိအမှတ်မပြုရန်။
- လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးရာတွင် နစကနှင့်ပူးပေါင်းလုပ်ဆောင်ခြင်းမပြုရန်။
- မြန်မာနိုင်ငံရှိကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများမှ မြေပြင်အခြေအနေများကိုတုန့်ပြန်ရာတွင် ရှင်းလင်းပြတ်သားပြီး ခိုင်မာသောရပ်တည်ချက်များထားရှိရန်နှင့် နစကမှကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို လျှော့ချရန်ဖြစ်နိုင်သည့်နည်းမှ ပိတ်ဆို့ကန့်သတ်မှုများပြုလုပ်ရန်။
- NUG အား အုပ်ချုပ်မှုဆိုင်ရာအပါအဝင် ငွေကြေးနှင့်နည်းပညာဆိုင်ရာအထောက်အပံ့များ လိုအပ်သလို ကူညီပေးရန်။
- နိုင်ငံတစ်ဝှမ်းတွင်ဖြစ်ပေါ်နေသော လူသားချင်းစာနာမှုအကြပ်အတည်းအား ဖြေရှင်းရန်အတွက် နိုင်ငံတကာဖွဲ့အစည်းများအနေဖြင့် NUG အပြင် EAO တို့နှင့်တိုင်ပင်ပြီး ပူးပေါင်းလုပ်ဆောင်နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာများ (MOU)လက်မှတ်ရေးထိုးရန်။
- ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ နိုင်ငံတကာလက်နက်ရောင်းချမှုဆိုင်ရာ ပိတ်ပင်တားတီးမှုဆုံးဖြတ်ချက်ကို ထောက်ခံရန်။
- မှတ်ပုံတင်ခြင်းမရှိသည့် အစိုးရမဟုတ်သောအသင်းအဖွဲ့များသို့ (တိုက်ရိုက်)ရန်ပုံငွေပိုမိုရရှိရန်အတွက် နိုင်ငံတကာရန်ပုံငွေဖြန့်ဝေပေးရမည်။ အထူးသဖြင့် တိုင်းရင်းသားနယ်မြေတွင်ရှိသော ဒေသခံအဖွဲ့အစည်းများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများသို့ ငွေကြေးထောက်ပံ့မှုများ တိုက်ရိုက်ပေးရန်။
- ဒေသများအတွင်း ထောက်ပံ့ရေးအစီအစဉ်များအား အကောင်အထည်ဖော်ရာတွင် ဒေသခံများယုံကြည်စိတ်ချရသော အရပ်ဖက်အဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့် တိုင်းရင်းသားအဖွဲ့အစည်းများတွင်ရှိသည့် လုပ်နိုင်စွမ်းနှင့်ကွန်ယက်များကို အခြေခံသောဝန်ဆောင်မှုဖြင့် ဖြန့်ဝေရေးနည်းလမ်းများနှင့် ဆက်သွယ်ရေးများကို ဦးစားပေးလုပ်ဆောင်ရန်။
- ရန်ပုံငွေပေးအပ်ရာတွင် ရှုပ်ထွေးသော မြေပြင်အနေအထားကိုနားလည်ပြီး ဒေသခံ CSO/CBO များနှင့် ဝန်ဆောင်မှုပေးသည့် ဒေသခံအဖွဲ့အစည်းများအား ခက်ခဲသောတောင်းဆိုမှုများ မပြုလုပ်ရန်။
- လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားသည့်နေရာတွင် နေထိုင်သည့်စစ်ဘေးရှောင်များ၊ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများ၊ တောင်သူလယ်သမားများနှင့် နေ့စားလုပ်သားများအပေါ် ထိခိုက်နစ်နာမှုများလျှော့ချသွားစေရန်အတွက် ကျေးလက်ဒေသများတွင် ရေရှည်တည်တံ့ခိုင်မြဲသည့် အသက်မွေးဝမ်းကျောင်းမှုများ ပိုမိုကောင်းမွန်လာစေရန် ကူညီထောက်ပံ့မှုများ စတင်လုပ်ဆောင်ရန်။
- တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ(EHOs)နှင့် အခြားအစိုးရမဟုတ်သော ကျန်းမာရေးဆိုင်ရာအဖွဲ့အစည်းများသည် COVID-19 ကာကွယ်ခြင်းနှင့် ကုသခြင်း (စစ်ဆေးခြင်း/စမ်းသပ်ခြင်းနှင့် ကူးစက်ရောဂါရှိသည့် သံသယလူနာများအားထားရှိသည့် အဆောက်အအုံများထားရှိခြင်းပါဝင်ရန်)နှင့် အရေးပါသည့်ကျန်းမာရေးဝန်ဆောင်မှုများအား ကျေးလက်ဒေသများတွင် ပံ့ပိုးပေးရန်။
- အိမ်နီးချင်းနိုင်ငံမှ အာဏာပိုင်များအနေဖြင့် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသူများကို ခိုလှုံခွင့်တောင်းဆိုရာတွင် ငြင်းဆိုခြင်းမပြုရန်။ ခိုလှုံခွင့်ရှာဖွေနေသောသူများအတွက် အထောက်အပံ့နှင့် လုံခြုံရေးအကူအညီများစီစဉ်နိုင်ရန်အတွက် နယ်စပ်အခြေစိုက်အဖွဲ့အစည်းများနှင့် လက်တွဲလုပ်ဆောင်ရန်။
- စစ်တပ်၏အကြမ်းဖက်မှုများကြောင့် ထွက်ပြေးတိမ်းရှောင်လာသော မြန်မာပြည်သူများကို COVID-19 ကာကွယ်တားဆီးရေးအပါအဝင် လူသားချင်းစာနာမှုအကူအညီများ ပေးနိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများမှ လိုအပ်သောအရင်းအမြစ်များနှင့် နည်းပညာအကူအညီများ ကူညီထောက်ပံ့ပေးရန်။

- နယ်စပ်အကူအညီပေးရေးအဖွဲ့အစည်းများနှင့် ဒေသအတွင်းလုပ်ငန်းလုပ်ဆောင်နေသော အရပ်ဖက်အဖွဲ့အစည်းများမှတစ်ဆင့် မြန်မာနိုင်ငံသို့ အကူအညီများရောက်ရှိနိုင်ရေးအတွက် မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံများနှင့် ထိတွေ့လုပ်ဆောင်ပါ။
- နိုင်ငံရေးလှုပ်ရှားသူများ၊ ဆန္ဒပြသူများ၊ တက်ကြွလှုပ်ရှားသူများ၊ လူ့အခွင့်အရေးကာကွယ်သူများ၊ သတင်းထောက်များနှင့် ၎င်းတို့၏မိသားစုဝင်များအပါအဝင် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးအတွက် စည်းရုံးလှုံ့ဆော်ပါ။
- ကျူးလွန်ခံရသူနှင့် ထိခိုက်နစ်နာသူအားလုံး တရားမျှတမှုရရှိစေရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ မြန်မာနိုင်ငံအား နိုင်ငံတကာရာဇဝတ်ခုံရုံး(ICC)သို့ လွှဲပြောင်းပေးရန် သို့မဟုတ် လူမျိုးတုံးသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သောရာဇဝတ်မှုများနှင့် အစုလိုက်အပြုံလိုက်ရက်စက်စွာကျူးလွန်မှုများအားလုံးအပေါ် ကျူးလွန်သူများအား တရားစွဲဆိုရန်အတွက် နိုင်ငံတကာခုံရုံးဖွဲ့ရန်အခိုင်အမာတောင်းဆိုပါ။

***နစကနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ***

- မြေမြှုပ်မိုင်းများထောင်ထားခြင်းအား ချက်ချင်းရပ်တန့်ရန်နှင့် နောက်ထပ်မိုင်းအသုံးပြုမှုအားလုံးကို တားမြစ်ရန်၊ မြေမြှုပ်မိုင်းနှင့် မပေါက်ကွဲသေးသောလက်နက်များ (UXO)ရှိသောနေရာအားလုံးကို အမှတ်အသားပြုလုပ်ပြီး လုံခြုံရေးအတွက် အဆိုပါနေရာများကို ဒေသခံလူထုအား အသိပေးပါ။
- အရပ်သားများအားကာကွယ်ရေးနှင့် ၎င်းတို့၏လုံခြုံရေးတို့အတွက် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုစံနှုန်းများနှင့် လူ့အခွင့်အရေးဥပဒေများကို လိုက်နာပေးရန်။

# အစီရင်ခံစာပြုစုပုံနည်းစနစ်

## ကွင်းပိုင်းသုတေသနနှင့် အချက်အလက်များ

ဤအစီရင်ခံစာသည် KNU ထိန်းချုပ်နယ်မြေသို့ ထွက်ပြေးတိမ်းရှောင်သည့် ဆန္ဒပြသူများနှင့် CDM တွင်ပါဝင်သည့်သူများအပါအဝင် ကျေးလက်ဒေသခံရွာသားများနှင့် တွေ့ဆုံမေးမြန်းခြင်းပြုလုပ်ပြီး အချက်အလက်များအားကောက်ယူထားခြင်းဖြစ်သည်။ ဤအစီရင်ခံစာသည် KHRG ၏ လှုပ်ရှားရာနယ်မြေများရှိ ကွင်းဆင်းသတင်းမှတ်တမ်းပြုစုသူများမှ ရေးသားပြုစုထားသည့် အချက်အလက်များကိုလည်း မှီငြမ်းအသုံးပြုထားပါသည်။ KHRG သည် စစ်အာဏာသိမ်းသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ(၁)ရက်နေ့မှ ဇွန်လပထမအပတ်အထိ တွေ့ဆုံမေးမြန်းမှုများအား ပြုလုပ်ခဲ့ပါသည်။ ဤအစီရင်ခံစာသည် ဖေဖော်ဝါရီလအစပိုင်းမှ ဇူလိုင်လကုန်အထိ စစ်အာဏာသိမ်းခြောက်လတာကာလကို ခြုံငုံထားသည့် သတင်းအချက်အလက်များဖြင့် ရေးသားထားပါသည်။

တွေ့ဆုံမေးမြန်းမှုပေါင်း(၁၃၃)ခုကို ကောက်ယူထားပြီး စစ်အာဏာသိမ်းခြင်းနှင့်သက်ဆိုင်သည့် ကျယ်ပြန့်သောအကြောင်းအရာများအား ခြုံငုံထားခြင်းဖြစ်ပါသည်။ အကြောင်းအရင်းမှာ စစ်အာဏာသိမ်းခြင်းနှင့် ဆက်နွယ်ပြီး ဆန္ဒပြပွဲများ ပိုမိုများပြားလာခြင်းကြောင့် KHRG ၏ကွင်းဆင်းသတင်းမှတ်တမ်းပြုစုသူများမှ ဆန္ဒပြပွဲနှင့် CDM တွင်ပါဝင်သူများထံမှ အချက်အလက်များကောက်ယူထားသည်။ ရလာဒ်အားဖြင့် ဤအစီရင်ခံစာအတွက်ပြုလုပ်သော တွေ့ဆုံမေးမြန်းမှုများသည် ဆန္ဒပြသူများနှင့် CDM ဆိုင်ရာအကြောင်းအရာများအား ပိုမိုအလေးပေးဖော်ပြနိုင်ခဲ့ပါသည်။

မေးခွန်းဖြေကြားသူများထဲမှ (၄၉)ယောက်သည် နေအိမ်မှစွန့်ခွာလာပြီး CDM တွင်ပါဝင်သည့် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ KNU ထိန်းချုပ်နယ်မြေတွင် တိမ်းရှောင်နေသောသူများဖြစ်သည်။ တွေ့ဆုံမေးမြန်းမှုများတွင် ပါဝင်သည့်သူများမှာ ရဲ၊ စစ်သား၊ ကျန်းမာရေးနှင့် ပညာရေးနယ်ပယ်အပြင် အခြားအစိုးရရုံးမှဝန်ထမ်းများ ပါဝင်ပါသည်။ တွေ့ဆုံမေးမြန်းမှု(၂)ခုမှာ ဆန္ဒပြပွဲတွင်ပါဝင်ပြီး ဖမ်းဆီးခံရသည့် ထောင်ထဲမှလွတ်လာသူများထံမှ ကောက်ယူထားသည်။ အခြားသော တွေ့ဆုံမေးမြန်းမှုတစ်ခုမှာ ဖမ်းဆီးခံရသည့်မိသားစုဝင်တစ်ဦးထံမှ ကောက်ယူထားခြင်းဖြစ်သည်။ ကျန်ရှိသော တွေ့ဆုံမေးမြန်းမှု(၈၁)ခုမှာ ဒေသခံရွာသားများနှင့် ပြုလုပ်ထားခြင်းဖြစ်ပြီး ဆန္ဒပြပွဲများတွင် ပါဝင်ခဲ့ ဖူးသူများဖြစ်သည်။

မေးခွန်းဖြေကြားသူများမှာ အသက် ၁၅ နှစ်မှ ၆၂ နှစ်အထိရှိသည်။ မေးခွန်းဖြေကြားသူ ၁၃၃ ဦးထဲမှ ၈၄ ဦးမှာ အမျိုးသားများဖြစ်ပြီး ၄၉ ဦးမှာမူ အမျိုးသမီးများဖြစ်သည်။ မေးခွန်းဖြေကြားသူအများစုသည် ဆန္ဒပြပွဲတွင် ပါဝင်ခဲ့သော်လည်း ဤပုံသဏ္ဍာန်များသည် လိင်ကွဲပြားမှုပေါ်မူတည်၍ ဆန္ဒပြမှုတွင်ပါဝင်ခြင်း အချိုးအစားကို သုံးသပ်၍မရပါ။ KHRG ၏တွေ့ဆုံမေးမြန်းမှုများနှင့် သတင်းအစီရင်ခံစာများတွင် အမျိုးသမီးများမှဆန္ဒပြမှုများတွင် အများစုပါဝင်ခြင်းကိုထောက်ပြကာ မြန်မာနိုင်ငံအမျိုးသမီးများအဖွဲ့ချုပ်(WLB)၏ ခန့်မှန်းခြေနှင့်အတူ ဆန္ဒပြမှုတွင်ပါဝင်သောသူ ၆၀ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြသည်ဟု ဆိုသည်။[15] KHRG မှ CDM လှုပ်ရှားသူများနှင့် တွေ့ဆုံမေးမြန်းမှုပြုလုပ်ချိန်တွင် ကျား/မအချိုးအစား ညီမျှမှုမရှိခြင်း (အမျိုးသား ၃၅ ဦးနှင့် အမျိုးသမီး ၁၄ ဦးသာ)သည် ရဲနှင့်စစ်သားများကို တွေ့ဆုံမေးမြန်းမှုပြုလုပ်ပြီး ၎င်းတို့မှာ အမျိုးသားများဖြစ်ခြင်းကြောင့် ဖြစ်သည်။[16]

ဤအစီရင်ခံစာတွင် နှုတ်သက်သေခံချက်များ အဓိကအသုံးပြုပြီး ထိုသက်သေခံချက်များကို KHRG မှ ပြင်ဆင်ထားသည့်မေးခွန်းနှင့် ပြင်လွယ်ပြောင်းလွယ်စေရန် ပုံစံချထားသည့်မေးခွန်းများ(semi–structured interview)၏ အသံသွင်းရရှိမှုအပေါ်အခြေခံကာ ပြုစုထားခြင်းဖြစ်ပါသည်။ ဆန္ဒပြမှုတွင် ခြားနားသောအတွေ့အကြုံများ၊ CDM တွင်ပါဝင်မှုများ၊ ချုပ်နှောင်ခံရမှုများနှင့် အာဏာသိမ်းမှုအပေါ် ရွာသားများ၏ထင်မြင်ချက်များကို ပိုမိုထင်ဟပ်နိုင်စေရန်အတွက် သက်သေခံချက်များအား ကောက်ယူရာတွင် မတူညီသည့်မေးခွန်းလွှာများစွာကို အသုံးပြုခဲ့သည်။ KHRG မှ သတင်းအချက်အလက်များ ကောက်ယူစုဆောင်းပုံ နည်းစနစ်များကို ရွာသားများအား သင်ကြားပို့ချပေးပြီး ၎င်းရွာသားများဖြင့် ဖွဲ့စည်းထားသောသတင်းရယူသူများကွန်ယက်သည် ဤအစီရင်ခံစာရေးသားပြုစုရန်အတွက် သတင်းအချက်အလက်များကို ရယူပေးခဲ့ကြသည်။[17]

စစ်ပွဲနှင့်တိုက်ခိုက်မှုများသည် ကျေးလက်ဒေသများတွင် ပိုမိုများပြားလာခြင်းကြောင့် KHRG ကွင်းဆင်းသတင်းမှတ်တမ်းပြုစုသူများမှ ဒေသခံအစီရင်ခံစာတိုများနှင့် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာများကို ရေးသားတင်ပြကြသည်။ ဤအစီရင်ခံစာအတွက် သတင်းအချက်အလက်အခု ၁၀၀ အထက်အသုံးပြုထားသည်။ ဆက်သွယ်ရေးလမ်းကြောင်းအားနည်းခြင်း၊ ဖုန်းလိုင်းမမိခြင်း၊ သွားလာလှုပ်ရှားမှုများ ကန့်သတ်ထားခြင်းနှင့် လုံခြုံမှုမရှိခြင်းကြောင့် KHRG ကွင်းဆင်းမှတ်တမ်းပြုစုသူများအနေဖြင့် စစ်ဘက်ဆိုင်ရာလှုပ်ရှားမှုများမှ အကျိုးသက်ရောက်ခံစားရသော

15 AlJazeera သတင်းဌာနမှစာရေးသူ Umayama KHAN မှ ၂၀၂၁ ခုနှစ်၊ ဧပြီလတွင်ထုတ်ဝေသော “The women of Myanmar: ‘Our place is in the revolution’” တွင် ကြည့်ပါ။

16 မြန်မာနိုင်ငံ၏လုံခြုံရေးတပ်ဖွဲ့များတွင် မကြာသေးမီက အမျိုးသမီးဝန်ထမ်းများ များလာသော်လည်း အမျိုးသမီးဝန်ထမ်း အရေအတွက်မှာ နည်းနေပါသေးသည်။ ၂၀၁၈ ခုနှစ်တွင် ရဲတပ်ဖွဲ့ဝင်များ၏ ၂၀ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြပြီး ၂၀၁၉ ခုနှစ်တွင် စစ်တပ်ထဲတွင် အမှုထမ်းဆောင်သည့်အမျိုးသမီးအရေအတွက်မှာ ၀.၂ ရာခိုင်နှုန်းသာရှိသည်။ ဧရာဝတီသတင်းဌာနမှ သတင်းထောက်ဖြစ်သူ ကျော်မျိုးမှ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင်ထုတ်ဝေသော “Female Officers Now Make Up 20 Percent of Police Force” နှင့် Global Fire Power မှထုတ်ဝေသော “2021 Myanmar Military Strength” (၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့တွင် ဝင်ရောက်ဖတ်ရှုခဲ့သည်)တို့တွင် ကြည့်ပါ။

17 KHRG ၏အစီရင်ခံစာရေးသားပြုစုပုံနည်းစနစ်နှင့် သတင်းအချက်အလက်မှတ်တမ်းပြုစုပုံအပြည့်အစုံကို စာဖတ်သူများ သိရှိလိုပါက KHRG ထံသို့ ခွင့်တောင်းရယူနိုင်ပါသည်။

ဒေသခံရွာသားများအား ပြည့်စုံစွာတွေ့ဆုံမေးမြန်းနိုင်ခြင်း မရှိခဲ့ပါ။ ထို့ကြောင့် ဤအစီရင်ခံစာတွင်ပါဝင်သော သတင်းအချက်အလက်များမှာ အသေးစိတ်အချက်အလက်များပါရှိပြီး ထိုဖြစ်စဉ်များအပေါ် ရွာသားများ၏ထင်မြင်ချက်မှာအနည်းငယ်သာ ပါရှိသည်။ ဤအစီရင်ခံစာရေးသားချိန်တွင်လည်း အချက်အလက်အတွက် နောက်ဆက်တွဲပြန်လည်မေးမြန်းမှုများပြုလုပ်ရန် အခက်အခဲများရှိသည်။

## သတင်းအချက်အလက်စုဆောင်းသည့်နေရာများ

KHRG သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ခရိုင် ၇ ခုဖြစ်သည့် ဒူးသထူ(သထုံ)၊ တောအူး(တောင်ငူ)၊ ခလယ်လွိထူ (ညောင်လေးပင်)၊ ဘိတ်-ထားဝယ်(မြိတ်-ထားဝယ်)၊ မူတြော်(ဖာပွန်)၊ ဒူးပလာယာနှင့် ဘားအံခရိုင်များတွင်လုပ်ငန်းဆောင်ရွက်လျှက်ရှိပါသည်။[18] ထို "ခရိုင်" များသည် KNU မှသတ်မှတ်ထားသော အသုံးအနှုန်းဖြစ်ပြီး KNU နှင့်ဆက်စပ်သည့် ဒေသခံကရင်အဖွဲ့အစည်းများဖြစ်စေ၊ ပတ်သက်ဆက်နွယ်မှုမရှိသည့် အဖွဲ့အစည်းများဖြစ်စေ ၎င်းအသုံးအနှုန်းကို သုံးစွဲခေါ်ဝေါ်ကြပါသည်။ KHRG ၏ မှီငြမ်းကိုးကားထားသည့်အသုံးနှုန်းများသည် နိုင်ငံရေးအရ ဆက်နွယ်မှုမရှိပဲ သတ်မှတ်ထားသည့်ခရိုင်များဖြစ်ပြီး ကျေးလက်ဒေသမှ အမှန်စင်စစ်အများသတ်မှတ်သုံးနှုန်းထားသည့် အသုံးအနှုန်းများကိုသာ ပိုမိုအသုံးပြုထားကြောင်း ဖော်ပြလိုပါသည်။

ထို့အပြင် KHRG မှ ဤသုတေသနပြုထားသော သတင်းအချက်အလက်များတွင် "မြန်မာနိုင်ငံ" ဟူသော ဝေါဟာရအား သုံးစွဲထားပါသည်။ အကြောင်းမှာ စစ်အစိုးရမှ တိုင်းပြည်အား ဗမာနိုင်ငံမှမြန်မာနိုင်ငံသို့ ၁၉၈၉ ခုနှစ်တွင် တရားဝင်ပြောင်းလဲခေါ်ဝေါ်သုံးစွဲခဲ့သောကြောင့် ဖြစ်သည်။ ကရင်ကျေးရွာအမည်များအား ဘာသာပြန်ဆိုသည့်အခါတွင်လည်း နေရာဒေသအမည်များနှင့် စာလုံးပေါင်းသတ်ပုံ မှန်ကန်စေရန်အတွက် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလတွင် ကရင် CBOs / CSOs နှင့် NGOs ၁၄ ဖွဲ့တို့နှင့်အတူ ကရင်အသံထွက် ဘာသာပြန်ဆိုမှုစနစ်တစ်ခုကို ချမှတ်ပြီး အဆိုပါစနစ်အား အတူသုံးစွဲခဲ့ပါသည်။

## အရင်းအမြစ်နှင့် မှီငြမ်းကိုးကားချက်များ

ဤအစီရင်ခံစာပါ သတင်းအချက်အလက်များသည် ရွာသားများနှင့် ဒေသခံခေါင်းဆောင်များကိုယ်တိုင် တင်ပြထားသည့် သက်သေခံချက်များအပေါ် တိုက်ရိုက်အခြေခံထားပါသည်။ ဖော်ပြထားသော အချက်အလက်များအပေါ် ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် စီစစ်ပိုင်းခြားနိုင်ရန် ကိုးကားထားသောသက်သေခံချက်အားလုံးကို ထပ်မံသိရှိလိုပါက အသိပေးတောင်းဆိုနိုင်ပါသည်။ လူတွေ့မေးမြန်းခန်းများမှရရှိသော အချက်အလက်များအပြင် မူဝါဒနှင့် ဥပဒေပိုင်းဆိုင်ရာအချက်အလက်များ၊ အရေးအတွက်နှင့် ဆက်စပ်သောသတင်းအချက်အလက်များဖြစ်သည့် ပြင်ပအရင်းအမြစ်များကိုလည်း KHRG မှ ရယူကိုးကား သုံးသပ်မှုပြုလုပ်ထားပါသည်။ ယင်းပြင်ပအရင်းအမြစ်များကို သတ်မှတ်ထားသောစံချိန်စံနှုန်းနှင့်အညီ မှီငြမ်းကိုးကားအသုံးပြုထားပါသည်။ KHRG ၏ ယခင်ကထုတ်ဝေခဲ့သည့်အစီရင်ခံစာများကိုလည်း ဤအစီရင်ခံစာတွင် ပြင်ဆင်၍သတ်မှတ်ထားသောစံချိန်စံနှုန်းပုံစံနှင့်အညီ မှီငြမ်းကိုးကား အသုံးပြုထားပါသည်။

အစီရင်ခံစာ၏ရည်ရွယ်ချက်ကိုမေးခွန်းဖြေကြားသူအားလုံးအား အသိပေးထားပြီး ၎င်းတို့၏အချက်အလက်များကို အသုံးပြုရန်ခွင့်ပြုချက်ရယူပြီး ဖြစ်သည်။ တွေ့ဆုံမေးမြန်းမှုများကို စကောကရင်၊ ပိုးကရင်၊ ဗမာနှင့် (ဘိတ်-ထားဝယ်ခရိုင်တွင်) မြိတ်ဘာသာစကားတို့ဖြင့် ပြုလုပ်ခဲ့ပါသည်။


18 ရှင်းလင်းချက် - ဤခရိုင်များ၏အမည်နာမများကို မြန်မာအခေါ်အဝေါ်ဖြင့် ကွင်းစ၊ကွင်းပိတ်ထဲတွင် ထည့်သွင်း ဖော်ပြထားပါသည်။ သို့သော်လည်း ဤအခေါ်အဝေါ်များသည် မြန်မာအစိုးရအုပ်ချုပ်ရေး၏ တိုင်း၊နယ်မြေများနှင့် မတူညီပေ။

## အမည်နာမများ၊ တည်နေရာများနှင့် အခြားအသေးစိတ်အချက်အလက်များကို ဆင်ဆာဖြတ်ထားခြင်း

KHRG အနေဖြင့် သတင်းအချက်အလက်များဖော်ပြသည့်အခါ ပြောဆိုချက်များ သို့မဟုတ် ကိုးကားချက်များထည့်သွင်းရာ၌ အထူးသဖြင့် လူပုဂ္ဂိုလ်တစ်ဦးချင်းအမည်၊ ရွာအမည်များပါရှိပါက ရွာသားများအား သို့မဟုတ် ဒေသခံအဖွဲ့ဝင်များအား အန္တရာယ်ရှိစေနိုင်သည်ဟုယူဆသောကြောင့် ထိုအမည်နာမအချက်အလက်များကို ဆင်ဆာဖြတ်တောက်ထားပါသည်။ ကျေးရွာအမည်နှင့် လူပုဂ္ဂိုလ်နာမည်များကို က---မှ အ---အက္ခရာများအသုံးပြု၍ဆင်ဆာဖြတ်ထားပါသည်။ သက်ဆိုင်ရာဘာသာစကားများတွင် ဖြတ်တောက်ဖော်ပြထားသောစကားလုံးများသည် အမည်နာမအစစ်အမှန်များနှင့် ဆက်စပ်အသုံးပြုခြင်းမရှိသကဲ့သို့ KHRG ၏ ယခင်အစီရင်ခံစာများတွင် အသုံးပြုခဲ့သော စကားလုံးများနှင့်လည်း သက်ဆိုင်မှုမရှိပါ။ ဤအစီရင်ခံစာတွင် အသုံးပြုသောဆင်ဆာဖြတ်ထားသည့် အမည်နာမများသည် KHRG ၏ဝက်ဘ်ဆိုဒ်တွင်ဖော်ပြထားသော နောက်ဆက်တွဲမှုရင်းသတင်းမှတ်တမ်းနှင့် တူညီမှုရှိပါသည်။ ဤကဲ့သို့ ဆင်ဆာဖြတ်တောက်ထားသည့် အမည်နာမများနှင့် နေရာများ၏အမည်အစစ်အမှန်များကို KHRG ၏ဖိုင်ထဲတွင် သိမ်းဆည်းထားသည်။ ထို့ကြောင့် ဆင်ဆာဖြတ်တောက်ထားမှုကို သတင်းအချက်အလက်အခြေအမြစ်မရှိဟု သတ်မှတ်ယူ၍မရပါ။ အချို့ကိစ္စရပ်များတွင် ရွာသားများနှင့် KHRG ကွင်းဆင်းသတင်းမှတ်တမ်းပြုစုသူများ၏ လုံခြုံရေးအတွက် အသေးစိတ်အချက်အလက်များကို ချန်လှပ်ထားပါသည်။

## မြေပုံ – ၁ ကရင်လူ့အခွင့်အရေးအဖွဲ့၏ လှုပ်ရှားရာနယ်မြေ

ကေအဲန်ယူသတ်မှတ်ထားသော ကရင်နယ်နိမိတ်နှင့် အစိုးရသတ်မှတ်ထားသော ပြည်နယ်နှင့်တိုင်းဒေသကြီး



## ဝေါဟာရများနှင့်အတိုကောက်အသုံးအနှုန်းများ

| | |
|---|---|
| BGF | နယ်ခြားစောင့်တပ် |
| CBO | လူထုအခြေပြုအဖွဲ့အစည်း |
| CDM | အာဏာဖီဆန်ရေးလှုပ်ရှားမှု |
| CIDKP | ဌာနေမဲ့ပြည်တွင်းကရင်ဒုက္ခသည်များဆိုင်ရာကော်မတီ |
| CRPH | ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ |
| CSO | အရပ်ဖက်အဖွဲ့အစည်း |
| DKBA | ဒီမိုကရေစီအကျိုးပြုကရင်အမျိုးသားတပ်မတော် |
| DKBA Splinter | တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော်(ခွဲထွက်အဖွဲ့) |
| EAO | တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း |
| IDP | ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူ |
| KDHW | ကရင့်ကျန်းမာရေး၊ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးဌာန |
| KECD | ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန |
| KNDO | ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့အစည်း |
| KNLA | ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် |
| KNPF | ကရင်အမျိုးသားရဲတပ်ဖွဲ့ |
| KNU | ကရင်အမျိုးသားအစည်းအရုံး |
| KPSN | ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ယက် |
| KWO | ကရင်အမျိုးသမီးအစည်းအရုံး |
| NCA | တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| NLD | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| NUG | အမျိုးသားညီညွတ်ရေးအစိုးရ |
| PDF | ပြည်သူ့ကာကွယ်ရေးတပ် |
| SAC | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ |
| UN | ကမ္ဘာ့ကုလသမဂ္ဂ |
| USDP | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| UXO | မပေါက်ကွဲသေးသောလက်နက်ခဲယမ်းများ |

**ဘာသာစကားကောက်နှုတ်ချက်များနှင့်အထူးအသုံးအနှုန်းများ**

နော်/စော — စကောကရင်အမျိုးသား/သမီးများ၏နာမည်ရှေ့တွင်ခေါ်ဝေါ်သုံးနှုန်းသောအသုံးအနှုန်း

နန့်/မန်း — လက်ထပ်ပြီးပိုးကရင်အမျိုးသား/သမီးများနာမည်ရှေ့တွင် မိမိတို့၏လူမှုအသိုင်းအဝိုင်းတွင် ခေါ်ဝေါ်သုံးနှုန်းသည့် အသုံးအနှုန်း

နန်း/စ — လက်မထပ်သေးသည့် ပိုးကရင်အမျိုးသား၊ သမီးများနာမည်ရှေ့တွင် ခေါ်ဝေါ်သုံးနှုန်းသည့် အသုံးအနှုန်း

**ငွေကြေးစနစ်**

ထိုင်းနိုင်ငံတွင်သုံးသည့် ဘတ်ငွေကြေးစနစ်။ဤအစီရင်ခံစာမှငွေကြေးလဲလှယ်မှုအားလုံးကို၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂ရက် နေ့အလယ် အလတ်ဈေးကွက်ငွေကြေးလဲလှယ်နှုန်း (၁)ဘတ်လျှင် မေရိကန်ဒေါ်လာ ၀.၀၃၀၀၅ နှင့်ညီမျှသည်။ (https://wise.com/us/currency-converter/thb-to-usd-rateမှကောက်ယူထားသည်)[19]

[19] မြန်မာစစ်တပ်အာဏာသိမ်းပြီးနောက် မြန်မာငွေကျပ်တန်ဖိုးမှာ သိသိသာသာကျဆင်းသွားသည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ငွေလဲနှုန်းမှာ ၁၀၀၀ ကျပ်ဆိုလျှင် အမေရိကန်ဒေါ်လာ ၀.၇၅ ဖြစ်သည်။ (https://www.exchange-rates.org/Rate/MMK/USD/2-1-2021)

# အပိုင်း(၁) နွေဦးတော်လှန်ရေး

## အခန်း(၁) ဆန္ဒပြပွဲများ

ဖေဖော်ဝါရီလ ၁ ရက်နေ့စစ်တပ်အာဏာသိမ်းပြီးနောက် မြန်မာနိုင်ငံအနှံ့အပြားမှ မြို့ပေါ်နှင့်ကျေးလက်ဒေသများတွင် ဆန္ဒပြပွဲများ ပြုလုပ်လာခဲ့ကြသည်။ မြို့ပေါ်ရှိ ထောင်နှင့်ချီသောသူများပါဝင်လာပြီး ရာနှင့်ချီသောကျေးလက်ဒေသရှိ ကျေးရွာပေါင်းများကပူးပေါင်းလျက် စစ်အာဏာသိမ်းမှုနှင့် စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ငြိမ်းချမ်းစွာဖြင့် ကျင့်သုံးခဲ့ကြသော်လည်း ဆန္ဒပြပြည်သူများသည် စစ်အစိုးရ၏ဖိနှိပ်မှုနှင့် အကြမ်းဖက်မှုများအတွက် ပစ်မှတ်များဖြစ်လာကြသည်။ ဤအခန်းသည် အရပ်သားများအပေါ် လွန်ကဲသောအကြမ်းဖက်မှုများနှင့် စစ်ကောင်စီ၏ လူ့အခွင့်အရေးစံနှုန်းများအား ချိုးဖောက်ပြီး ဖိနှိပ်ညှဉ်းပမ်းမှုများအား ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နေခြင်းကို မီးမောင်းထိုးပြရန်အတွက် ဆန္ဒပြသူများနှင့် လုံခြုံရေးတပ်ဖွဲ့များ၏ သက်သေခံချက်များကို ထည့်သွင်းဖော်ပြထားသည်။ ထို့အပြင် ဆန္ဒပြသူများ၏ ခုခံမှုပုံစံနှင့် မိမိကိုယ်ကိုကာကွယ်ရန် အသုံးပြုခဲ့သည့်နည်းလမ်းများကိုလည်း တင်ပြထားပါသည်။

(က) စစ်အာဏာသိမ်းမှုအားဆန့်ကျင်ခြင်း – ကျွန်ုပ်တို့အသံကိုကြားသိစေခြင်း

*“ကျွန်တော်တို့ဘာကြောင့် ဆန္ဒပြပွဲမှာပါတယ်ဆိုတာက ရှင်းပါတယ်။ ကျွန်တော်တို့ ကိုယ့်အခွင့်အရေးကိုကိုယ်ပြန်လိုချင်တယ်။ ကျွန်တော်တို့ရဲ့အသံကို ကြားစေချင်တယ်။ နားထောင်စေချင်တယ်။ […]တကယ်လို့ ကျွန်တော်တို့တွေအနေနဲ့ လိုချင်တာကိုမတောင်းဆိုဘူးဆိုရင် ကျွန်တော်တို့ရဲ့အသံတွေကို ကြားနိုင်ကြမှာမဟုတ်ဘူး။ ထိရောက်မှုရှိတယ် မရှိဘူးဆိုတာက တစ်ပိုင်းပေါ့။ ဒီမိုကရေစီနိုင်ငံတိုင်းမှာ သူတို့လိုချင်တာကို ထုတ်ဖော်ပြောဆိုပိုင်ခွင့်ရှိတယ်။”* ဖားအံခရိုင်မှဆန္ဒပြသူတစ်ဦး

စစ်အာဏာသိမ်းမှုကို ပြည်သူများအနေဖြင့် ဆန့်ကျင်ကြောင်း ဖော်ပြကြရာတွင် အဓိကအကျဆုံးတောင်းဆိုမှုများမှာ အာဏာရှင်စနစ်အား ဖယ်ရှင်းပစ်ရန်၊ ဒီမိုကရေစီစနစ်ဖော်ဆောင်ရန်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)[20] သို့ အာဏာပြန်လည်အပ်နှင်းရန်၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းရန် သို့မဟုတ် ပြန်လည်ပြင်ဆင်ရန်၊ ၂၀၂၀ ရွေးကောက်ပွဲရလာဒ်ကို လေးစားရန်နှင့် NLD အဖွဲ့ဝင်များနှင့် အာဏာသိမ်းမှုကိုဆန့်ကျင်ဆန္ဒပြသူများအပါအဝင် ဖမ်းဆီးထားသော နိုင်ငံရေးအကျဉ်းသားများကိုပြန်လည်လွှတ်ပေးရန်တို့ဖြစ်သည်။ အချို့သောမေးခွန်းဖြေကြားသူများက ဖွံ့ဖြိုးရေးနှင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတိုးတက်မှုများ၊ လုံခြုံရေးနှင့် လူမှုရေးအခြေအနေများနှင့် အရပ်သားအုပ်ချုပ်မှုအောက် စီးပွားရေးအခြေအနေများသည် စစ်တပ်၏အုပ်ချုပ်မှုအောက်ပြန်လည်ရောက်ရှိခြင်းက နောက်သို့ခြေလှမ်းဆုတ်နေခြင်းဖြစ်ကြောင်း တင်ပြခဲ့ကြသည်။

ကျေးလက်ဒေသရှိရွာသားများသည် ပိုမိုကြီးမားသည့် စုဝေးဆန္ဒပြမှုများတွင်ပါဝင်နိုင်ရန်အတွက် မြို့ပေါ်ဒေသများမှပြုလုပ်သော ဆန္ဒပြပွဲများတွင် သွားရောက်ပါဝင်ခဲ့ကြသည်။ မူတြော်(ဖာပွန်)ခရိုင်မှ ရွာသားတစ်ဦးက ထိုသို့အတူတကွစုစည်းပြီး ဆန္ဒပြရခြင်း၏ ဘုံရည်မှန်းချက်နှင့်ပတ်သက်ပြီး ဤသို့ပြောပြခဲ့သည်။ *“ကျွန်တော်တို့တွေက ဒီတိုင်းပြည်ထဲမှာပဲ အတူတူနေထိုင်ကြတဲ့အတွက် မြန်မာပြည်မှာနေတဲ့ ပြည်သူတွေလိုချင်တဲ့အရာ၊ ကျွန်တော်တို့လိုချင်တဲ့အရာနဲ့ ကျေးလက်က ပြည်သူတွေလိုချင်တဲ့အရာတွေက အတူတူပဲ။”* အခြားရွာသားတစ်ဦးကလည်း ဤသို့

[20] အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) သည် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော ၂၀၁၆ ခုနှစ်မှ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလအထိ မြန်မာအစိုးရတစ်ရပ်အဖြစ် အုပ်ချုပ်ခဲ့သည့် နိုင်ငံရေးပါတီတစ်ခုဖြစ်သည်။ NLD ပါတီသည် ၂၀၁၅ နှင့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲများတွင် အပြတ်သတ်အနိုင်ရရှိခဲ့သည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မြန်မာစစ်တပ်မှ အာဏာသိမ်းပြီးနောက် NLD အစိုးရအားဖြုတ်ချခဲ့သည်။ ရွေးကောက်တင်မြှောက်ခံရသည့် နိုင်ငံတော်သမ္မတဦးဝင်းမြင့်နှင့် နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဝန်ကြီးချုပ်များနှင့်အစိုးရလွှတ်တော်အဖွဲ့ဝင်များသည် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည်။

ထောက်ပြခဲ့သည်။ *"စစ်တပ်က အာဏာသိမ်းခဲ့တယ်။ ဒါပေမယ့် ပြည်သူဆယ်ယောက်မှာ ကိုးယောက်က ဒါကို မကြိုက်ဘူး။ ဒါကြောင့်လည်းသူတို့က ဒါကိုဆန့်ကျင်ဆန္ဒပြနေကြတာ။ [...]လူတွေက အခုဆန္ဒပြနေကြတယ် ဆိုတာ စစ်တပ်ကလုပ်တာမဟုတ်မမှန်လို့ပဲ။"* အချို့သူများက အထူးသဖြင့် "တိုင်းရင်းသားပေါင်းစုံ" ပါဝင်သော သပိတ်များနှင့် သပိတ်အဖွဲ့များတွင် ပူးပေါင်းပါဝင်ကြသည်။[21]

မေးခွန်းဖြေကြားသူများက လူအများအနေဖြင့် စစ်အာဏာသိမ်းမှုကိုဆန့်ကျင်ကြောင်း ဖော်ပြရန်နှင့် ဘုံရည်မှန်းချက်တစ်ခုအတွက် အတူတကွစုဝေးကြသည်ဟု ဖော်ပြခဲ့ကြသော်လည်း ဤရည်မှန်းချက်အောက်တွင် စစ်တပ်အုပ်ချုပ်မှုနှင့်ပတ်သက်ပြီး မတူညီသော နားလည်မှုများကိုလည်း တွေ့နိုင်သည်။ ကျေးလက်ဒေသများတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ဖက်ဒရယ်ဒီမိုကရေစီစနစ်ပေါ်ထွန်းရေးကို ပိုမိုအလေးပေးကြောင်းတွေ့နိုင်ပြီး အချို့သောဆန္ဒပြမှုများမှာ အာဏာသိမ်းမှုမတိုင်မီက ကျေးလက်ဒေသရှိရွာသားများ ပြုလုပ်ခဲ့သည့် တက်ကြွလှုပ်ရှားမှုများနှင့် ဆန္ဒဖော်ထုတ်မှုများကို တိုးမြှင့်လုပ်ဆောင်ခြင်းသာ ဖြစ်သည်။ ထို့အတွက်ကြောင့် ၎င်းတို့၏တောင်းဆိုမှုများတွင် ဒေသခံတိုင်းရင်းသားများနှင့် ကိုက်ညီမှုရှိသည့် လိုအပ်ချက်များပါဝင်လေ့ရှိသည်။ ဥပမာအားဖြင့် မူတြော်ခရိုင်မှ ဆန္ဒပြသူများက ကရင်အမျိုးသားအစည်းအရုံး(KNU) တည်ထောင်သူနှင့် ဥက္ကဋ္ဌဟောင်းဖြစ်သော တော်လှန်ရေးခေါင်းဆောင် စောဘဦးကြီး၏ မူလေးရပ်ဖြစ်သော (၁) လက်နက်ချစကား အလျဉ်းမပြောရ။ (၂) ကရင့်လက်နက် ကရင့်လက်ထဲမှာရှိရမည်။ (၃) ကရင်ပြည်အသိအမှတ်ပြုခြင်း ပြီးပြည့်စုံရမည်။ (၄) ကရင့်ကံကြမ္မာ ကရင်ဖန်တီးရမည်။ အချက်တို့ကို အလေးပေးဖော်ပြကြသည်။




ဤပုံကို ၂၀၂၁ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် ရိုက်ယူခဲ့ပါသည်။ ဤဓာတ်ပုံသည် (တခေါ်ပွါ၊ ဝေစွဲ၊ ကိုးနီနှင့်နိုညာလာ) ကျေးရွာအုပ်စု ၄ စုအတွင်းရှိ ရွာသားအယောက် ၅၀၀ စုပေါင်းကာ စစ်အစိုးရအားဆန့်ကျင်သည့် ဆန္ဒပြပွဲကို ပြုလုပ်ခဲ့ကြသည်။ ၎င်းတို့သည် တခေါ်ပွါရွာမှ ညောင်လေးပင်ခရိုင်၊ မူး(မုန်း)မြို့နယ်၊ ပလောတူဒေသအတွင်းရှိ အောလောစီ၊ ဝေစွဲနှင့် ကျွန်းပင်ဆိပ်ကျေးရွာသို့ စတင်ချီတက်ခဲ့ကြသည်။ ဤဆန္ဒပြမှုသည် တိုင်းရင်းသားအားလုံးအတူတကွ ပူးပေါင်းဆန္ဒပြမှုဟု တိကျခိုင်မာစွာဆိုသည်။ *(ဓာတ်ပုံ–KHRG)*




ဤပုံကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့ ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ လေးဖထောရွာတွင် ရိုက်ယူခဲ့ပါသည်။ ဤဓာတ်ပုံသည် ဝင်းရေးဘုရားသုံးဆူ၊ နို့တကောနှင့်ဆိပ်ကြီးမြို့ရှိ အယောက် ၄၀၀ ဝန်းကျင်ရှိသည့် ရွာသားများမှ အာဏာရှင်စနစ်ဆန့်ကျင်သည့်လှုပ်ရှားမှုကို လမ်းပေါ်တွင်စုဝေးမိန့်ခွန်းပြောကြားခဲ့သည်။ မိန့်ခွန်းပြောကြားစဉ်တွင် အရက်အပါအဝင် မြန်မာနိုင်ငံမှထုတ်လုပ်သော ကုန်ပစ္စည်းများကို သပိတ်မှောက်ရန်နှင့် နှစ်စဉ်ကျင်းပသည့် သင်္ကြန်ပွဲတော်ကိုရှောင်ကျဉ်ရန် အားပေးတိုက်တွန်းခဲ့သည်။ *(ဓာတ်ပုံ–KHRG)*

[21] KHRG မှ မကြာခင်ထုတ်ဝေတော့မည့် အစီရင်ခံစာ "We Will Win this Fight" တွင် ကြည့်ပါ။

KNU ထိန်းချုပ်မှုအောက်တွင်ရှိသော မူတြော်ခရိုင်မှ ဆန္ဒပြအမျိုးသမီးတစ်ဦးက ၎င်းတို့အနေဖြင့် နစကတပ်စခန်းများအား အရပ်သားများ၏နေရာများနှင့် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်မှ ထွက်သွားရန်အတွက် တောင်းဆိုခဲ့ကြောင်း ရှင်းပြခဲ့သည်။ *"ကျွန်မတို့ရဲ့ အဓိကတောင်းဆိုချက်ကတော့ ကျွန်မတို့တွေ ငြိမ်းငြိမ်းချမ်းချမ်းနေနိုင်ဖို့၊ လွတ်လွတ်လပ်လပ်နဲ့ အလုပ်တွေလုပ်နိုင်ဖို့၊ ကျွန်မတို့ရဲ့အခွင့်အရေးတွေ ရရှိခံစားရပြီး ကြောက်ရွံ့ခြင်းမှ ကင်းကင်းနေနိုင်ဖို့အတွက် ကျွန်မတို့ရဲ့ဇာတိမြေနဲ့ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ကနေ တပ်စခန်းတွေဆုတ်ခွာထွက်သွားဖို့ပဲ။ ဒုတိယတောင်းဆိုချက်ကတော့ စစ်အာဏာရှင်တွေအနေနဲ့ ၂၀၀၈ ဖွဲ့စည်းပုံဥပဒေကို လုံးဝမဖျက်သိမ်းရင်တောင် ပြောင်းလဲပေးဖို့ပဲ။"* ၂၀၀၈ အခြေခံဖွဲ့စည်းပုံအခြေခံဥပဒေသည် လက်ရှိတွင် စစ်တပ်အားအထူးအခွင့်အာဏာနှင့် အခွင့်အရေးများပေးထားပြီး စစ်အစိုးရ၏ အရာရှိဟောင်းများအား ၎င်းတို့ကျူးလွန်ခဲ့သော အတိတ်က လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တာဝန်ယူမှုတာဝန်ခံမှုကို ရှောင်ကျဉ်ခွင့်ပေးနေသည့်အတွက် ၎င်းအားဖျက်သိမ်းခြင်းသည် တိုင်းရင်းသားလူနည်းစုများအတွက် အရေးကြီးသည့် ကိစ္စတစ်ခုဖြစ်သည်။

၂၀၂၁ ခုနှစ်မတိုင်မီ ဆယ်စုနှစ်ပေါင်းများစွာကတည်းက စစ်အာဏာရှင်စနစ်ကို ကြုံတွေ့ခံစားလာခဲ့ပြီးဖြစ်သည့်အတွက် ကျေးလက်ဒေသရှိ ရွာသားများအနေဖြင့် ၎င်းနှင့်၎င်းတို့၏ မျိုးဆက်သစ်များအား စစ်ခေါင်းဆောင်များ၏လက်အောက်တွင် တစ်ဖန်မနေစေလိုသည့်အတွက်ကြောင့် ဆန္ဒပြပွဲများတွင် ပါဝင်ရခြင်းဖြစ်သည်ဟု အဓိကထားဖော်ပြခဲ့ကြသည်။ မူတြော်ခရိုင်မှ ရွာသားတစ်ဦးက ဤကဲ့သို့တင်ပြခဲ့သည်။ *"ကျွန်တော် စစ်အာဏာသိမ်းမှုကို လုံးဝလက်မခံနိုင်ဘူး။ [ဒီမိုကရေစီ] စနစ်သစ်က ပြောင်းလဲမှုတွေကို ယူဆောင်လာပေမယ့် သူတို့ [စစ်ကောင်စီစစ်တပ်] ကစနစ်အဟောင်းကိုပြန်ပြီးကျင့်သုံးချင်ကြတယ်။ ကျွန်တော်တို့တွေက မဖြစ်သင့်တာတစ်ခုကို ဆန့်ကျင်ဆန္ဒပြဖို့ ဒီမှာရောက်နေရခြင်းဖြစ်တယ်။ ကျွန်တော်အနေနဲ့ ကိုယ့်ရဲ့မျိုးဆက်သစ်တွေကို ဒီစနစ်ဆိုးအောက်မှာ မလျှောက်လှမ်းစေချင်တော့ဘူး။"*

အာဏာသိမ်းမှုကို ဆန့်ကျင်ကြောင်းထုတ်ဖော်ပြောဆိုရန်အတွက် လူပေါင်းများစွာ လမ်းပေါ်ထွက်ခဲ့ကြသည်။ အာဏာသိမ်းမှုကို ဆန့်ကျင်ဆန္ဒပြသည့် အဓိကပုံစံမှာ လမ်းလျှောက်ဆန္ဒပြခြင်းဖြစ်ပြီး ထောင်ပေါင်းများစွာသော လူများက ပူးပေါင်းပါဝင်ကြသည်။ (ရန်ကုန်မြို့တွင် အကြီးဆုံးဆန္ဒပြပွဲများရှိခဲ့ပြီး တစ်ခါတစ်ရံ လူပေါင်းတစ်သိန်းကျော် ပူးပေါင်းပါဝင်ခဲ့သည်။)[22] KHRG မှ တွေ့ဆုံမေးမြန်းခဲ့သူများက အထိုင်သပိတ်၊ စုပေါင်းဆုတောင်းပွဲများ၊ ညသပိတ်အပြင် နံရံများနှင့်လမ်းများပေါ်တွင် စစ်အာဏာသိမ်းမှုအားဆန့်ကျင်သည့် စာများရေးသားခြင်းစသည့်ပုံစံမျိုးစုံဖြင့် ဆန္ဒပြပွဲများတွင် ပါဝင်ခဲ့ကြောင်း ဖော်ပြခဲ့သည်။

မြို့ပေါ်ရှိ ပြည်သူများစွာကလည်း သံပုံးတီးခြင်းဖြင့် စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ကြောင်း ပါဝင်ဖော်ထုတ်ပြသခဲ့သည်။ သံပုံးတီးခြင်းကို မြန်မာနိုင်ငံတွင် အရပ်တွင်းရှိ မကောင်းဆိုးဝါးများကို နှင်ထုတ်ရန်နည်းလမ်းတစ်ခုအဖြစ် အသုံးပြုကြပြီး[23] အိမ်သုံးပစ္စည်းများဖြစ်သော အိုးများ၊ ဒယ်များ၊ စတီး သို့မဟုတ် သံပုံးများ အစရှိသဖြင့် အသံထွက်သော မည်သည့်ပစ္စည်းကိုမဆို အသုံးပြုပြီး ဆန့်ကျင်ဆန္ဒပြနိုင်သည့်အတွက် အာဏာသိမ်းပြီးနောက် ဤအရာကို အားလုံးပါဝင်နိုင်သည့် ဆန္ဒပြမှုပုံစံတစ်ခုအဖြစ် လုပ်ဆောင်လာခဲ့ကြသည်။ ဒေသတွင်း လူထုခေါင်းဆောင်များနှင့် ဆန္ဒပြသူများက ဤသို့သောလှုပ်ရှားမှုများကို ဦးဆောင်လေ့ရှိသော်လည်း တစ်ခါတစ်ရံတွင် အလိုအလျောက်လုပ်ဆောင်ကြသည်များလည်း ရှိသည်။ မူတြော်ခရိုင်၊ ကမာမို့(ကမမောင်း)မြို့မှ မေးခွန်းဖြေကြားသူတစ်ဦးက ဤသို့ ရှင်းပြခဲ့သည်။ *"ဖေဖော်ဝါရီ ၃ ရက်နေ့မှာ လူတွေကအိုးတွေကို ညခင်း ၈ နာရီကနေ ၈ နာရီ ၁၀ မိနစ်အထိ တီးပြီး စစ်အာဏာသိမ်းမှုကို မကြိုက်ကြောင်း သူတို့ရဲ့ခံစားချက်တွေကို ထုတ်ဖော်ကြတယ်။ တစ်မြို့လုံးက*

---

22 The Guardian သတင်းဌာနမှ စာရေးသူ Rebecca RATCLIFFE မှ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင်ထုတ်ဝေသော Rebecca RATCLIFFE, "Myanmar: more than 100,000 protest in streets against coup," တွင် ကြည့်ပါ။

23 The Guardian သတင်းဌာနမှ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင်ထုတ်ဝေသော "The nights of pots and pans are back, on Myanmar's fearful streets," တွင် ကြည့်ပါ။

*လူတွေက သူတို့ရဲ့အိမ်ကနေ ဒါကိုလုပ်ကြတယ်။"* အချို့သောဒေသများတွင် စစ်ကောင်စီမှ ညကင်းလှည့်နေသည့် အကြောင်း အနီးအနားပတ်ဝန်းကျင်မှ အိမ်များကို သတိပေးရန်အတွက် သံပုံးတီးကြသည်။



ဤပုံကို ဘိတ်-ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်၊ သရက်ချောင်းမြို့ရှိ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ပထမအပတ်အတွင်း ဆန္ဒပြနေသောပုံဖြစ်သည်။ စစ်အစိုးရအား ဆန့်ကျင်သည့် ဆန္ဒပြပွဲတွင် လူဦးရေ ၁ သောင်းဝန်းကျင်ပါဝင်ခဲ့ပြီး ဆိုင်ကယ်များဖြင့် လှည့်လည်ဆန္ဒပြကြသည်။
*(ဓာတ်ပုံ - ဒေသခံရွာသား)*




ဤပုံကို ၂၀၂၁ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ရိုက်ယူခဲ့ပါသည်။ ညောင်လေးပင်ခရိုင်၊ လယ်ဒိုမြို့နယ်၊ သူးကဘီး၊ ဝယ်လာဒေါ၊ နိုင်ဂေါ်နှင့် ပါတလာကျေးရွာအုပ်စုများရှိ ကျေးရွာ ၁၁ ရွာမှ ရွာသားအယောက် ၁၀၀၀ ကျော်မှဆန္ဒပြပွဲအား ပြုလုပ်ခဲ့ကြသည်။ပုံတွင်ဆန္ဒပြသူများမှဆိုင်ကယ်နှင့်လှည်းများဖြင့်လည်း ဆန္ဒပြပွဲတွင် ပါဝင်ခဲ့ကြသည်။ *(ဓာတ်ပုံ - KHRG)*

အခြားဆန္ဒပြသည့်ပုံစံတစ်မျိုးမှာ အမျိုးသမီးအတွင်းခံများနှင့်ထဘီများအားလမ်းမပေါ်တွင်ချိတ်ဆွဲထားခြင်းဖြစ်သည်။ ထိုသို့အမျိုးသမီးများ၏ အတွင်းခံများနှင့် ထဘီများအားချိတ်ဆွဲခြင်းမှာ စစ်ကောင်စီ၏လုံခြုံရေးတပ်များအား တားဆီးရန်နှင့် စစ်ကောင်စီ၏အကြမ်းဖက်မှုများမှ ၎င်းတို့ကိုယ်ကိုကာကွယ်ရန်အတွက် အမျိုးသမီးမှအသုံးပြုသော ဗျူဟာတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံ၏ ရိုးရာယုံကြည်မှုတစ်ခုမှာ အမျိုးသမီးများ၏ အတွင်းခံ သို့မဟုတ် ထဘီအောက်တွင်ဖြတ်လျှောက်ခြင်းသည် အမျိုးသားများကို ဘုန်းကံနိမ့်စေခြင်း သို့မဟုတ် အမျိုးသားများ၏ ဘုန်းကံကိုဖျက်စီးခြင်းဖြစ်သည်။ ထို့အတွက်ကြောင့် အမျိုးသားများ အထူးသဖြင့် စစ်သားများသည် အမျိုးသမီးများ၏ အတွင်းခံများနှင့် ထဘီများအောက် ဖြတ်လျှောက်ခြင်းကို ရှောင်ကျဉ်ကြသည်။




ဤပုံကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ရိုက်ယူခဲ့ပါသည်။ ကရင်ရွာသားအယောက် ၂၀၀ ဝန်းကျင်မှ စစ်အစိုးရဆန့်ကျင်သည့်ဆန္ဒပြပွဲကို ဘိတ်-ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်၊ ပလောမြို့တွင် ပြုလုပ်ခဲ့ကြသည်။ *(ဓာတ်ပုံ - KRHG)*

အရေးကြီးဆုံးအချက်မှာ ဆန္ဒပြမှုပုံစံအားလုံးသည် ငြိမ်းချမ်းပြီး အကြမ်းမဖက်သောနည်းလမ်းများဖြစ်နေခြင်းဖြစ်ပါသည်။ မြဝတီမြို့မှ အထက်တန်းကျောင်းသူတစ်ဦးက ထိုဆန္ဒပြမှုများသည် *"ကျွန်မတို့ရဲ့နှလုံးသားကလာတဲ့ စစ်မှန်တဲ့တောင်းဆိုမှုတွေပဲ"* ဟု ပြောခဲ့သည်။

### (ခ) အကြမ်းဖက်ဖြိုခွင်းမှု

ဆန္ဒပြခြင်းများကို ငြိမ်းချမ်းစွာလုပ်ဆောင်ကြသော်လည်း စစ်ကောင်စီ၏ လုံခြုံရေးတပ်ဖွဲ့များသည် ၎င်းတို့အား ဆန့်ကျင်သူများကို အသံတိတ်သွားစေရန်အတွက် ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်းနှင့် နည်းမျိုးစုံဖြင့် ရုပ်ပိုင်းဆိုင်ရာထိခိုက်စေခြင်း စသည့်အကြမ်းဖက်သောနည်းများဖြင့် ပြန်လည်တုန့်ပြန်ခဲ့သည်။ အစပိုင်းတွင် စစ်ကောင်စီမှ လမ်းများကိုပိတ်ဆို့မှုများပြုလုပ်ပြီး ဆန္ဒပြမှုများကိုတားဆီးရန် ကြိုးပမ်းခဲ့သော်လည်း ဖေဖော်ဝါရီလအလယ်လောက်တွင် ဆန္ဒပြသူများ များပြားလာသည်နှင့်အမျှ အကြမ်းဖက်မှုများကို ပိုမိုအသုံးပြုလာခဲ့ကြသည်။ စစ်ကောင်စီသည် ကျား/မ အသက်အရွယ်မခွဲခြားပဲ ဆန္ဒပြသူများအပေါ် အကြမ်းဖက်မှုများ အသုံးပြုခဲ့သည်။

#### (၁) လွန်ကဲသောအကြမ်းဖက်မှု

စစ်ကောင်စီ၏ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆန္ဒပြသူများအား ရက်စက်ကြမ်းကြုတ်စွာ ရိုက်နှက်ခြင်း၊ ညှဉ်းပမ်းနှိပ်စက်ခြင်းများအပြင် ရာဘာကျည်နှင့် ကျည်ဆံအစစ်များ အသုံးပြုပစ်ခတ်ခြင်း စသည့်လွန်ကဲသော အကြမ်းဖက်မှုများ အသုံးပြုကာ ဖြိုခွင်းခဲ့ကြသည်။ စစ်ကောင်စီလုံခြုံရေးတပ်ဖွဲ့များ၏ အကြမ်းဖက်မှုများကြောင့် ရလာဒ်အနေဖြင့် ဆန္ဒပြသူရာပေါင်းများစွာ အသတ်ခံခဲ့ရပြီး ထောင်ပေါင်းများစွာ ဒဏ်ရာရရှိခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များမှ လက်နက်မျိုးစုံကိုအသုံးပြုခဲ့ပြီး ထိုအထဲတွင် မီးသတ်ပိုက်များ၊ စက်သေနတ်များ၊ စနိုက်ပါရိုင်ဖယ်များ၊ ရေပိုက်များ၊ မျက်ရည်ယိုဗုံးများနှင့် အသံဗုံးများ (လက်ပစ်ဗုံး)များ ပါဝင်သည်။

ရန်ကုန်မြို့ဆန္ဒပြပွဲတွင် ပါဝင်ခဲ့သော တက္ကသိုလ်ကျောင်းသား မောင်င---က စစ်ကောင်စီမှကျူးလွန်သည့် အကြမ်းဖက်ညှဉ်းပမ်းနှိပ်စက်မှုများနှင့် ပတ်သက်ပြီး သူ၏ကိုယ်တွေ့ အတွေ့အကြုံကို ဤသို့ဝေမျှခဲ့သည်။ *"သူတို့ [ရဲနဲ့စစ်သားတွေ]က လူတွေကိုရာဘာကျည်နဲ့ပစ်တယ်။ ပြီးတော့ မျက်ရည်ယိုဗုံးသုံးပြီးတော့ လောင်ချာ [အဓိကရုန်းနှိမ်နှင်းရေးသေနတ်]နဲ့ လူတွေကိုပစ်တယ်။ လူတွေ[ဆန္ဒပြသူတွေ]က တုန်လှုပ်ခြောက်ခြားလာပြီဆိုရင် စစ်သားတွေက ရောက်လာပြီး သူတို့ကိုရိုက်နှက်ပြီး ဖမ်းခေါ်သွားတယ်။ သူတို့က လူတွေကို ဆံပင်ကနေဆွဲပြီးဖမ်းတယ် ပြီးတော့ ကြမ်းပြင်ပေါ်မှာထိုင်ခိုင်းတယ်။ [...]ကျွန်တော်ဘေးက တခြားလူတွေအများကြီး ဒဏ်ရာတွေရကြတယ်။ သွေးထွက်သံယိုဖြစ်ကြတယ်။ အဲ့ဒီအချိန်မှာ လူတွေအားလုံးက ထွက်ပြေးကြတော့ သူတို့တွေက ရာဘာကျည်နဲ့ထိတာ ဟုတ်မဟုတ် မသိကြဘူး။ ကျွန်တော့ဘေးမှာ မတ်တပ်ရပ်နေတဲ့သူတွေထဲက တစ်ယောက်က ခြေထောက်မှာ ဒဏ်ရာရသွားတယ်။ သူလမ်းမလျှောက်နိုင်တော့ဘူး။ သူ့ကိုဆေးရုံကို ပို့လိုက်ကြတယ်။"* ဘားအံခရိုင်၊ ကော့ကရိတ်မြို့မှ အမျိုးသမီးငယ်တစ်ဦးကလည်း စစ်ကောင်စီ၏ အကြမ်းဖက်မှုနှင့်ပတ်သက်ပြီး ရှင်းပြခဲ့သည်။ *"ကျွန်မ မျက်ရည်ယိုဗုံးနဲ့ ထိခဲ့တယ်။ သူတို့ [စစ်ကောင်စီလုံခြုံရေးတပ်ဖွဲ့များ]က မျက်ရည်ယိုဗုံးကိုသုံးခဲ့တယ်။ ကျွန်မပုန်းနေခဲ့တဲ့အိမ်ကလည်း မျက်ရည်ယိုဗုံးထိမှန်ခဲ့တယ်။ သူတို့က အိမ်ကိုလှမ်းပစ်ပြီး အဲ့ဒါက အိမ်နောက်ဖက်အထိရောက်လာတယ်။"*

လုံခြုံရေးတပ်ဖွဲ့များသည် ဆန္ဒပြမှုအားဖြိုခွင်းခြင်း သို့မဟုတ် မည်သည့်အတိုင်းအတာအထိ ဆောင်ရွက်မည်နှင့်ပတ်သက်ပြီး ကြိုတင်အသိပေးအကြောင်းကြားလေ့ မရှိပါ။ ဆန္ဒပြသူများအနေဖြင့်လည်း ပစ်မှတ်ထားခံရသကဲ့သို့ ခံစားရကြောင်းကို မောင်င---က ဖွင့်ဟခဲ့သည်။ *"ရန်ကုန်နဲ့မန္တလေးက ဆန္ဒပြပွဲတွေမှာပါရတာက လမ်းပေါ်မှာ ဘယ်သူအရင်သေမလဲဆိုပြီးအရွေးခံဖို့စောင့်နေရသလိုပဲ။[ဆန္ဒပြခြင်းတွင်ပါဝင်ခြင်းကသေနိုင်တဲ့ကစားပွဲတစ်ခုမှာပါရသလိုပဲ]။ သူတို့[ရဲ]တွေက လူတွေကို ကြိုက်တဲ့အချိန်ပစ်လို့ရတယ်။ တကယ်လည်းပစ်ကြပါတယ်။ လူတွေအများကြီးသေခဲ့ပြီးပြီ။ သူတို့က ဆန္ဒပြသူတွေကိုမဖြိုခွင်းခင် ဘယ်တုန်းကမှ ကြိုတင်သတိမပေးခဲ့ဘူး။"*

ဘိတ်–ထားဝယ်ခရိုင်ဘက်မှ ဆန္ဒပြသူတစ်ဦးက ဖေဖော်ဝါရီလ ၂၂ ရက်နေ့သည် အကြမ်းဖက်မှုကို စတင်အသုံးပြုခဲ့သော နေ့ဖြစ်သည်ဟု ဖော်ပြခဲ့သည်။ နိုင်ငံတဝှမ်းရှိပြည်သူများက ထိုနေ့တွင် အင်အားနှင့်ထွက်လာပြီး အာဏာ

သိမ်းမှုကို ဆန့်ကျင်ကြောင်း စုပေါင်းအင်အားပြခဲ့သည့် ထိုနေ့ကို "နှစ်ငါးလုံးသပိတ်" ဟု သတ်မှတ်ခေါ်တွင်ခဲ့သည်။ ရန်ကုန်သပိတ်တွင် အစမှစတင်ပါဝင်ခဲ့သည့် နော်ဃ---က ဤသို့ပြောခဲ့သည်။ *"သူတို့က ဖေဖော်ဝါရီ ၂၂ ရက်နေ့ ကစပြီးတော့ ပစ်ခဲ့တယ်။ အဲ့ဒီနေ့ကစပြီးတော့ ပြည်သူတွေကို နေ့တိုင်းတန်ပြန်တိုက်ခိုက်တော့တာပဲ။ အဲ့ဒီအချိန် တုန်းက ကျွန်မလည်း ဆန္ဒပြပွဲထဲမှာရှိတယ်။ […]ကျွန်မတို့တွေ သူတို့ကို ဖေဖော်ဝါရီ ၂၄ ရက်နေ့မှာ ထိပ်တိုက်ရင် ဆိုင်ခဲ့ရပြီးတော့ သူတို့က ဆန္ဒပြသူတွေကိုဖမ်းဖို့ ကြိုးစားခဲ့တယ်။ ဒါကြောင့် ကျွန်မတို့ထွက်ပြေးခဲ့ရတယ်။ […] သူတို့က မျက်ရည်ယိုဗုံး၊ အသံဗုံးတွေသုံးပြီး ရာဘာကျည်တွေနဲ့ပစ်ခဲ့တယ်။"* ဘားအံမြို့မှ ဆရာမတစ်ဦးဖြစ်သူ မက---က ဖေဖော်ဝါရီလနှောင်းပိုင်းတွင် ဆန္ဒပြသူများအပေါ်သုံးခဲ့သည့် အကြမ်းဖက်မှုများကို တင်ပြခဲ့သည်။ *"၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့ကနေစပြီးတော့ စစ်ကောင်စီတပ်တွေက ကျွန်မတို့ကို သေနတ်တွေနဲ့ခြိမ်း ခြောက်ခဲ့တယ်။ ကျွန်မတို့ဆန္ဒပြဖို့ စုရုံးတဲ့နေရာမှာ စစ်သားတွေကစပြီး ကင်းလှည့်လာတယ်။ ပြီးတော့ စစ်ကား အစီး ၂၀ ကနေ ၃၀ လောက်လိုက်လာပြီး ဆန္ဒပြပွဲတွေကို တားဆီးခဲ့တယ်။ ဒါကြောင့် ကျွန်မတို့ပုံမှန်ဆန္ဒပြတာ တွေကို လုံးဝလုပ်လို့မရတော့ဘူး။ ဘာလို့လဲဆိုတော့ ကျွန်မတို့တွေစပြီး လူစုပြီဆိုတာနဲ့ သူတို့လက်ကနေလွတ် အောင်ပုန်းကြရတော့တာပဲ။ [ဖေဖော်ဝါရီ] ၂၈ ရက်နေ့က ရဲစခန်းရှေ့မှာလုပ်ခဲ့တဲ့ ထိုင်သပိတ်ကအဆိုးဆုံးပဲ။ ဘာ ကြောင့်လဲဆိုတော့ ကျွန်မတို့ကို [စစ်ကောင်စီရဲ / စစ်သား]တွေက မျက်ရည်ယိုဗုံးတွေနဲ့ တိုက်ခိုက်ခဲ့ကြပြီးတော့ ရေကားတွေနဲ့တပ်စွဲထားပြီး ဆန္ဒပြသူတွေကို ရာဘာကျည်နဲ့ပစ်ခဲ့တယ်။ နောက်ဆုံးမှာတော့ သူတို့တွေက ဆန္ဒ ပြသူတွေကို [သတိပေးပစ်ခတ်မှုပြုလုပ်ရန်] ဖြိုခွဲဖို့အတွက် စက်သေနတ်တွေသုံးခဲ့တယ်။ ဧပြီလမှာဆန္ဒပြသူတ ယောက်က ကျည်အစစ်နဲ့ ပစ်တာခံခဲ့ရတယ်။"*

ဆန္ဒပြသူများအပေါ် တစ်ခါတစ်ရံတွင် အကြမ်းဖက်ရန်အတွက် လမ်းပိတ်ပင်မှုများကို အသုံးပြုကြသည်။ ကော့တရိုမြို့နယ်၊ ဂင---ကျေးရွာမှ ဆန္ဒပြသူတစ်ဦးက ဤသို့ဖော်ပြခဲ့သည်။ *"သူတို့[စစ်ကောင်စီရဲများ]က ကျွန်မတို့ပြည်သူတွေကိုလမ်းပိတ်ပြီးမျက်ရည်ယိုဗုံး၊ရာဘာကျည်တွေနဲ့ပစ်ခဲ့တယ်။သူတို့ကပြည်သူတွေကြောက် ပြီး ဆန္ဒပြပွဲကိုပြန်မသွားရဲလောက်တဲ့အထိ ခြိမ်းခြောက်တယ်။ ပြည်သူတွေဆုတ်ခွာပြီဆိုတာနဲ့ ရဲတွေလည်း ဆုတ်ကြတယ်။ ဒါပေမယ့်လည်း သူတို့ကပြန်လာပြီးတော့ တခြားတဖက်မှာမြို့ဝင်ပေါက်တွေ အကုန်လိုက်ပိတ် တယ်။ […].အခုတော့ ဆန္ဒပြတာတွေ လုံးဝမရှိတော့ဘူး။"*

ကြာအင်းဆိပ်ကြီးမြို့ အဝင်လမ်းကို အပိတ်ခံရသည့် ဆန္ဒပြအဖွဲ့တစ်ဖွဲ့မှ ဒူးပလာယာခရိုင်၊ ဝေါရေ(ဝင်းရေး) မြို့နယ်၊ ဒယ---ကျေးရွာမှ ဆန္ဒပြသူတစ်ဦးက ဤသို့ပြောခဲ့သည်။ *"သူတို့ကတံတားတွေကို ပိတ်ထားတော့ ကျွန်မတို့တွေ ဒါကိုဖြတ်ဖို့ကြိုးစားရင်လည်း သူတို့ကပစ်မိန့်ရထားပြီးသားဆိုတော့ ကျွန်မတို့ကိုပစ်မှာပဲ။ ဒါပေမယ့် ကျွန်မတို့ပြည်သူတွေပဲ အထိနာမှာ" "သူတို့အနေနဲ့ ဒီလိုဆန္ဒပြမှုတွေထပ်ပြီးမဖြစ်အောင်လို့ တားဆီးဖို့ဆိုရင် လမ်းပိတ်တာမဟုတ်ပဲ တခြားနည်းလမ်းတွေအသုံးပြုသင့်တယ်။"* ဟု ထပ်လောင်းပြောခဲ့သည်။[24]

ဆန္ဒပြပွဲများအတွင်း ဖြစ်ပေါ်ခဲ့သည် အကြမ်းဖက်မှုများသည် အမြင့်ဆုံးစံသတ်မှတ်ထားသည့် အရေအတွက်ထက် အလွန်များပြားနေသည်။ မေးခွန်းဖြေကြားသူများ၏ တင်ပြချက်များအရ အကြမ်းဖက်မှုများအား ပစ်မှတ်ထားပြီး ရည်ရွယ်ချက်ရှိရှိနှင့် လုပ်ဆောင်ပုံပေါ်သည်။ ဘားအံခရိုင်၊ လှိုင်းဘွဲမြို့နယ်၊ ဖအ---ကျေးရွာအုပ်စု၊ ဖအ--- ကျေးရွာမှစောအဗ---ကဤသို့မှတ်ချက်ပြုခဲ့သည်။ *"သူတို့ရဲ့တုန့်ပြန်ချက်တွေကလုံးဝရက်စက်ကြမ်းကြုတ်တယ်။ ဘာကြောင့်လဲဆိုတော့ သူတို့က ပြည်သူတွေကို တွေ့တဲ့နေရာမှာ တမင်ပစ်သတ်နေတဲ့အတွက် သူတို့ရဲ့လုပ်ရပ် တွေက လူသားဆန်မှုကင်းမဲ့နေတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ စိတ်မကောင်းဖြစ်သလို တချိန်တည်းမှာပဲ စိတ်လည်းတိုရတယ်။"*

---

24 KHRG မှ မကြာခင်ထုတ်ဝေတော့မည့် အစီရင်ခံစာ "We Will Win this Fight" တွင် ကြည့်ပါ။

ဆန္ဒပြပွဲစီစဉ်သူများနှင့် ခေါင်းဆောင်များမှာ စစ်ကောင်စီ၏ ဦးစားပေးပစ်မှတ်များဖြစ်ပုံပေါ်သည်။ CDM နှင့် ဆန္ဒပြပွဲများတွင် ပါဝင်သူတစ်ဦးဖြစ်သော လေတပ်စက်ပြင်ဝန်ထမ်း မောင်ဂျ---က ဤသို့ရှင်းပြခဲ့သည်။ *"သူတို့က ဆန္ဒပြပွဲစီစဉ်တဲ့သူတွေကို ပစ်မှတ်ထားပစ်တယ်လို့ ကျွန်တော်ထင်တယ်။ ကျွန်တော်ပြောချင်တာက ဆန္ဒပြပွဲမှာ အရမ်းတက်ကြွတဲ့ပုံပေါက်တဲ့သူတွေပေါ့။ ဥပမာအနေနဲ့ ကြယ်စင်[25]လို ငယ်ရွယ်ပြီးတက်ကြွတဲ့သူတွေလေ။ သူမက ပစ်သတ်ခံခဲ့ရတယ်။ သူမကိုပစ်သတ်တုန်းက ဝတ်ထားတဲ့အင်္ကျီပေါ်က ['Every thing will be OK'] စာသားကိုကြည့်ပြီး ထူးဆန်းတယ်လို့ထင်ခဲ့ဖူးတယ်။ အဲ့ဒီစကားလုံးတွေက နစကစစ်သားတွေကို စိန်ခေါ်နေသလိုပဲ။ ဒါကြောင့် သူတို့တွေပစ်တဲ့အခါမှာ သူမလိုဆန္ဒပြသူတွေကို ပစ်မှတ်ထားတယ်လို့ ကျွန်တော်တင်တယ်။"*

ဆန္ဒပြသူများအတွက် ဆေးဝါးကုသခွင့်မရခြင်းကလည်း အကြမ်းဖက်မှုကို ပိုမိုဆိုးရွားစေခဲ့သည်။ မောင်ဂျ---က ဤသို့ထပ်လောင်းပြောခဲ့သည်။ *"ကျွန်တော်က ဆန္ဒပြမှုတွေမှာ တနင်္ဂနွေနေ့(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့) မှာစပြီး ပါဝင်ခဲ့တယ်။ အဲ့ဒီနေ့က ကျွန်တော်တို့တွေ မနက် ၈ နာရီလောက်မှာ လူစုခွဲပြီး စောစောထွက်ပြေးခဲ့ရတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့က သေနတ်ပစ်ပြီး သတိပေးတာတွေစလုပ်ခဲ့တယ်။ ဒါပေမယ့် မနက် ၁၀ နာရီရောက်တော့ သူတို့တကယ်ပဲပစ်ခဲ့တယ်။ အဲ့ဒီတုန်းက လူတယောက် သေနတ်နဲ့အပစ်ခံလိုက်ရပြီး လူတွေကသူ့ကို ပြည်သူ့ဆေးရုံကိုပို့ဖို့ ကြိုးစားခဲ့ကြတယ်။ ဒါပေမယ့် ပြည်သူ့ဆေးရုံကပိတ်တော့ ပုဂ္ဂလိကဆေးခန်းကိုပို့ဖို့ ထပ်ကြိုးစားကြတယ်။ ဒါပေမယ့် သူတောင့်မခံနိုင်ခဲ့ဘူး။ လမ်းမှာတင် ဆုံးသွားခဲ့တယ်။"*

မောင်ဂျ---က လူမှုကွန်ယက်သတင်းများတွင် သူတွေ့မြင်ခဲ့သည့် အဖြစ်အပျက်များနှင့်ပတ်သက်ပြီး ပြောခဲ့ကာ စစ်ကောင်စီမှ ထိုအကြမ်းဖက်မှုနှင့် လူမဆန်သောလုပ်ရပ်များအား ငြင်းဆိုထားကြောင်းကိုလည်း ထပ်လောင်းတင်ပြခဲ့သည်။ *"တချို့ကိစ္စတွေမှာ [စစ်ကောင်စီ]ရဲ့တွေက လူတွေကိုသတ်တယ်။ အဲ့ဒီလူတွေရဲ့ ခြေချောင်းတွေကို ကြိုးနဲ့ချည်ပြီး ဆွဲခေါ်သွားကြတယ်။ အဲ့ဒါက အလောင်းဖျောက်ဖို့ သူတို့တွေလုပ်တာနဲ့တူတယ်။ အဲ့ဒီဖြစ်ခဲ့တဲ့နေရာတွေကိုလည်း ရှင်းဖို့ကြိုးစားပြီး လူတွေရဲ့သွေးတွေကို ဆေးပစ်လိုက်တယ်။ သူတို့က အဲ့ဒီနေရာတွေကို ရေနဲ့ဆေးပြီး သဲနဲ့အုပ်လိုက်တယ်။ ဒီလိုကိစ္စတွေကို လူမှုကွန်ယက်သတင်းတွေမှာ တွေ့နိုင်တယ်။ ဒါကိုလူအများကြီးက ဝေမျှကြတယ်။ လူတွေအများကြီးသေတယ်။ ဒါပေမယ့် တကယ်ပဲ လူဘယ်နှစ်ယောက်သေလဲဆိုတာ စစ်ကောင်စီဘက်ကနေ အတိအကျ တခါမှမပြောဘူး။"*

ဤသို့လူမဆန်သော အကြမ်းဖက်မှုများနှင့် သတ်ဖြတ်မှုများရှိသော်လည်း ဆန္ဒပြသူများသည် တိုက်ပွဲဝင်ရန်စိတ်အားထက်သန်ကြပြီး နိုင်ငံအတွက် အသက်ပေးရန် အဆင်သင့်ဖြစ်နေကြသည်။ ဘားအံမြို့မှ ဒေသခံတစ်ဦးဖြစ်သူ ဒေါ်အဝ---က *"ကျွန်မအမေက ကျွန်မလမ်းထွက်ပြီး အာဏာရှင်ဆန့်ကျင်ရေး ဆန္ဒပြပွဲတွေမှာသွားပါရင် ကျွန်မရဲ့လုံခြုံရေးအတွက် စိတ်ပူတယ်။ အမေ့ကို ကျွန်မပြောလိုက်တယ်။ 'တကယ်လို့ ကျွန်မပစ်သတ်ခံရရင် နိုင်ငံရဲ့ကလေး တယောက်ဖြစ်မယ်။ တကယ်လို့ ကျွန်မပစ်သတ်မခံရပဲ အိမ်ကိုပြန်လာမယ်ဆိုရင်တော့ ကျွန်မက အမေ့ကလေးပဲ တာမို့[အမေ]။' ကျွန်မက တခြားဆန္ဒပြသူတွေကိုလည်း သူတို့မိခင်တွေကို ဒီလိုပြောဖို့အားပေးတယ်။""ကျွန်မ [ဒီမိုကရေစီ] ပြန်လည်ရရှိရေးနဲ့ ငြိမ်းချမ်းရေးကိုယူဆောင်လာဖို့ မျှော်လင့်တယ်။"*

သို့သော်လည်း အကြမ်းဖက်လုပ်ရပ်များကြောင့် လူအများစုကဆန္ဒပြပွဲများတွင် ပါဝင်မှုများကို ရပ်တန့်ခဲ့ကြသည်။ ဒူးပလာယာခရိုင်၊ ကော့တရိမြို့နယ်မှ ရွာသားတစ်ဦးက ဤသို့ဖော်ပြခဲ့သည်။ *"သူတို့က ကော့တရိမြို့မှာ [ဆန္ဒပြသူတွေအပေါ်] သေနတ်တွေပစ်ပြီး မျက်ရည်ယိုဗုံးတွေ တကြိမ်သုံးခဲ့ကြတယ်။ တယောက်မှတော့ သေနတ်ဒဏ်ရာမရခဲ့ဘူး။ ဒါပေမယ့် မျက်ရည်ယိုဗုံးတော့ ထိခဲ့ကြတယ်။ [...]ကျွန်မတို့လည်း အဲ့ဒီကိုငြိမ်းချမ်းစွာဆန္ဒပြ*

[25] CNN သတင်းဌာနမှ စာရေးသူ Sandi SIDHU နှင့် အခြားစာရေးသူများမှ ၂၀၂၁ ခုနှစ်၊ မတ်လတွင်ထုတ်ဝေသော "She was shot dead, her body dug up and her grace filled with cement. But her fight is not over," တွင် ကြည့်ပါ။

*ဖို့ သွားခဲ့ကြတယ်။ ဒါပေမယ့်သူတို့က အကြမ်းဖက်ခဲ့ကြတော့ ကျွန်မတို့လည်း လုံးဝမသွားရဲတော့ဘူး။ ဒါကြောင့် အခုတော့ ကျွန်မတို့တွေနားမယ်၊ ပြီးတော့ အခြေအနေကို ရက်အနည်းငယ်လောက် စောင့်ကြည့်အုံးမယ်။"*

ကော့တရိမြို့မှ မောင်ကစ---က ဤသို့ထပ်လောင်းပြောခဲ့သည်။ *"အဲ့ဒီအချိန်တုန်းက ရာဘာကျည်နဲ့အပစ်ခံရတဲ့လူတွေရှိပြီး တချို့က မျက်ရည်ယိုဗုံး ထိမှန်ခဲ့တယ်။ ကျွန်တော်လည်း မျက်ရည်ယိုဗုံးထိခဲ့တယ်။ သူတို့က အဲ့ဒီနေ့က [ဖေဖော်ဝါရီ ၂၈ ရက် ၂၀၂၁ ခုနှစ်] မျက်ရည်ယိုဗုံးအလုံး ၁၀၀ လောက်နဲ့ ရာဘာကျည်တွေသုံးခဲ့တယ်။ အဲ့ဒီအချိန်ကစပြီးပြည်သူတွေကကြောက်လန့်ပြီးတော့ဆန္ဒပြဖို့မထွက်ရဲတော့ဘူး။သူတို့က ဒီလိုအတွေ့အကြုံမျိုး တခါမှမရှိခဲ့ဖူးတော့ ကြောက်ကြတာပေါ့။"* [26]

(၂) အမျိုးသမီးများအပေါ်အကြမ်းဖက်မှုများ

အချို့မေးခွန်းဖြေကြားသူများက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့်ပတ်သက်ပြီး စိုးရိမ်မှုကို ဖော်ပြခဲ့ကြသည်။ ဖားအံမြို့မှ NLD ပါတီဝင်တစ်ဦးဖြစ်သူ ဒေါ်အဝ---က ဆန္ဒပြပွဲတစ်ခုတွင် သူမကိုယ်တိုင်မြင်တွေ့ခဲ့သည့် အမျိုးသမီးငယ်များအား လူမဆန်စွာအကြမ်းဖက်ခြင်းများကို ပြန်လည်ပြောပြခဲ့သည်။ *"သူတို့ [စစ်ကောင်စီလုံခြုံရေးတပ်ဖွဲ့များ]က မျက်ရည်ယိုဗုံးတွေ အသံဗုံးတွေပစ်တော့ ကျွန်မလည်းကမ်းနားလမ်းဖက်ကို ပြေးခဲ့တယ်။ [...]အဲ့ဒီအနီးအနားမှာနေတဲ့ဒေသခံပြည်သူတွေက ကျွန်မတို့ကို [ဒေါ်အဝ---နှင့် အခြားဆန္ဒပြအမျိုးသမီးငယ်များ] သူတို့အိမ်ထဲဝင်ဖို့ပြောပြီး တံခါးသော့ပိတ်ထားပေးတယ်။ ဒါပေမယ့် စစ်သားတွေက အပြင်ကနေတံခါးကိုဖျက်တယ်၊ ကန်တယ် ပြီးတော့ 'တံခါးဖွင့်၊ မဖွင့်ရင်ပစ်သတ်လိုက်မယ်။' လို့အော်ပြောတယ်။ အိမ်ပိုင်ရှင်က တံခါးဖွင့်ပေးတဲ့အခါကျတော့ ကျောင်းသူတွေကိုကြမ်းကြမ်းတမ်းတမ်းရိုက်နှက်ပြီး မြေပေါ်မှာလဲကျတဲ့အထိဆွဲခေါ်သွားတယ်။ ပြီးတော့ မိန်းကလေးတွေကို သူတို့ရဲ့သေနတ်နဲ့ရိုက်တယ်၊ နားထင်ဘေးကိုလည်း လဲကျသွားတဲ့အထိ လက်နဲ့ရိုက်တယ်။ [...] ဗမာ[စစ်ကောင်စီ] စစ်သားတွေက အမျိုးသမီးငယ်လေးတယောက်ကို မြေပေါ်ဆွဲချပြီး သူမအသက်မရှူနိုင်လောက်အောင် သူမရဲ့ခန္ဓာကိုယ် ယောင်ကိုင်းလာတဲ့အထိကို ခြေထောက်နဲ့ကန်ကြတယ်။"*

ဤအဖြစ်အပျက်နှင့်ပတ်သက်ပြီး တိုင်ကြားထားခြင်းရှိမရှိ မေးမြန်းခဲ့သည့်အခါတွင် သူမက *"မရှိဘူး။ သူတို့ [မိန်းကလေးတွေ] ဘာမှမလုပ်နိုင်ကြဘူးလေ။ သူတို့လုပ်ရင်လည်း အသတ်ခံရမှာပဲ။ ကျွန်မတို့ဘာမှ မလုပ်နိုင်ခဲ့ဘူး။ ဘယ်သူ့ကိုတိုင်ရမှာလဲ။ ဘယ်ကိုတိုင်ရမလဲဆိုတာကိုလည်းမသိဘူး။ တကယ်လို့ ကျွန်မတို့တိုင်ကြားခဲ့ရင်လည်း ဘယ်သူကကျွန်မတို့အတွက် အရေးယူဆောင်ရွက်ပေးမှာလဲ။ လက်ရှိအခြေအနေမှာ အာဏာပိုင်အားလုံးက သူတို့လူတွေချည်းပဲ။"*

ဖားအံမြို့အနီးရှိ ဆန္ဒပြသူအမျိုးသမီးတစ်ဦး၏ ပြောပြချက်အရ ဖေဖော်ဝါရီလကုန်ပိုင်းလောက်တွင် အကြမ်းဖက်မှုများ ပိုမိုဆိုးရွားလာသည့်အတွက် မြို့ပေါ်ရှိအမျိုးသမီးများသည် ဆန္ဒပြခြင်းကို ရပ်တန့်ခဲ့ကြသည်။ သူမပြောခဲ့သည်မှာ ဖေဖော်ဝါရီလ ၂၈ ရက်နေ့နောက်ပိုင်းတွင် *"ယောကျ်ားအများစုက ဆိုင်ကယ်စီးပြီး ဆန္ဒပြကြတယ်။ အမျိုးသမီးတွေအတွက်ကတော့ အရမ်းအန္တရာယ်များလို့ သူတို့ကိုမပါခိုင်းဘူး။"*

(၃) ဆန့်ကျင်ဆန္ဒပြသူများအား ရာဇဝတ်သားအဖြစ်သတ်မှတ်ခြင်းနှင့် စစ်ကောင်စီ၏အကြမ်းဖက်မှုများအား တရားဝင်မှုရှိစေခြင်း

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ တပ်မတော်မှ အရပ်သားအစိုးအားဖြုတ်ချပြီးနောက်ပိုင်းတွင် နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာခဲ့ပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာအားလုံးကို တပ်မတော်ကာကွယ်ရေးစစ်ဦးစီးချုပ်ထံ လွှဲအပ်ခဲ့ပြီး ပြည်သူများ၏ အခြေခံအခွင့်အရေးများကို ပိတ်ပင်တားဆီးနိုင်သည့်

---

[26] KHRG မှ မကြာခင်ထုတ်ဝေတော့မည့် အစီရင်ခံစာ "We Will Win this Fight" တွင် ကြည့်ပါ။

ဥပဒေနှင့် မူဝါဒများကို ပြင်ဆင်ပြဋ္ဌာန်းခဲ့သည်။ အထူးသဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာစီတန်းလှည့်လည်ခွင့်နှင့် စုဝေးခွင့်အပြင် ပုဂ္ဂိုလ်ရေးလုံခြုံခွင့်များကို ကျင့်သုံးခွင့်မရစေရန် ဥပဒေများပြင်ဆင်ပြဋ္ဌာန်းခဲ့သည်။ နိုင်ငံတကာဥပဒေများနှင့် ဆန့်ကျင်လျက်ရှိသော်လည်း နိုင်ငံတော်၏ အရေးပေါ်အခြေအနေကြေညာချက်နှင့်အတူ ဤပြင်ဆင်ပြဋ္ဌာန်းမှုများအား အထူးသဖြင့် နည်းလမ်းမျိုးစုံနှင့် ဆန့်ကျင်ဆန္ဒပြသူအားလုံးကို အသံတိတ်စေရန်နှင့် ရာဇဝတ်သားအဖြစ်သတ်မှတ်ရန် အသုံးပြုခဲ့ကြသည်။

အထူးသဖြင့် စစ်ကောင်စီသည် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံရေးကို ကာကွယ်ပေးရေးဥပဒေပုဒ်မ ၅၊ ၇ နှင့် ၈ အား ရပ်ဆိုင်းခဲ့သည်။ ထိုဥပဒေများသည် ပြည်သူများအား ဥပဒေမဲ့ဖမ်းဆီးချုပ်နှောင်ခြင်းနှင့် ဥပဒေမဲ့ရှာဖွေဖမ်းဆီးခြင်းများမှ ကာကွယ်ပေးထားသည်။[27] ထို့အပြင် CDM တွင်ပါဝင်သူများနှင့် ထိုသို့ပြုလုပ်ရန် အားပေးအားမြှောက်ပြုသူများအား ဖမ်းဆီးအရေးယူရာတွင် လွယ်ကူစေရန်အတွက် နိုင်ငံတော်အားဆန့်ကျင်ပုန်ကန်ခြင်း၏ အဓိပ္ပါယ်သတ်မှတ်မှုများအား ပိုမိုချဲ့ကားသတ်မှတ်နိုင်ရန် ရာဇသတ်ကြီးပုဒ်မ ၁၂၄(ဃ) နှင့် ၅၀၅(က) တို့ကို ပြန်လည်ပြင်ဆင်ခဲ့သည်။ ရာဇသတ်ကြီးပုဒ်မ ၅၀၅(က)တွင် သတင်းမှားဖြန့်ဝေမှုနှင့်ပတ်သက်သည့်အချက်ကို ထည့်သွင်းစေခဲ့ပြီး ထိုအချက်က အာဏာသိမ်းမှု သို့မဟုတ် စစ်အစိုးရ၏တရားမဝင်မှုကို မှတ်ချက်ပေးရုံဖြင့် အပြစ်ပေးအရေးယူခံရနိုင်သည်။ ထို့အပြင် ပုဒ်မ ၁၂၄(က)နှင့် ၁၂၄(ဂ)တို့ကိုလည်း ပြန်လည်ပြင်ဆင်ခဲ့ပြီး ထိုအထဲတွင် မြန်မာစစ်တပ်အား မလေးမစားပြုလုပ်သည့် အပြုအမူများကို တားမြစ်ထားသည်သာမက နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကို ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့များအား နှောင့်နှေးစေခြင်း သို့မဟုတ် ပျက်ပြားစေခြင်းများကို တားမြစ်ထားသည်။[28] ထို့အပြင် ဆန့်ကျင်ဆန္ဒပြသူများအား အာမခံလျှောက်ထားခွင့်မရှိ ဝရမ်းမလိုပဲဖမ်းဆီးနိုင်ရန်အတွက် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေကိုလည်း ပြန်လည်ပြင်ဆင်ထားသည်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေအား ပြင်ဆင်ပြဋ္ဌာန်းချက်တွင် ညဥ့်အိပ်ညဥ့်နေဧည့်သည်များ လာရောက်တည်းခိုခြင်းနှင့်ပတ်သက်ပြီး တိုင်ကြားရန်အတွက် ပြန်လည်ထည့်သွင်းထားခြင်းဖြင့် စစ်ကောင်စီအား ညဥ့်သန်းကောင် စီနင်းရှာဖွေခွင့်နှင့် ပုန်းခိုနေကြသူများအပါအဝင် ၎င်းတို့အား တည်းခိုခွင့်ပြုသူများကိုလည်း ဖမ်းဆီးရန် ပိုမိုလွယ်ကူစေခဲ့သည်။[29] စစ်ကောင်စီသည် ဤဥပဒေပြင်ဆင်ပြဋ္ဌာန်းမှုများကို အသုံးပြုပြီး တရားမဝင်ဝင်ရောက်ရှာဖွေဖမ်းဆီးခြင်းများအား အကာအကွယ်ပေးနေမှုများကို ရပ်ဆိုင်းလိုက်သည့်အပြင် ၎င်းတို့အနေဖြင့် မူလဖမ်းဆီးလိုသူများအား မတွေ့ပါက မိသားစုဝင် သို့မဟုတ် နေအိမ်တွင်အတူတကွနေထိုင်သူများကိုလည်း ဖမ်းဆီးနိုင်ခွင့်ရစေသည်။

အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းခဲ့ရာတွင်လည်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာလွတ်လပ်ခွင့် နှစ်ခုလုံးကို ဆုံးရှုံးစေသည်။[30] ဤပြင်ဆင်မှုများသည် အာဏာပိုင်များအား အွန်လိုင်းသတင်းအချက်အလက်များ ကြားဖြတ်ရယူခွင့်များပေးထားသည့်အပြင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့် သတင်းသမားများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်ပြီး ထုတ်ဖော်သတင်းပေးသော အရပ်သားများအား ရာဇဝတ်မှုကျူးလွန်သူများအဖြစ် သတ်မှတ်နိုင်ခွင့်ပေးထားသည်။

27 လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (HRW) မှ ၂၀၂၁ ခုနှစ်၊ မေလတွင်ထုတ်ဝေသော "Myanmar: Post-Coup Legal Changes Erode Human Rights," တွင်ကြည့်ပါ။

28 Republic of the Union of Myanmar State Administration Council မှ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင်ထုတ်ဝေသော "State Administration Council Law no (5/2021) Law Amending the Penal Code," တွင်ကြည့်ပါ။

29 လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (HRW)မှ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေသော "Myanmar: Coup Leads to Crimes Against Humanity," တွင်ကြည့်ပါ။

30 Free Expression Myanmar မှ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထုတ်ဝေသော "Myanmar's new Electronic Transactions Law Amendment," တွင်ကြည့်ပါ။

ညမထွက်ရအမိန့် (အချို့သောမြို့နယ်များတွင် အရေးပေါ်လုံခြုံရေးဥပဒေ)ကို ထုတ်ပြန်ခြင်းအားဖြင့် စစ်ကောင်စီသည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ကို ပိုမိုအသုံးပြုခွင့်ရခဲ့သည်။ ထိုဥပဒေတွင် သတ်မှတ်ထားသည့် ညထွက်ချိန်ထက်ကျော်လွန်သူများ သို့မဟုတ် လူငါးဦးအထက်စုဝေးသောအဖွဲ့များကို အပြစ်ပေးအရေးယူနိုင်ပြီး ဆန္ဒပြပွဲတွင်ပါဝင်သူများကိုလည်း ဖမ်းဆီးအရေးယူခွင့်ရှိသည်။[31]

တစ်ချိန်တည်းမှာပင် ဥပဒေအကြံပေး စိုင်းအောင်မြင့်ဦး၏အဆိုအရ ရာဇသတ်ကြီးပုဒ်မ ၁၂၂ ကို ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းရာတွင် စစ်ကောင်စီနှင့်စစ်ခေါင်းဆောင်များကို နိုင်ငံတော်ပုန်ကန်မှုဖြင့် တရားစွဲဆိုခြင်းမှ ကြိုတင်ကာကွယ်ရန်အတွက်ဖြစ်ပြီး တရားမဝင်လက်နက်အင်အားအသုံးပြုမှု တစ်ခုတည်းကိုသာ နိုင်ငံတော်ပုန်ကန်မှုအဖြစ် သတ်မှတ်ပြဋ္ဌာန်းထားခြင်းဖြစ်သည်။[32]

(၁) သဘောထားကွဲလွဲမှုကို ပစ်မှတ်ထားခြင်း

၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့အထိ စွဲချက်တင်ခြင်း သို့မဟုတ် ထောင်ဒဏ်ချခံရသော ဖမ်းဆီးခံရသူ ၅၅၆၂ ဦးရှိသည်။ ၁၉၈၄ ဦးမှာ ဖမ်းဝရမ်းထုတ်ခံထားရသော်လည်း ထွက်ပြေးလွတ်မြောက်ခဲ့ပြီး ၂၂၅ ဦးမှာ ထောင်ဒဏ်ချမှတ်ခြင်းခံခဲ့ရကြောင်း နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(AAPP)မှ ထုတ်ပြန်ခဲ့ပါသည်။[33] လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (HRW)၏ အချက်အလက်အရ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စစ်ကောင်စီ၏လုံခြုံရေးတပ်ဖွဲ့များသည် ငြိမ်းချမ်းစွာဆန္ဒပြသူ ထောင်ပေါင်းများစွာကိုအဓမ္မဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ကလေးများအပါအဝင်လူပေါင်း ၉၀၀ ကျော်ကို သတ်ဖြတ်ခဲ့ပါသည်။ လူပေါင်းအနည်းဆုံး ၁၀၀ ကျော်သည် ပျောက်ဆုံးနေလျက်ရှိသည်။[34]

စစ်ကောင်စီမှ ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅ နှင့် ၁၂၄ တို့ကို ဆန္ဒပြသူများအား အရေးယူရန်အတွက် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခဲ့ကြသည်။ ဒူးပလာယာခရိုင်၊ ကျိုက်ဒုံမြို့မှ အမျိုးသမီးတစ်ဦးက ဤအချက်ကိုအလေးပေးပြောပြခဲ့သည်။ *“စစ်ကောင်စီရဲ့စစ်သားတွေက အရပ်သားတွေဆန္ဒမပြအောင် တားမြစ်ခဲ့တယ်။ သူတို့က ကျွန်မတို့ကို ဆန္ဒမပြစေချင်ပဲ သူတို့ဘာသူတို့ အေးဆေးပဲနေချင်တယ်။ တကယ်လို့ ကျွန်မတို့တွေဆက်ပြီး ဆန္ဒပြနေမယ်ဆိုရင် သူတို့က ကျွန်မတို့ကိုဖမ်းဆီးကြမယ်။ ကျွန်မတို့သုံးရက်လောက်ဆန္ဒပြကြတယ်။ သူတို့က ကျွန်မတို့ကိုနောက်တခါထပ်ပြီး ဆန္ဒပြမယ်ဆိုရင် အရေးယူမယ်လို့ဖုန်းဆက်ပြီး ပြောတယ်။ သူတို့ကပုဒ်မ ၅၀၅ နဲ့ တရားစွဲလို့ရတယ်လို့ပြောတယ်။ ဒါက သူတို့ခြိမ်းခြောက်တာပေ့ါ။ ကျွန်မတို့တွေ ကိုယ့်ခံစားချက်တွေကို ထုတ်ဖော်ပြဖို့ ဘာအခွင့်အရေးမှလည်းမရှိဘူး။”* သံပုံးတီးခြင်းကိုပင် ပြုလုပ်ခွင့်မရှိကြောင်း သူမက ထပ်လောင်းပြောခဲ့ပါသည်။ *“တကယ်လို့ ကျွန်မတို့အနေနဲ့ စတီးအိုးတွေကိုတီးရင်တောင် သူတို့က ပုဒ်မ ၅၀၅ နဲ့ တရားစွဲမယ်လို့ ခြိမ်းခြောက်တယ်။”* ပုဒ်မ ၅၀၅ နှင့် တရားစွဲခံရသူများမှာ ထောင်ဒဏ်သုံးနှစ်အထိ ချခံရနိုင်သည်။

ဆန္ဒပြခေါင်းဆောင်များနှင့် ဆန္ဒပြပွဲစီစဉ်သူများသည် ပို၍ဖမ်းဆီးခံရနိုင်ဖွယ်ရှိသည်။ ဘားအံခရိုင်၊ တာကရယ် (ပိုင်ကျုံ)မြို့နယ်၊ ဂဇ---ကျေးရွာအုပ်၊ ဖဂ---ကျေးရွာမှ စောဘဘ---က ဤသို့ရှင်းပြခဲ့သည်။ *“ဘားအံမှာရှိတဲ့ ကျွန်တော်တို့ရဲ့ခေါင်းဆောင်တွေလည်း ဆန္ဒပြပွဲစီစဉ်သူတွေဆိုတော့ နေ့တိုင်းပြေးနေကြရတယ်။ စစ်သားတွေ*

[31] Free Expression Myanmar မှ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထုတ်ဝေသော “Myanmar’s new Electronic Transactions Law Amendment,” တွင်ကြည့်ပါ။

[32] ရေဝတီမှ ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထုတ်ဝေသော “Myanmar Ruling Council Amends Treason, Sedition Laws to Protect Coup Makers,” တွင်ကြည့်ပါ။

[33] မြန်မာနိုင်ငံ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP–Burma) မှ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့တွင်လက်ခံရရှိပြီး ထုတ်ဝေသော “Political Prisoners Post–Coup,” တွင်ကြည့်ပါ။

[34] လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (HRW)မှ ၂၀၂၁ ခုနှစ်၊ မတ်လတွင် ထုတ်ဝေသော “Myanmar: Post–Coup Legal Changes Erode Human Rights,” တွင်ကြည့်ပါ။

*က ရန်ကုန်မှာရှိတဲ့သူတို့ရဲ့ အိမ်တွေလည်းမီးရှို့လိုက်ပြီ။ စစ်သားတွေက ဆန္ဒပြပွဲမှာပါတဲ့သူတွေကို မှတ်မိတယ်။ သူတို့တွေ ညခင်းကိုယ့်အိမ်ကိုယ်ပြန်အိပ်မယ်ဆိုရင် မနက်ကျလာဖမ်းကြလိမ့်မယ်။ ဒါကြောင့် သူတို့ကညဆိုရင် ကိုယ့်အိမ်မှာကိုယ်မအိပ်ရဲဘူး။"* ရဲများက ဆန္ဒပြသူများနောက်လိုက်ပြီး ဓါတ်ပုံရိုက်ယူကာ တက်ကြွသောဆန္ဒပြသူများနှင့် ဆန္ဒပြခေါင်းဆောင်များအား နောက်ပိုင်းတွင်ဖမ်းဆီးနိုင်ရန် မှတ်တမ်းယူကြောင်း အချို့ဆန္ဒပြသူများက သတိပြုမိခဲ့ကြသည်။

ဆန္ဒပြပွဲစီစဉ်သူများအနေဖြင့် စစ်ကောင်စီ၏ဥပဒေအောက်တွင် ပုန်ကန်ဆန့်ကျင်ရန် လှုံ့ဆော်သည်ဟု ခေါင်းစဉ်တပ်ခံရနိုင်သည်။ ဒူးပလာယာခရိုင်မှ စောအဂ---က သူ၏အသိုင်းအဝိုင်းအတွင်းမှ ဆန္ဒပြပွဲစီစဉ်သူများ၏ ကြောက်ရွံ့မှုနှင့်ပတ်သက်ပြီး ပြောပြခဲ့ပါသည်။ *"ကျွန်တော်ကြားတာတော့ စစ်တပ်က သူတို့[ဆန္ဒပြပွဲစီစဉ်သူများ] နဲ့တွေ့ခဲ့တယ်။ သူတို့က ဦးဆောင်တဲ့သူတွေဆိုတော့ ဆန္ဒပြပွဲကို လူတွေပါဝင်လာအောင် လိုက်စည်းရုံးတယ်လို့ စစ်တပ်ကထင်ခဲ့တယ်။ အဲ့ဒီနောက်ပိုင်း ဆန္ဒပြပွဲစီစဉ်သူတွေက သူတို့အတွက်လုံခြုံမှုမရှိတော့လို့ ဦးဆောင်တာ မလုပ်ရဲတော့ဘူး။ သူတို့တွေလည်း ပြေးကြပုန်းကြရတာပဲ။"*

ဆန္ဒပြသူများကို ကူညီထောက်ပံ့ခဲ့သူများသည်လည်း အဖမ်းခံရနိုင်ချေများသည်။ နော်က---သည် စစ်ကောင်စီတပ်၏ တိုက်ခိုက်မှုခံရသူများအား ကူညီကယ်ဆယ်ပေးပြီး စစ်ကောင်စီမှ တရားမဝင်အဖွဲ့အစည်းဟု သတ်မှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့ (Rescue Task Force)တွင် ပူးပေါင်းခဲ့သည်။[35] သူမမှ *"စစ်အစိုးရက ကျွန်မတို့ကယ်ဆယ်ရေးအဖွဲ့ဝင်တွေကို ဖမ်းဝရမ်းထုတ်ထားတယ်။ အဖမ်းခံရတာကနေ လွတ်မြောက်ဖို့အတွက် ကျွန်မဒီကို[လုံခြုံသည့်နေရာ]ရောက်လာတာ။"* ဟု ပြောခဲ့သည်။

လူစုလူဝေးနှင့် စုရုံးသည့်အခါများတွင်လည်း အကြမ်းဖက်ခံရကြောင်းကို ရန်ကုန်တက္ကသိုလ်ကျောင်းသား မောင်င---က ရာနှင့်ချီသောကျောင်းသားများ အဖမ်းခံရသည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍ ဤကဲ့သို့ပြန်လည်ပြောပြခဲ့ပါသည်။ *"ဆန္ဒပြမှုတတိယနေ့ [၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့]မှာ ကျောင်းသားတွေဟာ တာမွေမြို့နယ် ကျောက်မြောင်းစုရပ်ကွက်မှာ ဆန္ဒပြကြတယ်။ ကျောင်းသားတွေက စခန်းလေးဆယ်လမ်းဆုံမှာ ပိတ်မိခဲ့ကြတယ်။ သူတို့ဆက်သွားလို့မရသလို နောက်ဆုတ်လို့လည်းမရဘူး။ နစကစစ်သားတွေနဲ့ ရဲဝန်ထမ်းတွေက ကျောင်းသားတွေကို ဝိုင်းထားကြတယ်။ ပြီးတော့ ကျောင်းသားတွေကိုရိုက်နှက်ပြီး ကျောင်းသူတွေအပါအဝင် အယောက် ၃၀၀ ကျော်ကို ဖမ်းဆီးခဲ့ကြတယ်။ တချို့ကျောင်းသားတွေကတော့ ထွက်ပြေးလွတ်မြောက်ခဲ့ကြတယ်။"*

(၂) ဥပဒေမဲ့ ဖမ်းဆီးခြင်းနှင့်အကျဉ်းချခြင်း

စစ်ကောင်စီ၏ လုံခြုံရေးတပ်ဖွဲ့များသည် ပြည်သူများအား အကြောင်းပြချက်တစ်စုံတရာမပေးပဲ ဖမ်းဆီးပြီး ဖမ်းဆီးခံရသူများကို ဥပဒေရေးရာ အကြံဉာဏ်ရယူရန် မိသားစုများနှင့်တွေ့ဆုံခွင့်မပေးခဲ့ပါ။ ထိုနည်းတူစွာပင် ဖမ်းဆီးခံရသူများ၏ မိသားစုဝင်များနှင့် အသိမိတ်ဆွေများမှာလည်း ၎င်းတို့ဘာကြောင့်အဖမ်းခံရသည်၊ မည်သည့်နေရာတွင် ထိန်းသိမ်းခံထားရသည်၊ မည်သို့နေထိုင်ရသည်၊ အသက်ရှင်ခြင်းရှိမရှိနှင့် အခြားအရေးကြီးသော တရားရုံးထုတ်မှုအချက်အလက်များကို မသိရှိရပါ။ ထို့အပြင် ဖမ်းဆီးခံရသူများ လွတ်မြောက်နိုင်ရန်အတွက် ၎င်းတို့အနေဖြင့် လိုအပ်သောလုပ်ဆောင်မှုများ လုပ်နိုင်ခွင့်အနည်းငယ်သာ ရှိခဲ့သည်။ ဒူးပလာယာခရိုင်၊ ကောတရိမြို့မှ မောင်က---မှ ဤသို့ဖော်ပြခဲ့သည်။ *"[စစ်ကောင်စီလုံခြုံရေးတပ်ဖွဲ့များ]က တက်ကြွတဲ့လူငယ်အများကြီးကို ခေါင်းဆောင်ထင်ပြီး ဖမ်းခဲ့ကြတယ်။ သူတို့က အဲ့ဒီလိုတက်ကြွတဲ့သူတွေကို ဦးတည်ပစ်မှတ်ထားပြီး ခြိမ်းခြောက်တယ်။ တချို့လူတွေက ဖမ်းဆီးချုပ်နှောင်ခံရကြပေမယ့် သူတို့မိသားစုဝင်တွေက သူတို့နဲ့ပတ်သက်တဲ့ ဘာသတင်းအချက်အလက်မှ မရကြဘူး။ သူတို့ဘယ်ရောက်နေတယ်၊ ဘယ်လိုနေထိုင်နေရတယ်ဆိုတာကိုလည်း မသိကြဘူး။*

35 The Global New Light of Myanmar မှ ၂၀၂၁ ခုနှစ်၊ မတ်လတွင် ထုတ်ဝေသော "Young people of rescue task force inspected in Kyaikto," တွင်ကြည့်ပါ။

*[...]သူတို့ကို ဘယ်အချိန်ရုံးထုတ်ပြီး ဘယ်လိုစီရင်ချက်ချခဲ့တယ်ဆိုတာလည်း မသိရဘူး။ ဒီလူတွေကို ဘယ်ကိုပို့လိုက်တယ်ဆိုတာကိုလည်း မသိရဘူး။"* [36] ဆန္ဒပြပွဲများတွင် တက်ကြွစွာပါဝင်ခဲ့သော ရန်ကုန်မြို့မှ တက္ကသိုလ်ကျောင်းသူတစ်ဦးကလည်း ဤသို့အတည်ပြုခဲ့သည်။ *"အရင်လ[...]မှာဆိုရင် သူတို့တွေက လူတွေအများကြီးကို ဖမ်းဆီးခဲ့ကြတယ်။ အဲ့ဒီလူတွေဘာဖြစ်သွားလဲဆိုတာ ကျွန်မတို့မသိရဘူး။ သူတို့ဘယ်မှာရှိတယ်ဆိုတာလည်း မသိရဘူး။ သူတို့အသက်ရှင်လား၊ သေလားလည်းမသိဘူး။ ထောင်ထဲမှာ ဥပဒေဆိုတာရှိရဲ့လားဆိုတာလည်း ကျွန်မတို့မသိဘူး။ ကျွန်မတို့ ရှေ့နေငှါးလို့လည်းမရဘူး။ သူတို့မိသားစုတွေဆီကနေလည်း ဘာသတင်းမှမရဘူး။ ကျွန်မတို့လူတွေ ပျောက်သွားတာနဲ့ပတ်သက်ပြီးတော့လည်း ပို့စ်တင်လို့မရဘူး။ သူတို့တွေ ထောင်ထဲမှာရှိတယ်လို့ကြားပေမယ့် တကယ်ထောင်ထဲမှာရှိမရှိ သက်သေလည်းမရှိဘူး။ သူတို့ရဲ့ အခွင့်အရေးတွေချိုးဖောက်ခံရတယ်လို့ ကျွန်မတို့ခံစားရတယ်။ ထောင်ထဲမှာ ကျောင်းသားတွေကော ကလေးတွေကောရှိတယ်လို့တော့ ကြားတယ်။"*

ဖမ်းဆီးထားသူများအား မိသားစုများ ၊ရှေ့နေများနှင့် ဆက်သွယ်ခွင့်မပေးတဲ့အပြင် ကမ္ဘာနှင့်လုံးဝခွဲခြားထားလိုက်ခြင်းဖြစ်သည့် အဆက်အသွယ်ဖြတ်တောက်ခြင်းသည် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေများကို ချိုးဖောက်ရာမရောက်ပါ။ သို့သော်လည်း ထိုအလေ့အကျင့်သည် လူ့အခွင့်အရေးသဘောတူစာချုပ်များတွင်ပါသော အချက်များကို ဆန့်ကျင်သော အခြားချိုးဖောက်မှုများနှင့် ဆက်စပ်ပြီး ကျူးလွန်လေ့ရှိကြသည်။ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်(ICCPR)အား မြန်မာနိုင်ငံမှ အတည်ပြုလက်မှတ်ထိုးထားခြင်းမရှိသေးသော်လည်း ထိုစာချုပ်သည် အဓမ္မဖမ်းဆီးချုပ်နှောင်ခြင်းများမှ ကာကွယ်ပေးမှုကို အာမခံထားပြီး ဖမ်းဆီးရခြင်း၏ အကြောင်းပြချက်ကို သိရှိခွင့်၊ တရားရုံးတက်ခွင့်၊ ဆိုင်းငံ့ထားသောအမှုများမှ လွှတ်မြောက်ခွင့်နှင့် ယေဘုယျအားဖြင့် လူပုဂ္ဂိုလ်များ၏လုံခြုံရေးကို အာမခံချက်ပေးထားသည်။ ထို့အပြင် တရားဝင်စည်းနှောင်မှုမရှိသော်လည်း ကုလသမဂ္ဂ၏ မည်သည့်ထိန်းသိမ်းမှု သို့မဟုတ် ထောင်ချမှုအောက်တွင်မဆို လူသားအားလုံးကို အကာအကွယ်ပေးရေးအတွက် အခြေခံမူများမှ ဖမ်းဆီးထိန်းသိမ်းမှုနှင့်ဆိုင်သည့် အခွင့်အရေးများနှင့်ပတ်သက်၍ *"အပြင်ကမ္ဘာနှင့်ဆက်သွယ်ချိတ်ဆက်မှုအထူးသဖြင့်မိသားစုဝင်များသို့မဟုတ်ဥပဒေအကြံပေးများနှင့်ဆက်သွယ်မှုအား ငြင်းဆန်မှုမပြုရန်"* နှင့် *"ဖမ်းဆီးခံရခြင်း သို့မဟုတ် ထောင်ချခံရခြင်း သို့မဟုတ် ထိန်းသိမ်းရေးကာလများအတွင်း ရွှေ့ပြောင်းခံရခြင်းများ၊ နေရာများနှင့်ပတ်သက်ပြီး ၎င်း၏မိသားစုဝင်များ သို့မဟုတ် ၎င်းမှရွေးချယ်ထားသည့် သင့်တော်သောသူတစ်ဦးဦးအားအသိပေးရန်"* အတွက် အတည်ပြုထားသည်။ (မူဝါဒ၁၅နှင့်၁၆)[37]

ရာဇသတ်ကြီးပုဒ်မ ၅၀၅ ဖြင့် ဖမ်းဆီးခံထားရပြီး ၄ လကြာထောင်ချခံထားရပြီးဖြစ်သည့် ၎င်း၏သားအဖမ်းခံရခြင်းနှင့်ပတ်သက်ပြီး မြဝတီမြို့မှဖခင်တစ်ဦးက တင်ပြခဲ့သည်။ ၎င်းမှနာရီပေါင်း ၁၁ နာရီချုပ်နှောင်ခံထားရပြီးနောက်တွင် သာမိသားစုနှင့် အဆက်အသွယ်ရရှိခဲ့ပါသည်။ အဖမ်းခံရသည့်အချိန်မှစပြီး ၎င်း၏မိသားစုနှင့်ဆက်သွယ်နိုင်ခြင်းမရှိခဲ့သော်လည်း ထောင်မှူးထံမှဖုန်းငှါးပြီး မိသားစုအားဖုန်းခေါ်ဆိုနိုင်ခဲ့သည်။ *"သူက အစောင့်ဆီကနေ ဖုန်းတောင်းပြီး ကျွန်တော်တို့ကို သူ့အတွက်ဆေးဝါးလိုအပ်မှုရှိမရှိ ဆက်သွယ်ခဲ့တယ်။ [သန့်ရှင်းမှုမရှိခြင်းက ၎င်း၏ကျန်းမာရေးအခြေအနေအား ထိခိုက်စေခဲ့သည်။] သူရုံးချိန်းသွားတဲ့နေ့ကလွဲပြီးတော့ တခြားနေ့တွေမှာ သူ့ဆီသွားလည်ခွင့်မရှိခဲ့ဘူး။ ကျွန်တော်တို့ သူ့ကိုတွေ့ရင်တောင် စကားပြောခွင့်မရှိဘူး။ သူထောင်ကျနေတဲ့အချိန်မှာ သူ့ဆီကိုသွားလည်လို့မရဘူး။ ခိုးမှု၊ မူးယစ်ဆေးဝါးမှုနဲ့ တခြားအမှုတွေဆိုရင် မိသားစုဝင်တွေက သူတို့ကိုသွားတွေ့လို့ရတယ်။ ဒီပုဒ်မ ၅၀၅ နဲ့တရားစွဲခံရတဲ့သူတွေပဲ မိသားစုဝင်တွေတွေ့ခွင့်မရတာ။"* ထို့နောက်တွင် ဖခင်ဖြစ်သူမှ ထပ်ပြီးပြောခဲ့သည်မှာ *"ပုဒ်မ ၅၀၅ နဲ့ အစွဲခံရတဲ့သူတွေအတွက်က ကြားနာတာ၊ ရုံးတင်တာတို့ ဘာမှမရှိဘူး။ [ပြစ်ဒဏ်ပဲချလိုက်တယ်] ကျွန်တော်တို့ သူ့ကိုတွေ့ခွင့်လည်းမရှိဘူး။ သူလွှတ်ဖို့ ဒါမှမဟုတ် အာမခံရဖို့အတွက် ဘာမှ [ဒဏ်ငွေ သို့မဟုတ် လာဘ်ထိုးခြင်း] ပေးလို့လည်းမရဘူး။ သူလွှတ်ချင်လည်းလွှတ်မယ်၊ မလွှတ်ရင်လည်း*

---

36 KHRG မှ မကြာခင်ထုတ်ဝေတော့မည့် အစီရင်ခံစာ "We Will Win this Fight" တွင် ကြည့်ပါ။

37 ကမ္ဘာ့ကုလသမဂ္ဂ (UN) မှ ၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေသော "Body of Principles for the Protection of All Persons under Any Form of Detention or Imprisonment," တွင်ကြည့်ပါ။

*မလွှတ်ဘူးပေါ့။"* သူသည် အခြားဆန္ဒပြသူလေးဦးနှင့်အတူ အဖမ်းခံခဲ့ရသော်လည်း အခြားသူအားလုံးမှာ ပြန်လွှတ်လာကြပြီဖြစ်သည်။ ၎င်းအား ဇူလိုင်လ ၄ ရက်နေ့တွင် ရုံးတင်မည်ဖြစ်သော်လည်း COVID-19 ရောဂါကြောင့် ရွှေ့ဆိုင်းခဲ့သည်။ သူ့အနေဖြင့် မည်သည့်နေ့တွင် ပြန်လွှတ်မည်ကိုမသိသေးပါ။ *"ဒါက ပြစ်မှုကြီးကြီးမားမားမဟုတ်ဘူး။ ဘာတွေမှားနေလဲဆိုတာ ကျွန်တော်တို့မသိဘူး။ သူကိုယ်တိုင်လည်း ဘာမှမသိဘူး။ သူကပြောတယ်၊ သူ့ကို ဘယ်သူက ဘာမှမမေးတော့ သူဘာမှမသိဘူးတဲ့။"*

ဖမ်းဆီးခံထားရသူ၏ ဖခင်ဖြစ်သူက ၎င်းကိုယ်တိုင်မျက်မြင်ကြုံတွေ့ခဲ့ရသည့် တရားလက်လွှတ်ဖမ်းဆီးခြင်းနှင့် ပတ်သက်၍လည်း ဤကဲ့သို့ပြောခဲ့သည်။ *"အမျိုးသမီးတယောက်က မေတ္တာမွန်ဆေးခန်းကိုသွားပြီး ကားပေါ်က ဆင်းတဲ့အချိန်မှာ အဖမ်းခံခဲ့ရတယ်။ သူမအဖမ်းခံထားရဆဲပဲဆိုတာတော့ ကျွန်တော်လည်းသေချာမသိဘူး။ သူမ ကဆေးရုံကိုပဲလာခဲ့တာ။ ဆန္ဒပြဖို့လာတာမဟုတ်ဘူး။ ဒါကြောင့် အဲ့ဒါကတော့ မတရားဘူး။ သူတို့[စစ်ကောင်စီ] တွေ လုပ်ခဲ့တဲ့အထဲမှာ ယုတ္တိမရှိတာတွေ အများကြီးပဲ။ ဒါပေမယ့် ကျွန်တော်တို့က ပတ်ဝန်းကျင်ကိုလည်း ဂရုစိုက်ရသေးတော့ စကားပြောဆင်ခြင်ရတယ်။ တကယ်လို့ ကျွန်တော်တို့သတိမထားဘူးဆိုရင် ကျွန်တော်တို့လည်း အဖမ်းခံရနိုင်တယ်။ ကျွန်တော်တို့ ဦးနှောက်မကောင်းသလိုပဲ ဟန်ဆောင်နေရတယ်။ မဟုတ်ရင် ကျွန်တော်တို့ လည်းအဖမ်းခံရမယ်။"*

စစ်ကောင်စီမှ အချို့သောဖမ်းဆီးထားသည့် ဆန္ဒပြသူများအား ပြန်လွှတ်ရာတွင် ငွေကြေးတောင်းခံမှုရှိသော်လည်း အချို့သူများကိုမူ သတ်မှတ်ထားသောအချိန်အနည်းငယ်အတွင်းသာ ဖမ်းဆီးထားပြီး ပြန်လွှတ်ပေးခဲ့ကြောင်း အခြားမေးခွန်းဖြေကြားသူများကလည်း တရားလက်လွှတ်ပြုမူမှုများနှင့်ပတ်သက်ပြီး တင်ပြခဲ့သည်။ ဖားအံခရိုင် တာကရယ်(ပိုင်ကျုံ)မြို့နယ်၊ ဂျစ--ကျေးရွာသို့ သူမ၏လုံခြုံရေးအတွက် ထွက်ပြေးလာသည့် ဘားအံမြို့မှ ဒေါ်အဝ---က ဤသို့ပြောသည်။ *"ကျွန်မသားလည်း ဆန္ဒပြတဲ့အထဲမှာပါတော့ သူလည်းအဖမ်းခံရတယ်။ သူပြန်လွှတ်လာဖို့ အတွက် ကျွန်မတို့မိသားစုက သူတို့[စစ်ကောင်စီတရားရုံး / ထောင်အရာရှိ]တွေကို ငါးသိန်း (၅၀၀,၀၀၀)ကျပ် ပေးခဲ့ရတယ်။ ကျွန်မတို့ပေးလိုက်လို့ သူလွှတ်လာပြီ။"* အချို့မေးခွန်းဖြေကြားသူများက ဤအခြေအနေအား မမျှတသောအခြေအနေဟု ယူဆကြသော်လည်း သူတို့အနေဖြင့် စစ်ကောင်စီ၏တောင်းဆိုမှုများအား လိုက်လျောရုံမှလွဲ၍ မတတ်နိုင်ပေ။ အသက် ၁၃ နှစ်အရွယ် မွတ်စလင်အမျိုးသားငယ်တစ်ဦးသည် ဆန္ဒပြပွဲအား လမ်းဘေးတွင် ရပ်ကြည့်နေခိုက် စစ်ကောင်စီ၏ရဲများက ဖမ်းဆီးခဲ့ကြောင်း ကော့တရိမြို့မှ နော်ကဇ---က ပြန်ပြောပြခဲ့သည်။ ရဲများက ၎င်းအားမှားယွင်းစွာဖြင့် ဖမ်းဆီးခေါ်ဆောင်သွားကြသော်လည်း ဒေသခံရွာသားများက ငွေကြေးပေးမှသာ ပြန်လွှတ်ပေးခဲ့သည်။ ကျပ်ငွေသုံးသိန်း(၃၀၀,၀၀၀)မှ ဆယ်သိန်း(၁,၀၀၀,၀၀၀)အထိ ပေးရကြောင်းကို အချို့ကပြောခဲ့သည်။

အချို့အခြေအနေများတွင် စစ်ကောင်စီ၏လုံခြုံရေးတပ်ဖွဲ့များမှ ၎င်းတို့ရှာဖွေဖမ်းဆီးနေသူများအား မတွေ့ပါက ထိုသူများ၏မိသားစုဝင်တစ်ဦးဦးအား ဖမ်းဆီးခြင်း၊ ခြိမ်းခြောက်ခြင်းအပြင် သတ်ဖြတ်မှုများပင် ပြုလုပ်လေ့ရှိသည်။ ရန်ကုန်မြို့မှ နော်အအ---မှ KHRG အား ဤသို့ပြောခဲ့သည်။ *"ကျွန်မသိတဲ့သူတယောက်က ဆန္ဒပြပွဲတွေကိုဦးဆောင်တဲ့သူပေါ့။ သူတို့[စစ်ကောင်စီတပ်သားတွေ] ရောက်လာပြီး သူ့ကိုလာဖမ်းတော့ သူကအိမ်မှာမရှိဘူး။ ဒါနဲ့ သူတို့က သူ့အကိုကိုဖမ်းသွားခဲ့တယ်။ နောက်နေ့မှာတော့ သူ့အကိုကိုသတ်ပြီး အလောင်းကိုလာကောက်ဖို့ပြောခဲ့တယ်။"*

(၃) အမျိုးသမီးများအားဖမ်းဆီးခြင်း

စစ်ကောင်စီလုံခြုံရေးတပ်ဖွဲ့များ၏လက်ထဲတွင် အဓမ္မပြုကျင့်ခံရမှုများ၊ လိင်အကြမ်းဖက်မှုများနှင့် ပတ်သက်သည့် အဖြစ်အပျက်များအကြောင်း များစွာပေါ်ထွက်လာသည်နှင့်အညီ ဖမ်းဆီးထိန်းသိမ်းခံရသည့် အမျိုးသမီးဆန္ဒပြသူများသည် အသက်အရွယ်မရွေး အကြမ်းဖက်မှုကို ခံရနိုင်ချေမြင့်မားသည်။ ကော့တရိမြို့မှ မောင်အဖ---က

သူ၏စိုးရိမ်မှုကို ဤသို့ဖော်ပြခဲ့သည်။ *"ဆန္ဒပြသူအများစုက မိန်းကလေးတွေနဲ့ အမျိုးသမီးကြီးတွေဖြစ်တယ်။ ဒါပေမယ့် အမျိုးသမီးငယ်တွေက ဆန္ဒပြနေတုန်း ဖမ်းဆီးခံရတဲ့အခါမှာ သူတို့နဲ့ပတ်သက်တဲ့ သတင်းဆိုးတွေ ကျွန်တော်တို့ကြားရတယ်။ သူတို့အဖမ်းခံရတဲ့ တချို့သတင်းတွေက [ထိုအမျိုးသမီးငယ်များအနေဖြင့် အဖမ်းခံရပါက အဓမ္မပြုကျင့်ခံရခြင်းနှင့် အခြားသောအကြမ်းဖက်မှုများ ခံရနိုင်ချေရှိသည့်အတွက်] နားထောင်ဖို့ ခက်ခဲလွန်းတယ်။"* [38]

မတ်လ ၈ ရက်နေ့ နိုင်ငံတကာအမျိုးသမီးများနေ့ ဆန္ဒပြပွဲတွင်ပါဝင်ခဲ့သည့် နန့်ဂျတ–––က အမျိုးသမီးများ ဖမ်းဆီးခံရသည့်အခါတွင် ခံစားကြရသည့် အကြမ်းဖက်မှုနှင့်ပတ်သက်ပြီး ဤကဲ့သို့ပြောခဲ့သည်။ *"ကျွန်မတို့ ထောင်ထဲရောက်တော့ ထောင်ထဲကိုတန်းထည့်တာက ကျွန်မတို့အတွက် ပိုပြီးလုံခြုံတယ်ဆိုတာ မသိခဲ့ဘူး။ ကစု–––မြို့က ပြည်သူအချို့ကို ရဲဝန်ထမ်းတွေဖမ်းခဲ့တုန်းက သူတို့ကရဲစခန်းကို အရင်ခေါ်သွားတယ်။ သူတို့ကိုရဲစခန်းမှာ တစ်ပတ်နှစ်ပတ်လောက် စစ်ကျောရေးဝင်ပြီးမှပဲ ထောင်ကိုပို့တယ်။ အဲ့ဒီလူတွေ ထောင်ကိုရောက်လာတဲ့အချိန်မှာ သူတို့ခြေတွေ၊ လက်တွေကျိုးကုန်ပြီ။ ရဲတွေက သူတို့ကိုပါးတွေရိုက်တယ်။ သူတို့အခြေအနေကိုတွေ့တော့ ကျွန်မတို့ ထောင်ထဲတန်းပို့ခံရတာ ကံကောင်းတယ်လို့ သိလိုက်ရတယ်။"*

နော်ဂဥ–––က အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့တွင် ရာဘာကျည်နှင့်ပစ်ခတ်ခံရသည့်အတွက် ဒဏ်ရာရခဲ့ပြီး ဖမ်းဆီးခံခဲ့ရသည်။ ပြန်လွှတ်ခြင်းမခံရမီအချိန်ထိ လေးလခန့် ထိန်းသိမ်းခြင်းခံခဲ့ရသည်။ သူမအနေဖြင့် ဖမ်းဆီးခံထားရသည့်အချိန်တွင် ရိုက်နှက်ခံရခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းများကို မခံစားခဲ့ရသော်လည်း သူမအနေဖြင့် အလွန်စိုးရိမ်ခဲ့ရကြောင်း ပြောခဲ့သည်။ *"ပထမဆုံး ကျွန်မတို့အဲ့နေရာကိုရောက်တော့ တံခါးတွေအကုန်ပိတ်ပြီးတော့ ယောကျ်ားတွေချည်းရောက်လာပြီး ကျွန်မတို့ကို တခုခုလုပ်မှာစိုးရိမ်ခဲ့တယ်။ အဲ့ဒီလိုအတွေးရှိတော့ ကျွန်မတို့မလုံခြုံဘူးလို့ ခံစားရတယ်။ ဒါပေမယ့် နှစ်ပတ်ကြာပြီးတော့ အဲ့ဒီလိုအတွေးတွေမရှိတော့ဘူး။ အစောင့်တွေကလည်း အဲ့လိုမျိုးကိစ္စတွေရှိမှာ မဟုတ်ဘူးလို့ ပြောတယ်။ ကျွန်မတို့စရောက်တုန်းကတော့ မလုံခြုံဘူးလို့ ခံစားရတာပေ့ါ။ ဒါပေမယ့် နောက်ပိုင်းတော့ အဆင်ပြေသွားတယ်။ ရိုက်တာတွေဘာတွေမရှိဘူး။"* သို့သော် သူမနှင့်စကားပြောခဲ့ရသော အခြားအမျိုးသမီးများက ၎င်းတို့အား ရဲစခန်းတွင်စစ်ဆေးစဉ် ခြိမ်းခြောက်မှုများကြုံတွေ့ခဲ့ရကြောင်း ပြောခဲ့သည်။ သူမအနေဖြင့် ပြန်လည်လွှတ်မြောက်လာသည့်နောက်ပိုင်း ကြောက်ရွံ့မှုနှင့် နေထိုင်နေရသည်။ *"ကျွန်မကိုယ့်အိမ်မှာပဲ ကိုယ်နေတယ်။ ဘယ်ကိုမှမသွားရဲဘူး။ ကျွန်မသွားချင်ရင်တောင်မှ ကျွန်မစိတ်က ကျွန်မကိုတားနေတယ်။ ဒါကဘာလို့လဲဆိုတော့ ကျွန်မစိတ်ထဲမှာ လုံခြုံမှုကိုမခံစားရပဲ နောက်တခါပြန်ပြီး အဖမ်းခံရမှာကြောက်လို့။" "ကျွန်မစိတ်ကလုံခြုံမှုမရှိဘူးလို့ခံစားနေရတယ်။"* သူမအနေနှင့် ဝေးလံသည့်ကျေးလက်ဒေသတွင် နေထိုင်လျက်ရှိသော်လည်း လုံခြုံမှုမရှိသည်ဟု မခံစားရကြောင်း ထပ်မံပြောခဲ့သည်။

(၄) တရားဥပဒေစိုးမိုးမှုမရှိခြင်း

စစ်ကောင်စီလုံခြုံရေးတပ်များ၏ လုပ်ရပ်များမှာ "တရားဥပဒေနှင့်အညီ"[39] ဆက်လက်ဆောင်ရွက်လျက်ရှိသည်ဟု စစ်ကောင်စီ၏ခေါင်းဆောင်များမှ ပြောကြသော်လည်း ၎င်းတို့၏လုပ်ရပ်များသည် ဥပဒေနှင့်ဆန့်ကျင်လျှက်ရှိကြောင်း ပြသနေသည်။ အာဏာသိမ်းပြီးနောက်ပိုင်းတွင် တရားဥပဒေစိုးမိုးရေး ပျောက်ဆုံးသွားကြောင်း မေးခွန်းဖြေကြားသူအများစုက မှတ်ချက်ပေးကြသည်။ ဧရာဝတီတိုင်း၊ အိမ်မဲမြို့နယ်၊ အိမ်မဲမြို့မှ မေးခွန်းဖြေကြားသူတစ်ဦးက စစ်ကောင်စီ၏ပြောကြားချက်နှင့်ပတ်သက်ပြီး အသေးစိတ်ဖော်ပြခဲ့သည်။ *"တကယ်လို့ ပြည်သူတွေက*

---

38 KHRG မှ မကြာခင်ထုတ်ဝေတော့မည့် အစီရင်ခံစာ "We Will Win this Fight" တွင် ကြည့်ပါ။

39 လွတ်လပ်သည့်အာရှအသံ (RFA) မှ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထုတ်ဝေသော "'We Didn't Put Restrictions on Everything,' Says Myanmar Junta Spokesman in 1st Remarks Since Coup," တွင်ကြည့်ပါ။ Just Security တွင်အလုပ်လုပ်ကိုင်နေသည့် Pwint Htun မှ ၂၀၂၁ ခုနှစ်၊ ဧပြီလတွင် ထုတ်ဝေသော "Beyond the Coup in Myanmar: 'In Accordance with the Law' – How the Military Perverts Rule of Law to Oppress Civilians," တွင်လည်းကြည့်ပါ။

*တခုခုလုပ်ရင် သူတို့က ဒါဟာဥပဒေချိုးဖောက်တာလို့ပြောတယ်။ [စစ်ကောင်စီ]စစ်တပ်က လုပ်သမျှကိုကျတော့ ဥပဒေနဲ့အညီ လုပ်တယ်လို့ပြောတယ်။ [...]အစိုးရတိုင်းက တည်ဆဲဥပဒေကို လေးစားရမယ်။ ဒါပေမယ့် [စစ်အစိုးရကတော့] သူတို့လုပ်သမျှက ဥပဒေနဲ့ညီတယ်။ ဒါပေမယ့် ပြည်သူတွေလုပ်တာကတော့ ဥပဒေနဲ့ မညီဘူး။ ဥပမာအားဖြင့် သူတို့တွေ ကျွန်တော့အိမ်ရဲ့ ဂိတ်တံခါးကိုဖျက်ပြီးတော့ ဘယ်သူမှမရှိတဲ့ အိမ်ထဲဝင်လာကြတယ်။ ဒါကဥပဒေနဲ့ညီလား။ တခြားဥပမာတစ်ခုပေးရမယ်ဆိုရင် သူတို့တွေက ပြည်သူတွေကိုညအချိန်ဖမ်းပြီး သတ်လိုက်တယ်။ ပြီးတော့ အဲ့ဒီအလောင်းတွေကို [မိသားစုဝင်တွေဆီ] ပြန်ပို့ပေးတယ်။ တကယ်လို့ တစုံတယောက်က ဥပဒေကိုချိုးဖောက်တယ်ဆိုရင် သူတို့က အပြစ်ပေးခြင်းခံရမယ်။ ထောင်ထဲပို့တာခံရမယ်။ အခုသူတို့[စစ်ကောင်စီ] ကလူတွေကို ကြက်ကလေးငှက်ကလေးသတ်သလို သတ်တယ်။ ဘာလို့လဲဆိုတော့ သူတို့က ကျွန်တော်တို့ပြည်သူတွေရဲ့ အသက်ကို တန်ဖိုးမထားဘူး။ ဒေသတွင်းမှာပြောနေကြတာ တစ်ခုရှိတယ်။ ‘တကယ်လို့ လူတွေအဖမ်းခံရတယ်ဆိုရင် ဒီနေ့မှာ သူတို့အသက်ရှင်နေပေမယ့် နောက်နေ့မှာတော့ သူတို့ဟာ လူသေအလောင်းတွေဖြစ်သွားကြတယ်။’ ကျွန်တော်တို့က တရားဥပဒေမရှိတဲ့နိုင်ငံမှာ နေကြတဲ့သူတွေနဲ့တူတယ်။” “အစိုးရတရပ်အနေနဲ့ အာဏာယူထားတဲ့ဘယ်သူမဆို ဥပဒေကိုလေးစားလိုက်နာရမယ်။ ဒီဥပဒေတွေကို သူတို့ကချိုးဖောက်နေရင် ဒီအစိုးရကို ကျွန်တော်တို့က ဘယ်လိုလက်ခံရမလဲ။”*

ဘားအံမြို့မှ ဆရာမတစ်ဦးက ဤသို့ထပ်လောင်းပြောကြားခဲ့သည်။ *“ဘာတရားဥပဒေစိုးမိုးမှုမှမရှိဘူး။ ဥပဒေဆိုတာ သူတို့ပါးစပ်ထဲကထွက်တဲ့ဟာပဲ။ [စစ်ကောင်စီတဖွဲ့တည်းကသာ ဆုံးဖြတ်သည်။] ဘာကြောင့်လဲဆိုတော့ သူတို့[ပြည်သူများကို]ပြောသမျှက ဥပဒေလို့ယူဆထားလို့ပဲ။ သူတို့သတ်လို့ရတယ်။ ဖမ်းဆီးလို့ရတယ်။ ချုပ်နှောင်ထားလို့ရတယ်။ သူတို့လုပ်သမျှက ပြည်သူတွေကိုဆန့်ကျင်ဖို့ပဲ။ သူတို့ပြောသမျှက အလိမ်အညာတွေချည်းပဲ။ ဘာကြောင့်လဲဆိုတော့ သူတို့ကအပြောနဲ့အလုပ်မညီဘူး။ တကယ်လို့ပြည်သူတွေက ဒါကိုနားလည်တယ်ဆိုရင်တော့ ကောင်းတယ်။”*

(ဃ) ရဲနှင့်စစ်သားများ၏ အကြမ်းဖက်မှုနှင့်ပတ်သက်၍ သက်သေခံချက်များ

(၁) အလွန်အကျွံအင်အားအသုံးပြုမှုနှင့် အကြမ်းဖက်မှု

KHRG မှ CDM တွင်ပါဝင်လာသည့် စစ်ကောင်စီစစ်သားများနှင့် ရဲဝန်ထမ်းအချို့တို့အား တွေ့ဆုံမေးမြန်းခဲ့သည်။ ထိုသူများက ဆန္ဒပြမှုများတွင် လုံခြုံရေးတပ်ဖွဲ့များ၏ အလွန်အကျွံအင်အားအသုံးပြုမှုနှင့် အကြမ်းဖက်မှုများပြုလုပ်ခဲ့ကြောင်း အတည်ပြုခဲ့ကြသည်။ အချို့သောကိစ္စရပ်များမှာ ၎င်းတို့ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့သော အကြမ်းဖက်မှုများဖြစ်ပြီး အချို့ကိစ္စရပ်များမှာမူ ဆန္ဒပြမှုအနီးအနားပတ်ဝန်းကျင်တွင် လုံခြုံရေးတာဝန်များအရ ၎င်းတို့ကိုယ်တိုင် အမိန့်ရပြီးလုပ်ခဲ့ရသည့် အရာများဖြစ်သည်။

အများစုက စစ်ကောင်စီစစ်သားများမှ အရပ်သားများအပေါ် အလွန်ရက်စက်သည့် အကြမ်းဖက်လုပ်ရပ်များဖြစ်သော အကြမ်းဖက်မှုများနှင့် ကျည်ဆံအစစ်များအသုံးပြုမှုများကို ကျူးလွန်ခဲ့သူများမှာ စစ်သားများဖြစ်ပြီး ရဲဝန်ထမ်းများမဟုတ်ကြောင်း ပြောခဲ့သည်။ ကအ–––ရဲစခန်းတွင် တာဝန်ထမ်းဆောင်နေသော ကားသမားတစ်ဦးမှ ပြောခဲ့သည်မှာ *“သူတို့က ညအချိန်မှလာကြတယ်။ မီးလင်းတဲ့အိမ်တွေအကုန်လုံးကို သေနတ်နဲ့ပစ်တယ်။ အိမ်ကိုလှမ်းပစ်တယ်။ ရပ်ကွက်ထဲမှာ လုံခြုံရေးယူတဲ့သူတို့[စစ်သားတွေ]က လူတွေကိုပစ်တယ်ပြီးတော့ အိမ်တွေကို [တံခါးကိုခြေဖြင့်ကန်ခြင်း၊ သေနတ်ဖြင့်ပစ်ခြင်း၊ ကျောက်ခဲဖြင့်ပစ်ပေါက်ခြင်းဖြင့်] ဖျက်စီးတယ်။ ဒါက ပြည်သူတွေကို သူတို့ဆက်ဆံတဲ့ပုံစံပဲ။”* ထို့နောက်သူက အမျိုးသားတစ်ဦး *“ညခင်းဖက်အဖမ်းခံရတယ်။ နောက်တစ်ရက်မနက်ကျတော့ သူတို့က သူ့ဗိုက်ကိုခွဲထားတယ် သူ့မျက်နှာကလည်း အရိုက်ခံထားရလို့ ဒဏ်ရာရလို့သွေးတွေနဲ့ပေကျံနေတယ်။ အခုအခြေအနေတွေက အဲ့လိုပဲ။”*

ဘဝ–––မြို့ရှိက ဘ–––ရဲစခန်းတွင် တာဝန်ကျသော နယ်ခြားစောင့်တပ်အရာရှိတစ်ဦးက *“သူတို့ [စစ်ကောင်စီတပ်သားတွေ] အရပ်သားတွေကိုရိုက်တာကို ကျွန်တော်တွေ့ခဲ့တယ်။ ကျွန်တော်အဲ့ဒီမှာ ဝင်မပါခဲ့ဘူး။ ဒါပေမယ့် ကျွန်တော်ပြောချင်တာက ကျွန်တော်တို့တွေ ကိုယ့်ပြည်သူတွေကို အဲ့ဒီလိုမနှိပ်စက်သင့်ဘူး။”* ခဒ–––ရှိ ကစျ––– လေတပ်တွင် စက်ပြင်အရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော မောင်ဂ–––၏အဆိုအရ *“လက်ရှိမှာ ဆန္ဒပြသူတွေကိုဖြိုခွင်းဖို့ကြိုးစားတဲ့ရဲအများစုက ရဲအစစ်တွေမဟုတ်ဘူး။ သူတို့က တပ်မတော်စစ်သားတွေ။”*

မြို့ပြဒေသများရှိ ဆန္ဒပြသူများအား ဖြိုခွင်းခြင်းနှင့် နှိမ်နင်းခြင်းများတွင် ရဲများနှင့်စစ်တပ်နှစ်ဖွဲ့စလုံးမှ ပါဝင်ခဲ့ကြသော်လည်း မေးခွန်းဖြေကြားသူများအနေဖြင့် အထူးသဖြင့် ရဲဝတ်စုံဝတ်ထားသည့် စစ်သားများ၏ နှောင့်ယှက်ခြင်းကို ၎င်းတို့မှခံရကြောင်း KHRG အားပြောပြခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကခ–––ရဲစခန်းတွင် တာဝန်ထမ်းဆောင်နေသော ရဲဝန်ထမ်းတစ်ဦးဖြစ်သူ မောင်ဘခ–––က ဤသို့တင်ပြခဲ့သည်။ *“သူတို့ကရဲဝတ်စုံဝတ်ထားပြီး ရဲဟန်ဆောင်ထားတဲ့ တပ်မတော်စစ်သားတွေဖြစ်ပြီးတော့ အကြမ်းဖက်တာတွေကို လုပ်ကြတယ်။ သူတို့က အရပ်သားတွေကို လေးခွနဲ့ပစ်ပြီးတော့ အိမ်တွေထဲဖောက်ဝင်တယ်။ ပြီးရင် စနိုက်ပါတို့သေနတ်တို့သုံးပြီးလည်း ပစ်တယ်။ ရဲအစစ်တွေက ရာဘာကျည်ပဲသုံးတယ်။ ပြည်သူတွေက ရဲတွေကိုမုန်းအောင်လို့ စစ်သားတွေက ရဲတွေကိုအသုံးချတယ်။ ဒါကသူတို့[စစ်ကောင်စီစစ်တပ်]က ရဲနဲ့စစ်သားကြားမှာ ရန်ပွဲဖန်တီးနေသလိုပဲ။ သူတို့ကရဲတွေကို အရပ်သားတွေမုန်းအောင်လုပ်နေတာ။”* ရန်ကုန်အရှေ့ပိုင်းခရိုင်ရှိ ကဒ–––ရဲစခန်းတွင် တာဝန်ကျသော ရဲဝန်ထမ်းတစ်ဦးက *“ရဲတွေက [အကြမ်းဖက်ဖြိုခွင်းမှုလုပ်တဲ့အခါတွေမှာ] အသုံးချတာကို ခံနေရတယ်။ မန္တလေးမှာဆိုရင် သူတို့က[နစကစစ်သားတွေက] ရဲဝတ်စုံတွေဝတ်ပြီး ရဲတွေကို အထင်မြင်လွဲမှားအောင် သူတို့ကိုယ်ကို ရဲတွေလိုဟန်ဆောင်နေကြတယ်။”*

ရန်ကုန်တိုင်းက အ–––ရဲစခန်းမှ ရဲကားမောင်းသူ ဒုတပ်ကြပ်တစ်ဦးဖြစ်သည့် ဦးဟ–––၏အဆိုအရ *“အဲ့ဒါကိုကျွန်တော့မျက်စိနဲ့ တပ်အပ်တွေ့ခဲ့တယ်။ သူတို့က တပ်မတော်ကကားတွေနဲ့ ကအ–––ရဲစခန်းကို ဝတ်စုံအပြည့်နဲ့ ရောက်ချလာတယ်။ သူတို့က[သူတို့ကရဲအရာရှိတွေလိုမျိုး] ကြယ်သုံးပွင့်တပ်ထားတယ်။”*

ဧရာဝတီတိုင်း၊ ပုသိမ်မြို့မှရဲဝန်ထမ်းတစ်ဦးမှလည်း *“ရဲအစစ်တွေကလည်းပါပါတယ်။ ဒါပေမယ့် ၇၅ ရာခိုင်နှုန်းကတော့ စစ်တပ်ကလာတာ။ သူတို့ရဲ့ဝတ်စုံကိုကြည့်တာနဲ့ သိတယ်။ သူတို့က ရဲဟန်ဆောင်ထားတာ သိသာပါတယ်။”* အရပ်သားများအနေဖြင့် ထိုသူများသည် ရဲဝန်ထမ်းအစစ်များမဟုတ်ကြောင်းကို သတိပြုမိမည်မဟုတ်သော်လည်း ၎င်းတို့အနေဖြင့် လွယ်ကူစွာ ခွဲခြားနိုင်ကြောင်း အလေးပေးဖော်ပြခဲ့သည်။ *“ဒါပေမယ့် ရန်ကုန်နဲ့မန္တလေးမှာဆိုရင် ကျွန်တော်ကိုယ်တိုင် မျက်မြင်မတွေ့ခဲ့ပေမယ့် သူတို့ရဲ့ဝတ်စုံတွေကို ဖေ့ဘွတ်ပေါ်ကနေကြည့်တဲ့အခါ သူတို့က စစ်တပ်ဖက်ကဆိုတာသိသာတယ်။ ဘာကြောင့်လဲဆိုတော့ ရဲတွေက ဝတ်စုံကိုအဲ့လိုမဝတ်ဘူး။ အရပ်သားတွေက သူတို့ကိုတွေ့တဲ့အခါ ဒါကရဲဝတ်စုံလို့ပဲ ထင်ကြလိမ့်မယ်။ ဒါပေမယ့် (ဝတ်စုံရဲ့)အရောင်ကိုကြည့်လိုက်တာနဲ့ သိတယ်။ ရဲအစစ်တွေရဲ့ဝတ်စုံမှာ ချုပ်ရိုးနှစ်ခုပါပေမယ့် သူတို့ဝတ်စုံတွေမှာ ချုပ်ရိုးတခုပဲပါပြီးတော့ ချည်သားနဲ့ချုပ်ထားတယ်။ ပြီးတော့ အသက် ၄၀ ကျော် ၅၀ အရွယ်လူကြီးတွေရဲ့လက်မောင်းမှာ ဘာရာထူးအမှတ်အသားမှ မရှိဘူး။ ဒါဟာဘယ်လိုမှ မဖြစ်နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရဲတွေအနေနဲ့ သူတို့ရဲ့လက်မောင်းမှာ ဒီလိုရာထူးအမှတ်အသား အနည်းဆုံးတစ်ခုတော့ရှိရမယ်။ ပြီးတော့ အင်္ကျီတွေကလည်း ပွနေတယ်။ သူတို့ကိုကြည့်လိုက်မယ်ဆိုရင် (ရဲအစစ်နဲ့) လုံးဝကွာခြားတယ်။”*

ကအ–––ဒေသမှ လေကြောင်းရဲတပ်ဖွဲ့ဒုတပ်ကြပ်မှလည်း ဤအရာများကို သတိပြုမိခဲ့သည်။ *“ဖေ့ဘွတ်မှာ ရဲဝတ်စုံနဲ့လူတွေရဲ့ပုံကို ကျွန်တော်တွေ့တယ်။ ကျွန်တော်က ဒီလူတွေဟာ ရဲမဟုတ်ဘူးဆိုတာကိုရေးပြီး အဲ့ဒီပုံတွေကိုပြန်ဝေမျှခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ဝတ်ထားတဲ့ဝတ်စုံက ရဲနဲ့မတူဘူး။ ထောင်သားတွေလည်း ထောင်ကလွတ်လာကြတယ်ဆိုတော့ ကျွန်တော်ထင်တာ သူတို့ကထွက်လာတဲ့ ထောင်သားတွေကို ရဲဝတ်စုံဝတ်ပေးဝတ်ပြီးတော့ လွှတ်လိုက်တာထင်တယ်။ […]ကျွန်တော်တို့ဆိုရင် ထိုင်းမှာချုပ်တဲ့ ချုပ်ရိုးနှစ်ထပ်ပါတဲ့ဝတ်စုံကို ဝတ်ကြ*

*တယ်။ ဒါပေမယ့် အဲ့ဒီနေ့က သူတို့ကချုပ်ရိုးတကြောင်းပဲပါတဲ့ဝတ်စုံတွေကို ဝတ်ထားတယ်။ ပြီးတော့ သူတို့ရဲ့ ဘောင်းဘီနဲ့ အင်္ကျီကြားကနေရာက လိပ်တင်ထားပြီး မသပ်ရပ်ဘူး။"*

(၂) လုံခြုံရေးနှင့် ဥပဒေစိုးမိုးရေးကို စစ်တပ်မှထိန်းချုပ်ထားခြင်း

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်တွင်ရှိပြီး ထိုဝန်ကြီးဌာနမှာ စစ်ဦးစီးချုပ်နှင့် ကာကွယ်ရေးတပ်၏ အာဏာစက်အောက်တွင်ရှိသည့်အတွက် ၎င်းတို့အနေဖြင့် စစ်တပ်၏ထိန်းချုပ်မှုအောက်တွင် သွယ်ဝိုက်၍ တည်ရှိနေစေသည်။[40] အာဏာသိမ်းပြီးသည့်အချိန်မှစ၍ ရဲတပ်ဖွဲ့နှင့် စစ်တပ်ကြားရှိ ဆက်နွယ်မှုမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရဲချုပ် [ရဲဒုတိယဗိုလ်ချုပ်ကြီး] အောင်ဝင်းဦး အငြိမ်းစားယူပြီးနောက် ၎င်း၏နေရာတွင် တပ်မတော်ဒုတိယဗိုလ်မှူးကြီး သန်းလိှုင်ဝင် ရောက်နေရာယူသည့်အချိန်တွင် ပိုမိုသိသာထင်ရှားလာခဲ့သည်။[41] နိုင်ငံရေးသိပ္ပံပညာရှင်နှင့် စစ်တပ်အရာရှိဟောင်း ဒေါက်တာအောင်မျိုး၏အဆိုအရ သန်းလှိုင်သည် ၂၀၂၀ ခုနှစ် လက်နက်ကိုင်တပ်ဖွဲ့များ၏ ထိပ်တန်းအရာရှိကြီးများနေရာ အပြောင်းအလဲလုပ်သည့်အခါတွင် ပါဝင်ခဲ့ပြီး ထိုသို့ အပြောင်းအလဲလုပ်ရခြင်းမှာ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှ ၎င်း၏လွှမ်းမိုးမှုနှင့် အာဏာကိုတပ်တွင်းထိန်းသိမ်းထားနိုင်ရန်အတွက် ကြိုးပမ်းမှု၏တစ်စိတ်တစ်ပိုင်းဖြစ်သည်ဟု ဆိုသည်။[42] စစ်ကောင်စီမှ သန်းလှိုင်အား ပြည်ထဲရေးဝန်ကြီးဌာန၏ ဒုဝန်ကြီးအဖြစ်လည်း ခန့်အပ်ခဲ့သည်။[43]

ရဲဝန်ထမ်းများအနေဖြင့် ယခုအချိန်တွင် ၎င်းတို့သည် စစ်တပ်အရာရှိများ၏ အမိန့်အောက်တွင် တိုက်ရိုက်ရောက်ရှိနေသည်ကို တွေ့ရှိကြရသည်။ ခစ---မှ ဒုရဲချုပ်ကအာဏာသိမ်းပြီးနောက်တွင် ဤသို့ပြောခဲ့သည်။ ၎င်းအနေဖြင့် *"အာဏာသိမ်းစစ်တပ်ခေါင်းဆောင်ရဲ့ အမိန့်ပေးစေခိုင်းမှုတွေကို လုပ်ဖို့တွန်းအားပေးခံခဲ့ရတယ်။"* အခြားရဲဝန်ထမ်းတစ်ဦးဖြစ်သော နေပြည်တော်၊ လယ်ဝေးမြို့နယ် ကဖ---စစ်ဆေးရေးဂိတ်တွင် တာဝန်ထမ်းဆောင်သည့် မောင်ဖ---မှ ဤသို့အတည်ပြုခဲ့သည်။ *"မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာရှိတဲ့ ရဲမှူးကစပြီး အရာရှိအားလုံးက စစ်တပ်က လာတာချည်းပဲ။ ဒါကြောင့် ရဲအစစ်တွေက အရမ်းနည်းတယ်။ ရဲအစစ်တွေက အောက်ခြေမှာပဲရှိတယ်။ ဒါပေမယ့် ရဲအရာရှိအများစုကတော့ စစ်တပ်ဖက်ကလာတာချည်းပဲ။ ဒါကြောင့် [အခုဆိုရင်] စစ်သားနဲ့ရဲကြားမှာ ဘာခြားနားမှုမှမရှိတော့ဘူး။"*

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင်ရှိ ကဒ---ရဲစခန်းမှ မောင်အရ---က ထိုသို့ပိုမိုဆိုးရွားသည့် အကြမ်းဖက်မှုများကို လုပ်ဆောင်ရန်အမိန့်မှာ အထက်မှလာခြင်းဖြစ်ကြောင်း အလေးထားပြောခဲ့သည်။ *"ပထမတော့ အခြားတိုင်းနဲ့ပြည်နယ်တွေမှာ ဆန္ဒပြမှုတွေမှာပစ်တဲ့အချိန် ရန်ကုန်မှာမပစ်သေးဘူး။ မင်းအောင်လှိုင်က ရဲချုပ်ကနေတဆင့် [ရန်ကုန်တိုင်း] အုပ်ချုပ်ရေးမှူးလုပ်ဆောင်တာ အရမ်းအားနည်းနေသေးတယ်လို့ ပြောတယ်။ သူကဆန္ဒပြသူတွေကို*

40 Saferworld မှ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ဝေသော "Briefing: Democratising Myanmar's security sector," တွင်ကြည့်ပါ။

41 Xinhua Net မှ ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထုတ်ဝေသော "Myanmar military forms state administration council," တွင်ကြည့်ပါ။

42 ဧရာဝတီတွင် အလုပ်လုပ်ကိုင်နေသည့် Htet Naing Zaw မှ ၂၀၂၀ ခုနှစ်၊ မတ်လတွင် ထုတ်ဝေသော "Younger Myanmar Military Officers Promoted to Key Roles in Reshuffle," တွင်ကြည့်ပါ။

43 ဥရောပသမဂ္ဂကောင်စီ၏ Official Journal of the European Union မှ ၂၀၂၁ ခုနှစ်၊ မတ်လတွင် ထုတ်ဝေသော "Council Implementing Regulation (EU) 2021/480 of 22 March 2021 implementing Regulation (EU) No 401/2013 concerning restrictive measures in respect of Myanmar/Burma," ၂၀၂၁ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် သန်းလှိုင်အား သဘာဝနှင့် တရားဝင်ပုဂ္ဂိုလ်များစာရင်းတွင်ထည့်သွင်းပြီး ဥရောပသမဂ္ဂကောင်စီမှ အဖွဲ့အစည်း၏အရေးပါသည့်သူတစ်ဦးဖြစ်သည့်အတွက် တင်းကြပ်ကန့်သတ်မှုများကို ပြုလုပ်ခဲ့သည်။ လက်ရှိရဲများမှ ကျူးလွန်ခဲ့သည် လူ့အခွင့်အရေးချိုး ဖောက်မှုများအားတာဝန်ခံရန်အတွက်လည်း ကိုးကားထားသည့် "ပြည်ထဲရေးဒုဝန်ကြီးချုပ်နှင့် ရဲအရာရှိမှူးကြီးချုပ်၊ ဒုဗိုလ်ချုပ်ကြီး သန်းလှိုင်သည် ဖိနှိပ်ရေးမူဝါဒနှင့် သက်ဆိုင်သည့်ဆုံးဖြတ်ချက်ချခြင်းနှင့် မြန်မာ/ဗမာ နိုင်ငံအတွင်းရှိ ပြင်းထန်သည့်လူ့အခွင့်အရေးချိုးဖောက်မှုတွင် တိုက်ရိုက်တာဝန်ရှိသည့်ပုဂ္ဂိုလ်ဖြစ်သည်" တွင်ကြည့်ပါ။

*အကြမ်းဖက်ဖို့ အုပ်ချုပ်ရေးမှူးကို စေခိုင်းခဲ့တယ်။"* နေပြည်တော်၊ လယ်ဝေးမြို့နယ်မှ ရဲဝန်ထမ်းဖြစ်သူ မောင်ဖ–––ကလည်း *"ရဲချုပ်က ကျွန်တော်တို့ကို အဲ့ဒီလိုလုပ်ဖို့ [ဆန္ဒပြသူတွေအပေါ် အလွန်အကျူးအကြမ်းဖက်မှုတွေသုံးရန်] ပြောခဲ့တာ။"*

ရဲဝန်ထမ်းအချို့မှ ၎င်းတို့အားပေးအပ်သည့် အသေးစိတ်တာဝန်နှင့်ပတ်သက်ပြီး ပြောပြခဲ့သည်။ ဒူးသထူ(သထုံ)ခရိုင်၊ ဘီးလင်းမြို့နယ်တွင် အခြေစိုက်သော ရဲဝန်ထမ်းတစ်ဦးက ၎င်းအနေဖြင့် "လုံခြုံရေးပေးရန်" ရန်ကုန်သို့ပို့ဆောင်ခံရပြီး ဆန္ဒပြသည့်နေရာသို့ ရောက်သည့်အခါတွင်မှ ဆန္ဒပြသူများအား ကျည်ဆံအစစ်များနှင့်ပစ်ခတ်ရန် အမိန့်ကျခဲ့ကြောင်း ပြောသည်။ *"ရန်ကုန်မြို့ လှည်းတန်းမှာ ဆန္ဒပြပွဲတစ်ခုလုပ်တော့ ကျွန်တော်တို့က အဲ့ဒီလူစုလူဝေးကို ဖြိုခွင်းရမှာ။ ကျွန်တော်တို့အားလုံး အယောက် ၅၀ ရှိတယ်။ ကျွန်တော်အပါအဝင် ခြောက်ယောက်က ကျည်အစစ်နဲ့ သေနတ်တွေပါတယ်။ ကျွန်တော်တို့က သူတို့ကို [ဆန္ဒပြသူတွေကို] အဲ့ဒီသေနတ်တွေနဲ့ပစ်ခဲ့ရတယ်။ ကျွန်တော်တို့ရဲ့ ကျည်ဆံတွေက အပြစ်မဲ့ပြည်သူတွေကို ပစ်ဖို့အတွက်မဟုတ်ဘူး။"* မွန်ပြည်နယ်မှ အခြားသော ရဲဝန်ထမ်းတစ်ဦးကလည်း ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ဆန္ဒပြသူများကို ၎င်းတို့မှပစ်ခတ်ရန်အတွက် ပထမဆုံး အကြိမ် အမိန့်ကျလာခဲ့ကြောင်း တင်ပြခဲ့သည်။ ဘိတ်–ထားဝယ်ခရိုင်ရှိ ကဂ–––ရဲစခန်းမှ အခြားရဲဝန်ထမ်းတစ်ဦးကလည်း ဆန္ဒပြသည့် လူစုလူဝေးများအားဖြိုခွင်းရန် ၎င်းတို့အား စေခိုင်းခဲ့ကြောင်းနှင့် ၎င်းတို့ကိုသေနတ်များ ပေးထားခြင်းမရှိသော်လည်း ၎င်းတို့၏နံပါတ်တုတ်များဖြင့် မြေပေါ်တွင်လဲကျသူများအပါအဝင် ဆန္ဒပြသူများအားလုံးကို ရိုက်နှက်ရမည်ဖြစ်ကြောင်း တင်ပြခဲ့သည်။ ၎င်းတို့အားလုံးသည် ဤသို့အကြမ်းဖက်မှုများအား ပြုလုပ်ရန်ငြင်းဆိုခဲ့ကြပြီး CDM တွင် ပါဝင်လာကြကြောင်း ပြောခဲ့သည်။

KHRG မှ မေးခွန်းဖြေကြားသူများက ၎င်းတို့အနေဖြင့် ကျည်ဆံအစစ်ဖြင့် ပစ်ခတ်မှုများနှင့် အရပ်သားများအား ရက်စက်ကြမ်းကြုတ်သည့် အကြမ်းဖက်မှုလုပ်ရပ်များတွင် ပါဝင်ရန်ငြင်းဆန်ခဲ့ကြောင်း ပြောခဲ့ပြီး ရဲတပ်ဖွဲ့၏ သတင်းအချက်အလက်ဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းတစ်ဦးက ထိုသို့သောရွေးချယ်မှုမျိုးကို လူတိုင်းမလုပ်နိုင်ခဲ့ကြောင်း ထောက်ပြခဲ့သည်။ *"စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ဆန္ဒပြမှုအတွင်းမှာ ရဲတွေအနေနဲ့ ဆန္ဒပြမှုကို ရပ်ဖို့၊ ဆန္ဒပြသူတွေကို ဖမ်းဆီးဖို့နဲ့ ရိုက်နှက်ဖို့အတွက် အမိန့်ကျလာခဲ့တယ်။ တကယ်တော့ ဒီအမိန့်ကို မလိုက်နာချင်တဲ့ ရဲတွေရှိတယ်။ ဒီအမိန့်တွေက တချို့သောရဲတွေအတွက် မဖြစ်မနေလိုက်နာရမယ့် အမိန့်တွေဖြစ်တယ်။"*

ဉာဏ်စင်္ကြံ(Nyan Corridor)သုတေသီများတင်ပြချက်အရ မြန်မာနိုင်ငံတွင် အာဏာရှင်ဆန်ပြီး စစ်တပ်အသွင်ဆောင်သည့် ရဲတပ်ဖွဲ့အုပ်ချုပ်မှုစနစ်ကို ကျင့်သုံးခဲ့သော်လည်း လွန်ခဲ့သည့်နှစ်ပေါင်း ၁၀ နှစ်ကျော်အတွင်း ပြောင်းလဲမှုအချို့ရှိခဲ့ကာ အရပ်ဘက်ကိုဦးစားပေးသည့် ဌာနခွဲများပေါ်လာပြီး အချို့ရဲဝန်ထမ်းများမှာ စစ်အစိုးရထက် *"ပြည်သူများအတွက် တာဝန်ထမ်းဆောင်ရမည်ဟု ခံစားလာကြရသည်။"*[44] ဤအချက်သည် KHRG မှ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တုန့်ပြန်မှုများထံမှ ရှင်းလင်းစွာထွက်ပေါ်လာခြင်းဖြစ်သည်။

အချို့သူများက ဤအမိန့်များသည် ၎င်းတို့တာဝန်များနှင့် ရဲဝန်ထမ်းများအနေဖြင့် ထမ်းဆောင်ရမည့်ဝတ္တရားများ (ဆိုလိုသည်မှာ တရားဥပဒေစိုးမိုးရေး)၏ အပြင်ဖက်တွင်ဖြစ်သည်ဟု မီးမောင်းထိုးပြခဲ့သည်။ နေပြည်တော် လယ်ဝေးမြို့နယ်တွင် ရဲဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသူ မောင်ဖ–––မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဦးတည်ချက်လေးရပ်နှင့် တာဝန်များဖြစ်သော "ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေး" တို့ကို ရွတ်ဆိုပြခဲ့ပြီး စစ်တပ်မှရဲများအား ၎င်းတို့၏ရည်မှန်းချက်တာဝန်များကို ပြန်လည်ချိုးဖောက်ခိုင်းနေခြင်းဖြစ်ကြောင်း ပြသ

44 Nyan Corridor and Danish Institute for International Studies တွင် အလုပ်လုပ်ကိုင်နေသည့် Nyan Corridor and Helene Maria KYED မှ ၂၀၂၀ ခုနှစ်၊ ဧပြီလတွင် ထုတ်ဝေသော "Police under the military coup in Myanmar: Between Violence, Fear, and Desertion," တွင်ကြည့်ပါ။

ခဲ့သည်။ ၎င်းမှထပ်မံ၍ *“[စစ်ကောင်စီစစ်တပ်]က အရပ်သားတွေကောင်းကျိုးအတွက် ဘာမှမလုပ်ခဲ့ဘူး။ သူတို့က တရားဥပဒေစိုးမိုးရေးရှိရမယ်လို့ ပြောပေမယ့် လက်ရှိအခြေအနေမှာ တရားဥပဒေကိုကာကွယ်တာ ဘာတစ်ခုမှ လည်း မရှိဘူး။”*

အထက်အရာရှိများကြားတွင် တော်လှန်ပုန်ကန်မှု အနည်းငယ်ရှိနေနိုင်ကြောင်းကိုလည်း မောင်ဖ–––မှ ထောက်ပြခဲ့သည်။ *“စစ်တပ်က ရဲဝတ်စုံကိုဝတ်ပြီးတော့ အရပ်သားတွေကိုသတ်တယ်။ ဒါကရဲတွေနဲ့သိက္ခာကို ကျဆင်းစေတယ်။ […]စစ်တပ်က ဒီလိုလုပ်တာတွေနဲ့ပတ်သက်ပြီး ဘာကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့က တိတ်ဆိတ်နေရတာလဲ။ ဘာကြောင့်သူတို့က ပြန်ပြီးမခုခံတာလဲ။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်ကသိပ်ပြီးတော့ မကျေနပ်ဘူး။ ဒါကရဲချုပ်တွေက ရဲဝတ်စုံကို မလေးစားတဲ့ပုံပေါ်တယ်။ စစ်တပ်က ကျွန်တော်တို့လေးစားရတဲ့ဝတ်စုံကို လုပ်ချင်သလိုလုပ်နေကြတယ်။ သူတို့က ကျွန်တော်တို့ဝတ်စုံကို လွယ်လွယ်လေးဝတ်ပြီး ပြည်သူတွေကိုသတ်တယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ဦးတည်ချက်နဲ့ တာဝန်ဝတ္တရားနောက်ဆုံးအချက်မှာ ရေးထားတာက ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေး။ ဒါပေမယ့်ခုတော့ သူတို့တွေက ပြည်သူတွေအတွက် ဘာအကျိုးမှရအောင် မလုပ်ပေးပဲ အဲ့ဒီအစားပြည်သူတွေကို သတ်နေတယ်။ ဒါက မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ ရပ်တည်ချက်နဲ့ တာဝန်ဝတ္တရားနဲ့ မကိုက်ညီဘူး။”*

ပြည်ထဲရေးဌာနကို စစ်တပ်မှထိန်းချုပ်ထားပြီး စစ်အရာရှိများအား ရဲတပ်ဖွဲ့တွင်ရာထူးပေးထားသည့် ကာလပတ်လုံးတွင် စစ်ကောင်စီအား ပြန်လည်ခုခံရန် မောင်ဖ–––မှ တိုက်တွန်းလှုံ့ဆော်သော်လည်း ဖြစ်လာနိုင်ဖွယ်ရန် မရှိပေ။ အောက်ခြေတပ်သားများမှ CDM တွင် ပူးပေါင်းပါဝင်ခြင်းအား ဆက်လက်လုပ်ဆောင်နေဆဲ ရှိပုံပေါ်သည်။ သို့သော် CDM တွင် ပူးပေါင်းရန်နှင့် ပြည်သူလူထုများကိုကာကွယ်မှုပေးရန် စိတ်ထားမရှိသည့် စစ်တပ်စိတ်သဘောထားရှိသော ရဲတပ်ဖွဲ့ဝင်များသာ ကျန်ရှိနေလိမ့်မည်ဖြစ်သည်။

ထို့အပြင် ရဲဝန်ထမ်းများမဟုတ်ပဲ စစ်ကောင်စီ၏စစ်သားများက ပြည်သူများအား ကိုယ်တိုင်ဖမ်းဆီးချုပ်နှောင်ခြင်း(ရဲတပ်ဖွဲ့၏အလုပ်)များ ပြုလုပ်လျက်ရှိသည့်အတွက် အဓမ္မအစဖျောက်ခြင်း၊ အဓမ္မညှဥ်းပမ်းနှိပ်စက်ခြင်းနှင့် အခြားလူ့အခွင့်အရေးချိုးဖောက်မှုများ ပိုမိုဖြစ်ပွားနိုင်ချေရှိသည်။ ရဲတပ်ဖွဲ့၏ ကားမောင်းပေးသူမှ ပြောကြားချက်အရ စစ်ကောင်စီ၏စစ်သားများသည် ၎င်းတို့ကိုယ်တိုင်ပြည်သူများကို ဖမ်းဆီးကြသည်။ *“ကျွန်တော်တို့မသိလိုက်ပဲနဲ့ အဲ့ဒီလူ[ဆန္ဒပြခေါင်းဆောင်]တွေကို ဖမ်းဆီးကြတယ်။ သူတို့ကိုယ်တိုင် ဖမ်းပြီးခေါ်သွားကြတယ်။ […] များသောအားဖြင့် တပ်မတော်က [ရဲမခေါ်ပဲ] ပြဿနာအားလုံးကို သူတို့ကိုယ်တိုင်ပဲ ဖြေရှင်းကြတယ်။”* ၎င်းက ရဲများ၏လုပ်ထုံးလုပ်နည်းနှင့် ဆန့်ကျင်ကာ ဖမ်းဆီးထိန်းသိမ်းခံရသူများအား မေးခွန်းများမေးပြီး မလိုအပ်ပါက ပြန်လွှတ်ပေးကြောင်း နှိုင်းယှဥ်၍ပြောပြခဲ့သည်။ (ကားမောင်းသူတစ်ဦးအနေဖြင့် ဖမ်းဆီးခြင်းမှပြန်လည်လွတ်မြောက်လာသူများအား အိမ်သို့ပြန်လည်ပို့ဆောင်ပေးရသည်။) ဖမ်းဆီးထိန်းသိမ်းခံရသူအများစုအား တရားဝင်သတ်မှတ်ထားသော ဖမ်းဆီးထိန်းသိမ်းရာနေရာများသို့ ခေါ်ဆောင်လာခြင်းမရှိပဲ ဥပဒေ၏အပြင်ဖက်တွင် လုပ်ဆောင်နေခြင်းဖြစ်သည်။ ဖေဖော်ဝါရီ ၁ ရက်နေ့ အာဏာသိမ်းပြီးနောက် ဧပြီလအစောပိုင်းတွင် မြန်မာစစ်အစိုးရကြောင့် ပျောက်ဆုံးသူ ထောင်ပေါင်းများစွာရှိသည်ဟု HRW မှ တင်ပြခဲ့သည်။[45] ဤခန့်မှန်းချက်များမှာ နည်းကောင်းနည်းပါလိမ့်မည်။ AAPP အနေဖြင့် လတ်တလောဖမ်းဆီးခံရသူပေါင်း ၂၅၀၀ ထဲမှ လူအချို့၏တည်နေရာများကိုသာ ဖော်ထုတ်နိုင်ခဲ့သည်။[46] အဓမ္မအစဖျောက်ခြင်းများနှင့် အဆက်ဖြတ်ဖမ်းဆီးခံရခြင်းများသည် လွတ်လပ်ခွင့်နှင့် လုံခြုံခွင့်ဆုံးရှုံးမှုများအပါအဝင် ဆိုးရွားသည့် အခြေခံလူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်သည်။

45 လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (HRW)မှ ၂၀၂၁ ခုနှစ်၊ ဧပြီလတွင် ထုတ်ဝေသော “Myanmar: Hundreds Forcibly Disappeared,” တွင်ကြည့်ပါ။

46 Ibid.

(င) မိမိကိုယ်ကိုကာကွယ်ခြင်းနှင့်ကူညီထောက်ပံ့ပေးမှု

စစ်ကောင်စီသည် ဆန္ဒပြမှုများအပေါ် အကြမ်းဖက်သည့်လုပ်ရပ်များ ပို၍အသုံးပြုလာခြင်းကြောင့် ဆန္ဒပြသူများမှာလည်း ဆန္ဒပြမှုနည်းလမ်းများ အသုံးပြုလာသည့်အပြင် ၎င်းတို့ကိုယ်ကိုထိခိုက်နာကျင်မှု၊ အကြမ်းဖက်မှုနှင့် လုံခြုံရေးတပ်များ၏ ဖမ်းဆီးခံရခြင်းမှကာကွယ်နိုင်သည့် နည်းလမ်းများကို ပြုလုပ်လာကြသည်။

KHRG မှမေးခွန်းဖြေကြားသူများက အစောပိုင်းတွင် ၎င်းတို့အနေဖြင့် လုံခြုံရေးတပ်ဖွဲ့များနှင့် ညှိနှိုင်းမှုပြုလုပ်နိုင်ခဲ့ကြောင်း ပြောသည်။ ဘီးလင်းမြို့မှ ဆန္ဒပြသူတစ်ဦးမှ *"ဘီးလင်းမြို့ရပ်ကွက် ၁၃ မှာ ကျွန်တော်တို့ဆန္ဒပြတုန်းကတော့ သူတို့[စစ်ကောင်စီလုံခြုံရေးတပ်ဖွဲ့တွေ]လာပြီး ဖြိုခွင်းတဲ့အခါ ကျွန်တော်တို့ကို ဘာမလုပ်ခဲ့ဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့တွေ ဆန္ဒပြပွဲမှာ သူတို့နဲ့ညှိပြီးတော့ အဖွဲ့ငယ်လေးတွေခွဲပြီး ဆန္ဒပြကြတယ်။ တကယ်လို့ အဖွဲ့လိုက်ဆက်သွားမယ်ဆိုရင် သူတို့က ကျွန်တော်တို့ကိုအကြမ်းဖက်ဖြိုခွင်းလိမ့်မယ်။ ဒါပေမယ့် ညဖက်ဆိုရင်တော့ သူတို့ကလူတွေကို ခြိမ်းခြောက်ချင်တာနဲ့ သေနတ်တွေကိုလက်လွတ်စပယ် ပစ်ဖောက်ကြတယ်။"* ဟု တင်ပြခဲ့သည်။

ဆန္ဒပြသူများသည် ပြောက်ကျားစနစ်ကို ပိုမိုအသုံးပြုလာခဲ့ကြပြီး လျှင်မြန်စွာရှောင်ပြေးနိုင်ရန်နှင့် အကြမ်းဖက်မှုနှင့် အဖမ်းခံရခြင်းများမှ ရှောင်တိမ်းနိုင်ရန်အတွက် အထူးသဖြင့် အဖွဲ့ငယ်များခွဲပြီး နေရာကွက်ကျားဆန္ဒပြခြင်းများကို လုပ်ဆောင်ခဲ့ကြသည်။ ဘားအံမြို့မှ ဆန္ဒပြသူတစ်ဦးက ၎င်းတို့အနေဖြင့် ဆန္ဒပြသည့်ပုံစံများကို အခြေအနေပေါ်မူတည်ပြီး ပြောင်းလဲလုပ်ဆောင်ကြကြောင်း ပြောသည်။ *"စစ်တပ်က ဆန္ဒပြသူတွေကိုသတ်ဖြတ်တာ၊ ခြိမ်းခြောက်တာ၊ တွေ့တဲ့နေရာမှာပစ်တာ စတဲ့အကြမ်းဖက်မှုတွေကို ပိုလုပ်လာတဲ့အတွက် မြို့ထဲကလမ်းတွေပေါ်မှာ ကျွန်တော်တို့ငြိမ်းငြိမ်းချမ်းချမ်း ဆန္ဒပြလို့မရတော့ဘူး။ ဘားအံမြို့တစ်ဝိုက်မှာ စစ်တပ်စခန်းတွေ ပိုမိုများပြားလာတဲ့အတွက် မြို့ပေါ်မှာဆန္ဒပြလို့မရတော့ဘူး။ ဒါကြောင့် ကျွန်တော်တို့တွေ ရွာတွေမှာစပြီးတော့ ဆန္ဒပြကြတယ်။ ပြီးတော့ ကျွန်တော်တို့တွေ ဆိုင်ကယ်စီးပြီး ဆန္ဒပြခဲ့ကြတယ်။ ဆိုင်ကယ်သပိတ်လုပ်လို့ မရတော့တဲ့အချိန်ကျတော့ တခြားနည်းလမ်းတခုဖြစ်တဲ့ ပျောက်ကျားစနစ်ကို ကျွန်တော်တို့ပြောင်းလုပ်ကြတယ်။ ကျွန်တော်သပိတ်အမျိုးမျိုးမှာ ပါဝင်ခဲ့တယ်။"*

ဘားအံမြို့မှ မေးခွန်းဖြေကြားသူတစ်ဦးက စစ်ကောင်စီ၏လုံခြုံရေးတပ်များနှင့် ၎င်းတို့၏လမ်းပိတ်ဆို့မှုများကို စောင့်ကြည့်သည့်အဖွဲ့တစ်ဖွဲ့ရှိပြီး ဆန္ဒပြတဲ့သူများအနေဖြင့် ၎င်းတို့ကိုကြိုတင်ရှောင်နိုင်ရန်အတွက် အချက်အလက်များပေးလေ့ရှိကြောင်း ပြောပြခဲ့ပါသည်။ သူမက *"ကျွန်မတို့ရှေ့မှာ သူတို့တွေလမ်းကိုပိတ်ထားတော့ ကျွန်မတို့ကအနောက်ဘက်မှာရှိတဲ့တခြားလမ်းကနေသွားပြီးဆက်ချီတက်ကြတယ်။ ကျွန်မတို့မှာလမ်းကြောင်းအခြေအနေနဲ့ပတ်သက်ပြီး သတင်းပေးတဲ့ လူငယ်အဖွဲ့တွေရှိတယ်။ တကယ်လို့သူတို့က လမ်းအောက်ဖက်မှာ ရဲ ဒါမှမဟုတ် စစ်သားတွေရှိတယ်လို့ သတင်းပေးရင် ကျွန်မတို့ကတခြားလမ်းနဲ့ဆက်သွားပြီး ဆန္ဒပြတာကို ဆက်လုပ်တယ်။ ကျွန်မတို့ကိုပစ်မှာကြောက်လို့ သူတို့နဲ့ထိတ်တိုက်တွေ့တာကို ရှောင်တယ်။"* ဟု ပြောခဲ့သည်။

ရန်ကုန်တိုင်းမြောက်ပိုင်းခရိုင်၊ တိုက်ကြီးမြို့နယ် ဘဥ---ကျေးရွာအုပ်စု၊ ဘဥ--ကျေးရွာမှဆန္ဒပြသူတစ်ဦးက ၎င်းတို့၏ဆန္ဒပြမှုပုံစံများကို ပြောင်းလဲပုံနှင့်ပတ်သက်ပြီး ဖော်ပြခဲ့သည်။ *"ကျွန်တော်တို့က ငြိမ်းချမ်းစွာနဲ့ ဆန္ဒပြနေပေမယ့် သူတို့က စစ်ကားတွေနဲ့ အမြန်ရောက်လာပြီး ကျောင်းဆရာမတွေကော၊ ကျောင်းသူတွေအပါအဝင် ဆန္ဒပြသူအားလုံးကို ရိုက်တယ်။ သူတို့က ဆန္ဒပြတဲ့သူတွေကိုရိုက်တယ်၊ ကန်တယ်။ အဲ့ဒါကို ကျွန်တော်တို့ဆန္ဒပြပွဲရဲ့ ပထမနေ့ [၂၀၂၁ ခုနှစ်၊ မတ်လ ၇ ရက်နေ့]မှာ လုပ်ခဲ့တာ။ ဒုတိယနေ့မှာတော့ ဆန္ဒပြသူအရေအတွက်နည်းသွားပေမယ့် ကျွန်တော်တို့အားလုံး လူတစ်ထောင်လောက်တော့ ရှိသေးတယ်။ သူတို့က ဆန္ဒပြတဲ့သူတွေကိုရိုက်တယ်။ ပြီးတော့ […]ခြိမ်းခြောက်တဲ့အနေနဲ့ သေနတ်ကိုမိုးပေါ်ထောင်ပစ်တယ်။ […]နေရာအနှံ့က တပ်မတော်သားတွေလာပြီး ကျွန်တော်တို့ကိုဝိုင်းခဲ့ကြတယ်။ အဲ့ဒီနေ့ကစပြီး ကျွန်တော်တို့တွေ [အုပ်စုလိုက်]ဆန္ဒမပြတော့ဘူး။ ဒါပေ*

*မယ့်လည်း ကျွန်တော်တို့လူငယ်သပိတ်။ ပိုစတာသပိတ် စတဲ့သပိတ်အသေးစားလေးတွေတော့ လုပ်ဖြစ်တယ်။ ပြီးတော့ ရေဖူးပေါ်မှာ ကျွန်တော်တို့စာရေးပြီး တံတားပေါ်တင်ထားတဲ့သပိတ်လည်း လုပ်သေးတယ်။"* အခြားနည်းလမ်းများကိုလည်း အသုံးပြုခြင်းများရှိခဲ့သည်။ သို့သော်မေးခွန်းဖြေကြားတစ်သူတစ်ဦး၏ ပြောပြချက်အရ ၎င်းတို့အနေဖြင့် လုံခြုံရေးအရ ဤနည်းလမ်းများကို ဖော်ထုတ်ပြောပြခြင်းမရှိခဲ့ပေ။ *"ကျွန်တော်တို့ရဲ့ လုံခြုံရေးအတွက် ကျွန်တော်တို့သုံးတဲ့နည်းလမ်းတွေကို မပြောချင်ဘူး။"*




ဤပုံကို ၂၀၂၁ ခုနှစ်၊ မတ်လ ၅ ရက်နေ့မူတြော်ခရိုင်၊ ဖာပွန်နှင့် ကမမောင်းမြို့များတွင်ပြုလုပ်ခဲ့သောဆန္ဒပြပွဲတွင်ရိုက်ယူခဲ့ပါသည်။ စစ်အစိုးရအားဆန့်ကျင်သည့် ဆန္ဒပြပွဲတွင် လူဦးရေ အယောက် ၁ သောင်းကျော် ပါဝင်ခဲ့ကြသည်။ ထို့ပြင် ဘူးသိုနှင့်ဒွယ်လိုးမြို့နယ်များရှိ ကျေးရွာအုပ်စု ၁၂ စုမှ ဆန္ဒပြသူများအပြင် အနီးအနားရှိကျေးရွာအုပ်စုနှင့် မြို့များမှဆန္ဒပြသူများလည်း ပါဝင်ခဲ့သည်။ *(ဓာတ်ပုံ – KHRG)*




ဤပုံကို ၂၀၂၁ ခုနှစ်၊ မတ်လ ၉ ရက်နေ့ ဒူးပလာယာခရိုင်၊ ကော့တရိမြို့နယ်၊ အောဖဖဒိုကျေးရွာအုပ်စု၊ ကော့တရိမြို့အနီးရှိ အာရှအဝေးပြေးလမ်းမတွင် ရိုက်ယူခဲ့ပါသည်။ ဤဆန္ဒပြသူများမှ ဆန္ဒပြပွဲအတွင်း စစ်အစိုးရ၏အကြမ်းဖက်မှုများကို ကာကွယ်ရန် အကာအကွယ်ပစ္စည်းအချို့ကို အသုံးပြုထားသည်။ *(ဓာတ်ပုံ – KHRG)*

ဆန္ဒပြနေသည့်အချိန်တွင် အချို့ဆန္ဒပြသူများက စစ်ကောင်စီလုံခြုံရေးတပ်ဖွဲ့များအား ခုခံရန်နှင့်ကာကွယ်ရန် နှစ်ခုလုံးအတွက် ရှေ့တန်းအဖွဲ့များ ဖွဲ့ခဲ့ကြသည်။ ရန်ကုန်မြို့ ဆန္ဒပြပွဲတွင်ပါဝင်ခဲ့သော တက္ကသိုလ်ကျောင်းသားတစ်ဦးက ရှင်းပြခဲ့သည်မှာ *"ဆန္ဒပြပွဲတခုမှာဆို ရှေ့တန်းမှာမတူတဲ့အဖွဲ့သုံးဖွဲ့ကို ကျွန်တော်တို့ထားထားတယ်။ ပထမအဖွဲ့က ဆန္ဒပြသူတွေကို ကာကွယ်ပေးဖို့နဲ့ [ရဲတွေပစ်တဲ့]မျက်ရည်ယိုဗုံးတွေ ပြန်ပစ်ဖို့၊ မီးသတ်ဆေးဗူးသုံးပြီး မီးငြိမ်းသတ်ပေးဖို့တွေ လုပ်တယ်။ ဒုတိယအဖွဲ့ကတော့ လူတွေ[ဆန္ဒပြသူများ] ရဲအဖမ်းခံရတယ်ဆိုရင် ကာကွယ်ပေးဖို့လုပ်တယ်။ တတိယအဖွဲ့ကတော့ ရှေ့တန်းကနေ ဒိုင်းကိုင်ပေးတဲ့အဖွဲ့ဖြစ်တယ်။ သူတို့ကတော့ ဘာဖြစ်ဖြစ်ထွက်ပြေးလို့မရဘူး။ တကယ်လို့သူတို့က ကျွန်တော်တို့ကို နံပါတ်တုတ်နဲ့ရိုက်မယ်၊ ရာဘာကျည်နဲ့ပစ်မယ်ဆိုရင်တော့ ကျွန်တော်တို့ ကိုယ်ကိုကိုယ် မကာကွယ်နိုင်ဘူး။ ကျွန်တော်တို့ရဲ့ဒိုင်းတွေက ကျည်ဆံအစစ်ကို မကာနိုင်ဘူး။ ကျွန်တော်တို့ ပလက်စတစ်ဒိုင်းနဲ့ သံဒိုင်းမျိုးစုံတော့သုံးတယ်။ ဒါတွေက ရာဘာကျည်ကနေပဲ ကျွန်တော်တို့ကို ကာပေးနိုင်တယ်။ အချို့ဒိုင်းတွေက [ရာဘာကျည်နဲ့ ပစ်တာတောင်] အဲ့ဒီနေ့မှာပဲ ပေါက်ပြဲကုန်တယ်။"*

ဆန္ဒပြသူအများစုမှာ ဒိုင်း သို့မဟုတ် ကျည်ကာစသည့် အကာအကွယ်ပစ္စည်းများမရှိသည့်အတွက် အကြမ်းဖက်ဖြိုခွင်းမှုများနှင့် ကြုံလာသည့်အခါတွင် ထွက်ပြေးရန်မှလွဲ၍ အခြားရွေးချယ်စရာနည်းလမ်းများမရှိပါ။ ဆန္ဒပြသူများအနေဖြင့် ညအချိန်တွင် ၎င်းတို့၏နေအိမ်များ၌ပင် အဖမ်းခံရကြသဖြင့် ဆန္ဒပြခေါင်းဆောင်များမှာ ၎င်းတို့၏ကိုယ်ပိုင်အိမ်တွင် အိပ်စက်လေ့မရှိပေ။ အချို့မှာမူ လုံခြုံရေးအတွက် အခြားနေရာများသို့ ထွက်ပြေးတိမ်းရှောင်ကြရသည်။ ဘိတ်–ထားဝယ်ခရိုင်၊ ဘုတ်ပြင်းမြို့မှ ဆန္ဒပြလူငယ်ခေါင်းဆောင်တစ်ဦးက သူမ၏အတွေ့အကြုံနှင့်ပတ်

သက်ပြီး ဤသို့ပြောခဲ့သည်။ *"ကျွန်မအနေနဲ့ ဆန္ဒပြပွဲတွေမှာ ဘယ်နှစ်ကြိမ်ပါဝင်ခဲ့ရလဲဆိုတာကို မရေတွက်နိုင်တော့ဘူး။ ကျွန်မတို့နောက်ဆုံးအခေါက် ဆန္ဒပြခဲ့တာကတော့ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့မှာပဲ။ ကျွန်မတို့ဆန္ဒပြပြီးတာနဲ့ သူတို့[စကစစစ်သားတွေက] ကျွန်မတို့ကိုဖမ်းဖို့ ရောက်လာတယ်။ ဒါကြောင့် ကျွန်မတို့ထွက်ပြေးခဲ့ကြရတယ်။ [...]ကျွန်မ ဆန္ဒပြပွဲမှာပါဝင်ခဲ့သလို ဦးဆောင်မှုလည်းလုပ်ခဲ့တယ်။ [...]ကျွန်မနာမည်က ဖမ်းဝရမ်းထုတ်ထားတဲ့ စာရင်းထဲမှာပါတယ်လို့ ကျွန်မအမေကပြောတယ်။ ကျွန်မအပါအဝင် အားလုံးသုံးယောက် ဒီဘက်ကိုပြေးလာတယ်။ [...]ကျွန်မဒီ KNU နယ်မြေထဲရောက်တာ နှစ်လနဲ့ရှစ်ရက်ရှိပြီ။ ကျွန်မထွက်လာတဲ့ ပထမဆုံးနေ့ကစပြီးတော့ သူတို့က တပတ်အတွင်းမှာ ကျွန်မကိုသုံးကြိမ်တိတိ လာရှာတယ်။ အရင်လကတော့ ကျွန်မပြန်လာမလား၊ မပြန်လာဘူးလားဆိုတာကို လာမေးသွားကြတယ်။ ကျွန်မအမေက ကျွန်မတခြားကိုထွက်သွားပြီဆိုတော့ ပြန်မလာတော့ဘူးလို့ ပြောလိုက်တယ်။"*

ရောဝတီတိုင်းမှ ကျောင်းအုပ်တစ်ဦးဖြစ်သူ စောန---ကလည်း ၎င်းအနေဖြင့်လည်း ဆန္ဒပြရာတွင်ပူးပေါင်းပါဝင်လာသည့် ဒေသတွင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (MLIP)မှ အရာရှိတစ်ဦးနှင့် အခြားဝန်ထမ်းနှစ်ဦးအား ဖမ်းဆီးခံရခြင်းမှကာကွယ်ပေးရန် လုပ်ဆောင်ခဲ့သည့်အတွက် ပစ်မှတ်ထားခံရကြောင်းဖော်ပြခဲ့သည်။ နောက်တစ်ရက်တွင် သူကိုယ်တိုင်ဖမ်းဆီးခံရမည့်အန္တရာယ်ကို ကြုံတွေ့ခဲ့ရသည်။ ထိုအကြောင်းကို သူက ဤကဲ့သို့ရှင်းပြထားသည်။ *"ဖေဖော်ဝါရီလ ၁၂ ရက်နေ့ညမှာ သူတို့[ရဲ]တွေက ကျွန်တော်တို့ရဲ့ရပ်ကွက်ထဲမှာ လူတွေကိုလာဖမ်းမယ်ဆိုတဲ့သတင်းကို ကြားတယ်။ ဒါကြောင့် ကျွန်တော်က ၇ နာရီခွဲလောက်မှာ ကျွန်တော့မိသားစုကိုခေါ်ပြီးတော့ အဖမ်းမခံရအောင် အိမ်ကနေထွက်လာခဲ့တယ်။ အဲ့ဒီညမှာပဲ သူတို့က ကျွန်တော်တို့ရပ်ကွက်ထဲမှာနေတဲ့သူတွေကို စဖမ်းတယ်။ အဲ့ဒီအချိန် ကျွန်တော့အိမ်မှာ ဘယ်သူမှမရှိဘူး။ ကျွန်တော့အိမ်ကို ပိတ်ထားတယ်။ အိမ်ရှေ့တံခါးနဲ့ ဂိတ်တံခါးလည်း သော့ခတ်ထားတယ်။ သူတို့က ကျွန်တော့အိမ်ရှေ့တံခါးနဲ့ ဂိတ်တံခါးကိုဖျက်ဆီးလိုက်တယ်။ ပြီးတော့ အိမ်ထဲဝင်ပြီး ကျွန်တော့ကိုရှာတယ်။ အဲဒီမှာ ရဲ၊ စစ်သားနဲ့ ရပ်ကွက်ခေါင်းဆောင်အားလုံးပေါင်း အယောက် ၃၀ လောက်ရှိတယ်။ အဲ့ဒီအချိန်ကစပြီးတော့ ကျွန်တော့မိသားစုကို လုံခြုံတဲ့နေရာမှာထားပြီး ကျွန်တော်ကတော့ခုချိန်ထိ ထွက်ပြေးနေတုန်းပဲ။"*

ဖမ်းဆီးခြင်းများနှင့် အကြမ်းဖက်မှုများ ပိုမိုများပြားလာသည့်အတွက် ပြည်သူများအနေဖြင့် ဆန္ဒပြပွဲများအား ဦးဆောင်စီစဉ်ရန်အတွက် ပိုမိုကြောက်ရွံ့လာကြသည်။ ဒူးပလာယာခရိုင်မှ ဆန္ဒပြသူတစ်ဦးက *"လုံခြုံမှုမရှိတဲ့အခြေအနေတွေက အများကြီးဆိုတော့ သူတို့လည်း ဆန္ဒပြပွဲတွေကို မလုပ်တော့ဘူး။"* ဟု ပြောခဲ့သည်။[47]

နောက်ထပ်ရှုပ်ထွေးလာသည့် အရာတစ်ခုမှာ သတင်းပေးများ များပြားလာခြင်းဖြစ်သည်။ ဒူးပလာယာခရိုင်၊ ကော့တရိမြို့မှ မေးခွန်းဖြေကြားသူတစ်ဦးက ဆန္ဒပြသူများနှင့်ပတ်သက်ပြီး ရဲနှင့်စစ်သားများထံ သတင်းပေးသည့်သူများ လူမှုအသိုင်းအဝိုင်းတွင် ရှိနေခြင်းဖြစ်သည်။ *"ရဲနဲ့စစ်သားကို ဘယ်သူကဘယ်မှာရှိပြီး ဘာလုပ်နေတယ်ဆိုတာနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်ပေး ဆက်သွယ်တဲ့သူတွေရှိတယ်။"* [48]ဒူးသထူခရိုင်၊ ဘီးလင်းမြို့မှ ဆန္ဒပြသူတစ်ဦးက ဤအကြောင်းအရာနှင့်ပတ်သက်ပြီး ပြောပြခဲ့သည်။ *"ကျွန်တော်တို့မှာ ဆန္ဒပြဖို့အတွက် လွတ်လပ်ခွင့်အပြည့်အဝမရှိဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ဒေသထဲမှာ ဒလန်[စစ်ကောင်စီအား ဆန္ဒပြသူနှင့်ပတ်သက်၍ သတင်းပေးသူများ]တွေ အများကြီးပဲ။ ဒါကြောင့် ကျွန်တော်တို့ဆန္ဒပြပွဲမှာပါဝင်တဲ့အခါ အန္တရာယ်များတယ်။ အဲ့ဒီအတွက်ကြောင့် ကျွန်တော်တို့ဂရုစိုက်ရတယ်။"* မူတြော်ခရိုင်၊ ဒအ---မြို့၏ အုပ်ချုပ်ရေးမှူးဖြစ်သူတစ်ဦးသည်လည်း သူ၏ဒေသတွင် သံပုံးတီးခြင်းကိုဦးဆောင်သည်ဟု တစ်စုံတစ်ယောက်မှ တိုင်ကြားလိုက်ပြီး ၎င်းအနေနှင့်လည်း သူ၏ရပ်ကွက်တွင်ဖြစ်ပျက်နေသည်များအား စစ်ကောင်စီကို အစီရင်ခံတင်ပြခြင်းမရှိသည့်အတွက် အဖမ်းခံခဲ့ရသည်။ ဤအခြေအနေက ဒေသခံများအတွက် မလုံခြုံမှုကိုပိုမိုဖြစ်ပေါ်စေသည်။

---

47 KHRG မှ မကြာခင်ထုတ်ဝေတော့မည့် အစီရင်ခံစာ "We Will Win this Fight" တွင် ကြည့်ပါ။

48 KHRG မှ မကြာခင်ထုတ်ဝေတော့မည့် အစီရင်ခံစာ "We Will Win this Fight" တွင် ကြည့်ပါ။

ရောနှောအုပ်ချုပ်ဒေသများတွင် အချို့သောဆန္ဒပြသူများ ဆန္ဒပြနေစဉ်အချိန်အတွင်း လုံခြုံမှုရှိစေရန်ဒေသတွင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အကာအကွယ်ပေးမှုကို ရရှိကြသည်။ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA)[49]နှင့် (အချို့သောအခြေအနေများတွင် DKBA[50]) ကဆန္ဒပြသည့်ကာလအတွင်း လုံခြုံရေးပေးရန် ၎င်းတို့နှင့်အတူလိုက်ပါကြောင်း အချို့မေးခွန်းဖြေကြားသူများက တင်ပြခဲ့သည်။ သို့သော်လည်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ရောနှောအုပ်ချုပ်နယ်မြေများကို ကျော်လွန်ပြီး ဆန္ဒပြသူများ၏နောက်သို့လိုက်ပါနိုင်ခြင်းမရှိပါ။ ကော့တရိမြို့မှ နော်အဇ---က ပြန်ပြောပြခဲ့သည်မှာ *"တပ်မဟာ ၆ (ဒူးပလာယာခရိုင်ရှိ KNLA တွေက [...]ကျွန်မတို့ကို ဝန်းရံပေးပြီး [ဆန္ဒပြမှုအတွင်း]လုံခြုံရေးပေးတယ်။ သူတို့ကစစ်ဝတ်စုံ၊ သေနတ်တွေနဲ့လာကြတယ်။ သူတို့ရဲ့[သတ်မှတ်ထားတဲ့] အုပ်ချုပ်မှုနယ်မြေအထိ လိုက်ပါဝန်းရံပေးကြတယ်။ မြန်မာအစိုးရရဲ့ အုပ်ချုပ်တဲ့နယ်မြေရောက်တော့ ကျွန်မတို့ကိုယ်ဟာ ကိုယ်ပဲဆက်သွားရတယ်။"*

ကြာအင်းဆိပ်ကြီးမြို့ ဆန္ဒပြပွဲတစ်ခုတွင် KNLA စစ်သားများသည် စစ်ဝတ်စုံဝတ်ဆင်ခြင်းမရှိပဲ အဝေးမှနေ၍ အခြေအနေကို အကဲခတ်ကြောင်းပြည်သူတစ်ဦးက ပြောခဲ့သည်။သူမက *"သူတို့တွေ ဆန္ဒပြတဲ့အဖွဲ့ရဲ့အကွာအဝေးကနေမတ်တပ်ရပ်ပြီး စောင့်ကြည့်နေတာကို တွေ့ခဲ့တယ်။ တချို့စစ်သားတွေကတော့ အရပ်သားအဝတ်တွေပဲဝတ်ထားတယ်။ သူတို့မှာ လက်နက်ရှိမရှိတော့ ကျွန်မတို့လည်းမသိဘူး။ စစ်သားတွေက ဆန္ဒပြတဲ့သူတွေကို စောင့်ပေးနေတာဖြစ်ရမယ်လို့ ကျွန်မတို့ပြောခဲ့သေးတယ်။ သူတို့တွေဟာ ဒေသတွင်းက KNLA စစ်သားတွေပဲဆိုတော့ စစ်ဝတ်စုံမဝတ်ထားလည်း ကျွန်မတို့ကမှတ်မိတယ်။ သူတို့ကဆန္ဒပြသူတွေနဲ့ မလိုက်ပဲကားနဲ့သပ်သပ်သွားကြတယ်။"* ဟု ပြောခဲ့သည်။

ဒူးပလာယာခရိုင်၊ ကော့တရိမြို့၊ အခ--ကျေးရွာမှ ဆန္ဒပြသူတစ်ဦးက KNLA စစ်သားများသည် အမြဲတမ်းစစ်ဝတ်စုံနှင့် သေနတ်မပါပဲ နေကြခြင်းမဟုတ်ကြောင်း အတည်ပြုခဲ့သည်။ *"အရပ်သားတွေက အရှေ့ကနေသွားပြီးတော့ သူတို့က [KNLA]နောက်ကလိုက်တယ်။ သူတို့က အခြေအနေတစ်ခုခုဖြစ်မှပဲပေါ်လာပြီး သေနတ်သုံးမှာ။ ပြည်သူတွေက ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဆန္ဒပြနေကြတာကို တပ်မတော်စစ်သားတွေက ပစ်ရင်တော့ သူတို့အနားကပ်လာမှာပဲ။ သူတို့ကဆန္ဒပြတဲ့သူတွေနဲ့ အနီးကပ်မလိုက်ဘူး။ အနောက်ဘက်ကနေပဲ စောင့်တယ်။"*

KNLA စစ်သားများရှိနေခြင်းက ရွာသားများအား ဆန္ဒပြရာတွင် လုံခြုံမှုရှိစေသည်။ ကော့တရိမြို့နယ်၊ ဂမ---ကျေးရွာအုပ်စု၊ ဒဝ---ကျေးရွာမှ ဆန္ဒပြသူတစ်ဦးက ဤသို့ဖြည့်စွက်ခဲ့သည်။ *"KNU က ကျွန်တော်တို့ဆန္ဒထုတ်ဖော်တဲ့နောက်ဆုံးနေ့မှာ လုံခြုံရေးလိုက်ပေးတယ်။ သူတို့က ဘာပြဿနာမှမရှိဘူး၊ ကျွန်တော်တို့ဆန္ဒထုတ်ဖော်လို့ရတယ်လို့ပြောတယ်။ တကယ်လို့ ပြဿနာတခုခုဖြစ်ရင် ကျွန်တော်တို့အတွက်ဖြေရှင်းပေးမယ်လို့ သူတို့ပြောတယ်။"* ပြည်သူများအနေဖြင့် ဆန္ဒပြပွဲများတွင်ပါဝင်ခြင်းသည် အန္တရာယ်များသည်ကိုသိသော်လည်း တိုင်းရင်းသားလက်နက်ကိုင်များ၏ အကာအကွယ်ပေးမှုကြောင့် စိတ်ဓါတ်တက်ကြွမှုကို ခံစားကြရသည်။ ဒူးသထူခရိုင်၊ ဘီးလင်းမြို့မှ မောင်ဘ---က *"ကျွန်တော့အနေနဲ့ကတော့ ဒါနဲ့ပတ်သက်ပြီး အရမ်းကိုကျေနပ်တယ်။ အရမ်းလည်းပျော်တယ်။ ကျွန်တော်တို့အားရှိသလို ခံစားရတယ် လို့ပြောနိုင်တယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့အားကိုးနိုင်တဲ့တစ်ခုတည်းသောအဖွဲ့က KNU ပဲ။ သူတို့က လူတွေကိုကာကွယ်ပေးဖို့ အရမ်းကြိုးစားတယ်။ ပြီးတော့*

---

49 ကရင့်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA)သည် ကရင်အမျိုးသားအစည်းအရုံး (KNU)၏ လက်နက်ကိုင်အဖွဲ့ဖြစ်သည်။

50 ၁၉၉၄ ခုနှစ်တွင် တိုးတက်သောကရင်ဗုဒ္ဓဘာသာတပ်မတော် (DKBA)သည် ဘာသာရေးအပေါ်ထည့်သွင်းစဉ်း စားမှုကျူးလွန်၍ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) သို့ခွဲထွက်ခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် DKBA အများစုသည် BGFs သို့ပြောင်းလဲခဲ့ကြသည်။ သို့သော် တစ်ဖွဲ့မှငြင်းပယ်ပြီး ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA)သို့ ပြောင်းလဲခဲ့ကြပြီး ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် DKBA တစ်ဖွဲ့မှခွဲထွက်ခဲ့ကြပြီး တိုးတက်သော ကရင်ဗုဒ္ဓဘာသာတပ်မတော်ကို ပြန်လည်ခေါ်ဝေါ်ခဲ့ကြသည်။ ထိုအဖွဲ့သည် NCA လက်မှတ်မထိုးပါ။ DKBA သည် ဒီမိုကရေစီအကျိုးပြုအဖွဲ့ကို ရည်ညွှန်းခြင်းဖြစ်ကြောင်းနှင့် ဗုဒ္ဓဘာသာအဖွဲ့ကို ရည်ညွှန်းခြင်းဖြစ်သည်ကို ဤနေရာတွင် ရှင်းလင်းတိကျခြင်းမရှိပါ။

*ကျွန်တော်တို့ ပိုပြီးအားရှိလာတယ်လို့ ခံစားရတယ်။ ဒါကြောင့် ကျွန်တော်တို့က ကျေနပ်ပြီးတော့ KNU ကို အရမ်းကျေးဇူးတင်တယ်။"* ဟု ပြောခဲ့သည်။



ဤပုံကို စစ်အစိုးရအားဆန့်ကျင်သည့် ဆန္ဒပြချီတက်ပွဲကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ပထမအပတ်အတွင်း ဘားအံခရိုင်၊ ဘားအံမြို့တွင် ပြုလုပ်ခဲ့ကြသည်။ ဒေသခံ ကျန်းမာရေးလုပ်သားများမှ အရေးပေါ်ဆေးကုသမှုများပေးနိုင်ရန်အတွက် ဆန္ဒပြသူများနှင့်အတူ ဆန္ဒပြပွဲသို့တက်ရောက်ခဲ့ကြသည်။ *(ဓာတ်ပုံ-ဒေသခံရွာသား)*



ဤပုံကို ၂၀၂၁ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် ရရှိခဲ့ပါသည်။ ဘိတ်-ထားဝယ်ခရိုင်၊လယ်ဒိုစိုးမြို့နယ်၊ကမိုသွေးကျေးရွာအုပ်စုမှ ဒေသခံရွာသား အယောက် ၁၀၀၀ ဝန်းကျင်မှ စစ်အစိုးရအားဆန့်ကျင်သည့် ဆန္ဒပြပွဲကိုပြုလုပ်ခဲ့ကြသည်။ စစ်ကောင်စီအစိုးရလုံခြုံရေးတပ်ဖွဲ့များ၏အကြမ်းဖက်မှုများမှကာကွယ်ရန် KNLA စစ်သားများမှ ဆန္ဒပြသူများနှင့်အတူ လိုက်ပါခဲ့ကြသည်။ *(ဓာတ်ပုံ-ဒေသခံရွာသား)*

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် အစိုးရအုပ်ချုပ်သောနယ်မြေများနှင့် မြို့များသို့ရွာသားများနှင့်အတူမလိုက်ပါနိုင်သည့်အတွက် အချို့ရွာသားများက ထိုသို့သောဆန္ဒပြပွဲများတွင် ပါဝင်ရခြင်းမှာ လုံခြုံရေးအရ အလွန်အန္တရာယ်ရှိကြောင်း မှတ်ချက်ပြုခဲ့သည်။ ရန်ကုန်မြို့တွင် ဆန္ဒပြခဲ့သော နော်အဌ---ကစစ်ကောင်စီ၏ လုံခြုံရေးတပ်ဖွဲ့များအပေါ် သူမ၏အမြင်ကို ဤသို့ပြောခဲ့သည်။ *"တကယ်လို့ ကျွန်မသာကိုယ့်ရွာမှာကိုယ်ဆန္ဒပြမယ်ဆိုရင် လုံခြုံရေးယူပေးမယ့်လူရှိမှာပဲ။ ကျွန်မတို့မြို့ပေါ်မှာကျတော့ ဆန္ဒပြပေမယ့် ဘာလုံခြုံရေးအဖွဲ့မှမရှိဘူး။ လက်နက်ကိုင်တပ်ဖွဲ့လည်းမရှိဘူး။ ကျွန်မတို့က ဒီလိုပဲသွားရတယ်။ တကယ်လို့သူတို့က ပစ်ရင်ကျွန်မတို့အပစ်ခံရမယ်။"*

မြို့များနှင့်မြို့ကြီးများတွင် ပြုလုပ်သည့်ဆန္ဒပြပွဲများတွင် ပါဝင်သူများသည် အကြမ်းဖက်မှုများနှင့် ရင်ဆိုင်ရသောကြောင့် ဆန္ဒပြပွဲများဆက်လက်လုပ်ဆောင်ရန် အခက်အခဲများရှိသည်။ ဘိတ်-ထားဝယ်ခရိုင်၊ လယ်ဒိုစိုးမြို့နယ်၊ ဖရ---ဒေသ၊ စရ---ကျေးရွာမှ ရွာသားတစ်ဦးက စစ်ကောင်စီမှ စတင်အကြမ်းဖက်မှုပြုလုပ်သည့်အချိန်၌ ၎င်းတို့အနေဖြင့် ဆန္ဒပြမှုများတွင်ပါဝင်ခြင်းများကို ရပ်တန့်ခဲ့ကြရကြောင်း ပြောခဲ့သည်။

အကြမ်းဖက်မှုနှင့် ဖမ်းဆီးအကျဉ်းချမှုများက ကျေးလက်ဒေသရှိပြည်သူများအား ကြောက်ရွံ့မှုနှင့် မလုံခြုံမှုကိုပို၍ဖြစ်ပေါ်စေသည်။ အချို့ရွာသားများက ဒေသတွင်းကျေးရွာများရှိ ရွာသားများကို စစ်သားများမှစတင်ဖမ်းဆီးမည်ကို စိုးရိမ်လာကြသည်။ ဒူးပလာခရိုင်၊ ကော့တရိမြို့နယ်၊ ဂမ---ကျေးရွာအုပ်စု၊ ဒဝ---ကျေးရွာမှ စောအဂ---က ဤသို့ပြောသည်။ *"[ရွာထဲမှာ]စစ်ရေးလှုပ်ရှားမှုတွေ မရှိပေမယ့် တကယ်လို့စစ်တပ်က ကျွန်တော်တို့ဆန္ဒပြသူတွေဖြစ်တာသိရင် ဘာဖြစ်လာမလဲဆိုတာ ကိုစိုးရိမ်တယ်။ သူတို့က ကျွန်တော်တို့ကိုလာပြီးဖမ်းလိမ့်မယ်။ အခုတော့သူတို့ဖမ်းတာ မခံရဖို့သတိထားနေရတယ်။"* စစ်ကောင်စီ၏လုံခြုံရေးတပ်ဖွဲ့များမှ KNU အုပ်ချုပ်ဒေသရှိ ဆန္ဒပြသူများအား ဖမ်းဆီးလျက်ရှိကြောင်း မေးခွန်းဖြေကြားသူတစ်ဦးက ပြောခဲ့သည်။ *"KNU ထိန်းချုပ်ထားတဲ့*

*ကျွန်တော်တို့ဒေသမှာ KNU ကမသိရပဲ ရာဇသတ်ကြီးပုဒ်မ ၅၀၅ နဲ့ ၁၂၄ တို့တွေနဲ့ အဖမ်းခံရတဲ့သူတွေရှိတယ်။ ဒီအစ–––ရွာကနေ ကရ–––ရွာအထိ နယ်မြေကို [KNU က] သူတို့ရဲ့ ထိန်းချုပ်နယ်မြေလို့ သတ်မှတ်ထားတဲ့ရွာဖြစ်ပေမယ့် စစ်ကောင်စီကဆန္ဒပြပွဲမှာ ပါတဲ့လူလေးငါးယောက်လောက်ကို ဖမ်းဆီးခဲ့ကြတယ်။ အဲ့ဒီအဖမ်းခံရတဲ့သူတွေ သူတို့အိမ်မှာနေတာ အမြဲတမ်းမတွေ့ရဘူး။ သူတို့ကိုခဏတွေ့ပြီးတော့ ညအချိန်မှာဆိုရင် သူတို့ကတောထဲမှာပဲ သွားအိပ်ကြတယ်။"*

ကျေးလက်ဒေသရှိ မေးခွန်းဖြေကြားသူများကလည်း စစ်ကောင်စီစစ်သားများ၊ ရဲအရာရှိများ၊ အခြားလက်နက်ကိုင် တပ်ဖွဲ့များနှင့် ဒေသခံအာဏာပိုင်များ၏ ခြိမ်းခြောက်မှုနှင့် အခြားနှောင့်ယှက်မှုတို့ကို ရင်ဆိုင်ကြရကြောင်း တင်ပြခဲ့ကြသည်။ အချို့ဒေသများတွင် ရဲများသည် ဒေသအတွင်းလှည့်လည်ပြီး ပြည်သူများအနေဖြင့် ဆန္ဒပြပွဲတွင်မပါသင့်ကြောင်း ကြေညာကြသည်။ ကော့တရိုမြို့နယ်မှ တက္ကသိုလ်ကျောင်းသူ ဖဟ–––က ဤသို့ရှင်းပြခဲ့သည်။ *"သူတို့တွေ [စစ်ကောင်စီရဲတပ်ဖွဲ့] က ကျွန်မတို့ကိုဆန္ဒပြပွဲတွေမှာ မပါဖို့တားတယ်။ ကျွန်မတို့အနေနဲ့ ဆန္ဒပြပွဲတွေမှာပါမယ်ဆိုရင် သူတို့တွေက ဖမ်းဆီးထိန်းသိမ်းမယ်ဆိုပြီး အော်ပြောတယ်။ သူတို့က [ရွာကိုပတ်ပြီးတော့] ကြေညာတယ်၊ ပြီးတော့ စာစောင်တွေလိုက်ဝေတယ်။"* စစ်ကောင်စီစစ်သားများသည် ဒေသခံရွာသားများအား ဆန္ဒပြပွဲတွင်မပါရန် သတိပေးပြီး ဆန္ဒပြပွဲဦးဆောင်သူများအား ဖမ်းဆီးရန်ခြိမ်းခြောက်သည်။ မူး(မုန်း)မြို့နယ်၊ ဖဥ–––ကျေးရွာအုပ်စု၊ စဗ–––ကျေးရွာမှ နော်ဈ–––က *"လယ်ဒို [ကျောက်ကြီး] မြို့နဲ့ မူးမြို့နယ်တွေမှာ အခြေအနေကို သတိထားဖို့ သတိပေးခံရတယ်။ ကျွန်မတို့မှာ တချို့လှုပ်ရှားမှုတွေရှိပေမယ့် ထင်ထင်ရှားရှားမလုပ်ရဲဘူး။ တကယ်လို့ ကျွန်မတို့လုပ်တာသိသာမယ်ဆိုရင် စစ်ကောင်စီစစ်သားတွေက ကျွန်မတို့လုပ်တာတွေ့တာနဲ့ ပစ်မယ်လို့ပြောတယ်။"* ကော့တရိုမြို့နယ် အအ–––ကျေးရွာအုပ်စုမှ ရွာသားတစ်ဦးကလည်း ကျေးရွာများမှရွာသားအများအပြား မြို့ပေါ်တွင်လုပ်သည့် ဆန္ဒပြပွဲများတွင် ပါဝင်လာကြောင်းတွေ့သည့်အခါ စစ်ကောင်စီမှ ၎င်းတို့၏တပ်များအား ဒေသအတွင်းတွင် အင်အားဖြည့်ခဲ့ကြောင်း ဖော်ပြခဲ့သည်။ ကျေးလက်ဒေများတွင်မူ ဆန္ဒပြမှုများအပေါ် အကြမ်းဖက်သည့်ဖြစ်စဉ် ရှားပါးပါသည်။

စစ်ကောင်စီလုံခြုံရေးတပ်ဖွဲ့များ၏ ခြိမ်းခြောက်မှုများအပြင် ရွာသားအချို့သည် ဒေသခံအာဏာပိုင်များ၏ ခြိမ်းခြောက်မှု သို့မဟုတ် သတိပေးမှုများကိုလည်း ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသည်။ တောအူး(တောင်ငူ)ခရိုင်၊ ဒေါ်ဖခို (သံတောင်ကြီး)မြို့နယ်မှ နော်အ–––က ဤသို့ပြောခဲ့သည်။ *"ကျွန်မတို့ အာဏာသိမ်းမှုအစောပိုင်းလောက်မှာ ဆန္ဒထုတ်ဖော်တာတွေ လုပ်ခဲ့တယ်။ နောက်ပိုင်းတော့ လိပ်သိုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကစ–––က လူတွေကို ဝင်မပါဖို့နဲ့ ပါတဲ့သူတွေက အဖမ်းခံရမယ်လို့ [အသံချဲ့စက်ဖြင့်ကြေညာပြီး] ပြောခဲ့တယ်။"* အုပ်ချုပ်ရေးမှူးသည် ထိုကြေညာချက်ကို ဖတ်သည့်အချိန်တွင် စစ်ကောင်စီစစ်သားများ လိုက်ပါလာသည့်အတွက် ထိုသတိပေးမှုမှာ စစ်ကောင်စီထံမှ ဖြစ်နိုင်သည်ဟု သူမမှတ်ချက်ပြုခဲ့သည်။

မြို့ပေါ်တွင် ဆန္ဒပြသူများကဲ့သို့ ကျေးလက်ဒေသရှိဆန္ဒပြသူများသည် အနှောင့်အယှက်နှင့် လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများရှိသော်လည်း ဆက်လက်ဆန္ဒပြရန် နည်းလမ်းများကို ရှာဖွေလာကြသည်။ ဒူးပလာယာခရိုင်၊ ဝေါ်ရေ့မြို့နယ်၊ ဒဥ–––ကျေးရွာအုပ်စုမှဆန္ဒပြသူတစ်ဦးက ၎င်းတို့စိတ်ဆန္ဒပြင်းပြမှုနှင့်ပတ်သက်ပြီးကြာအင်းဆိပ်ကြီးမြို့ပေါ်ရှိ ပိုမိုကြီးမားသော ဆန္ဒပြပွဲများတွင်မပါရန် တားမြစ်ခံရသော်လည်း ၎င်းတို့၏ကျေးရွာတွင် တက်ကြွစွာဆန္ဒပြခဲ့ကြသည်။ *"တကယ်လို့ကျွန်မသာ ကြာအင်းဆိပ်ကြီးမြို့မှာ ဆန္ဒပြခွင့်ရရင် ကျွန်မတို့စောစောပြန်လာနိုင်ပြီး ပင်ပန်းမှာမဟုတ်ဘူး။ ဒါပေမယ့် ကျွန်မတို့ကရွာထဲမှာပြန်လာပြီး နေပူပူကြီးအောက်မှာ ဆန္ဒပြရတော့ မနေ့ကဆို လူတွေအများကြီးပင်ပန်းကြတယ်။ သူတို့မျက်နှာတွေကိုကြည့်တဲ့အခါမှာ "နွေဦးတော်လှန်ရေး" လို့ရေးထားတဲ့ နဖူးစည်းကို စည်းထားတဲ့သူတို့ရဲ့နဖူးတွေပဲ နေမထိတာကိုပဲမြင်ရတော့တယ်။ ဒါပေမယ့် သူတို့ရဲ့ မျက်နှာတခုလုံးကတော့*

*နေ့တနေ့ရဲ့အပူဆုံးဖြစ်တဲ့ နေ့လည် ၁၁ နာရီကနေ ၁၂ နာရီအချိန်လောက်မှ ဆန္ဒပြရလို့ [နေလောင်ဒဏ်နဲ့]နီရဲနေတယ်။ သူတို့ကနေပူထဲမှာပဲထိုင်ပြီး ဆန္ဒပြကြရတယ်။”* [51]

နောက်ပိုင်းတွင် ကျေးလက်နှင့်မြို့ပြနှစ်ခုလုံးတွင် ဆန္ဒပြမှုများ လျော့နည်းလာပါသည်။ KHRG မှ ၂၀၂၁ ခုနှစ်၊ ဇွန်လမှစ၍ ဆန္ဒပြခြင်းနှင့်ပတ်သက်သည့် အစီရင်ခံစာအနည်းငယ်ကိုသာ ရရှိတော့သည်။

[51] KHRG မှ မကြာခင်ထုတ်ဝေတော့မည့် အစီရင်ခံစာ “We Will Win this Fight” တွင် ကြည့်ပါ။

## အခန်း (၂) အာဏာဖီဆန်ရေးလှုပ်ရှားမှု(CDM)

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် မြန်မာနိုင်ငံတစ်ဝှမ်းရှိ ကျန်းမာရေးဝန်ထမ်းအချို့သည် စစ်တပ်၏အာဏာသိမ်းမှုကို ဆန့်ကျင်ကြောင်း ဖော်ပြရန်အတွက် ၎င်းတို့၏အလုပ်မှ ထွက်ခဲ့ကြသည်။ ထိုဆန္ဒပြမှုပုံစံသည် အခြားသော ပြည်သူ့ဝန်ဆောင်မှုဌာနများသို့ လျင်မြန်စွာပြန့်နှံ့ခဲ့ပြီး နောက်ဆုံးတွင် နိုင်ငံတစ်ဝှမ်းလုံးတွင် CDM လှုပ်ရှားမှုများကို ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်လာခဲ့သည်။ ထိုအချိန်မှစ၍ CDM လှုပ်ရှားမှုတွင် ပါဝင်သူများအား စစ်ကောင်စီမှ ပစ်မှတ်ထား၍ ဖမ်းဆီးခြိမ်းခြောက်ခြင်းများကို ပြုလုပ်ခဲ့ခြင်းကြောင့် များစွာသောဝန်ထမ်းများမှာ ပုန်းရှောင်နေခဲ့ရသည်။ ဖေဖော်ဝါရီလလယ်တွင် KNU မှ စစ်အစိုးရအား ငြင်းပယ်သည့် ကြေညာချက်တစ်ခု ထုတ်ခဲ့ပြီး ဆန္ဒပြပြည်သူများနှင့် CDM လှုပ်ရှားမှုတွင်ပါဝင်သော အစိုးရဝန်ထမ်းများအား အကာအကွယ်ပေးရန် ကမ်းလှမ်းခဲ့သည်။[52] KNU အာဏာပိုင်များသည် ၎င်းတို့ထိန်းချုပ်နယ်မြေအောက်ရှိ ခရိုင်ခုနှစ်ခုစလုံးတွင် ခိုလှုံရေးစခန်းများ ချမှတ်ပေးခဲ့သည်။ ထိုဒေသများသို့ ထွက်ပြေးတိမ်းရှောင်သောသူ မည်မျှရှိသည်ကို မခန့်မှန်းနိုင်သော်လည်း KHRG မှရရှိထားသည့် သတင်းများအရ မေလကုန်အထိ ဒူးပလာယာခရိုင်တွင်ရောက်ရှိနေသည့် CDM ဦးရေ ၃,၀၀၀ ကျော်နှင့် ဩဂုတ်လအထိ ဘားအံခရိုင်တွင်ရောက်ရှိနေသည့် CDM ဦးရေမှာ ၁,၀၀၀ နီးပါးရှိသည်။ ဒူးသထူခရိုင်တွင် CDM ဦးရေ ၉၀၀၊ ခလယ်လွီထူ(ညောင်လေးပင်)တွင် ဖ၀၀ ခန့်နှင့်၊ ဘိတ်–ထားဝယ်ခရိုင်တွင် ၈၀၀ ဦး ရှိသည်ဟု ကရင်ငြိမ်းချမ်းရေးပံ့ပိုးမှုကွန်ယက် (KPSN)မှ ခန့်မှန်းတွက်ချက်ခဲ့သည်။[53] သို့သော်လည်း KHRG မှ ဒူးပလာယာခရိုင်တစ်ခုတည်းတွင် CDM ဦးရေ ၃,၀၀၀ ကျော်ရှိသည်ဟု ခန့်မှန်းထားသည့်အချိန်တွင် KPSN မှ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလအစတွင် ခရိုင်ခုနှစ်ခုစလုံးတွင် ၃,၀၀၀ ရှိသည်ဟု စာရင်းရရှိထားသဖြင့် ဤခန့်မှန်းချက်များမှာ လက်တွေ့တွင်ရှိနေသောအရေအတွက်ထက် များစွာနည်းနေကောင်း နည်းနေပါလိမ့်မည်။




ဤပုံကို ၂၀၂၁ ခုနှစ်၊ မတ်လ ၉ ရက်နေ့၌ ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ်၊ ကော့ကရိတ်မြို့တွင် ရိုက်ယူခဲ့သည်။ CDM သမားများနှင့် ပြည်သူလူထု ၉၀၀၀ ကျော် စစ်အစိုးရအားဆန့်ကျင်သည့် ဆန္ဒပြပွဲတွင် ပါဝင်ခဲ့သည်။ *(ဓါတ်ပုံ–KHRG)*




ဤပုံကို ၂၀၂၁ ခုနှစ်၊ဧပြီလ ၁၄ ရက်နေ့၌ ဘိတ်–ထားဝယ်ခရိုင်၊ ခစ–––ဒေသတွင် ရိုက်ယူခဲ့သည်။ ပုံတွင် KNU ထိန်းချုပ်နယ်မြေတွင် ထွက်ပြေးလာသည့် CDM သမားများအတွက် ခိုလှုံရန် ဆောက်လုပ်ထားသော တဲအိမ်တစ်လုံးဖြစ်သည်။ *(ဓါတ်ပုံ–KHRG)*

52 Burma News International မှ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထုတ်ဝေသော "KNU Offer Anti–Coup Protestors its Protection – Karen Civil Society Alliance Calls for Ethnic Armed Groups to Unite and Foreign Embassies Denounce Military Coup," တွင်ကြည့်ပါ။

53 KPSN မှ KHRG အား ဤသတင်းအချက်အလက်ကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလတွင် မျှဝေခဲ့သည်။

CDM လှုပ်ရှားမှုနှင့်ပတ်သက်ပြီး ထိုလှုပ်ရှားမှုတွင်ပါဝင်သူများအပေါ်နှင့် ၎င်းတို့ထွက်ပြေးတိမ်းရှောင်သည့် နေရာဒေသများအပေါ် သက်ရောက်မှုများကို ပိုမိုနားလည်နိုင်ရန်အတွက် KHRG မှ ထိုလှုပ်ရှားမှုတွင် ပါဝင်သူ ၄၉ ဦးအား တွေ့ဆုံမေးမြန်းမှုပြုခဲ့သည်။ ထိုသူများမှာ မတူညီသောအစိုးရဌာနများဖြစ်သည့် ပညာရေးဌာန၊ ကျန်းမာရေးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စစ်ကောင်စီလုံခြုံရေးတပ်ဖွဲ့များ (ရဲတပ်ဖွဲ့နှင့်စစ်တပ်)တို့မှ ဖြစ်ကြသည်။ ထိုအထဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)မှ ပါတီအဖွဲ့ဝင်နှစ်ဦးလည်းပါသည်။ အများစုမှာမြို့များနှင့် မြို့ကြီးများတွင် နေကြပြီး KNU ထိန်းချုပ်နယ်မြေများသို့ ထွက်ပြေးလွတ်မြောက်လာကြခြင်း ဖြစ်သည်။

(က) စစ်အာဏာရှင်စနစ်အားငြင်းဆန်ခြင်းနှင့် အားနည်းအောင်ပြုလုပ်ခြင်း

*“ CDM လှုပ်ရှားမှုဆိုတာက စစ်တပ်ရဲ့အမိန့်တွေကို ငြင်းဆန်တာဖြစ်တယ်၊ ပြီးတော့ ကျွန်တော်တို့ယာယီအလုပ်ရပ်နားထားတာတဲ့သဘောပေါ့။ ကျွန်တော်တို့က အလုပ်ထွက်လိုက်တာမဟုတ်ဘူး။ […]ဒါပေမယ့် ကျွန်တော်တို့ဘာကြောင့် CDM လှုပ်ရှားမှုမှာ ပါဝင်လာလဲလို့မေးရင် အကြောင်းပြချက်တွေပေးလို့ရတယ်။ ကျွန်တော်တို့စစ်တပ်အောက်မှာ အလုပ်မလုပ်နိုင်ဘူး။ ဒီ CDM လှုပ်ရှားမှုမှာပါဝင်တာက ပိုကောင်းတဲ့အနာဂတ်ကို ယူဆောင်လာမယ်လို့ ကျွန်တော်တို့မျှော်လင့်ပါတယ်။”* ဒူးပလာယာခရိုင်၊ နို့တကော(ကြာအင်းဆိပ်ကြီး)မြို့နယ်မှ ကျောင်းအုပ်ကြီးတစ်ဦး၊

မြန်မာအစိုးရဝန်ထမ်းများအနေဖြင့် CDM လှုပ်ရှားမှု၌ ပါဝင်ခြင်းတွင် ကိုယ်စီအကြောင်းပြချက်မျိုးစုံရှိနိုင်သည်။ သို့သော်လည်း KHRG မှ မေးခွန်းဖြေကြားသူများ၏ ဖော်ပြချက်များအရ တူညီသောအကြောင်းအရင်းများနှင့် လိုအင်ဆန္ဒမျှော်လင့်ချက်များရှိကာ အချို့အကြောင်းရင်းများမှာ ၎င်းတို့၏လုပ်ငန်းပိုင်းဆိုင်ရာ ဝတ္တရားများနှင့် ဆက်စပ်နေသည်။ ထိုအထဲတွင် အရပ်သားများ အုပ်ချုပ်ရေးပြန်လည်ရရှိရန်နှင့် ပိုမိုအားကောင်းသည့် ဒီမိုကရေစီစနစ်ရှိသော အနာဂတ်အတွက်မျှော်လင့်ချက်များ၊ စစ်အစိုးရနှင့် ၎င်း၏လုံခြုံရေးတပ်ဖွဲ့များဖြစ်သည့် ရဲနှင့်စစ်တပ်အားအားနည်းလာအောင် ပြုလုပ်လိုသောဆန္ဒနှင့် မတရားသော သို့မဟုတ် တရားဥပဒေမဲ့သောအမိန့်များအားလိုက်နာရန် ငြင်းဆန်ခြင်းတို့ပါဝင်သည်။

(၁) အရပ်သားအုပ်ချုပ်မှုစနစ် ပြန်လည်ရရှိရေးနှင့် ပိုမိုကောင်းမွန်သည့် အနာဂတ်ဒီမိုကရေစီ

KHRG မှရရှိထားသည့် အချက်အလက်များအရ CDM လှုပ်ရှားမှုတွင်ပါဝင်ရခြင်း၏ အဓိကအကြောင်းပြချက်များထဲမှတစ်ခုမှာ ပိုမိုကောင်းမွန်သော အနာဂတ်တစ်ခု ဖော်ဆောင်လိုသည့်ဆန္ဒဖြစ်သည်။ ၎င်းတို့မှာ ဒီမိုကရေစီစနစ်နှင့် အရပ်သားအုပ်ချုပ်ရေး ပြန်လည်ရရှိရေးအပြင် အချို့ CDM လှုပ်ရှားမှုတွင်ပါဝင်သူများက NLD အာဏာပြန်လည်ရရှိရေးကိုလည်း ဖော်ပြလေ့ရှိသည်။

ရွေးကောက်ပွဲရလာဒ်နှင့် ဒီမိုကရေစီလုပ်ငန်းစဉ်တို့အား လေးစားရန်ဆန္ဒများတို့ကြောင့် CDM တွင်ပါဝင်သူအများစုအတွက် အရပ်သားအုပ်ချုပ်မှုစနစ် ပြန်လည်ကျင့်သုံးရန်နှင့် ပိုမိုကောင်းမွန်သည့်အနာဂတ် ဒီမိုကရေစီဖော်ဆောင်ရေးသည် ဆက်စပ်မှုရှိနေပါသည်။ ခလယ်လွိ့ထူခရိုင်၊ မူးမြို့နယ်တွင် တွေ့ဆုံမေးမြန်းခဲ့သည့် ဧရာဝတီတိုင်းမှ ကျောင်းအုပ်တစ်ဦးဖြစ်သော စောန---က ၎င်းအနေဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်ရခြင်းမှာ *“ကျွန်တော်တို့ရဲ့အရပ်သားအစိုးရ ပြန်လည်ရရှိဖို့ဖြစ်တယ်။ အရပ်သားအစိုးရကသာလျှင် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံကို ထူထောင်မှာဖြစ်တယ်။ […]ပြည်သူတွေမှာ သူတို့ရွေးချယ်ထားတဲ့ အစိုးရရှိထားပြီးသား။ ဒီရွေးကောက်ပွဲမှာ တိုင်းရင်းသားအဖွဲ့တွေနဲ့ တခြားပါတီတွေလည်း ပါခဲ့တယ်။ တကယ်လို့ သူတို့အနေနဲ့ ကျွန်တော်တို့နိုင်ငံကို ကမ္ဘာကလေးစားရတဲ့နိုင်ငံအဖြစ် တည်ဆောက်ချင်တယ်ဆိုရင် ပြည်သူတွေရွေးချယ်ထားတဲ့အစိုးရကို ထောက်ခံသင့်တယ်။”* ထို့နောက်တွင် ပညာရေးဝန်ထမ်းများအနေဖြင့် ရွေးကောက်ပွဲရလာဒ်အား ကာကွယ်ရန်မှာ အရေးကြီးကြောင်း

ထပ်မံရှင်းပြခဲ့သည်။ *"၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲမှာ NLD အဖွဲ့ချုပ်က အနိုင်ရခဲ့တယ်။ ကျွန်တော်တို့ ဆရာ၊ မတွေလည်း ရွေးကောက်ပွဲမှာ မဲရုံမှူး၊ လက်ထောက်မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်တွေအနေနဲ့ အသီးသီးတာဝန်ယူခဲ့ကြတယ်။ ကျွန်တော်တို့တွေဘယ်ပါတီကိုမှ ဘက်လိုက်ခြင်းမရှိပဲနဲ့ မျှမျှတတတာဝန်ယူခဲ့ပြီးတော့ အနိုင်ရပါတီကို သမာသမတ်ကျကျ ရွေးကောက်ခဲ့တယ်။[...]ဒါပေမယ့် သူတို့က ကျွန်တော်တို့ရဲ့ သိက္ခာကိုချပြီးတော့ ရွေးကောက်ပွဲမဲမသမာမှုမှာ ပါဝင်တယ်လို့စွပ်စွဲကြတယ်။ ဒါကိုကျွန်တော်တို့ လက်မခံနိုင်ဘူး။"*

NLD အစိုးရလက်ထက်တွင် ဝန်ထမ်းဖြစ်ခဲ့သည့်အတွက် CDM လှုပ်ရှားမှုတွင်ပါဝင်သူအချို့က NLD မှ ယူဆောင်လာသည့် အပြုသဘောဆောင်သည့် ပြောင်းလဲမှုများကို ဖော်ပြခဲ့ပြီး ၎င်းတို့အနေဖြင့် ထိုသို့သောတိုးတက်မှုများကို အနာဂတ်တွင်ဆက်လက်မြင်တွေ့လိုကြောင်း မှတ်ချက်ပေးခဲ့သည်။ ဘားအံမြို့မှ ကျန်းမာရေးဝန်ထမ်းတစ်ဦးဖြစ်သော နန်းပ---က NLD အဖွဲ့ချုပ်အစိုးရလက်ထက်တွင် ပညာရေးနှင့်ကျန်းမာရေးဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာပြီး လက်လှမ်းမီနိုင်မှု ပိုရှိလာကြောင်း ပြောခဲ့သည်။ သူမက ဤကဲ့သို့ပြောပြခဲ့သည်။ *"တိုးတက်မှုတွေ အများကြီးရှိလာတယ်။ ဒေသခံရွာသားတွေအတွက် ကူညီထောက်ပံ့မှုတွေ ဖြန့်ဝေပေးခဲ့နိုင်တယ်။"* သူမမှ ထပ်မံ၍ *"ကျွန်မက အုပ်ချုပ်ရေးအပိုင်းကို အရင်တုန်းကလို ပုံမှန်ပြန်ဖြစ်စေချင်တယ်။"* ဟု ပြောခဲ့သည်။ ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ ဂအ---ကျေးရွာအုပ်စု၊ အရ---ကျေးရွာမှ ဆရာမတစ်ဦးဖြစ်သူ နော်အအ-----က NLD ၏အုပ်ချုပ်မှုများကို စစ်တပ်အုပ်ချုပ်မှုနှင့်နှိုင်းယှဉ်ပြီး သူမ၏အမြင်ကို ပြောပြခဲ့သည်။ *"လွန်ခဲ့တဲ့ငါးနှစ်အတွင်း NLD အုပ်ချုပ်ခဲ့တဲ့အချိန်ကို စစ်အစိုးရအုပ်ချုပ်ခဲ့တဲ့ ဟိုးအရင်အချိန်တွေနဲ့ယှဉ်ကြည့်ရင် တိုးတက်ပြောင်းလဲမှုတွေအများကြီးဖြစ်ခဲ့တယ်။ ကျွန်မတို့ တိုင်းရင်းသားတွေအနေနဲ့လည်း အခွင့်အရေးတွေပိုရခဲ့တယ်။ ပိုပြီးလည်း ငြိမ်းချမ်းတယ်။ ပြည်စုံတဲ့[ဖွံ့ဖြိုးမှု] အဆင့်ထိတော့ မရောက်ပေမယ့် [အခြေအနေက] တိုးတက်လာတယ်။"* စစ်ကောင်စီနှင့်ပတ်သက်ပြီး မေးမြန်းခဲ့ရာတွင်သူမက *"ကျွန်မတို့က တိုင်းရင်းသားလူမျိုးတစ်စုဆိုပေမယ့် သူတို့ရဲ့ ပြည်သူမဟုတ်ဘူး။ ဒါကြောင့် သူတို့ရဲ့ရည်ရွယ်ချက်က ကျွန်မတို့ကိုဖိနှိပ်ဖို့အတွက်ပဲ ဖြစ်နိုင်တယ်။"*

အခြားသူများက တိုးတက်ပြောင်းလဲမှုများသည် စစ်တပ်၏အုပ်ချုပ်မှုထက်စာလျှင် တိုးတက်မှုရှိသည်ဟု လက်ခံသော်လည်း ထိုပြောင်းလဲမှုများမှာ NLD အစိုးရကြောင့် ဖြစ်ပေါ်လာသည်ကို လက်ခံယုံကြည်မှုမရှိပေ။ ပညာရေးဌာနတွင် အလုပ်လုပ်ကိုင်သည့် ဘိတ်-ထားဝယ်ခရိုင်၊ တနေသာရီ(တနင်္သာရီ)မြို့နယ်၊ ခစ---ကျေးရွာအုပ်စု၊ ခဥ---ကျေးရွာမှ နော်ဥ---က သူမ၏ရပ်တည်ချက်ကို ပြောပြခဲ့သည်။ *"ကျွန်မက NLD အစိုးရကို မကြိုက်ဘူး။ သူတို့ရဲ့(အုပ်ချုပ်မှု)စနစ်ကိုလည်း မကြိုက်ဘူး။ ဒါပေမယ့် ကျွန်မစစ်အာဏာရှင်စနစ်ကိုလည်း မကြိုက်ဘူး။ ကျွန်မရဲ့ အဖြစ်ချင်ဆုံးဆန္ဒက အာဏာရှင်စနစ်ကိုဆန့်ကျင်တိုက်ခိုက်ဖို့ပဲ။ ကျွန်မ NLD အစိုးရကိုမကြိုက်ရတဲ့အကြောင်းရင်းကတော့ သူတို့က တိုင်းရင်းသားအားလုံးကို တန်းတူညီမျှတဲ့အခွင့်အရေးမပေးလို့ပဲ။"* သူမမှ ယခင်ကာလများထက် ပိုမိုဆိုးရွားသောအခြေအနေများကို ဆက်လက်ဖော်ပြပြီး စစ်တပ်အုပ်ချုပ်သည့်အခြေအနေသို့ ပြန်လည်ရောက်ရှိခြင်းက "ဆင်းရဲတဲ့သူတွေက အမြဲတမ်းဆင်းရဲနေမှာပဲ။ သူတို့မှာ ဘာအခွင့်အရေးမှရှိမှာမဟုတ်ဘူး။" ဟု အလေးထားပြောခဲ့သည်။

ဘားအံခရိုင်၊ လူပလယ်(လှိုင်းဘွဲ)မြို့နယ်၊ ဖအ---ကျေးရွာအုပ်စု၊ ဖအ---ကျေးရွာမှ အစိုးရကျောင်းဆရာတစ်ဦးဖြစ်သူ စောအဗ---က အရပ်သားအုပ်ချုပ်မှုအောက်တွင် ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးရခြင်းမှာ NLD အစိုးရအနေဖြင့် စစ်တပ်၏လက်အောက်မှ အပြည့်အဝကင်းလွတ်ခြင်းမရှိသည့် အတွက်ဖြစ်သည်ဟု ဆိုသည်။ *"ကျွန်တော်တစ်ဦးတည်းအမြင်ကတော့ သူတို့ [NLD အစိုးရ] အနေနဲ့ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကိုအနိုင်ရပြီး အစိုးရအာဏာကို တရားဝင်ရရှိခဲ့ပေမယ့် သူတို့က လွတ်လပ်တဲ့အစိုးရအဖွဲ့မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ တကယ့်လက်တွေ့မှာ သူတို့က [စစ်တပ်ရဲ့အုပ်ချုပ်မှုအောက်မှာနေရပြီး] အစိုးရအာဏာကို အပြည့်အဝမရထားဘူး။ ဒါပေမယ့် သူတို့က တကယ့်ကိုအလုပ်ကြိုးစားပြီးတော့ သူတို့တတ်နိုင်သလောက် အကောင်းဆုံးလုပ်ဆောင်ကြတယ်။ အရင်ကဆိုရင် ကျွန်တော်တို့မှာ လျှပ်စစ်မီးတွေ၊ ကတ္တရာလမ်းတွေ၊ ကျောင်းစတဲ့ အများပြည်သူပိုင်အဆောက်အဦးတွေ မရှိခဲ့ပေမယ့် အခုတော့ ကျွန်တော်တို့မှာ အဲ့ဒါတွေရှိတယ်။ ဒါတွေအားလုံးက သူတို့ [NLD] ကျွန်တော်တို့အတွက်*

*လုပ်ပေးခဲ့တဲ့ဟာတွေပဲ။" "ကျွန်တော်တို့နိုင်ငံက တိုးတက်ဖွံ့ဖြိုးဆဲကာလအတွင်းမှာ ရောက်နေပြီးတော့ ဒီမိုကရေစီအနှစ်သာရကို နည်းနည်းလောက် စတင်ခံစားနေတုန်းပဲရှိသေးတယ်။ [...]တကယ်တော့ ကျွန်တော်တို့က [ဒီမိုကရေစီ/ဖွံ့ဖြိုးရေး]အပြောင်းအလဲရဲ့အစမှာပဲ ရှိသေးတယ်။ ဒါပေမယ့် စစ်တပ်က ရုတ်တရက်အာဏာကိုသိမ်းလိုက်တယ်။ [...]ဒါကြောင့် ကျွန်တော် [ဒီဆန္ဒပြမှုတွေမှာ] ပါလာတာ။"* ဟု သူကဖြည့်စွက်ပြောပြခဲ့သည်။

အခြားသူများက ယခင်စစ်အာဏာသိမ်းမှုအောက်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကြုံတွေ့ခံစားခဲ့ရခြင်း သို့မဟုတ် စစ်တပ်အာဏာသိမ်းမှုသည် တိုင်းပြည်၏အနာဂတ် တိုးတက်မှုကို ဟန့်တားလျက်ရှိသည်ဟု ခံစားရသည့်အတွက် CDM လှုပ်ရှားမှုတွင် ပါဝင်လာခဲ့ခြင်းဖြစ်သည် ။ဥပမာအားဖြင့် ဒူးပလာယာခရိုင်၊ ဝေါ်ရေ့မြို့နယ်၊ အတ–––ကျေးရွာအုပ်စု၊ အတ–––ကျေးရွာမှ မူလတန်းပြဆရာမတစ်ဦးဖြစ်သည့် ဒေါ်နန်းအမ––––က ဝေမျှခဲ့သည်မှာ *"ကျွန်မတို့ CDM လှုပ်ရှားမှုကို ပါဝင်တာဘာကြောင့်လဲဆိုရင် စစ်အစိုးရကိုဆန့်ကျင်ဖို့ဖြစ်တယ်။ ကျွန်မတို့ စစ်အာဏာရှင်စနစ် အုပ်စိုးတဲ့ကာလတွေတုန်းက [လူ့အခွင့်အရေး]ချိုးဖောက်မှုတွေ အများကြီးကြုံတွေ့ခဲ့ရပြီးပြီ။ ဒါကြောင့် [လူ့အခွင့်အရေးချိုးဖောက်မှု] အလားတူပုံစံမျိုးတွေ ထပ်ပြီးဖြစ်လာမှာကို မလိုချင်ဘူး။"*

ဤတင်ပြချက်များအားလုံးသည် စစ်တပ်နှင့် အစိုးရ၏ချိုးဖောက်မှုများကို ကာလကြာရှည်ခံစားခဲ့ရသော တိုင်းရင်းသားလူမျိုးစုများထံကဖြစ်ပြီး တင်ပြချက်များအရ စစ်ကောင်စီထက် NLD အစိုးကို ပိုမိုနှစ်သက်သော်လည်း မြန်မာနိုင်ငံအတွင်း ရှိတိုင်းရင်းသားလူနည်းစုများအတွက်မူ NLD မှထိရောက်စွာ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါ။ ထို့အတွက်ကြောင့် ဒီမိုကရေစီအားတောင်းဆိုရာတွင် တိုင်းရင်းသားများ၏အခွင့်အရေးနှင့် လိုအင်ဆန္ဒများကိုလည်း ယှဉ်တွဲတောင်းဆိုလျက်ရှိသည်။ ဒူးပလာယာခရိုင်ရှိ ကရင်မူလတန်းကျောင်းမှ ဆရာတစ်ဦးဖြစ်သော မောင်အန–––မှ အတိတ်ကစစ်တပ်၏ လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ၎င်းကျေးရွာရှိပြည်သူများအနေဖြင့် ပုန်းရှောင်ခဲ့ဖူးသည်နှင့်ပတ်သက်ပြီး မှတ်မိနေသည်ကို ဤသို့ပြောသည်။ *"ကျွန်တော်တို့ CDM လှုပ်ရှားမှုမှာပါဝင်တာ ဘာကိုမှ မျှော်လင့်လို့မဟုတ်ဘူး။ စစ်အာဏာရှင်စနစ်ကို ဖြုတ်ချချင်တာတစ်ခုပဲ။ ကျွန်တော်တို့က ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကပျက်စီးသွားပြီလို့ ယူဆထားတယ်။ ပြီးတော့ ကျွန်တော်အနေနဲ့ကတော့ တိုင်းရင်းသားအားလုံး တန်းတူညီမျှတဲ့အခွင့်အရေးရရှိတဲ့ ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို ရမယ်လို့ယုံတယ်။ ဒါကြောင့် ကျွန်တော်ဒီလှုပ်ရှားမှုမှာ ပါဝင်ရခြင်းဖြစ်တယ်။"*

ဖက်ဒရယ်ဒီမိုကရေစီ သို့မဟုတ် တိုင်းရင်းသားများအတွက် ပိုမိုခိုင်မာသောတောင်းဆိုမှုများ ပြုလုပ်ရာတွင် အတိတ်ကတိုင်းရင်းသားများ ကြုံတွေ့ရသည့်ချိုးဖောက်မှုများအား ကြုံတွေ့ခံစားရခြင်းမရှိခဲ့သူများ သို့မဟုတ် မသိရှိခဲ့သူများကလည်း ပါဝင်လာသောကြောင့် အတိတ်ကာလနှင့် လက်ရှိအချိန်အတွင်း တိုင်းရင်းသားများကြုံတွေ့ရသည့် ချိုးဖောက်မှုများကို ၎င်းတို့အနေဖြင့် ပိုမိုနားလည်လာကြောင်း ထင်ဟပ်လျက်ရှိသည်။ ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ ဘဥ–––ကျေးရွာအုပ်စု၊ ဘဥ–––ကျေးရွာမှ ကျောင်းအထွေထွေလုပ်သားဖြစ်သော ဦးခ–––က ၎င်းအနေဖြင့် CDM လှုပ်ရှားမှုတွင်ပါဝင်ရခြင်းမှာ "ဖက်ဒရယ်ပြည်ထောင်စုနှင့် တိုင်းရင်းသားအားလုံးဒီမိုကရေစီစနစ်ကျင့်သုံးခွင့်ရရှိရန်" မျှော်လင့်ချက်ကြောင့်ဟု ဖော်ပြခဲ့သည်။

(၂) စစ်အစိုးရအားငြင်းပယ်ခြင်း

CDM လှုပ်ရှားမှုတွင် ပါဝင်သူအများအပြားက ၎င်းတို့အနေဖြင့် စစ်အစိုးရအတွက် အလုပ်လုပ်လို့ခြင်းမရှိကြောင်း ဖော်ပြခဲ့သည်။ အချို့ CDM လှုပ်ရှားမှုတွင် ပါဝင်သူများကလည်း ၎င်းတို့အနေဖြင့် CDM လှုပ်ရှားမှုသည် အစိုးရယန္တရားလည်ပတ်ရန်အတွက် အဟန့်အတားဖြစ်စေရန်နှင့် စစ်ကောင်စီကိုအားနည်းစေပြီး အာဏာမှဖယ်ရှားပစ်ရန် မျှော်လင့်ကြောင်း ဖော်ပြခဲ့သည်။ ဒူးပလာယာခရိုင်၊ ဝေါ်ရေ့မြို့နယ်၊ ဒဥ–––ကျေးရွာအုပ်စု၊ ဒဥ–––ကျေးရွာမှ ဆရာတစ်ဦးက ဤသို့ပြောခဲ့သည်။ *"CDM လှုပ်ရှားမှုဆိုတာက [...]စစ်အစိုးရရဲ့ အုပ်ချုပ်ရေးယန္တယားရပ်တန့်သွားအောင် အာဏာပိုင်တွေရဲ့အမိန့်ကို မနာခံခြင်းနဲ့ အလုပ်မသွားခြင်းပေါ့။"* ဘားအံမြို့မှ ဆရာတစ်ဦးကလည်း

ဤသို့ပြောခဲ့သည်။ *"တကယ်လို့ဌာနတိုင်းက အစိုးရဝန်ထမ်းတိုင်းသာ CDM လှုပ်ရှားမှုမှာ ပါဝင်မယ်ဆိုရင် [အကောင်းဆုံးပေါ့] […]တကယ်လို့ ဒီလူတွေသာ CDM လှုပ်ရှားမှုမှာ ပါဝင်နိုင်မယ်ဆိုရင် စစ်အာဏာရှင်စနစ်က သိပ်မကြာခင် ကျဆုံးသွားမှာပဲ။ […]သူတို့တွေအနေနဲ့ [အလုပ်မသွားပဲ] အိမ်မှာထိုင်နေရင်းနဲ့ ကိုစစ်ကောင်စီရဲ့ စစ်အာဏာရှင်စနစ်ကို တိုက်ဖျက်လို့ရတယ်။"*

ဆေးပညာကျွမ်းကျင်သူများနှင့် ပညာရှင်များအတွက်မူ ဤသို့စစ်တပ်အတွက် အလုပ်လုပ်ပေးရန်ငြင်းဆန်ခြင်းက ၎င်းတို့၏လုပ်ငန်းခွင်ပိုင်းဆိုင်ရာ တာဝန်ဝတ္တရားများကို ချန်လှပ်ထားရသည့်အတွက်ကြောင့် ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ အခက်အခဲများကိုကြုံတွေ့လာစေသည်။ CDM လှုပ်ရှားမှုတွင်ပါဝင်သော ကျန်းမာရေးဝန်ထမ်းတစ်ဦးက ဤသို့ပြောခဲ့သည်။ *"ကျွန်တော်ဒီ CDM လှုပ်ရှားမှုမှာ ပါလာတာဘာကြောင့်လဲဆိုတော့ ကျွန်တော်အနေနဲ့ စစ်ကောင်စီလက်အောက်မှာ အလုပ်မလုပ်ချင်လို့ပဲ။ ကျွန်တော်ဘာကြောင့် ဒီ CDM လှုပ်ရှားမှုမှာ ပါရတယ်ဆိုတာကို ပြည်သူတွေနားလည်ဖို့ ကျွန်တော်မျှော်လင့်တယ်။ လူနာတွေကို ကျွန်တော်မကူညီချင်လို့တော့ မဟုတ်ဘူး။ ကျွန်တော် သူတို့ကိုသနားမိတယ်။ ကျန်းမာရေးဝန်ထမ်းတွေ ဒီ CDM လှုပ်ရှားမှုမှာ ပါဝင်တဲ့အတွက် တချို့ပြည်သူတွေ သေရတယ်လို့ တချို့လူတွေကပြောတယ်။"*

CDM လှုပ်ရှားမှုတွင်ပါဝင်သော ကျန်းမာရေးဝန်ထမ်းအများပြားသည် လူနာများအား ဆက်လက်ကုသမှုပေးလျက်ရှိသော်လည်း စစ်ကောင်စီအစိုးရ၏ဆေးရုံပြင်ပတွင်သာ လုပ်ကိုင်ကြသည်။ ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ ဂ၀---ကျေးရွာအုပ်စု၊ အရ---ကျေးရွာမှ နော်အလ---က ဒေသခံဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် CDMလှုပ်ရှားမှုတွင်ပါဝင်ခဲ့သော်လည်း *"သူတို့ကပြည်သူတွေအကျိုးကိုငဲ့ပြီးတော့လူနာတွေကိုဆေးကုပေးနေတုန်းပဲ။"* ဟု ဆိုသည်။ ၎င်းတို့အနေဖြင့် ဆန္ဒပြသူများအား ကျေးလက်ဒေသများနှင့် KNU ထိန်းချုပ်နယ်မြေအောက်ရှိ ပုဂ္ဂလိကဆေးရုံဆေးခန်းများတွင် ဆေးကုသမှုပေးလျက်ရှိသည်။ အချို့ကျန်းမာရေးဝန်ထမ်းများက ဆေးရုံဆေးခန်းအပြင်ဘက်တွင် ဆက်လက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိသည်။ ဘားအံမြို့အနီးရှိ ကျေးရွာတစ်ရွာမှ သားဖွားဆရာမတစ်ဦးဖြစ်သည့် မဇ---က *"တချို့ကျန်းမာရေးလုပ်သားတွေက ပြည်သူ့ဆေးရုံမှာ အလုပ်မလုပ်ကြတော့ပေမယ့် တခြားနည်းလမ်းတွေနဲ့ ကူညီနေကြတုန်းပဲ။ ကျွန်မသိတဲ့ ဆရာဝန်တချို့ဆိုရင် တကယ်လို့ ကျန်းမာရေးနဲ့ပတ်သက်တဲ့ကိစ္စ တစ်စုံတစ်ရာရှိရင် ဆက်သွယ်လို့ရအောင် သူတို့ရဲ့ဖုန်းနံပါတ်တွေကို ပေးထားကြတယ်။"*

ထိုအခြေအနေကို ပြန်လည်တုန့်ပြန်သောအနေဖြင့် စစ်ကောင်စီမှကျန်းမာရေးဝန်းထမ်းများအား ပုဂ္ဂလိကဆေးခန်းများတွင် အလုပ်လုပ်ခြင်းကိုတားမြစ်ပြီး ၎င်းတို့၏စီမံခန့်ခွဲမှုအောက်ရှိ ဆေးရုံဆေးခန်းများတွင် ပြန်လည်လုပ်ကိုင်ရန် ခြိမ်းခြောက်ခဲ့သည့်အတွက် ပုဂ္ဂလိကဆေးခန်းများကို ပိတ်သိမ်းခဲ့ရသည်။ မဇ---က မီးမောင်းထိုးပြခဲ့သည်မှာ *"တကယ်လို့ဆရာဝန်တွေက ပုဂ္ဂလိကဆေးခန်းတွေမှာလုပ်မယ်ဆိုပြည်သူ့ဆေးရုံတွေမှာလည်း လုပ်ရမယ်လို့ သူတို့[စစ်ကောင်စီ]က ပြောခဲ့တယ်။ မဟုတ်ရင် သူတို့အဖမ်းခံရလိမ့်မယ်။ ဒါကြောင့် ဆရာဝန်တွေဖွင့်ထားတဲ့ တစ်ချို့ပုဂ္ဂလိကဆေးခန်းတွေ ပိတ်လိုက်ရတယ်။"*

အလားတူပင် ပညာရေးဝန်ထမ်းများသည်လည်း အစိုးရကျောင်းများတွင် ပြန်လည်သင်ကြားပေးရန် ငြင်းဆန်ခဲ့ပြီး ကျောင်းသားများကလည်း စစ်ကောင်စီလက်အောက်တွင် ဆက်လက်ပညာသင်ကြားလိုခြင်း မရှိကြပေ။ ထို့အတွက်ကြောင့် ၎င်းတို့အနေဖြင့် အစိုးရကျောင်းများကို သပိတ်မှောက်ခဲ့ကြသည်။ ရန်ကုန်မှ နော်အအ---က *"ဒီမိုကရေစီအရ ရွေးကောက်ထားတဲ့အစိုးရကပေးတာမဟုတ်တဲ့ ပညာရေးစနစ်ကို ပြည်သူတွေကမကြိုက်ဘူး။"* ဟု ပြောခဲ့သည်။ မြဝတီမြို့မှကျောင်းသားတစ်ဦးကလည်း သူနှင့်တကွ အခြားကျောင်းသားများအနေဖြင့် *"စစ်အစိုးရကဖွင့်ထားတဲ့ကျောင်းကို ကျွန်တော်တို့တက်မှာမဟုတ်ဘူး။ ကျွန်တော်တို့အဲ့ဒါကို ဆန့်ကျင်သပိတ်မှောက်သွားမယ်။"* ဟု ပြောခဲ့သည်။ ဘားအံခရိုင်မှ ကျန်းမာရေးဝန်ထမ်းတစ်ဦးဖြစ်ပြီး အဝေးသင်တက္ကသိုလ်ကျောင်းသူတစ်ဦးဖြစ်သည့် နန်းအပ---အနေနှင့်လည်း COVID-19 ကပ်ရောဂါနှင့် စစ်တပ်အာဏာသိမ်းမှုများကြောင့် လွန်ခဲ့

သည့်နှစ်အတွင်း သူမအနေဖြင့် ကျောင်းတက်ခွင့်မရခဲ့ပေ။ *"ကျွန်မတို့အများစုက သူတို့[စစ်ကောင်စီ]ရဲ့ စီမံအုပ်ချုပ်မှုအောက်မှာ ပညာဆက်သင်ချင်စိတ်မရှိဘူး။ […]သူတို့က ကျွန်မတို့ပညာရေးကို တစ်နှစ်ပြီးတစ်နှစ် ဖျက်စီးနေတယ်။"* CDM လှုပ်ရှားမှုတွင် ပညာရေးဝန်ထမ်းများပါဝင်ခြင်းသည် နိုင်ငံ၏ပညာရေးစနစ်ကို ရပ်တန့်စေပြီး စစ်ကောင်စီ၏ဝန်ဆောင်မှုများနှင့် အုပ်ချုပ်မှုယန္တယားများအပေါ် သပိတ်မှောက်ခြင်းကို အားဖြည့်ပေးလျက်ရှိသည်။

CDMလှုပ်ရှားမှုတွင်ပါဝင်သူများသည် ဤလှုပ်ရှားမှုကြောင့် ၎င်းတို့ကုသပေးသည့် လူနာများနှင့် ၎င်းတို့စာသင်ကြားပေးသည့် ကလေးများအပေါ် သက်ရောက်မှုများရှိနိုင်သည်ကို လက်ခံနားလည်သော်လည်း ဤသို့ပါဝင်ခြင်းသည် ပိုမိုကြီးမားသောရည်မှန်းချက်ဖြင့် နိုင်ငံ၏အနာဂတ်အတွက် တိုက်ပွဲဝင်နေခြင်းဖြစ်ကြောင်းကိုလည်း နားလည်ထားကြသည်။ ဘားအံခရိုင်၊ လူပလယ်(လှိုင်းဘွဲ့)မြို့နယ်၊ ဂဝ---ကျေးရွာအုပ်စု၊ ဖစ---ကျေးရွာမှ တက္ကသိုလ်ကျောင်းသားတစ်ဦးဖြစ်သည့် စောအဥ---က CDM လှုပ်ရှားမှုနှင့်ပတ်သက်ပြီး ဤသို့ပြောခဲ့သည်။ *"ပညာရေး၊ ကျန်းမာရေး စတဲ့ဟာတွေနဲ့ပတ်သက်တာအားလုံးက ပြည်သူအားလုံးနဲ့ဆက်စပ်မှုရှိတယ်။ CDM တွေပဲ မဟုတ်ဘူး။ ဆိုလိုတာက CDM တွေအနေနဲ့ စာမသင်ဘူးဆိုရင် ကလေးတွေ ပညာသင်လို့မရဘူး။ တကယ်လို့ သူနာပြုဒါမှမဟုတ် ဆရာဝန်တွေက ဆေးရုံမသွားဘူး၊ အလုပ်မဆင်းဘူးဆိုရင် သူနာပြုတွေဆရာဝန်တွေ ရှိမှာမဟုတ်ဘူး။ ဒါပေမယ့်လည်း တခြားတဖက်မှာတော့ ဒါကကျွန်တော်တို့လုပ်သင့်တဲ့အရာဖြစ်တယ်။ CDM လုပ်သူတွေအနေနဲ့ ပြည်သူတွေလိုခံစားကြရတာပဲ။"*

(၃) တရားမျှတမှုမရှိသော၊ ဥပဒေမဲ့လုပ်ရပ်များ

မေးခွန်းဖြေကြားသည့် လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်ရသည့်အကြောင်းရင်းမှာ အရပ်သားပြည်သူများအပေါ် စစ်ကောင်စီ၏မတရားသော၊ ဥပဒေမဲ့သောလုပ်ရပ်များကြောင့် ဖြစ်သည်။ ထိုအထဲတွင် အရပ်သားများနှင့် ဆန္ဒပြပြည်သူများအား အကြမ်းဖက်ရန်စေခိုင်းသည့် လက်ခံနိုင်စရာအကြောင်းမရှိသော ၎င်းတို့၏ခေါင်းဆောင်များထံမှ အမိန့်များလည်းပါဝင်သည်။ ရဲဌာနတွင် ၁၀ နှစ်ကျော် အလုပ်လုပ်ခဲ့ပြီး မတ်လ ၅ ရက်နေ့က CDM လှုပ်ရှားမှုတွင် ပါဝင်လာသော လေကြောင်းရဲတပ်ဖွဲ့မှ ဒုတပ်ကြပ်တစ်ဦးက *"လက်နက်မဲ့ပြည်သူတွေ ပစ်သတ်ခံရတယ်ဆိုတာကို ကျွန်တော်ကြားတော့ အရမ်းစိတ်မကောင်းဖြစ်ရတယ်။ ဒါက ဥပဒေနဲ့မညီသလို ဘာသာရေးယုံကြည်ကိုးကွယ်မှုအရလည်း မသင့်လျော်ဘူး။ ဒါကြောင့် ကျွန်တော်ဆက်ပြီးတော့ တာဝန်မထမ်းဆောင်ချင်တော့ဘူး။ အဲ့ဒီအတွက် CDM မှာပါဖို့ ခိုင်မာတဲ့ဆုံးဖြတ်ချက်ချလိုက်တယ်။"* ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်မှအခြားရဲဝန်ထမ်းတစ်ဦးကလည်း *"အရပ်သားတွေ အကြမ်းဖက်ခံနေရတာကို ကျွန်တော်အနေနဲ့ ထပ်ပြီးမကြည့်ချင်တော့ဘူး။ ဒါကြောင့် ကျွန်တော်ရဲတပ်ဖွဲ့ထဲကနေ ထွက်ခဲ့တာ။ ဆန္ဒပြပြည်သူတွေကို လက်နက်နဲ့အနိုင်ကျင့်ခြိမ်းခြောက်နေတာကို တွေ့မြင်ရတာ တော်တော်ကိုမတရားဘူး။ ကျွန်တော်အနေနဲ့ ဒါကိုလက်မခံနိုင်ဘူး။ ဒါကြောင့် ကျွန်တော် CDM မှာပါဝင်လာတာ။"* ဟု ပြောခဲ့သည်။ ရန်ကုန်တိုင်း၊ ခဟ---ရဲစခန်းမှ ရဲဝန်ထမ်းတစ်ဦးကလည်း အလားတူထင်မြင်ချက်ကို ပြောခဲ့သည်။ *"ကျွန်တော်တို့ကို ညှဉ်းပမ်းနှိပ်စက်သတ်ဖြတ်ခိုင်းတဲ့ အာဏာရှင်ရဲ့ခိုင်းစေမှုနဲ့ ထိန်းချုပ်မှုတွေအောက်မှာ ကျွန်တော်မနေချင်ဘူး။ တစ်ခြားမိသားစုတွေ အကြမ်းဖက်မှုဒဏ်ခံနေရတာ ကျွန်တော်မတွေ့ချင်ဘူး။"* အရပ်သားများအား ပစ်ရန်အမိန့်ကျလာသဖြင့် CDM လှုပ်ရှားမှုတွင်ပါဝင်လာသည့် ဘီးလင်းမြို့မှ ရဲအရာရှိတစ်ဦးက *"အပြစ်မဲ့ပြည်သူတွေကို ကျွန်တော်တို့ရဲ့သေနတ်တွေနဲ့ပစ်စရာ ဘာအကြောင်းမှမရှိဘူး။ ပြည်သူတွေက အပြစ်မရှိဘူး။ ဒါကြောင့် ကျွန်တော်မလုပ်နိုင်ဘူး။"*

ရဲဝန်ထမ်းများအား ၎င်းတို့၏ လူမှုအသိုင်းအဝိုင်းအတွင်းသို့စေလွှတ်၍ တာဝန်ထမ်းဆောင်စေရာ၌ မွန်ပြည်နယ်မော်လမြိုင်မြို့မှ ရဲဝန်ထမ်းတစ်ဦးက ၎င်းသိကျွမ်းသူများအားပစ်ရန် အမိန့်ကျသည့်အခါတွင် ၎င်းအမိန့်ကိုလိုက်နာရန်ခက်ခဲကြောင်း ရှင်းပြခဲ့သည်။ *"ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှာ သူတို့ကရဲတပ်ဖွဲ့အား ဆန္ဒပြသူတွေကိုပစ်ဖို့အမိန့်ပေးတယ်။ ကျွန်တော်က မော်လမြိုင်သားဆိုတော့ ကိုယ့်မြို့မှာပဲ တာဝန်ပြန်ကျတယ်။ တစ်မြို့လုံးက ကျွန်*

*တော်အမျိုးတွေချည်းပဲ။ ပြီးတော့ကျွန်တော်သူတို့အတော်များများနဲ့သိတယ်။ သူတို့က ကျွန်တော်တို့ကိုပစ်မိန့်ပေးလည်း သူတို့အမိန့်ကို ကျွန်တော်မလိုက်နာနိုင်ဘူး။ ဒါကြောင့် CDM မှာပါရတာ။"*

ရဲအရာရှိတစ်ဦးက ပြည်သူများမှရဲတပ်ဖွဲ့ကို မနှစ်သက်မှုပိုမိုများပြားလာကြောင်းနှင့်ပတ်သက်ပြီး ပြောပြခဲ့ပါသည်။ *"ပြည်သူတွေက အာဏာသိမ်းမှုမတိုင်ခင် ဟိုးအစကတည်းက ရဲတွေကိုမကြိုက်ဘူး။ စစ်အာဏာသိမ်းပြီးတဲ့နောက်တော့ရဲတွေက သူတို့ကိုပစ်တယ်ထင်ပြီးတော့ ပိုမုန်းသွားကြမယ်ထင်တယ်။"* သူ့အနေဖြင့် မိမိ၏အလုပ်အကိုင်ကြောင့် ၎င်း၏သားသမီးများအား ခွဲခြားဆက်ဆံမည်ကို မလိုလားပေ။ *"တကယ်လို့ ကျွန်တော်အလုပ်ထဲမှာဆက်နေမယ်ဆိုရင် ကျွန်တော်ကလေးတွေ သူငယ်ချင်းတွေနဲ့ကျောင်းသွားတဲ့အခါ သူတို့အဖေကရဲဆိုပြီး ပြောကြမှာစိုးတယ်။ သူတို့ရဲ့စိတ်ထဲမှာ ဒီလိုပဟာတွေကျန်ခဲ့မှာကို ကျွန်တော်မလိုချင်ဘူး။ သူတို့ကိုစိတ်ဒဏ်ရာမပေးချင်ဘူး။ ဒါကြောင့် ကျွန်တော် CDM မှာပါတာ။"*

စစ်ကောင်စီမှပေးသည့် အမိန့်များသည် ဥပဒေအရချမှတ်ထားသည့် ၎င်းတို့၏တာဝန်များနှင့် ဆန့်ကျင်နေသည်ဟု ခံစားရသည့်အတွက် အချို့ရဲများက အလုပ်မှထွက်ပြီး CDM တွင်ပူးပေါင်းပါဝင်လာကြသည်။ ဘိတ်–ထားဝယ်ခရိုင်၊ ခစ––––ဒေသ၊ ခအ––––ရဲစခန်းမှ ဒုရဲချုပ်က ဤသို့ပြောခဲ့သည်။ *"ကျွန်တော်အလုပ်က ထွက်လိုက်တယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်ကရဲတစ်ယောက်ဖြစ်ပေမယ့် ဥပဒေအတိုင်းမလိုက်နာနိုင်ခဲ့ဘူး။ အာဏာသိမ်းစစ်ခေါင်းဆောင်တွေပေးတဲ့အမိန့်တိုင်းကို လိုက်နာခဲ့ရတယ်။"* ဘိတ်–ထားဝယ်ခရိုင်၊ ခစ––––ဒေသမှ အခြားရဲအရာရှိတစ်ဦးကလည်း ဤသို့ထပ်ပြောသည်။ *"စစ်အစိုးရလက်အောက်မှာ ကျွန်တော်တို့အလုပ်မလုပ်ချင်ဘူး။ ကျွန်တော်တို့ရဲတပ်ဖွဲ့အနေနဲ့ ကိုယ့်တာဝန်ကိုယ်မကျေဘူး။ ကျွန်တော်တို့အနေနဲ့ဥပဒေကိုကော ရဲတပ်ဖွဲ့ရဲ့မူဘောင်တွေကိုကော မချိုးဖောက်ချင်ဘူး။"*

စစ်ကောင်စီ၏ဝန်ထမ်းများနှင့် စစ်သားများသည် အလားတူစိုးရိမ်မှုများကို ဖော်ပြခဲ့ကြသည်။ စစ်ကောင်စီ၏တပ်သားစက်ပြင်ဆရာတစ်ဦးက ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်လျက်ရှိသော လက်နက်မဲ့ပြည်သူများအား နစက စစ်တပ်မှ တရားဥပဒေမဲ့အကြမ်းဖက်မှုများ ကျူးလွန်ခဲ့သည်ကို မနှစ်သက်သည့်အတွက် ၎င်း၏ရာထူးမှ နုတ်ထွက်ခဲ့သည်။ တောအူး(တောင်ငူ)ခရိုင်၊ ဘုရင့်နောင်မြို့သစ်တပ်စခန်းမှ နစကစစ်သားတစ်ဦးက *"တကယ်တော့ ကျွန်တော်အနေနဲ့ သူတို့(စစ်ကောင်စီ)ရဲ့ လုပ်ရပ်ကို စိတ်တိုင်းမကျဘူး။ ဘာကြောင့်လဲဆိုရင် သူတို့က လူတွေကိုလူလို့မသတ်မှတ်ဘူး။ သူတို့ကလူတွေကို တိရစ္ဆာန်တွေလို့ထင်နေတာ။ [...]အထက်အရာရှိတွေက သူတို့ခိုင်းတာမှန်သမျှကို လုပ်ဖို့ကျွန်တော်တို့ကို အမိန့်ပေးတယ်။ သူတို့အမိန့်ကိုလွန်ဆန်ဖို့က ကျွန်တော်တို့အတွက်မလွယ်ကူဘူး။ သူတို့ကျင့်သုံးတဲ့စနစ်ကို ကျွန်တော်မကြိုက်ဘူး။ ဒါကြောင့် ကျွန်တော်အလုပ်ကနေထွက်လိုက်တာ။"* ဖေဖော်ဝါရီလတွင် CDM လှုပ်ရှားမှုတွင်ပါဝင်လာခဲ့သည့် စစ်ဝန်ထမ်းတစ်ဦးကလည်း စစ်တပ်အနေဖြင့် ပြည်သူများအားကာကွယ်ရန် ၎င်းတို့၏တာဝန်အား စွန့်ပစ်လိုက်ခြင်းနှင့်ပတ်သက်၍ ဤသို့ဖော်ပြခဲ့သည်။ *"တပ်မတော်က ပြည်သူတွေနဲ့အတူရပ်တည်ရမယ်။ တပ်မတော်သားအားလုံးရဲ့တာဝန်က ကိုယ့်နိုင်ငံသားတွေကို ကာကွယ်ဖို့ပဲ။ အခုအာဏာသိမ်းတာက တစ်ဦးတစ်ယောက်ကောင်းကျိုးအတွက်လို့ပဲ ကျွန်တော်မြင်တယ်။ ဒီစနစ်ကိုဖျက်သိမ်းနိုင်ဖို့အတွက် တပ်မတော်ကိုထားခဲ့ပြီး ပြည်သူတွေနဲ့ ကျွန်တော်လာရောက်ပူးပေါင်းခဲ့တယ်။"*

(ခ) CDM တွင်ပါဝင်သူများကြုံတွေ့ရသည့် စိန်ခေါ်မှုများနှင့် အကျိုးဆက်များ

KHRG မှတွေ့ဆုံမေးမြန်းခဲ့သည့် CDM တွင်ပါဝင်သူများအနေဖြင့် ဤလှုပ်ရှားမှုတွင်ပါဝင်နိုင်ရန်အတွက် စိန်ခေါ်မှုကြီးများကိုကြုံတွေ့ခဲ့ရကြောင်း ပြောပြခဲ့သည်။ အထူးသဖြင့် ဤလှုပ်ရှားမှုတွင်ပါဝင်ရန် ဆုံးဖြတ်ခြင်းသည် ၎င်းတို့အတွက် အသက်အန္တရာယ်ရှိသော အကျိုးဆက်များကိုကြုံတွေ့ရနိုင်ကြောင်း ရှင်းလင်းစွာသိရှိထားပြီးဖြစ်သည်။ CDM လှုပ်ရှားမှုတွင် ပါဝင်သူများအနေဖြင့် စားဝတ်နေရေးအခက်အခဲများ၊ ပိုမိုများပြားလာသည့် ပိတ်ပင်

ကနဦးသတ်ချက်များအပြင် ၎င်းတို့ကိုယ်တိုင် သို့မဟုတ် မိသားစုဝင်များအနေဖြင့် စစ်ကောင်စီ၏ဖမ်းဆီးခြင်းနှင့် တိုက်ခိုက်ခြင်းကို ခံရနိုင်ချေရှိသော ခြိမ်းခြောက်မှုများကိုလည်း ရင်ဆိုင်ခဲ့ကြရသည်။

(၁) အာဏာပိုင်များ၏ဖိအားပေးမှုများ

CDM လှုပ်ရှားမှုတွင် ပါဝင်သူများအနေဖြင့် ဤလုပ်ရှားမှုတွင်ပါဝင်သည့် အတောအတွင်းနှင့် ပါဝင်ရန်ဆုံးဖြတ်ပြီး နောက်ပိုင်းတွင် အာဏာပိုင်များ၏ဖိအားပေးမှုများကို ခံစားခဲ့ကြရသည်။ CDM လှုပ်ရှားမှုတွင် ပါဝင်သူအများစုအ တွက် တရားဝင်အလုပ်ထွက်ခြင်းမှာ ခက်ခဲသယောင်ရှိသော်လည်း ၎င်းတို့တာဝန်ထမ်းဆောင်နေသည့် ဌာနအ လိုက်အပေါ်မူတည်၍ အခြေအနေကွဲပြားသည်။

KHRG မှ တွေ့ဆုံမေးမြန်းခဲ့သူများ၏ပြောပြချက်အရ အထူးသဖြင့် ရဲနှင့်စစ်သားများသည် ၎င်းတို့သက်ဆိုင်ရာ ဌာန၏ ခွင့်ပြုချက်မရပဲရာထူးမှ နုတ်ထွက်သည့်အခါတွင် အန္တရာယ်ပိုများကြောင်း ပြောပြခဲ့သည်။ ၎င်းတို့အား ဖမ်းမိပါက အလွန်ဆိုးရွားသည့် ပြစ်ဒဏ်ပေးခြင်းများ ကြုံရနိုင်ပါသည်။ သို့သော်လည်း မေးခွန်းဖြေကြားသူ စစ် ကောင်စီ၏ ရဲနှင့်စစ်တပ်ဌာနများအနေဖြင့် CDM လှုပ်ရှားမှုတွင် မပါဝင်မီ တရားဝင်အလုပ်ထွက်စာတင်နိုင်ခြင်း မရှိပါ။ ဘိတ်–ထားဝယ်ခရိုင်၊ ခစ–––ဒေသ၊ ခအ–––ရဲစခန်းမှ အလုပ်ထွက်စာမတင်ရန် ရွေးချယ်ခဲ့သည့် ဒုရဲမှူးဖြစ် သော မောင်ဗ–––က ဤသို့ရှင်းပြခဲ့သည်။ *"ကျွန်တော်အလုပ်ထွက်စာမတင်ခဲ့ဘူး။ မတ်လမှာ ကျွန်တော်ဒီအတိုင်း ပဲ CDM မှာဝင်ပါခဲ့တယ်။ တကယ်လို့ ထွက်စာတင်ရင် ကျွန်တော်တို့အတွက် ပိုပြီးအန္တရာယ်များလိမ့်မယ်။"* ထွက် စာတင်ခြင်းသည် စစ်ကောင်စီ၏ ရဲနှင့်စစ်သားတပ်ဖွဲ့ဝင်များအား CDM လှုပ်ရှားမှုတွင်ပါဝင်နိုင်ရန် အဟန့်အတား ဖြစ်စေသည်။ စစ်လေယာဉ်စက် ပြင်ဝန်ထမ်းတစ်ဦးဖြစ်သော မောင်ဆ–––က ၎င်းအနေဖြင့် အခြေအနေကိုသိသည့် အတွက် ထွက်စာမတင်ခဲ့ကြောင်း *"သူတို့က ကျွန်တော်တို့ကိုသွားခွင့်ပေးမှာမဟုတ်ဘူး။"* ဟုပြောခဲ့သည်။ ရခိုင် ပြည်နယ်မှ ရဲအရာရှိတစ်ဦးဖြစ်သော တပ်ကြပ်ဦးအစ–––က *"ကျွန်တော်တော့မတင်ခဲ့ဘူး။ တကယ်လို့ထွက်စာ တင်ခဲ့ရင် ဒီကိုတောင်လာလို့ရမှာမဟုတ်ဘူး။"* ဟု ပြောခဲ့သည်။

KHRG ၏သတင်းအချက်အလက်များအရ အင်တာဗျူးဖြေဆိုခဲ့သည့် ရဲတပ်သားလေးဦးသည် ရာထူးမှမထွက်ခွာမီ ထွက်စာချန်ထားခဲ့ပြီး ၎င်းတို့လေးဦးထဲမှ နှစ်ဦးသာလျှင် CDM လှုပ်ရှားမှုတွင် ပါဝင်မည်ဖြစ်ကြောင်း ပြောပြခဲ့သည်။ ရဲနှင့်စစ်သားများမှာ ၎င်းတို့အနေဖြင့် ထွက်စာတင်သည်ဖြစ်စေ၊ မတင်သည်ဖြစ်စေ အချိန်အတိုင်းအတာတစ်ခုအထိ တာဝန်မှပျက်ကွက်ပါက ၎င်းတို့အား တပ်ပြေးအဖြစ်သတ်မှတ်ပါသည်။ ကော့တရိမြို့နယ်မှ ရဲအရာရှိတစ်ဦးဖြစ်ပြီး ထွက်စာတင်ခြင်းမရှိသည့် စောအဝ–––က ဤသို့ရှင်းပြခဲ့သည်။ *"တကယ်လို့ ရဲအရာရှိတစ်ဦးအနေနဲ့ ရက်ပေါင်းနှစ် ဆယ်အလုပ်ပျက်ရင် သူ့ကိုတပ်ပြေးရဲအနေနဲ့ သတ်မှတ်တယ်။"*

ပညာရေးဝန်ထမ်းများက ၎င်းတို့၏နုတ်ထွက်ခြင်းနှင့်ပတ်သက်၍ ကြုံတွေ့ရသည်စိန်ခေါ်မှုအနည်းငယ်ကို ဖော်ပြ ခဲ့ပြီး KHRG မှတွေ့ဆုံမေးမြန်းခဲ့သည့် ကျောင်းဆရာအများအပြားမှာ CDM လှုပ်ရှားမှုတွင်ပါဝင်ရာ၌ ထွက်စာတင် ခြင်းမရှိခဲ့ပေ။ ဒူးပလာယာခရိုင်၊ ဝေါ်ရေ့မြို့နယ်၊ ဒဥ–––ကျေးရွာအုပ်စု၊ ဒဥ–––ကျေးရွာမှ မူလတန်းပြကျောင်းဆရာ မောင်အန–––က ၎င်း၏ကျေးရွာတွင် မည်သူမျှထွက်စာတင်ခြင်းမရှိကြောင်း တင်ပြခဲ့သည်။ ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ ဂဗ–––ကျောင်းမှ ကျောင်းအုပ်ဖြစ်သူ စောအက–––ကလည်း ထွက်စာမတင်ခဲ့သည့်အကြောင်း ကိုဤသို့ရှင်းပြခဲ့သည်။ *"CDM လှုပ်ရှားမှုဆိုတာက စစ်တပ်ရဲ့ အမိန့်တွေကို ငြင်းဆန်တာဖြစ်တယ်၊ ပြီးတော့ကျွန် တော်တို့ ယာယီအလုပ်ရပ်နားထားတာတဲ့ သဘောပေါ့။ ကျွန်တော်တို့က အလုပ်ထွက်လိုက်တာမဟုတ်ဘူး။ ဒါကြောင့် ကျွန်တော်တို့အလုပ်ထွက်စာတင်စရာ အကြောင်းမရှိဘူး။"* KHRG မှ တွေ့ဆုံမေးမြန်းခဲ့သည့် CDM လှုပ်ရှားမှုတွင်ပါဝင်သူ ကျောင်းဆရာမတစ်ဦးက သူမအနေဖြင့် ဤလှုပ်ရှားမှုတွင်ပါဝင်လိုပါက ထွက်စာတင်ခိုင်း သည်ဟုပြောပြပြီး အခြားဆရာကျောင်းတစ်ဦးကိုလည်း ၎င်းအနေဖြင့် ဤလှုပ်ရှားမှုတွင် ဆက်လက်ပါဝင်နေပါက အလုပ်ထွက်ရမည်ဖြစ်ကြောင်း ပြောပြခဲ့ပါသည်။

ပညာရေးဝန်ထမ်းများအနေဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်နိုင်ခြင်းမရှိစေရန်အတွက် ဌာနအတွင်းရှိ အာဏာပိုင်များ၏ ဖိအားပေးခြင်းကို ကြုံတွေ့ကြရသည်။ ရန်ကုန်တိုင်း၊ ဘဥ–––ကျေးရွာမှ ကျောင်းအထွေထွေဝန်ထမ်းတစ်ဦးဖြစ်သည့် ဦးခ–––က ဤကဲ့သို့ပြောပြခဲ့သည်။ *“သူတို့က ကျွန်တော်တို့ကို CDM မှာမပါဖို့နဲ့ အလုပ်ပြန်လာလုပ်ဖို့ ပြောတယ်။ ကျွန်တော်တို့မိသားစုဝင်တွေကိုလည်း သူတို့ကဖိအားပေးပြီး ကျွန်တော်တို့အကျိုးအတွက် အကောင်းဆုံးကိုလုပ်ပေးနေတယ်လို့ ပြောတယ်။”* ထို့အပြင် CDM လှုပ်ရှားမှုတွင်မပါဝင်ရန် ဖိအားပေးခံရသည့်သူ၏ ဆရာမဖြစ်သူအကြောင်းကိုလည်း ပြောခဲ့သည်။ *“သူမက ချေးငွေတချို့ယူထားတဲ့အတွက် ကျောင်းအုပ်ကြီးက သူ့ကိုဖိအားပေးပြီး ‘ အကြွေးတွေအကုန်ပြန်ဆပ်ရမယ်လို့’ ပြောတယ်။” “ကျောင်းအုပ်ကြီးက သူ့ကိုအဆက်မပြတ်ဆက်သွယ်နေတော့သူလည်း CDM ကနေ Non–CDM ကို ပြန်ပြောင်းရတယ်။”* ဟု ထပ်ပြောပြခဲ့သည်။ ဤအခြေအနေသည် ထူးခြားသည့်အခြေအနေမဟုတ်ပါ။ မြန်မာနိုင်ငံမှ ကျောင်းဆရာ/ဆရာမများသည် ပညာရေးဌာနမှချေးငွေယူထားသည့်အတွက် ယခုအချိန်တွင် ထိုချေးငွေများအား ပြန်လည်ပေးအပ်ရန်အတွက် ၎င်းတို့အထက်အရာရှိများ၏ ခြိမ်းခြောက်မှုကို ခံနေကြရသည်။

ဘားအံမြို့မှ ကျောင်းဆရာတစ်ဦးက ဒေသခံအာဏာပိုင်များထံမှ ဖိအားများသည်လည်း ကျောင်းဆရာ/ဆရာမများအား CDM လှုပ်ရှားမှုတွင် မပါဝင်နိုင်စေရန် ဟန့်တားလျက်ရှိကြောင်း သို့မဟုတ် အစပိုင်းတွင်ပါဝင်သော်လည်း နောက်ပိုင်းတွင် ထိုလှုပ်ရှားမှုမှနှုတ်ထွက်စေကြောင်း ပြောခဲ့သည်။ *“သူတို့ CDM မှာပါလာအောင် ကျွန်တော်တို့ ကြိုးစားခဲ့ပေမယ့် တချို့လူတွေက စစ်ကောင်စီအာဏာပိုင်တွေရဲ့ ဖိအားတွေကြောင့် တခြားတဖက်ကိုရောက်သွားတယ်။ ဥပမာအားဖြင့် ကျောင်းတစ်ကျောင်းမှာ ကျောင်းဆရာ ၃၀ ရှိတယ်ဆိုရင် ၁၈ ယောက်ပဲ CDM မှာပါတယ်။ စစ်ကောင်စီရဲ့အာဏာပိုင်တွေဆီက ဒါမှမဟုတ် သူတို့ကြုံရတဲ့တခြားအခက်အခဲတွေကြောင့် ဖိအားတွေများတယ်ဆိုရင် ၁၈ ယောက်မှာ ၁၇ ယောက်က CDM မလုပ်တဲ့အဖွဲ့ထဲကို ပြန်ပါသွားရော။”*

ကျန်းမာရေးဝန်ထမ်းများသည် CDM လှုပ်ရှားမှုတွင် ပါဝင်သည့်အတွက် စစ်ကောင်စီ၏ပစ်မှတ်ထားခြင်းနှင့် ခြိမ်းခြောက်ခြင်းများကို ခံစားကြရသည်။[54] အမှန်အားဖြင့်ဆိုရလျှင် KHRG မှ တွေ့ဆုံမေးမြန်းခဲ့သူများထဲတွင် ကျန်းမာရေးဝန်ထမ်းအနည်းငယ်သာ ပါဝင်သည်။ အဘယ်ကြောင့်ဆိုသော် အများစုမှာ ၎င်းတို့၏လုံခြုံရေးအတွက် စိုးရိမ်သဖြင့် တွေ့ဆုံမေးမြန်းခြင်းကို ငြင်းဆန်ကြသည်။ ထို့အတွက်ကြောင့် KHRG အနေဖြင့် ကျန်းမာရေးဝန်ထမ်းများ၏ နှုတ်ထွက်ခြင်းနှင့်ပတ်သက်ပြီး သတင်းအချက်အလက်အနည်းငယ်သာ ရရှိခဲ့သည်။ KHRG မှတွေ့ဆုံမေးမြန်းခဲ့သည့် ကျန်းမာရေးဝန်ထမ်းတစ်ဦးက သူမအနေဖြင့် CDM လှုပ်ရှားမှုတွင်ပါဝင်သော်လည်း အလုပ်မှနှုတ်ထွက်ခဲ့ခြင်းမရှိကြောင်း ပြောခဲ့သည်။ သို့သော်လည်း ဒေသခံအာဏာပိုင်များက သူမနှင့် သူမ၏လုပ်ဖော်ကိုင်ဖက်များအား အလုပ်ပြန်ဝင်ရန်အတွက် ဖိအားပေးခဲ့သည်။ CDM လှုပ်ရှားမှုတွင် ပါဝင်ပြီးသည့်နောက် သူမ၏အထက်အရာရှိတစ်ဦးမှ သူမနှင့် CDM တွင်ပါဝင်သည့် အခြားသူများအား ရုံးတွင်ကျန်ခဲ့သည့်ပစ္စည်းများအား ပြန်ယူရန်ဖုန်းဖြင့်ဆက်သွယ်ခဲ့ပြီး တစ်ချိန်တည်းမှာပင် အလုပ်ပြန်ဝင်ရန်လည်း ဖိအားပေးခဲ့သည်။ *“ကျွန်မတို့ ကိုယ့်ပစ္စည်းတွေကိုယ်ပြန်ယူမှာကိုသိတာနဲ့ သူတို့ကအဲ့ဒါတွေအားလုံးကို အခန်းတစ်ခုထဲမှာထည့်ပြီး သော့ခတ်ထားလိုက်တယ်။ [...]ပြီးတော့ ကျွန်မတို့အလုပ်ပြန်ဝင်မှပဲ တံခါးသော့ပေးမယ်လို့ပြောတယ်။”*

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းအများအပြား၏နေရာတွင် စစ်ကောင်စီမှခန့်အပ်သည့် အာဏာပိုင်များနှင့် အစားထိုးခဲ့သော်လည်း အခြားဝန်ထမ်းများမှာ နှုတ်ထွက်ရန်အတွက် ကြိုးပမ်းရာတွင် အခက်အခဲများကြုံတွေ့ခဲ့ရသည်။ ခလယ်လွီထူခရိုင်၊ မူးမြို့နယ်၊ ခမ–––ကျေးရွာအုပ်စု၊ ကဝ–––ကျေးရွာမှ ကျေးရွာအုပ်စုမှူး စောပ–––က သူ့အနေဖြင့် အလုပ်စာချုပ်သက်တမ်းကုန်ဆုံးမည့် ၂၀၂၁ ခုနှစ်၊ မတ်လတွင် တရားဝင်နှုတ်ထွက်ရန် ပြင်ဆင်ထား

---

[54] ရောဝတီမှ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထုတ်ဝေသော “Myanmar Medics in Hiding as Regime Targets Hospital–Led Disobedience Movement,”; နှင့် ရောဝတီမှ ၂၀၂၁ ခုနှစ်၊ ဧပြီလတွင် ထုတ်ဝေသောထုတ်ဝေသော “Myanmar Junta Charges and Arrests Striking Doctors and Senior Medical Staff,”တွင်လည်းကြည့်ပါ။

ခဲ့သည်။ ကျေးရွာအုပ်စုမှူးများမှာ အထွေထွေအုပ်ချုပ်ရေးဌာန၏ အဖွဲ့ဝင်များမဟုတ်ပဲ ရွေးကောက်ခံဝန်ထမ်းများ ဖြစ်ကြသည်။[55] စစ်ကောင်စီသည် ဤရာထူးများအတွက် တစ်ဦးချင်းစီကို ရွေးချယ်ခန့်အပ်ခဲ့သည်။ ကျေးရွာအုပ်စုမှူးအနေဖြင့် နှုတ်ထွက်ပိုင်ခွင့်ရှိသော်လည်း စစ်ကောင်စီမှ ထိုသို့နှုတ်ထွက်ခြင်းကို ငြင်းပယ်ခဲ့သည်။ စောပ–––က KHRG အား ဤသို့ပြောခဲ့သည်။ *"ကျွန်တော်ရဲ့ ကျေးရွာအုပ်စုမှူး ငါးနှစ်သက်တမ်းကာလဟာ ဒီမတ်လမှာ ကုန်မှာဖြစ်တယ်။ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့တုန်းက NLD အတွင်းရေးမှူးက ကျွန်တော်တို့ဆီကိုစာပို့တယ်။ အဲ့ဒီစာထဲမှာ ကျွန်တော်တို့ဒီရာထူးကနေ နှုတ်ထွက်လို့ရတယ်လို့ ရေးထားတယ်။ ကျွန်တော်တို့အလုပ်အတွက် ကျေးဇူးတင်ကြောင်းလည်း ပါတယ်။ သူက မနက်ပိုင်းမှာ ကျွန်တော်တို့ဆီကိုစာပို့တယ်။ ညနေကျတော့ NLD အတွင်းရေးမှူးက စာကိုပြန်ရုတ်သိမ်းကြောင်း ဖုန်းဆက်တယ်။ နောက်တစ်ရက်မနက်ကျတော့ စာရဲ့ခေါင်းစဉ်မှာ အထွေထွေအုပ်ချုပ်ရေးဌာနကနေ နစကဆိုပြီး ပြောင်းသွားပြီးတော့ ကျွန်တော်ကို ယာယီကျေးရွာအုပ်စုမှူးအနေနဲ့ ခန့်တယ်ဆိုပြီး ပြန်ပါလာတယ်။"*

(၂) ပြစ်ဒဏ်ပေးခြင်းနှင့်ဖမ်းဆီးထိန်းသိမ်းခြင်း

CDM လှုပ်ရှားမှုတွင် ပါဝင်သူများအနေဖြင့် ဤလှုပ်ရှားမှုတွင်ပါဝင်သည့်အတွက် ဖမ်းဆီးထိန်းသိမ်းခံရခြင်းနှင့် အခြားပြစ်ဒဏ်ပေးခြင်းများကို ကြုံတွေ့ခဲ့ရကြသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် CDM လှုပ်ရှားမှုတွင်ပါဝင်ပါက အထူးသဖြင့် ပြစ်ဒဏ်နှင့်ဖမ်းဆီးထိန်းသိမ်းခြင်းများကို ခံရနိုင်ချေမြင့်မားသည်။ ရဲဝန်ထမ်းတစ်ဦးမှ *"ကျွန်တော်တို့ရဲတပ်ဖွဲ့မှာ စည်းမျဉ်းစည်းကမ်းတွေရှိတယ်။ တကယ်လို့ ရဲတွေက CDM လှုပ်ရှားမှုမှာပါဝင်လို့ အဖမ်းခံရမယ်ဆိုရင် ထောင်ချခံရမယ်။"* ဟုရှင်းပြထားပါသည်။ လေကြောင်းရဲတပ်ဖွဲ့မှ တပ်ကြပ်တစ်ဦးကလည်း *"ကျွန်တော်တို့က ရဲတပ်ဖွဲ့ကဝန်ထမ်းတွေဆိုတော့ ကျွန်တော်တို့ဌာနက လက်နက်ကိုင်တဲ့ဌာနဖြစ်တဲ့အတွက် တခြားဝန်ထမ်းတွေနဲ့မတူဘူး။ ကျွန်တော်တို့တစ်ရက်ပျက်ကွက်တာနဲ့ သူတို့ထုတ်ထားတဲ့ ရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေးဥပဒေနဲ့အညီ ကျွန်တော်တို့ကိုတွေ့တာနဲ့ဖမ်းလိမ့်မယ်။"* ၎င်းတို့အနေဖြင့် တပ်ပြေးရဲများဟု သတ်မှတ်ခံရခြင်း သို့မဟုတ် "နိုင်ငံ့ရန်သူများ" အဖြစ် သတ်မှတ်ခံရနိုင်ပြီး ၎င်းတို့အတွက်ပြစ်ဒဏ်မှာ ထောင်ချခံရခြင်းအပြင် ညှဉ်းပမ်းနှိပ်စက်ခြင်း သို့မဟုတ် အဓမ္မအစဖျောက်ခံရခြင်းများကိုပါ ကြုံတွေ့ရနိုင်သည်။ အာဏာသိမ်းမှုမတိုင်မီကပင် စစ်တပ်မှ တပ်ပြေးများအတွက် အမြင့်ဆုံးထောင်ဒဏ်ကို နှစ်နှစ်မှငါးနှစ်အထိ တိုးမြှင့်ခဲ့သည်။[56]

စစ်ကောင်စီ၏စစ်ဝန်ထမ်းများသည်လည်း CDM လှုပ်ရှားမှုတွင်ပါဝင်ပါက အလားတူဖမ်းဆီးခြင်း သို့မဟုတ် ပြစ်ဒဏ်ပေးခြင်းကို ကြုံတွေ့ရနိုင်သည်။ လေတပ်မှ စစ်လေယာဉ်စက်ပြင်ဝန်ထမ်းတစ်ဦးက *"တကယ်လို့ တပ်မတော်ခေါင်းဆောင်တွေ ထွက်ပြေးတယ်ဆိုရင် သူတို့တွေ ငါးနှစ်ထောင်ဒဏ်ချမှတ်ခံရမယ်။ ဒါပေမယ့် ဒီအချိန်မှာ ထွက်ပြေးရင်တော့ ထောင်ဒဏ်ကဒီထက်ပိုပြီးကြာမယ်။ ဘာကြောင့်လဲဆိုတော့ ဒီကာလအတွင်းမှာ ပြစ်ဒဏ်ကို သူတို့ကြိုက်သလိုပြောင်းလိုက်ပြီ။ သူတို့တွေအနေနဲ့ ကျွန်တော်တို့ကိုပစ်သတ်နိုင်သလိုလုပ်ချင်သလိုလုပ်နိုင်တယ်။ ဒီအချိန်မှာ သူတို့ကြိုက်သလိုလုပ်နိုင်တယ်။"*

CDM လှုပ်ရှားမှုတွင်ပါဝင်သူများအား ဖမ်းဆီးရမိပါက ပြင်းထန်သည့် ပြစ်ဒဏ်များချမှတ်သည့်အတွက် ထိုလှုပ်ရှားမှုတွင်ပါဝင်သော တွေ့ဆုံမေးမြန်းခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအားလုံးမှာ မိမိတို့၏နေရပ်များမှ ထွက်ပြေးတိမ်းရှောင်နေရကြသည်။ ဖေဖော်ဝါရီလကုန်တွင် ပါဝင်လာသည့် အရာရှိတစ်ဦးက *"CDM မှာ ကျွန်တော်ဝင်ပါတုန်းက အဲ့ဒီနေ့ညမှာပဲ သူတို့က ကျွန်တော်ကိုဖမ်းဖို့ရောက်လာကြတယ်။ ဖေဖော်ဝါရီလ ၂၃ ရက်နေ့မှာဘုန်းကြီးကျောင်းတစ်ကျောင်းမှာ ကျွန်တော်ပုန်းနေခဲ့တယ်။ ကျွန်တော်ကိုဖမ်းဖို့ သူတို့အဲ့ဒီကိုရောက်လာတယ်။ လူတွေက*

55 Myanmar Now တွင်အလုပ်လုပ်နေသည့် Chan Thar and Nyan Hlaing Lin မှ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင်ထုတ်ဝေသော "Tatmadaw 'imposes harsher punishments' for desertion as more military medics abandon their posts," တွင်ကြည့်ပါ။

56 Myanmar Now တွင်အလုပ်လုပ်နေသည့် Chan Thar and Nyan Hlaing Lin မှ ၂၀၂၁ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ဝေသော "Tatmadaw 'imposes harsher punishments' for desertion as more military medics abandon their posts," တွင်ကြည့်ပါ။

*ကျွန်တော်ရဲ့ လုံခြုံရေးအတွက် စိုးရိမ်လို့ ကရင်ပြည်နယ်[ဒူးသထူခရိုင်] ဘားအံကို ပို့လိုက်တယ်။"* တောအူးခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အရာရှိတစ်ဦးက *"ကျွန်တော်အနေနဲ့ CDM မှာပါဖို့ စောင့်နေတာကြာပြီ။ ကျွန်တော်က ခေါင်းဆောင်တွေနဲ့ အနီးကပ်နေပြီး သူတို့အတွက် အလုပ်လုပ်ရတော့ ပထမတော့မပါနိုင်ခဲ့ဘူး။"* ရခိုင်ပြည်နယ်၊ အ၄---မြို့မှ ဘားအံခရိုင်သို့ ထွက်ပြေးတိမ်းရှောင်လာသည့် ဒုတပ်ကြပ်တစ်ဦးက အလားတူအခြေအနေကို ပြောပြခဲ့သည်။ *"စစ်တပ်ကအာဏာသိမ်းတော့ ကျွန်တော်လုံးဝအလုပ်မလုပ်ချင်တော့သလို ခံစားရတယ်။ ကျွန်တော် CDM မှာမပါခင် အခြေအနေစောင့်ကြည့်သေးတယ်။ CDM အကြောင်းကြားကတည်းက ကျွန်တော်အရမ်းပါချင်တယ်၊ ဒါပေမယ့် အဲ့လိုလုပ်ဖို့အခွင့်မရခဲ့ဘူး။"*

KHRG နှင့် စကားပြောခဲ့သည့် ရဲအရာရှိတစ်ဦးက ၎င်းအနေဖြင့် CDM လှုပ်ရှားမှုတွင်ပါဝင်ခဲ့သည့်အတွက် တပ်ရင်းမှူးမှသူ့အားဖမ်းဆီးရန် ကြိုးပမ်းခဲ့ပုံနှင့် လူမှုကွန်ယက်အားအသုံးပြုပြီး ၎င်းအားထိန်းချုပ်ရန်ကြိုးစားခဲ့ပုံနှင့် ပတ်သက်ပြီး ပြောပြခဲ့သည်။

*"ကျွန်တော်က ဖေ့စ်ဘွတ်သုံးတယ်။ ကျွန်တော်နဲ့ ကျွန်တော်သူငယ်ချင်းကအရမ်းရင်းနှီးတော့ သူနဲ့တော့အဆက်အသွယ်ရှိတာပေ့ါ။ ကျွန်တော်တို့အရာရှိက အဲ့ဒါကိုသိတယ်။ ဒါကြောင့် ကျွန်တော်တပ်ရင်းမှူးက ကျွန်တော်သူငယ်ချင်းကို သူ့ဘေးကိုခေါ်ပြီးတော့ မက်ဆင်ဂျာကတဆင့် ကျွန်တော်ကိုခေါ်ခိုင်းတယ်။ ကျွန်တော်သူငယ်ချင်းက CDM ဝင်ချင်လို့ လာလို့ရလားလို့ မက်ဆင်ဂျာကနေတဆင့် ကျွန်တော်ကိုမေးတယ်။ ဒါနဲ့ ကျွန်တော်ဆီကိုမလာဖို့နဲ့ ကိုယ်တိုင်သွားကြိုပေးမယ်လို့ ပြောခဲ့တယ်။ ဒါနဲ့သူက ကျွန်တော်ဘယ်အချိန်အားလဲလို့ မေးခဲ့လို့ ကျွန်တော်ကလည်း ညနေအားတယ်လို့ပြောခဲ့တယ်။ ပြီးတော့သူက ကျွန်တော်ကိုအားတဲ့အချိန်လာကြိုဖို့နဲ့ သူစောင့်နေမယ့်အကြောင်းပြောတယ်။ ဒါပေမယ့် သူသုံးတဲ့အသုံးအနှုန်းတွေက သူသုံးနေကျစကားလုံးတွေမဟုတ်ဘူး။ စကားလုံးတွေက နည်းနည်းထူးဆန်းနေတယ်။ ဒါနဲ့ ကျွန်တော်လည်းအဲ့ဒီမှာ စကားပြောနေတာကသူဟုတ်မဟုတ်မေးတော့ သူကဟုတ်တယ်လို့ ပြန်ဖြေတယ်။ အဲ့ဒီနောက် သူလိုင်းမသုံးတော့ဘူး။ နှစ်မိနစ်လောက်ကြာတော့သူအိမ်သာထဲသွားပြီးကျွန်တော်ကိုခေါ်ပြီးပြောတယ်။ 'သူငယ်ချင်းခုနကစကားပြောတာငါကိုယ်တိုင်ပဲ။ ဒါပေမယ့် ငါ့ကိုအဲ့ဒီလိုပြောခိုင်းတဲ့အရာရှိ ငါ့ဘေးမှာရှိတယ်။ သူကငါ့ကို CDM မှာပါမယ်လို့ပြောခိုင်းတယ်။ ပြီးရင် မင်းကိုဖမ်းမှာ။' သူတို့က ကျွန်တော်ကို ဒီလိုခြိမ်းခြောက်ကြတယ်။"*

ရဲအရာရှိအများအပြားက ၎င်းတို့အနေဖြင့် CDM လှုပ်ရှားမှုတွင်ပါဝင်ရန် ဆွေးနွေးပါက အထက်အရာရှိများသိရှိသွားမည်ကို ကြောက်ရွံ့ကြသည်။ ရဲအရာရှိတစ်ဦးအား ၎င်းအနေဖြင့် ဤအကြောင်းနှင့်ပတ်သက်ပြီး ၎င်း၏လုပ်ဖော်ကိုင်ဖက်နှင့် ဆွေးနွေးခြင်းရှိမရှိမေးသည့်အခါတွင် သူက *"ဟင့်အင်း၊ ကျွန်တော်တို့အဲ့လိုမလုပ်ဘူး။ ဒါပေမယ့် ကျွန်တော်တို့ရဲဌာနမှာ CDM ဝင်ဖို့ကိစ္စနဲ့ပတ်သက်ပြီးတော့ မဆွေးနွေးရဲဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့လည်း တယောက်နဲ့တယောက် သတိထားနေရတယ်။ ဌာနထဲကဝန်ထမ်းတော်တော်များများက CDM မဝင်ချင်ကြဘူး။ ကျွန်တော်တို့လည်း ဒီကိစ္စနဲ့ပတ်သက်ပြီး အချင်းချင်းမဆွေးနွေးရဲဘူး။"* အခြားမေးခွန်းဖြေကြားသူတစ်ဦးက *"ကျွန်တော်တို့အချင်းချင်း ကြိုတင်ပြီးမဆွေးနွေးဘူး။ ကျွန်တော်တို့ကော်ဖီအတူတူသောက်ရင်လည်း ဒီအကြောင်းမဆွေးနွေးဘူး။ ဒါပေမယ့် အခုမှသာရဲတွေ CDM ဝင်တဲ့အကြောင်းပြောတာ။ [...]ကျွန်တော်တို့တွေအချင်းချင်းပြောဖြစ်တယ်။ တကယ်လို့ မင်းလုပ်ချင်တယ်ဆိုရင် လုပ်နိုင်တယ်။ ကျွန်တော်ကတော့ အခြေအနေကိုစောင့်ကြည့်အုံးမယ်လို့ ပြောထားတယ်။ ကျွန်တော်သွားမယ်လုပ်တဲ့နေ့မှာ ဖြစ်ချင်တော့ ကျွန်တော်တို့ရဲ့သွားမယ့်ရက်တွေက အတူတူပဲ။"*

ဤဌာနများသည် CDM လှုပ်ရှားမှုတွင် ပူးပေါင်းပါဝင်လိုသည့် ၎င်းတို့၏ဝန်ထမ်းများအား အခက်အခဲဖြစ်စေသည်။ မေးခွန်းဖြေကြားသူတစ်ဦးက စစ်တပ်မှဝန်ထမ်းများအနေဖြင့် ၎င်းတို့၏တပ်စခန်းများအား စွန့်ခွာခွင့်မရှိခြင်းနှင့်

ငင်းတို့အနေဖြင့် တပ်စခန်းမှထွက်ခွာပါက ငင်းတို့၏အထက်အရာရှိအား အကြောင်းကြားရကြောင်း ပြောသည်။ *"သူတို့က ကျွန်တော်တို့ကိုဘယ်တော့မှ အပြင်ထွက်ခွင့်မပေးဘူး။ [...]ဘာကြောင့်လဲဆိုတော့ ဝန်ထမ်းတော်တော်များများ CDM မှာပါဖို့ကြိုးစားကြတယ်။ သူတို့က ဝန်ထမ်းတွေကိုမိသားစုတွေဆီ သွားလည်ခွင့်လည်း သိပ်မပေးဘူး။ တကယ်လို့ ကျွန်တော်တို့အပြင်သွားချင်တယ်ဆိုရင် သူတို့ကိုအစီရင်ခံရတယ်။"* KHRG မှတွေ့ဆုံမေးမြန်းခဲ့သည့် CDM လှုပ်ရှားမှုတွင်ပါဝင်သော စစ်ကောင်စီရဲတပ်ဖွဲ့နှင့် စစ်တပ်ဝန်ထမ်းများအားလုံးမှာ ထိုသို့ထွက်ပြေးခဲ့သူများဖြစ်ကြသည်။ တောအူခရိုင်၊ ရေတာရှည်မြို့နယ်၊ ခဟ–––မြို့မှမီးရထားဌာနတွင် တာဝန်ထမ်းဆောင်သောရဲဝန်ထမ်းတစ်ဦးဖြစ်သောမောင်မ–––က *"ကျွန်တော်ပြောခဲ့သလိုပဲသူတို့က CDMမှာပါတဲ့ရဲအရာရှိတွေကိုဖမ်းတယ်။ [...]တကယ်လို့ဒီလူက CDM မှာပါတယ်ဆိုတာသိတာနဲ့ သူတို့ကဖမ်းတယ်။ ဒါကြောင့် ကျွန်တော်တို့ထွက်ပြေးပုန်းရှောင်ရတယ်။"*

CDM လှုပ်ရှားမှုတွင် ပါဝင်ကြသည့် အခြားအစိုးရဌာနမှ ဝန်ထမ်းများသည်လည်း ထိုလှုပ်ရှားမှုတွင် ပါဝင်သည့်အတွက် လုံခြုံရေးဆိုင်ရာအန္တရာယ်များကို ကြုံတွေ့ကြရသည်။ မေလတွင်တွေ့ဆုံမေးမြန်းခဲ့သော ဘားအံခရိုင်၊ လှုပလယ်(လှိုင်းဘွဲ)မြို့နယ်၊ ဖအ–––ကျေးရွာအုပ်စု၊ ဖအ–––ကျေးရွာမှ အစိုးရကျောင်းဆရာတစ်ဦးဖြစ်သည့် စောအဗ–––က သူနှင့်အခြား CDM လှုပ်ရှားမှုတွင် ပါဝင်သူများ၏ ဖမ်းဆီးထိန်းသိမ်းခြင်းနှင့်ပတ်သက်သော စိုးရိမ်မှုများကို ပြောပြခဲ့သည်။ *"ကျွန်တော်တို့ CDM မှာပါကတည်းက ကျွန်တော်တို့သိတဲ့ ဘားအံမှာနေတဲ့ တခြားလူတွေ အဖမ်းခံရတာကြောင့် ကျွန်တော်တို့ရဲ့ လုံခြုံရေးနဲ့ပတ်သက်ပြီးတော့ အဓိကစိုးရိမ်တယ်။ [...]သူတို့က CDM မှာပါတဲ့အတွက် အဖမ်းခံရတယ်။ တချို့ CDM လုပ်တဲ့သူတွေကလည်း အထက်အရာရှိတွေနဲ့ ကျောင်းအုပ်တွေရဲ့ခြိမ်းခြောက်တာခံရတယ်။ ဥပမာအားဖြင့် CDM မှာပါတဲ့လူတွေကို အကာအကွယ်ပေးဖို့ တာဝန်မယူနိုင်ဘူးလို့ သူတို့ကပြောတယ်။"* ခလယ်လွိုထူခရိုင်တွင် တွေ့ဆုံမေးမြန်းခဲ့သော ဧရာဝတီတိုင်းမှ ကျောင်းအုပ်တစ်ဦးဖြစ်သည့် စောန–––က CDM လှုပ်ရှားမှုတွင်ပါဝင်သူများ အဖမ်းခံရမှုနှင့်ပတ်သက်ပြီး ငင်း၏စိုးရိမ်မှုကိုပြောပြခဲ့သည်။ *"သူတို့က CDM မှာပါလာကြတယ်။ ဒါပေမယ့် နစကက CDM မှာပါတဲ့သူတွေကို ဖမ်းမယ်ဆိုပြီး ဝန်ထမ်းတွေကိုခြိမ်းခြောက်တယ်။"* အချို့သောကိစ္စရပ်များတွင် ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများသည် ဖမ်းဆီးခံရရန်အတွက် ပစ်မှတ်ထားခံရကြသည်။ ဘားအံမြို့အပြင်ဖက်ရွာတစ်ရွာမှ သားဖွားဆရာမတစ်ဦးက *"ဒီမှာဆို ဆရာဝန်တွေကိုဖမ်းဖို့အတွက် ပစ်မှတ်ထားကြတယ်။ အထူးကုဆရာဝန်တွေက အဖမ်းခံရတာကနေလွှတ်ဖို့အတွက် ပုန်းရှောင်နေရတယ်။ ဆေးရုံ၊ ဆေးခန်းတွေလည်း ပိတ်ထားရတယ်။ ကျွန်မရွာကဆရာဝန်တွေလည်း CDM မှာပါတယ်။ ဝန်ထမ်းတွေလည်း အဖမ်းမခံရအောင် ထွက်ပြေးကြရတယ်။"*

စစ်ကောင်စီ၏ ခြိမ်းခြောက်ခြင်းနှင့် လက်တုန့်ပြန်ခြင်းများသည် CDM လှုပ်ရှားမှုတွင်ပါဝင်သည့် အစိုးရဝန်ထမ်းများအတွက် အဓိကအတားအဆီးတစ်ခုဖြစ်သည်။ ဤအတားအဆီးများသည် အာဏာသိမ်းမှုတစ်လျှောက် CDM လှုပ်ရှားမှုတွင် ပါဝင်လာသူများအတွက် ဌာနအလိုက် ကွဲပြားခြားနားသည်။ အာဏာသိမ်းပြီးနောက် အစောပိုင်းနေ့များတွင် CDM လှုပ်ရှားမှုတွင်ပါဝင်ရန် အချို့သောအစိုးရဝန်ထမ်းများအတွက် လွယ်ကူခဲ့သည်။ အဘယ်ကြောင့်ဆိုသော် စစ်ကောင်စီအနေဖြင့် ထို CDM လှုပ်ရှားမှုတွင်ပါဝင်လာသည့် ဌာနအသီးသီးမှ ဝန်ထမ်းများနှင့် ငင်းတို့၏မိသားစုဝင်များအား ဖမ်းဆီးခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် လက်တုန့်ပြန်ခြင်းများကို ကျယ်ကျယ်ပြန့်ပြန့် မလုပ်သေးသည့်အတွက် ဖြစ်သည်။ သို့သော်လည်း အစပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့များနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများတွက် ထိုလှုပ်ရှားမှုတွင်ပါဝင်ရန် အလွန်အန္တရာယ်များခဲ့သည်။ ပညာရေးဝန်ထမ်းများမှာ အစပိုင်းတွင် ပြင်းပြင်းထန်ထန် ပစ်မှတ်ထားခံရခြင်းမရှိသော်လည်း စစ်ကောင်စီမှ ကျောင်းများပြန်လည်ဖွင့်ရန် ကြိုးပမ်းသည့်အချိန်တွင် အဓိကပစ်မှတ်ထား ခံလာကြရသည်။

(၃) မိသားစုလုံခြုံရေး

CDM လှုပ်ရှားမှုတွင်ပါဝင်သူများ၏ မိသားစုဝင်များအား လက်တုန့်ပြန်ရန် ပစ်မှတ်ထားခံရနိုင်သည့်အတွက် အချို့သောမေးခွန်းဖြေကြားသူများက ၎င်းတို့မိသားစုဝင်များ၏ လုံခြုံရေးနှင့်ပတ်သက်ပြီး စိုးရိမ်ကြသည်။ KNU ထိန်းချုပ်နယ်မြေသို့ ထွက်ပြေးလာသည့် ဘားအံမြို့မှ ကျန်းမာရေးဝန်ထမ်းတစ်ဦးက ဤသို့ပြောသည်။ *"စစ်အာဏာသိမ်းမှုကိုဆန့်ကျင်ပြီး CDM မှာပါတဲ့ ဝန်ထမ်းတွေအားလုံးက ရလာဒ်အနေနဲ့ သူတို့မိသားစုဝင်တွေအားလုံးရဲ့ လုံခြုံရေးပတ်သက်ပြီး အန္တရာယ်ရှိတဲ့အခြေအနေကြားမှာ ထားခဲ့ရတယ်။"* မေးခွန်းဖြေကြားသူတစ်ဦး၏ ပြောကြားချက်အရ *"CDM မှာပါတဲ့လူတွေက အဖမ်းခံရဖို့အတွက် ပစ်မှတ်ထားခံရတယ်။ ဒါကကျွန်မတို့အတွက် ပုန်းနေရတာ ပြဿနာမဟုတ်ဘူး။ ကျွန်မစိုးရိမ်တာတစ်ခုက သူတို့တွေ ကျွန်မမိဘတွေကိုလာပြီး ခြိမ်းခြောက်မှာကိုပဲ။ ကျွန်မမိဘတွေကို တခုခုလုပ်သွားမှာ ကျွန်မကြောက်တယ်။"* ဤအချက်သည် CDM လှုပ်ရှားမှုတွင်ပါဝင်ကြသောရဲတပ်ဖွဲ့ဝင်များနှင့် စစ်ကောင်စီစစ်တပ်အရာရှိများအတွက် အဓိကအဟန့်အတားတစ်ခုလည်း ဖြစ်စေသည်။ စစ်ကောင်စီ၏ စစ်တပ်အရာရှိများအနေဖြင့် CDM တွင် မပါဝင်နိုင်သည့် အဓိကအချက်မှာ ၎င်းတို့၏မိသားစုဝင်များအနေဖြင့် လွယ်ကူစွာပစ်မှတ်ထားခံရနိုင်သည့်အတွက်ဖြစ်ကြောင်း စစ်ကောင်စီ၏ စစ်တပ်အရာရှိတစ်ဦးက KHRG အားပြောပြခဲ့သည်။ *"အမှန်အတိုင်းပြောရရင် စစ်တပ်ထဲကဝန်ထမ်း ၈၀ ရာခိုင်နှုန်းလောက်က စစ်တပ်ရဲ့အာဏာရှင်စနစ်ကို မကြိုက်ကြဘူး။ တချို့က CDM မှာပါဖို့အတွက် အတားအဆီးတွေအများကြီးကြုံရတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့တွေ CDM မှာပါရင် ပေးဆပ်ရမှာတွေ အများကြီးပဲ။ ဒါကြောင့် သူတို့ CDM မဝင်နိုင်ဘူး။ တချို့မိသားစုဝင်တွေက စစ်တပ်ထဲမှာပဲနေကြတယ်။ တကယ်လို့သူတို့သာ CDM မှာပါခဲ့ရင် သူတို့ရဲ့မိသားစုဝင်တွေအတွက် အရမ်းအန္တရာယ်များတယ်။ သူတို့မိသားစုဝင်တွေ ဘယ်မှာသွားပုန်းကြမလဲ။ သူတို့သာ CDM မှာဝင်ပါရင် သူတို့မိသားစုဝင်တွေ ဘယ်မှာနေကြမလဲ။ ဒါကြောင့် သူတို့တွေ CDM မှာမပါလာတာ။"*

CDM လှုပ်ရှားမှုတွင် ပါဝင်သူများ၏မိသားစုဝင်များသည်လည်း စစ်ကောင်စီ၏ခြိမ်းခြောက်မှုနှင့် ဖမ်းဆီးခံရခြင်းကို ရှောင်ရှားရန်အတွက် ထွက်ပြေးတိမ်းရှောင်ကြရသည်။ သို့သော်လည်း အချို့သောမိသားစုဝင်များအနေဖြင့် ထွက်ပြေးတိမ်းရှောင်နိုင်ခြင်း မရှိသောကြောင့် CDM လှုပ်ရှားမှုတွင်ပါဝင်သူများအတွက် ၎င်းတို့၏မိသားစု၏ လုံခြုံရေးမှာ အဓိကစိုးရိမ်မှုတစ်ခုဖြစ်လာသည်။ CDM လှုပ်ရှားမှုတွင် ပါဝင်သူများအနေဖြင့် လုံခြုံသည့်နေရာသို့ရောက်နေသော်လည်း ၎င်းတို့၏မိသားစုဝင်များအတွက် စိုးရိမ်မှုများမှာ ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိတစ်ဦးက *"ကျွန်တော်လုံခြုံရေးအတွက် စိုးရိမ်မှုမရှိပေမယ့် ကျွန်တော်မိသားစုအတွက်တော့ စိုးရိမ်တယ်။ ကျွန်တော်က အခုလုံခြုံတဲ့နေရာမှာရှိနေပြီ။"* ငြိမ်းချမ်းရေးအား မြှင့်တင်ရန်အတွက် အရပ်ဖက်အဖွဲ့အစည်းတွင် အလုပ်လုပ်သော ဧရာဝတီတိုင်း၊ မြောင်းမြခရိုင်၊ ခန---မြို့မှ မောင်စ---က သူ့မိသားစုအတွက် စိုးရိမ်မှုကို ဖော်ပြခဲ့သည်။ *"ဗမာစစ်တပ် (စစ်ကောင်စီ)ရဲ့ လုပ်ဆောင်ချက်တွေကြောင့် ကျွန်တော်လည်း ကျွန်တော်မိသားစုလုံခြုံရေးအတွက် စိုးရိမ်တယ်။ တကယ်လို့ သူတို့က ကျွန်တော်ကို မဖမ်းနိုင်ဘူးဆိုရင် ကျွန်တော်မိသားစုကို ပစ်မှတ်ထားလိမ့်မယ်။ ကျွန်တော်အမျိုးသမီးကို သူတို့တွေခြိမ်းခြောက်တယ်လို့ကြားတယ်။ ပြီးတော့ ကျွန်တော်မိသားစုကို ဒုက္ခပေးမယ်လို့လည်း ကြားတယ်။"*

အချို့သော အစိုးရဝန်ထမ်းများသည် ထွက်ပြေးတိမ်းရှောင်ပြီးဖြစ်သော်လည်း စစ်ကောင်စီမှ မိသားစုဝင်များကို ဖမ်းဆီးသည့်အတွက်ကြောင့် ၎င်းတို့၏လုပ်ငန်းခွင်သို့ ပြန်ရောက်အလုပ်လုပ်ကြရသည်။ ဘားအံခရိုင်၊ လူပလယ် (လှိုင်းဘွဲ)မြို့နယ်၊ ဂဝ---ကျေးရွာအုပ်စု၊ ဖခ---ကျေးရွာမှ စောအဥ---က ဤသို့တင်ပြခဲ့သည်။ *"CDM မှာပါဝင်တဲ့သူတချို့က ထွက်ပြေးဖို့ကြိုးစားတဲ့အတွက် သူတို့ရဲ့မိဘတွေအဖမ်းခံရပြီး သူတို့လည်း အလုပ်ပြန်လုပ်ရတယ်။ တချို့ကလည်း ဖိအားတွေကြောင့် ထွက်မပြေးနိုင်ကြဘူး။ ဖိအားပေးမှုတွေ အများကြီးရှိတယ်။"*

### (၄) လုပ်ခလစာနှင့်စားဝတ်နေရေး

မေးခွန်းဖြေကြားသူအများစုက ၎င်းတို့အနေဖြင့် CDM လှုပ်ရှားမှုတွင်ပါဝင်ပြီးနောက်ပိုင်း လုပ်ခလစာမရကြောင်း တင်ပြခဲ့ကြသည်။ ရလာဒ်အနေဖြင့် ထိုလှုပ်ရှားမှုတွင် ပါဝင်သူများသည် စားဝတ်နေရေးအခက်အခဲများ ကြုံတွေ့လာကြရသည်။ ဥပမာအားဖြင့် ဘားအံမြို့မှကျောင်းဆရာမတစ်ဦးဖြစ်သော မအစ---က ဤသို့ပြောခဲ့သည်။ *"ဟုတ်တယ်။ ကျွန်မတို့ စိန်ခေါ်မှုတွေကြုံတွေ့ရတယ်။ တကယ်တော့ အစိုးရဝန်ထမ်းအားလုံးက လစာရရမယ်၊ ဒါပေမယ့် သူတို့ CDM မှာပါမယ်ဆိုရင်တော့ လခရတော့မှာမဟုတ်ဘူး။ တချို့လူတွေက လခမရပဲ အသက်ရှင်လို့ ရပေမယ့် တချို့ကျတော့ စားဝတ်နေရေးအခက်အခဲရှိလို့ သူတို့အတွက်မလွယ်ကူဘူး။"* မိသားစုဝင်များအား မထောက်ပံ့နိုင်မည်ကို စိုးသည့်အတွက် ဤအခြေအနေကအချို့အား CDM လှုပ်ရှားမှုတွင် ပါဝင်ခြင်းမှတားဆီး ထားသည်။ ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ ဘဍ---ကျေးရွာအုပ်စု၊ ဘဍ---ကျေးရွာမှ အထွေထွေကျောင်းဝန်ထမ်း တစ်ဦးဖြစ်သူ ဦးခ---က ၎င်း၏ကျောင်းဆရာမတစ်ဦး ကြုံတွေ့ရသော အခက်အခဲကိုရှင်းပြသည်။ *"သူက CDM မှာပါချင်ပေမယ့် မိသားစုအခက်အခဲရှိလို့ သူပါလို့မရဘူး။ ပထမဆုံးအကြောင်းပြချက်တော့ သူ့မိသားစုဝင်အားလုံး ကို သူ့ရတဲ့လခနဲ့ ထောက်ပံ့ရလို့ပဲ။"*

အချို့သော ကျေးလက်ဒေသများရှိ CDM လှုပ်ရှားမှုတွင်ပါဝင်သူများအနေဖြင့် ကိုယ်ပိုင်မြေရှိပါက လယ်ယာလုပ် ကိုင်ခြင်း သို့မဟုတ် တိရိစ္ဆာန်မွေးမြူခြင်းများဖြင့် ၎င်းတို့ကိုယ်တိုင်နှင့် မိသားစုများအား အတိုင်းအတာတခုအထိ ထောက်ပံ့နိုင်ကြသည်။ ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ ဂဓ---ကျေးရွာအုပ်စုမှကျောင်းဆရာမတစ်ဦးဖြစ်သော နော်အလ---က CDM လှုပ်ရှားမှုတွင် ပါဝင်ပြီးနောက်ပိုင်း သူမအနေနှင့် KHRG အား ဤကဲ့သို့ပြောခဲ့သည်။ *"စိန်ခေါ်မှုတွေ ကျွန်မတို့ကြုံတွေ့ခဲ့ရတယ်။ ဘာကြောင့်လဲဆိုတော့ စားဖို့သောက်ဖို့အသက်မွေးဝမ်းကျောင်းအလုပ်လုပ် ရမယ်။ ဒါပေမယ့်လည်း ကျွန်မတို့မငတ်သေးဘူး။ ကျေးလက်ဒေသမှာ အလုပ်လုပ်နိုင်သရွေ့ စားစရာရှိတယ်။ ကျွန်မတို့မှာ လခတော့မရှိတော့ဘူး။ ဒါကြောင့် ကိုယ့်ခွန်အားနဲ့ပဲ အလုပ်လုပ်ရတော့မယ်။"* အချို့လူများသည် စားစရာအသီးအရွက်များ ရရှိရန်အတွက် မြေယာရှိသော်လည်း လုံလောက်မှုမရှိပေ။ တောအူးခရိုင်၊ ဒေါ်ဖခို (သံတောင်ကြီး)မြို့နယ်၊ ဖစ---ကျေးရွာအုပ်စု၊ ခအ---ကျေးရွာမှ အခြားသောမေးခွန်းဖြေဆိုသူတစ်ဦးဖြစ်သည့် ကျောင်းဆရာမနော်လ---က ဤသို့ရှင်းပြခဲ့သည်။ *"ကျွန်မ CDM မှာပါပြီးတာနဲ့ လခမရတော့ဘူး။ အသက်ရှင်ရပ် တည်ဖို့ ကျွန်မတို့ရဲ့ခြံထဲကထွက်တဲ့ အသီးအနှံတွေအပေါ်မှာပဲ မှီခိုရတယ်။ ဒါပေမယ့် သီးနှံအများကြီး ကျွန်မတို့ မစိုက်နိုင်ဘူး။ ပြီးတော့ အသီးအနှံတွေက ဈေးကောင်းမရဘူး။"*

အချို့ CDM လှုပ်ရှားမှုတွင် ပါဝင်သူများက ၎င်းတို့အနေဖြင့် ထိုလှုပ်ရှားမှုတွင်ပါဝင်သော်လည်း လခဆက်လက် ရရှိကြောင်း ပြောခဲ့သည်။ ဥပမာအားဖြင့် ဒေါ်ဖခို(သံတောင်ကြီး)မြို့နယ်၊ ဖစ---ကျေးရွာအုပ်စု၊ ခအ---ရွာမှက ကျောင်းဆရာမတစ်ဦးဖြစ်သူ နော်က---သည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့၌ CDM လှုပ်ရှားမှုတွင်ပါဝင် ခဲ့သည်။ သူမအား လခဆက်လက်ရရှိသလားဟု မေးသည့်အချိန်၌ သူမက *"ဟုတ်ကဲ့။ ကျွန်မလခကို ဧပြီလအထိ ရနေသေးတယ်။ မေလမှာလည်း လခရမယ်ထင်တယ်။"* သို့သော်လည်း အလားတူကျေးရွာတွင်နေထိုင်သည့် ကျောင်းဆရာမတစ်ဦးဖြစ်သော နော်လ---က လခမရပေ။ လုပ်ခလစာ ဆက်လက်ရရှိခြင်းနှင့်ပတ်သက်ပြီး KHRG အနေဖြင့် သတင်းအချက်အလက်မရပါ။ သို့သော်လည်း ဖြစ်နိုင်သည်မှာ အချို့သောဆရာမများအနေဖြင့် လခဆက်လက်ရရှိနေရခြင်းမှာ COVID–19 နှင့်ဆက်နွှယ်ပတ်သက်နိုင်သည်။ ထို့အပြင် CDM လှုပ်ရှားမှုတွင် ပါဝင် ခြင်းနှင့်ပတ်သက်ပြီး ဒေသအတွင်းသတင်းအချက်အလက်မပေးခြင်းကြောင့်လည်း ဖြစ်နိုင်သည်။

အခြားမေးခွန်းဖြေကြားသူများက ၎င်းတို့အနေဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည်ဖြစ်စေ၊ မပါသည်ဖြစ်စေ လခ များရရှိကြသည်ဟု ထွက်ဆိုခဲ့ကြသည်။ သို့သော်လည်း ၎င်းတို့၏လခများကို ပြန်သွားယူပါက ဖမ်းဆီးခံရမည်ကို နားလည်ကြသည့်အတွက် ထိုလခများကိုမယူရဲကြပေ။ ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ ဂခ---ကျေးရွာအုပ်စု၊ ဒစ---ကျေးရွာမှ ကျောင်းဆရာမတစ်ဦးဖြစ်သော နော်အဗ---က လခယူခြင်းနှင့်ပတ်သက် ၍သူမ၏စိုးရိမ်မှုများကို

ပြောပြခဲ့သည်။ *"အရင်လကတော့ကျွန်မတို့ရတယ်။ဒါပေမယ့်ကျွန်မတို့လခဆက်ယူမယ်ဆိုရင်လက်မှတ်ထိုးရမယ်။ ဒါကြောင့် ကျွန်မတို့အလုပ်ကနေရပ်နားပြီး အစည်းအဝေးလည်းမတက်တော့ဘူး။ သူတို့တွေ ကျွန်မတို့ကိုဖမ်းမှာလည်း စိုးရိမ်တယ်။"*

အချို့သူများမှာ CDM လှုပ်ရှားမှုတွင် ပါဝင်ခြင်းမရှိသော်လည်း စစ်ကောင်စီမှ ၎င်းတို့ကို လခပေးခြင်းအား ရပ်တန့်လိုက်ကြောင်းနှင့်ပတ်သက်ပြီး KHRG သို့ ပြောပြခဲ့သည်။ ခလယ်လွီထူခရိုင်၊ မူး(မုန်း)မြို့နယ်၊ ခမ---ကျေးရွာအုပ်စု၊ ကဥ---ကျေးရွာမှ ကျေးရွာအုပ်စုမှူးဖြစ်သူ စောပ---က ၎င်း၏အတွေ့အကြုံကို ပြောပြခဲ့သည်။ *"စစ်ကောင်စီက ကျွန်တော်တို့ကိုလခမပေးဘူး။ သုံးဖို့စွဲဖို့ ငွေလေးနည်းနည်းပဲပေးတယ်။ NLD အုပ်ချုပ်တဲ့အချိန်တုန်းကဆိုရင် ကျွန်တော်တို့တစ်လကို ၇၀,၀၀၀ ကျပ်ရတယ်။ [...]မတ်လအတွက် ကျွန်တော်တို့ကိုပေးချင်မှပေးမယ်။ မပေးချင်လည်းမပေးဘူး။"* ဘိတ်-ထားဝယ်ခရိုင်၊ တနေသာရီ(တနင်္သာရီ)မြို့နယ်၊ ခတ---ကျေးရွာအုပ်စု၊ ခတ---ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သည့် စောတ---ကလည်း အချို့အစိုးရဝန်ထမ်းများမှာ CDM လှုပ်ရှားမှုတွင်မပါသော်လည်း လုပ်ခလစာမရကြောင်းနှင့်ပတ်သက်ပြီး သူသိထားသည့်အကြောင်းများကို ပြောပြခဲ့သည်။ ၎င်းအနေနှင့် ဤအကြောင်းအရာသည် အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံတော်ဘဏ္ဍာငွေများ လျော့နည်းလာသဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာ ဘဏ်များပိတ်သိမ်းခြင်းနှင့် သက်ဆိုင်မှုရှိမည်ဟု ထင်ကြောင်းပြောခဲ့သည်။ *"ရုံးမှာလုပ်တဲ့လူတွေလည်း လခမရကြဘူး။ တချို့ကလခမယူဘူး။ [...]ကုန်သည်တွေကလည်း ကုန်ပစ္စည်းတွေအတွက်ပေးစရာငွေမရှိဘူး။ ဘာကြောင့်လဲဆိုတော့ ဘဏ်တွေကပိတ်ထားလို့။"* [57]

(ဂ) ကူညီထောက်ပံ့မှုကွန်ယက်များ

CDM လှုပ်ရှားမှုတွင်ပါဝင်သည့် အစိုးရဝန်ထမ်းများအနေဖြင့် အကာအကွယ်ပေးမှုနှင့် ၎င်းတို့၏နေ့စဉ်အသုံးစရိတ်များ၊ လိုအပ်မှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှု အထောက်အပံ့များလိုအပ်သည်။ အချို့သူများမှာ အဟန့်အတားနှင့် ဖမ်းဆီးထိန်းသိမ်းခံရခြင်းမရှိပဲ အလုပ်မှထွက်နိုင်ရန်အတွက် အကူအညီလိုအပ်သည်။ CDM လှုပ်ရှားမှုတွင်ပါဝင်သူများအနေဖြင့် သူငယ်ချင်းများ၊ CDM ထောက်ပံ့ရေးအဖွဲ့များ၊ Generation-Z အဖွဲ့များ၊ မိသားစုနှင့်မိတ်ဆွေသူငယ်ချင်းများ၊ ပြည်တွင်းနှင့် နိုင်ငံတကာမှလူမှုအသိုင်းအဝိုင်းများနှင့် ဒေသတွင်းတိုင်းရင်းသား အာဏာပိုင်များထံမှ အထောက်အပံ့များရရှိကြောင်း တင်ပြကြသည်။

KNU ထိန်းချုပ်နယ်မြေများသို့ ထွက်ပြေးလွတ်မြောက်လာသည့် CDM လှုပ်ရှားမှုတွင်ပါဝင်သူများအား ထောက်ပံ့ရန်ပိုမိုများပြားသည့် တရားဝင်ပံ့ပိုးမှုကွန်ယက်များ ပေါ်ပေါက်လာပုံရသည်။ အချို့သော ရာထူးရှိသည့်ဝန်ထမ်းများသည် CDM လှုပ်ရှားမှုတွင် ပါဝင်လာသူများ အထူးသဖြင့် ရဲတပ်ဖွဲ့အားထောက်ပံ့ရန်အတွက် ထောက်ပံ့ရေးကွန်ယက်များအား ပြုလုပ်လာကြသည်ကိုလည်း တွေ့ရသည်။ တောအူးခရိုင်၊ သံတောင်ကြီးမြို့မှ ရဲဝန်ထမ်းတစ်ဦးက ၎င်း၏ဝမ်းကွဲထံမှတဆင့် CDM လှုပ်ရှားမှုတွင် ပါဝင်သူများအား ထောက်ပံ့ပေးသည့်ကွန်ယက်နှင့် ချိတ်ဆက်နိုင်ခဲ့သည်။ ရန်ကုန်တိုင်းအရှေ့ပိုင်း ခရိုင်၊ ခဒ---ရဲစခန်းတွင် တာဝန်ကျသော အခြားရဲအရာရှိတစ်ဦးကလည်း အခြားရဲဝန်ထမ်းများထံမှတဆင့် CDM တွင်ပါဝင်သူများအား ခိုလှုံခွင့်နှင့် ထွက်ပြေးလွတ်မြောက်ရန် ကူညီပေးသည့်အဖွဲ့အစည်းနှင့် အဆက်အသွယ်ရရှိခဲ့သည်။ အခြားရဲဝန်ထမ်းများကလည်း ထိုလှုပ်ရှားမှုတွင်ပါဝင်ခဲ့သည့် ရဲအရာရှိအချင်းချင်းထံမှ ပံ့ပိုးမှုများရရှိခဲ့ကြောင်း တင်ပြခဲ့သည်။

KNU ဒေသတွင်းခေါင်းဆောင်များမှလည်း ၎င်းတို့၏ ထိန်းချုပ်နယ်မြေသို့ ဝင်ရောက်ခိုလှုံရန် ရောက်ရှိလာသော CDM လှုပ်ရှားမှုတွင်ပါဝင်သူများ၊ CDM လှုပ်ရှားမှုအား ဦးဆောင်သူများ၊ ဆန္ဒပြသူများနှင့် လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများအတွက် လုံခြုံရေးအပြင်အစားအသောက်၊ နေထိုင်ရေးနှင့် အဝတ်အထည်စသည့်လိုအပ်သော

[57] KHRG မှ ၂၀၂၁ ခုနှစ်၊ မတ်လတွင် ထုတ်ဝေသော "Mergui-Tavoy District Interview: Security forces kill peaceful anti-coup protestors in Dawei Town, February 2021," တွင်ကြည့်ပါ။

အရာများကို ပံ့ပိုးပေးရန်ကြိုးပမ်းကြသည်။ KNU ထိန်းချုပ်နယ်မြေသို့ ထွက်ပြေးလွတ်မြောက်လာသည့် CDM လှုပ်ရှားမှုတွင်ပါဝင်သော ရောဝတီတိုင်းမှ ဆရာမတစ်ဦးက *“KNU က CDM မှာပါတဲ့သူတွေကို ကူညီထောက်ပံ့ပေးတယ်။ သူတို့က ကျွန်မတို့ကိုနေရာထိုင်ခင်းတွေ ပေးတယ်။ ဆန္ဒပြခေါင်းဆောင်တွေတောင်မှ လာနေလို့ရတယ်။ သူတို့က ကျွန်မတို့အတွက် လုံခြုံရေးပေးဖို့အဆင့်သင့်ပဲ။ ကျွန်မတို့အနေနဲ့ သူတို့ကိုအရမ်းကျေးဇူးတင်တယ်။ ကျောင်းဆရာတွေက သူတို့ရဲ့လုံခြုံရေးအတွက် စိုးရိမ်ကြတယ်။ ဒါပေမယ့် KNU ကသူတို့ရဲ့လုံခြုံရေးအတွက် တာဝန်ယူထားတယ်။ ဒါကြောင့် ကျွန်မတို့အနေနဲ့ စိုးရိမ်စရာမလိုပဲ အေးအေးဆေးဆေးနေလို့ရခဲ့တယ်။”* CDM လှုပ်ရှားမှုတွင်ပါဝင်ပြီး KNU ထိန်းချုပ်နယ်မြေသို့ ထွက်ပြေးလွတ်မြောက်လာသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးကလည်း ဤသို့ပြောခဲ့သည်။ *“ကျွန်တော်တို့ ဒီမှာနေထိုင်ရတဲ့အခြေအနေကကောင်းတယ်။ KNU က ကျွန်တော်တို့ကို ဂရုစိုက်ပြီးတော့ စားစရာနဲ့နေရာထိုင်ခင်းလည်း ပေးထားတယ်။”*

တစ်ဦးချင်းစီ၏ ကွန်ယက်များမှရရှိလာသည့် ကူညီထောက်ပံ့မှုများနှင့် ဒေသတွင်းလူမှုအသိုင်းအဝိုင်းများ၏ အထောက်အပံ့များသည်လည်း အားကောင်းပြီး CDM လှုပ်ရှားမှုအားပံ့ပိုးပေးရန် ဤအရာများသည် အကောင်းဆုံးလမ်းကြောင်းများဟု ပြည်သူအချို့က ရှုမြင်ကြသည်။ ဘိတ်–ထားဝယ်ခရိုင်၊ တနေသရီ(တနင်္သာရီ) မြို့နယ်၊ ခတ–––ကျေးရွာအုပ်စု၊ ခတ–––ကျေးရွာမှ စောယ–––ပြောပြချက်အရ *“ကျွန်တော်တို့လို သာမန်လူတွေက CDM မှာပါစရာမလိုဘူး။ ကျွန်တော်တို့က CDM မှာပါတဲ့သူတွေကို ပံ့ပိုးပေးရမှာ။ အခုဖြစ်နေတာတွေက မမှန်ဘူး။ ဒါကြောင့် ကျွန်တော်တို့က သူတို့ကိုထောက်ပံ့ပေးဖို့လိုတယ်။ သူတို့ကိုဂရုစိုက်ရမယ်။ အစားအသောက်ပံ့ပိုးပေးရမယ်။ ပြီးတော့ သူတို့လိုအပ်တာကိုကူညီ ဖြည့်ဆည်းပေးရမယ်။ သူတို့က ကျွန်တော်တို့အတွက် အလုပ်လုပ်နေတာ။”* ပဲခူးတိုင်း၊ နတ်တလင်းမြို့နယ်၊ ခအ–––ကျေးရွာမှ ရဲဒုတပ်ကြပ်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နေသည့် မောင်ဂ–––က ၎င်းအနေဖြင့် CDM လှုပ်ရှားမှုတွင်ပါဝင်ပြီးနောက် ဒေသခံမှ ၎င်းအားကူညီထောက်ပံ့သည့် အကြောင်းများကို ပြောပြခဲ့သည်။ *“ကျွန်တော်ရုံးခန်းရှေ့မှာတောင်မှ လူအယောက် ၁၀၊ ၂၀ နဲ့ ၅၀ အထိလာပြီး ဆန္ဒပြကြတယ်။ ပထမတော့ ကျွန်တော်က သူတို့ကိုလှောင်တာပေါ့။ သူတို့က ‘ရုံးမတတ်နဲ့၊ရုံးထွက်။’ ဖို့နဲ့ ‘ဘယ်သူထမင်းကိုစားလဲ။ ပြည်သူထမင်းကိုစားတယ်ဆိုပြီး ကြွေးကြော်ကြတယ်။ ကျွန်တော်က အဲ့ဒါနဲ့ပတ်သက်ပြီး မှန်မမှန်တွေးကြည့်တယ်။ ပြည်သူတွေက ကျွန်တော်တို့ကိုဘယ်လိုကျွေးမှာလဲ။ ဒါပေမယ့် ကျွန်တော် CDM မှာ ပါပြီးနောက်ပိုင်း ပြည်သူတွေကျွေးတာပဲစားနေရတာ။”*

ကျေးလက်ဒေသရှိပြည်သူများနှင့် ဒေသခံအာဏာပိုင်များသည် CDM နယ်မြေအတွင်း အကာအကွယ်၊ နေရာထိုင်ခင်း၊ အစားအသောက် သို့မဟုတ် သယ်ယူပို့ဆောင်ရေးအတွက် အကူအညီရှာဖွေနေသူများကို လက်ခံကြိုဆိုကြသည်။ ဘိတ်–ထားဝယ်ခရိုင်၊ တနေသရီ(တနင်္သာရီ)မြို့နယ်၊ ခဇ–––ဒေသမှစောဌ–––က ၎င်းအနေဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သူများကို လုံခြုံသည့်နေရာသို့ ထွက်ပြေးရာတွင် ကူညီပေးကြောင်းပြောပြခဲ့သည်။ *“လူတွေက ကျွန်တော်ကိုသိတော့ ဘယ်နေရာကိုသွားပုန်းရှောင်ရမလဲဆိုတာ ကျွန်တော်ကိုဆက်သွယ်ပြီးမေးကြတယ်။ သူတို့က ဘယ်နေရာမှာသွားပုန်းရှောင်ရမယ်ဆိုတာ ကောင်းကောင်းမသိဘူး။ ဒါကြောင့် ကျွန်တော်က သူတို့ကိုလမ်းညွှန်ပေးရတယ်။”* အထက်တွင် ဖော်ပြထားသည့် စောရ–––ကလည်း ၎င်းအနေဖြင့် ထွက်ပြေးရန်ပြင်ဆင်နေသူများအား ကူညီခဲ့ပုံကိုပြောပြခဲ့သည်။ *“ကျွန်တော်တို့က သူတို့ကို ပိုပြီးလုံခြုံတဲ့နေရာကို ပြပေးတယ်။ ပို့ပေးတယ်။ […]တကယ်လို့ တစုံတယောက်က ပိုပြီးလုံခြုံတဲ့နေရာကို သွားဖို့လိုလာရင် ကျွန်တော်တို့ကနေ စီစဉ်ပေးတယ်။ သူတို့က အလှူငွေလိုအပ်လို့ရှိရင်လည်း ကျွန်တော်တို့ တဘတ်[၅၅.၄ဖကျပ်]ဖြစ်ဖြစ် ဆယ်ဘတ်[၅၅၄.ဖဂကျပ်] ဖြစ်ဖြစ် ပေးရမှာပဲ။”* ရောဝတီတိုင်း၊ လေးမျက်နှာမြို့နယ်၊ ဂရ–––ကျေးရွာအုပ်စု၊ ဖအ–––ကျေးရွာမှ စောဘအ–––က CDM လှုပ်ရှားမှုတွင်ပါဝင်သူများအား အထောက်အပံ့ပေးခြင်းနှင့်ပတ်သက်ပြီး ပြောပြခဲ့သည်။ *“ကျွန်တော်တို့ CDM မှာပါတဲ့လူတွေအတွက် အလှူငွေကောက်ကြတယ်။ ပြီးတော့ သူတို့အတွက်အစားအသောက်နဲ့ နေထိုင်ဖို့လည်းပြင်ဆင်ပေးတယ်။ ပြီးတော့ ပုန်းအောင်းနေတဲ့ CDM တွေအတွက် ဆန်တွေပို့ပေးတယ်။”* ဘိတ်–ထားဝယ်ခရိုင်၊ လယ်ဒိုစိုးမြို့နယ်၊ ဖရ–––ကျေးရွာအုပ်စု၊ စရ–––ကျေးရွာမှ လူမှုရေးလုပ်သားဖြစ်သော နော်ဝ–––က ဤသို့ပြောပြခဲ့သည်။ *“မြို့မှာနေတဲ့တချို့ CDM သမားတွေက ကျွန်မတို့ဒေသမှာ လာရောက်ခိုလှုံကြတယ်။ သူတို့က*

*အယောက် ၃၀ ကျော်တယ်။ ပထမသူတို့က ကျွန်မကိုဆက်သွယ်တယ်၊ ပြီးတော့ ကျွန်မကဒေသခံအာဏာပိုင်တွေနဲ့ ပြန်ပြီးဆက်သွယ်ပေးတယ်။ နောက်ဆုံးမှာ သူတို့ဒီဒေသကိုရောက်လာပြီး ဒေသခံအာဏာပိုင်တွေက သူတို့ကို ကောင်းကောင်းစောင့်ရှောက်ထားတယ်။"*

ဝင်ရောက်ခိုလှုံသူအများစုက KNU မှ ၎င်းတို့လာရောက်ခိုလှုံသည့်နေရာတွင် အကာအကွယ်ပေးသဖြင့် လုံခြုံစိတ်ချမှုရှိကြောင်း ဖော်ပြခဲ့ကြသည်။ ဒူးပလာယာခရိုင်၊ ဝေါ်ရေ့မြို့နယ်၊ ဒဥ–––ကျေးရွာအုပ်စု၊ ဒဥ–––ကျေးရွာမှကျောင်းဆရာတစ်ဦးဖြစ်သည့် မောင်အန–––က အခြေအနေကို ဤသို့မီးမောင်းထိုးပြခဲ့သည်။ *"ဒီနေရာက KNU ထိန်းချုပ်တဲ့နယ်မြေဖြစ်တယ်။ KNU ကကာကွယ်ပေးထားတော့ သူတို့က(စစ်ကောင်စီ) ဒီကိုလာပြီးဖမ်းမှာမဟုတ်ဘူး။"* သို့သော်လည်း စစ်ကောင်စီမှ KNU နယ်မြေတွင် ဖမ်းဆီးမှုများပြုလုပ်ရန်ကြိုးပမ်းခဲ့သည် (အချို့သောဆန္ဒပြသူများမှာ KNU မှမသိရပဲ အဖမ်းခံခဲ့ရသည်။) စစ်ကောင်စီမှ CDMလှုပ်ရှားမှုတွင် ပါဝင်သူများအား ကူညီထောက်ပံ့မှုပေးနေသည့် ဒေသခံများကိုစာနာထောက်ထားမှုမရှိပဲ CDM များအားအကူအညီပေးကြောင်း သိရှိခဲ့ပါကဖမ်းဆီးထောင်ချခြင်းများကို ခံရနိုင်ဖွယ်ရှိသည်။ ထို့အတွက် CDM သမားများကိုကူညီပေးနေသူများလည်း ထွက်ပြေးတိမ်းရှောင်နေရသည့်အခြေအနေတွင် ရှိနေသည်။

CDM လှုပ်ရှားမှုတွင်ပါဝင်သူအများစုမှာ ပံ့ပိုးမှုများလိုအပ်နေသေးသည်မှာ ထင်ရှားသည်။ ဧပြီလအစောပိုင်းတွင် တွေ့ဆုံမေးမြန်းခဲ့သည့် ကျောင်းဆရာတစ်ဦးက *"လောလောဆယ် ဘာအကူအညီမှမရှိဘူး။ ဒါပေမယ့် ကြားတာကတော့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ဒေသတွင်းအဖွဲ့အစည်းတွေက ပူးပေါင်းပြီး CDM ဝန်ထမ်းတွေအတွက် အလုပ်လုပ်ပေးနေတယ်လို့ ကြားတယ်"* ဟုပြောခဲ့သည်။ မေလတွင် တွေ့ဆုံမေးမြန်းခဲ့သည့် တောအူခရိုင်၊ ဒေါ်ဖခို (သံတောင်ကြီး)မြို့နယ်၊ ဖခ–––ကျေးရွာအုပ်စု၊ ခအ–––ကျေးရွာမှ ကျောင်းဆရာမတစ်ဦးဖြစ်သော နော်လ–––က သူမအနေဖြင့် CDM လှုပ်ရှားမှုတွင်ပါဝင်ပြီးနောက်ပိုင်း ပြင်ပအဖွဲ့အစည်းများထံမှ အကူအညီမရခဲ့ဖူးကြောင်း ပြောခဲ့သည်။ Myanmar Now သတင်းဌာနအရ အမျိုးသားစည်းလုံးညီညွတ်ရေးအစိုးရ (NUG)[58] အနေဖြင့် လစာအပြည့်အဝပေးနိုင်ရန်အတွက် ၂၀၂၁ ခုနှစ်၊ ဧပြီလတွင် အစီအစဉ်ဆွဲလျက်ရှိကြောင်း သိရသည်။[59] ထိုအစီအစဉ်သည် မည်မျှထိရောက်မှုရှိကြောင်း ရှင်းလင်းစွာမသိရပေ။

58 ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CPRH)မှ ခေတ္တအစိုးရအဖွဲ့အဖြစ် ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၆ ရက်နေ့ စတင်ဖွဲ့စည်းခဲ့သည်။ ဦးမြင့်ဝင်းမှ သမတ္တအဖြစ်နှင့် ဒေါ်အောင်ဆန်းစုကြည်မှ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် ဆက်လက်တာဝန်ယူခဲ့သော်လည်း ၎င်းတို့နှစ်ဦးလုံးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဖမ်းဆီးထိန်း ချုပ်မှုအောက်တွင် ရှိနေဆဲဖြစ်သည်။ NUG မှ မြန်မာနိုင်ငံ၏တရားဝင်အစိုးရအဖြစ်ရပ်တည်ရန် တောင်းဆိုပြီး၊ နိုင်ငံတကာ၏အသိမှတ်ပြုမှုကိုလည်း ရယူခဲ့သည်။ NUG ၏အစိုးရအဖွဲ့ဝင်များကို အခြားသော တိုင်းရင်းသားများ၏ အဓိကကျသောလူပုဂ္ဂိုလ်များအပါအဝင် ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ စစ်အစိုးရမှ NUG အား တရားမဝင် သည့်အစိုးရအဖြစ် ကြေညာထားခဲ့သောကြောင့် ၎င်းသည် ပြည်ပရောက်အစိုးရအဖြစ် လုပ်ဆောင်လျှက်ရှိသည်။ နောက်ထပ်အကြောင်းအရာအချက်အလက်များကို NUG ၏ဝဘ်ဆိုဒ်စာမျက်နှာ ဖြစ်သော (၂၀၂၁ ခုနှစ်၊ အောက်တိုဘာလတွင် နောက်ဆုံးဝင်ရောက်ခဲ့သော) National Unity Government of Myanmar  တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

59 Myanmar Now မှ ၂၀၂၁ ခုနှစ်၊ ဧပြီလတွင် ထုတ်ဝေသော "NUG says it will pay salaries of striking civil servants," တွင်ကြည့်ပါ။

# အပိုင်း (၂) တိုင်းရင်းသား ကျေးလက်ဒေသများတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြပ်အတည်းနှင့်မလုံခြုံမှုများ

## အခန်း (၃) စစ်ဘက်ဆိုင်ရာလှုပ်ရှားမှုများနှင့် အကြမ်းဖက်မှုများ တစ်ဖန်ပေါ်ပေါက်လာခြင်း

စစ်တပ်မှအာဏာသိမ်းပြီးနောက်ပိုင်း ပထမခြောက်လအတွင်း မြန်မာပြည်အရှေ့တောင်ပိုင်း ကျေးလက်ဒေသရှိ လုံခြုံရေးအခြေအနေမှာ လျင်မြန်စွာကျဆင်းလာပါသည်။ စစ်တပ်အာဏာသိမ်းပြီး မကြာမီတွင် KHRG မှ စစ်တပ်လှုပ်ရှားမှုများနှင့်ပတ်သက်ပြီး အစီရင်ခံစာများကို လက်ခံရရှိခြင်းမရှိသလောက် နည်းခဲ့သည်။ များသောအားဖြင့် ဖေဖော်ဝါရီလအတွင်း မြို့ပေါ်ရှိဆန္ဒပြပွဲများကြောင့် ကျေးလက်ဒေသရှိ စစ်ကောင်စီ၏တပ်ဖွဲ့များအနေဖြင့် မြို့ပေါ်ရှိ လုံခြုံရေးကိစ္စများတွင် အကူအညီပေးရန် (ဆိုလိုသည်မှာ ဆန္ဒပြပွဲများအားဖြိုခွင်းရန်) ၎င်းတို့အားမြို့ပေါ်သို့ ပို့ဆောင်ခဲ့သည်။ သို့သော်လည်း မတ်လအစောပိုင်းတွင် လက်နက်ကိုင်အဖွဲ့များကြား တိုက်ခိုက်မှုများနှင့် ပဋိပက္ခများ ပြန်လည်စတင်လာသည့်အတွက် စစ်ကောင်စီတပ်ဖွဲ့များအနေဖြင့် အထောက်အပံ့များ၊ ရိက္ခာများနှင့် လက်နက်ခဲယမ်းများသယ်ယူပြီး ကျေးလက်ဒေသများသို့ ပြန်သွားခဲ့ကြသည်။ မြို့ပေါ်ဒေသများတွင် ချမှတ်ထားသော ညမထွက်ရအမိန့်များသည်လည်း ကျေးလက်ဒေသများသို့ ရောက်ရှိလာသည်။ ရွာသားအများစုက ညအချိန်အပြင်ထွက်လေ့မရှိသဖြင့် ညမထွက်ရအမိန့်သည် ၎င်းတို့အပေါ် သက်ရောက်မှုအနည်းငယ်သာရှိကြောင်း ပြောခဲ့သော်လည်း အရေးပေါ်အခြေအနေတွင် ညမထွက်ရအမိန့်နှင့် အခြားသောတင်းကြပ်သည့် ဥပဒေများက ပြည်သူများအပေါ် အကြမ်းဖက်မှုများ သက်ရောက်စေနိုင်သည်။ စစ်တပ်အာဏာသိမ်းပြီးနောက်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများသည် တဖြည်းဖြည်းပိုမိုများပြားလာပြီး ကျေးလက်နေပြည်သူများအနေဖြင့် နေရပ်ရွှေ့ပြောင်းနေထိုင်ရခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းအပြင် အသက်သေဆုံးမှုများကိုပါ တွေ့ကြုံခံစားရသည်။

စစ်တပ်မှ အာဏာသိမ်းပြီးနောက်ပိုင်း အချို့သောဒေသများတွင် မြေပြင်၌ပစ်ခတ်တိုက်ခိုက်မှုများ ပိုမိုများပြားလာခဲ့သည်။ မတ်လ ၂၇ ရက်နေ့တွင် ကရင်ပြည်နယ်အတွင်း စတင်ခဲ့သည့် လေကြောင်းဖြင့် ထိုးစစ်ဆင်မှုများက ပစ်ခတ်တိုက်ခိုက်မှုအတွင် အရှိန်အဟုန်တိုးမြင့်စေခဲ့ပြီး ဤကဲ့သို့လုပ်ဆောင်ခြင်းသည် ပြည်သူများအတွက် မလုံခြုံမှုများကို မြင့်တက်လာစေခဲ့သည်။ ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက်(KPSN)၏ တင်ပြချက်အရ ကရင်ပြည်နယ်တွင် လေကြောင်းတိုက်ခိုက်မှုမရှိခဲ့သည်မှာ နှစ်ပေါင်း ၂၅ နှစ်ကျော်ရှိပြီဖြစ်သည်။[60]

သို့သော်လည်း စစ်တပ်၏အာဏာသိမ်းမှုသတင်းကြောင့် ဖြစ်လာနိုင်ချေရှိသော တိုက်ပွဲများ၊ နေရပ်ရွှေ့ပြောင်းနေထိုင်မှုများနှင့် တစ်ဖန်ပြန်လည်ပေါ်ပေါက်လာမည့် အတိတ်ကခံစားခဲ့ရသော လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် ရွာသားအများအပြားက စတင်ပြင်ဆင်မှုများကို လုပ်ဆောင်နေရပါသည်။ ဒူးပလာယာခရိုင်မှ မေးခွန်းဖြေကြားသူတစ်ဦးက အာဏာသိမ်းပြီးနောက်မကြာမီ ဖေဖော်ဝါရီလအတွင်း ဤသို့ပြောခဲ့ပါသည်။ *“တချို့လူတွေက အိမ်မှာမနေရဲတော့ပဲ တဲမှာသွားနေကြတယ်။ လမ်းဘေးနဲ့နီးတဲ့နေရာမှာ နေတဲ့သူတွေက ညခင်းဆိုအိမ်မှာမအိပ်ရဲတော့ဘူး။ စစ်သားတွေကင်းလှည့်မယ်ကြားတာနဲ့ သူတို့ကကြောက်ပြီး တခြားနေရာမှာ သွားအိပ်ကြတော့တာပဲ။ မနက်ကျမှပဲ အိမ်ပြန်လာကြတယ်။ တချို့လူတွေကတောထဲမှာ အစားအစာတွေသွားဖွက်ထားကြတယ်။ တကယ်လို့ တခုခုဖြစ်လာရင် အဲ့ဒီမှာသူတို့သွားပုန်းနိုင်တယ်။ ပြီးတော့ သူတို့အတွက်စားစရာလည်း ရှိမယ်လေ။”*

60 Myanmar Now မှ ၂၀၂၁ ခုနှစ်၊ မေလတွင် ထုတ်ဝေသော “Regime airstrikes have ‘displaced 90% of rural population’ in embattled Karen district,” တွင်ကြည့်ပါ။ Free Burma Rangers (FBR) မှ နှစ် ၂၀ ဝန်းကျင် ကိုးကားထားသည်။ FBR မှ ၂၀၂၁ ခုနှစ်၊ ဧပြီလတွင် ထုတ်ဝေသော “20,000 in hiding in Karen State as Burma Army airstrikes and ground attacks continue to kill civilians,” တွင်ကြည့်ပါ။

ရွာသားများမှ စစ်တပ်အပေါ် ၎င်းတို့၏မယုံကြည်မှုများကိုလည်း ဖော်ပြခဲ့ကြသည်။ ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ဘစျ---ကျေးရွာအုပ်စုမှ ရွာသားတစ်ဦးက တိုက်ပွဲများမစတင်မီ ဖေဖော်ဝါရီလတွင် ဤသို့ထောက်ပြခဲ့သည်။ *"သူတို့ရဲ့ လုပ်ဆောင်မှုတွေကို ကျေးလက်ဒေသတွေမှာ သိပ်မတွေ့ရဘူး။ ဒါပေမယ့်သူတို့က ဘာတွေစီစဉ်နေလဲ၊ ဘယ်လိုလှည့်ကွက်တွေသုံးမယ်ဆိုတာ မသိဘူး။"* စစ်ကောင်စီအပေါ် မယုံကြည်ကြောင်း ဖော်ပြသည့်ခံစားချက်များက ငြိမ်းချမ်းရေးသဘောတူညီချက်အပေါ် ခိုင်မာမှုမရှိကြောင်းကို သိသာထင်ရှားလျက်ရှိသည်။

ဤအခန်းတွင် ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာပြည်အရှေ့တောင်ပိုင်း ကျေးလက်ဒေသများရှိ လုံခြုံရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပြောင်းလဲမှုအခြေအနေနှင့်ပတ်သက်၍ ဖော်ပြထားပါသည်။ အချို့သော အသေးစိတ်အဖြစ်အပျက်များနှင့်ပတ်သက်ပြီး ရွာသားများနှင့် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ရာတွင် မလုံခြုံသည့်ခံစားမှုများကြောင့် သတင်းအချက်အလက်မှာ အကန့်အသတ်ဖြင့်သာ ရရှိခဲ့သည်။

စစ်အစိုးရအုပ်ချုပ်သည့် ကာလအတွင်း သတင်းအချက်အလက်များရယူရာတွင် စိန်ခေါ်မှုများရှိသည်။ သို့သော်လည်းရရှိထားသောအချက်အလက်များသည်စစ်အုပ်ချုပ်မှု၏သဘောသဘာဝများဖြစ်သည့်ပြည်သူများနှင့်ပြည်သူများနေထိုင်သည့်နေရာများအပေါ်ဦးတည်တိုက်ခိုက်မှုများအပြင် အခြေခံလိုအပ်ချက်နှင့် ကျန်းမာရေးစောင့်ရှောက်မှုများအား ကန့်သတ်ထားမှုများကို ထင်ဟပ်စေသည်။

(က) လက်နက်ကိုင်ပဋိပက္ခနှင့် မအောင်မြင်သောငြိမ်းချမ်းရေးဖော်ဆောင်မှုများ

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက် အာဏာသိမ်းပြီးနောက်ပိုင်းတွင် စစ်ကောင်စီစစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား တိုက်ပွဲများ ပြန်လည်စတင်လာခဲ့သည်။ KHRG လုပ်ရှားသည့်နယ်မြေများ အထူးသဖြင့် ခလယ်လွီထူ၊ မူတြော်နှင့် ဒူးသထူခရိုင်များတွင် ထိုးစစ်ဆင်မှုများနှင့် ပြန်လည်တိုက်ခိုက်မှုများ ပိုမိုများပြားလာခဲ့သည်။ ဤဒေသများသည် အတိတ်ကာလက တပ်မတော်မှ ပုန်ကန်တော်လှန်မှုဟုယူဆသည့် လှုပ်ရှားမှုများအားလုံးကို နှိမ်နင်းခဲ့ချိန်တွင် စစ်အစိုးရမှ ကြီးမားသည့်ထိုးစစ်ဆင်မှုများပြုလုပ်ခဲ့သော ဒေသများဖြစ်သည်။ ဧွန်လမှစ၍ ဒူးပလာယာခရိုင်အတွင်းရှိ အခြေအနေမှာ ယိုယွင်းလာသည်။ အခြေအနေတော်တော်များများတွင် ပဋိပက္ခများနှင့် တိုက်ပွဲများသည် ပြည်သူများနေထိုင်သည့်နေရာများ သို့မဟုတ် အနီးအနားတွင်ဖြစ်ပွားခဲ့ပြီး ကျန်းမာရေးနှင့် ပညာရေးစောင့်ရှောက်မှုများ ရရှိမှုအပေါ်တွင်လည်း သက်ရောက်မှုရှိခဲ့သည်။

(၁) ဒူးသထူခရိုင်

KHRG မှယခင်ကထုတ်ဝေခဲ့သည့် အစီရင်ခံစာများအရ ၂၀၁၅ ခုနှစ် NCA ချုပ်ဆိုပြီးသည့်အချိန်မှစ၍ ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုမတိုင်မီအချိန်များတွင် ဒူးသထူခရိုင်အတွင်း တိုက်ပွဲအနည်းငယ်ဖြစ်ပွားခဲ့သည်။[61] ခရိုင်အတွင်း နေရာဒေသအတော်များများတွင် ဖြစ်ပေါ်နေသော တပ်မတော်၏စစ်ရေးလှုပ်ရှားမှုများနှင့် တပ်မတော်မှနယ်မြေကျူးကျော်ဝင်ရောက်ခြင်းကဲ့သို့သော NCAအားထပ်ခါတလဲလဲ ချိုးဖောက်မှုများရှိသော်လည်း လက်နက်ကိုင်တိုက်ပွဲများအား ရှောင်ရှားနိုင်ရန် ကြိုးစားအားထုတ်ခဲ့ကြသည်။ သို့သော်လည်း မတ်လစတင်၍ ဒူးသထူခရိုင်အတွင်းရှိ မြို့နယ်ငါးခုတွင် တိုက်ပွဲများပိုမိုဖြစ်ပွားခဲ့သည်။ အထူးသဖြင့် ဘီးလင်းမြို့နယ်၊ သထူ(သထုံ)မြို့နယ်နှင့် ဘားအံမြို့နယ်များတွင် အဓိကဖြစ်ပွားခဲ့သည်။

ဘားအံမြို့နယ်တွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA)နှင့် စစ်ကောင်စီအကြား မတ်လ ၉ ရက်နေ့တွင် ဘူးပရဲကျေးရွာအုပ်စု၊ ကလယ်ခဲကျေးရွာအနီးရှိ စစ်စခန်းတွင် စစ်ကောင်စီစစ်သားမှ KNLA ထံသို့

[61] KHRG မှ ၂၀၂၁ ခုနှစ်၊ မေလတွင် ထုတ်ဝေသော "ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏အဆုံးသတ် – ၂၀၂၁ ခုနှစ် မြန်မာစစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း ဒူးသထူခရိုင်တွင် တပ်မတော်နှင့် KNLA အကြား တိုက်ပွဲများဖြစ်ပွား (၂၀၂၁ ခုနှစ်၊ မတ်လနှင့်ဧပြီလ)" တွင်ကြည့်ပါ။

ကြိုတင်အသိပေးခြင်းမရှိပဲ ကျေးရွာအတွင်း ဝင်ရောက်သည့်အတွက် တိုက်ပွဲစတင်ဖြစ်ပွားခဲ့သည်။ တိုက်ပွဲအတွင်း အသေအပျောက်မရှိခဲ့သော်လည်း ရွာသားများမှာ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။[62] ထိုအချိန်မှစတင်ပြီး KNLA၊ စစ်ကောင်စီနှင့် နယ်ခြားစောင့်တပ်(BGF)[63] တို့အကြား (မဲလဲခီးကျေးရွာ၊ သေလာဘောကျေးရွာနှင့် ဂူဘီးထို့နေရာများတွင်)တိုက်ပွဲများ ဆက်လက်ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီမှ ကျေးရွာတွင်းရှိ ဘော်ဒါဆောင်နှင့် ဘုန်းကြီးကျောင်းများကို ၎င်းတို့၏ယာယီစခန်းများအဖြစ် အသုံးပြုခဲ့ကြသည်။ KHRG ၏ သတင်းမှတ်တမ်းပြုစုသူများက ဒေသအတွင်း တင်းမာမှုများမြင့်တက်လာသည့်အတွက် ဇွန်လအတွင်း တိုက်ပွဲငယ်များမကြာခဏဖြစ်ပွားခဲ့ကြောင်း ပြောပြခဲ့သည်။[64] ဇွန်လ ၉ ရက်နေ့တွင် KNLA နှင့် BGF တို့အကြား တိုက်ပွဲတစ်ခုဖြစ်ပွားခဲ့ပြီးနောက် BGF မှ KNLA ၏ ထီးကျော်ခီးဒေသရှိစခန်းကို တိုက်ခိုက်ခဲ့ပြီးစခန်းအတွင်းရှိ အဆောက်အအုံအားလုံးကို မီးရှို့ဖျက်စီးခဲ့သည်။ (ထိုမီးရှို့ဖျက်စီးသည့်အချိန်တွင် KNLA စစ်သားများ စခန်းအတွင်းတွင်မရှိပါ)။[65] ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့နှင့် ၂၁ ရက်နေ့ နှစ်ရက်အတွင်း တိုက်ပွဲခြောက်ကြိမ်ဖြစ်ပွားခဲ့ပါသည်။ အရပ်သားများ သေကြေပျက်စီးမှုမရှိခဲ့သော်လည်း အချို့သောရွာသားများမှာ ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး တိုက်ပွဲမှာ ကျေးရွာပြင်ပတွင်သာ ဖြစ်ပွားခဲ့ပါသည်။

မတ်လ ၉ ရက်နေ့တွင် သထုံမြို့နယ်ရှိ နေရာဒေသအများအပြား၌ တိုက်ပွဲများဖြစ်ပွားခဲ့သည်။ ထိုကိစ္စရပ်များနှင့် ပတ်သက်ပြီး သတင်းအချက်အလက်အနည်းငယ်ကိုသာ လက်ခံရရှိခဲ့သည်။ ဧပြီလ ၂ ရက်နေ့တွင် နဲဖောထကျေးရွာအုပ်စု၊ တလအောဖိုကလားကျေးရွာတွင် တိုက်ပွဲနှင့် ပစ်ခတ်ခြင်းများဖြစ်ပွားခဲ့ပြီး ကရင်ကျန်းမာရေးနှင့် ကယ်ဆယ်ရေးဌာန(KDHW)၏ ဆေးခန်းအပါအဝင် လေးဂယ်ကလယ်ကျေးရွာရှိ အဆောက်အအုံများစွာ ပျက်စီးခဲ့ရသည်။ ဆေးခန်းအား ထိမှန်သည့်အချိန်တွင် ဆေးခန်းအတွင်းတွင် လူနာများရှိနေကြသေးသည့်အတွက် အမျိုးသမီးတစ်ဦးမှာကလေးနို့တိုက်နေစဉ်ထိခိုက်ဒဏ်ရာရခဲ့သည်။ဤသို့သောအခြေအနေကြောင့်ရွာသားအများအပြားမှာ ၎င်းတို့နေရပ်မှ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။[66] ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့တွင် ကျိုက်ကော်သိမ်ဆိပ်မြို့၊ မြိတ်တဲစုရပ်ကွက်မှ KNU နှင့်စစ်ကောင်စီတပ်များကြား တိုက်ပွဲဖြစ်ပွားသည့်အချိန်အတွင်း သထုံမြို့နယ်၊ ကော်လယ်ကျေးရွာအုပ်စု၊ချောဘီးနကျေးရွာနှင့်ကော်လယ်ကျေးရွာအနီး လမ်းမကြီးဘေးတွင်အမည်မသိရွာသားတစ်ဦး သေဆုံးသွားခဲ့ပါသည်။ စစ်ကောင်စီစစ်သားများက ၎င်းရွာသားအား လမ်းပေါ်တွင်ရပ်ခိုင်းပြီး (သေချာမသိရသည့်နေရာသို့) လိုက်ပို့ခိုင်းသည့်အချိန်တွင် KNLA ၏ခြုံခိုတိုက်ခိုက်မှုကိုခံရပြီး အပြန်အလှန်ပစ်ခတ်ကြသည့်အချိန်တွင် ၎င်းအားထိမှန်ခဲ့သည်။[67]

ဘီးလင်းမြို့နယ်တွင် ဧပြီလအစောပိုင်းတွင် တာပေါကျေးရွာအုပ်စု၊ တာပေါကျေးရွာနှင့် ပယားရောကျေးရွာအုပ်စု၊ လေးကေးကျေးရွာများတွင် တိုက်ပွဲများစတင်ဖြစ်ပွားခဲ့ပြီး ထိုနေရာနှစ်ခုလုံးတွင် စစ်ကောင်စီနှင့် BGF စစ်သားများ စခန်းချကြသည့် နေရာဖြစ်သည်။[68] ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့နှင့် မေလ ၃ ရက်နေ့များကြားတွင် စစ်သားများ

62 Ibid

63 နယ်ခြားစောင့်တပ် (BGF) ကို တပ်မတော်၏တပ်ရင်းများအဖြစ် ၂၀၁၀ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ၎င်းအဖွဲ့များကို ယခင်အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ၏စစ်သားများဖြစ်သော DKBA ၏စစ်သားဟောင်းများဖြင့် ဖွဲ့စည်းထားသည်။ ၎င်းတို့သည် မြန်မာအစိုးရနှင့် အပစ်ခတ်ရပ်စဲရေး သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး တပ်မတော်၏တပ်ရင်းများအဖြစ်သို့ အသွင်ပြောင်းရန်လည်း သဘောတူညီခဲ့ကြသည်။

64 KHRG မှ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ဝေသော "Doo Tha Htoo District Situation Update: Fighting between the BGF and KNLA, and pressure to close KECD schools (April to June 2021)" တွင်ကြည့်ပါ။

65 Ibid

66 KHRG မှ ၂၀၂၁ ခုနှစ် မေလတွင် ထုတ်ဝေသော "ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏အဆုံးသတ် – ၂၀၂၁ ခုနှစ် မြန်မာစစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း ဒူးသထူခရိုင်တွင် တပ်မတော်နှင့် KNLA အကြား တိုက်ပွဲများဖြစ်ပွား (၂၀၂၁ ခုနှစ်၊ မတ်လနှင့်ဧပြီလ)" တွင်ကြည့်ပါ။

67 KHRG မှ ၂၀၂၁ ခုနှစ်၊ ဇွန်လတွင် ထုတ်ဝေသော "Doo Tha Htoo Situation Update: Fighting and indiscriminate shelling by SAC forces, April to May 2021,"တွင်ကြည့်ပါ။

68 Ibid

၏ လှုပ်ရှားမှုများကြောင့် တိုက်ပွဲများပိုမိုဖြစ်ပွားစေခဲ့ပါသည်။ တပ်သားများသည် လမ်းရှင်းရန်နှင့် KNLA စစ်သားများရှိသောနေရာများကို ရှင်းလင်းရန် ၎င်းတို့၏တပ်စခန်းများသို့ ရောက်ရှိချိန်နှင့် ထွက်ခွာချိန်များတွင်လည်း လက်နက်ကြီးများကို ရမ်းသမ်းပစ်ပစ်ခတ်လေ့ရှိသည်။ ထိုကဲ့သို့သော ရမ်းသမ်းပစ်ခတ်မှုများကြောင့် ထိုဒေသတွင် ဒဏ်ရာရရှိခြင်းနှင့် ပစ္စည်းများဆုံးရှုံးခြင်းများအပြင် မပေါက်ကွဲသေးသည့်လက်နက်ခဲယမ်းများ(UXO)လည်း ရှိလာခဲ့ပါသည်။

၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့တွင် ဘီးလင်းမြို့နယ်၊ ရွှေရောင်ပြကျေးရွာအုပ်စု၊ ကျော်တရောကျေးရွာအနီးရှိ ထီးဖိုးညာလီးခီးတပ်စခန်းတွင် အခြေစိုက်သော စစ်ကောင်စီ၏အမြောက်တပ်ဖွဲ့သည် အနီးအနားရှိကျေးရွာများ အထူးသဖြင့် KNU ထိန်းချုပ်မှုအောက်တွင်ရှိသော ဒေသများသို့ လက်နက်ကြီးများ ရမ်းသမ်းပစ်ခတ်ခဲ့ကြသည်။ ဧပြီလ ၂၇ ရက်နေ့မှစတင်ပြီး ရွာသားပေါင်း ၃,၀၀၀ ခန့် အနီးအနားရှိဒေသများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ မြို့ပေါ်တွင်ဆွေမျိုးသားချင်းမရှိသောရွာသားများမှာ၎င်းတို့ကျေးရွာအနီးရှိတောထဲတွင်ပုန်းအောင်းနေကြရသည်။

တိုက်ပွဲများနှင့် လက်နက်ကြီးပစ်ခတ်မှုများသည် ဒူးသထူခရိုင်တွင် ဆက်လက်ဖြစ်ပွားလျက်ရှိသော်လည်း ဤအစီရင်ခံစာရေးသားသည့်အချိန်တွင် အသေးစိတ်အချက်အလက်များကို ရရှိခြင်းမရှိသေးပါ။

(၂) မူတြော်ခရိုင်


ဘူးသိုမြို့နယ်၊ ပါးဟဲကျေးရွာအုပ်စု၊ မဲနူထကျေးရွာအနီး သံလွင်မြစ်တစ်လျှောက် ထီးမူးထတွင်ရှိသော စစ်ကောင်စီ၏တပ်စခန်းတစ်ခုအား KNLA မှသိမ်းပိုက်ပြီးနောက် မတ်လ ၂၇ ရက်နေ့မှစတင်ပြီး မူတြော်ခရိုင်တွင် လေကြောင်းနှင့်ပစ်ခတ်တိုက်ခိုက်မှုများ စတင်ခဲ့သည်။ တိုက်ပွဲအတွင်း စစ်ကောင်စီ၏စစ်သား ၁၀ ဦးသေဆုံးခဲ့ပြီး ၈ ဦးကို KNLA မှ ဖမ်းဆီးရမိခဲ့ပြီး KNLA မှစစ်သည်တစ်ဦးလည်း ကျဆုံးခဲ့သည်။ ဒုတိယအကြိမ် လေကြောင်းတိုက်ခိုက်ရေးမှာ ဧပြီလ ၂၇ ရက်နေ့မှစတင်ကာ မေလ ၂ ရက်နေ့အထိ ဖြစ်ခဲ့ပြီး KNLA မှ သံလွင်မြစ်တစ်လျှောက်ရှိ မဲ့ရာထတွင်ရှိသောစစ်ကောင်စီ၏အခြားတပ်စခန်းတစ်ခုကိုထပ်မံသိမ်းပိုက်ပြီးနောက်တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

KPSN ၏တင်ပြချက်အရ KNLA မှ စစ်ကောင်စီ၏တပ်စခန်းများအား တိုက်ခိုက်ခြင်းမှာ ဒေသအတွင်းတိုက်ခိုက်မှုများ ပိုမိုမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ခြင်းဖြစ်ပြီး သံလွင်မြစ်ကမ်းတစ်လျှောက် လေ့ဖြင့်ခရီးသွားလာခြင်းများကို ကာကွယ်ပေးရန်အတွက်ဖြစ်သည်။[69] ဤတိုက်ခိုက်မှု ဖြစ်ပွားသည့်နေရာများမှာ တိုက်ပွဲနယ်မြေများအဖြစ် သတ်မှတ်ထားသည့် နေရာများဖြစ်သည်။ မူတြော်ခရိုင်မြောက်ပိုင်းသည် KNU ၏ထိန်းချုပ်မှုအောက်တွင် တည်ရှိပြီး တောတောင်ထူထပ်ခြင်းများကြောင့် အလွယ်တကူရောက်ရှိနိုင်ခြင်းမရှိသဖြင့် မြန်မာစစ်တပ်မှ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအား နှိပ်နင်းရန်နှင့် ထိုဒေသအား အထူးသဖြင့် မြေနှင့်သဘာဝသယံဇာတများအား ပိုမိုထိန်းချုပ်နိုင်ရန်အတွက် ကာလကြာရှည်ပစ်မှတ်ထားသည့် နေရာတစ်ခုဖြစ်သည်။ KNLA မှ စစ်ကောင်စီ၏ တပ်စခန်းများအား တိုက်ခိုက်ခြင်းသည် တပ်မတော်နှင့် KNLA တို့ကြားရှိ ပဋိပက္ခ၏ အစိတ်အပိုင်းတစ်ခုပင်ဖြစ်သည်။

69 ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ယက် (KPSN) မှ ၂၀၂၁ ခုနှစ်၊ မေလတွင် ထုတ်ဝေသော Terror from the Skies: Coup regime's escalated offensives cause mass displacement across Mutraw တွင်ကြည့်ပါ။

## မြေပုံ – ၂ တိုက်ပွဲများနှင့် လေကြောင်းတိုက်ခိုက်မှုများ

**မြေပုံ ၂-ကေအဲန်ယူသတ်မှတ်ထားသော ကရင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သောတိုက်ပွဲနှင့် လေကြောင်းတိုက်ခိုက်မှုများ**



KHRG အနေဖြင့် စစ်တပ်အာဏာသိမ်းမှုမတိုင်မီကာလက မူတြော်ခရိုင်နှင့် ၎င်း၏အနီးအနားခရိုင်တစ်ခုဖြစ်သည့် ခလယ်လွိထူခရိုင်တို့၏ ပိုမိုဆိုးရွားလာသည့် လုံခြုံရေးအခြေအနေနှင့်ပတ်သက်ပြီး တင်ပြခဲ့ပြီးဖြစ်သည်။ ၂၀၁၂ ခုနှစ် ပဏာမပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်လက်မှတ်ရေးထိုးပြီး[70] နောက်ပိုင်း တပ်မတော် စစ်တပ်စခန်းများ ပိုမိုများပြားလာခဲ့သည်။ တပ်မတော်၏တပ်စခန်းများအား KNU ထိန်းချုပ်မှုအောက်တွင်ရှိသော ကျေးရွာများမှ ဆုတ်ခွာရန်နှင့် NCA အား လက်မှတ်ထိုးပြီးနောက်ပိုင်း အသစ်ချမှတ်ထားသည့် တပ်စခန်းသစ်အားလုံးကို ၂၀၂၀ အကုန်တွင် ဖျက်သိမ်းရန်တောင်းဆိုသည့် စာတစ်စောင်ကို KNLA မှ ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ဒေသခံရွာသားများမှလည်း တပ်မတော်စခန်းများအား ပြန်လည်ရုတ်သိမ်းရန် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်တောင်းဆိုခဲ့ကြပါသည်။[71]

ဒေသတွင်းမှ တပ်မတော်စခန်းများအား ပြန်လည်ရုတ်သိမ်းခြင်းမရှိသည့်အပြင် ပဋိပက္ခများလည်း စတင်ဖြစ်ပွားလာခဲ့ပါသည်။ ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလမှစတင်ပြီး KNLA နှင့် တပ်မတော်တို့အကြား တိုက်ပွဲများပိုမိုများပြားလာခဲ့ပြီး တပ်မတော်၏ရမ်းသမ်းပစ်ခတ်မှုများကြောင့် ထောင်ပေါင်းများစွာသော ရွာသားများသည် ၎င်းတို့၏ကျေးရွာများမှ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ ဌာနေမဲ့ ပြည်အတွင်းကရင်ဒုက္ခသည်များဆိုင်ရာကော်မတီ(CIDKP)၏ တင်ပြချက်အရ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ဒွယ်လိုးမြို့နယ်အတွင်း ပြည်တွင်းနေရပ်စွန့်ခွာသူပေါင်း ၄၁၂၄ ဦးရှိသည်။[72] စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် ထိုအရေအတွက်မှာ အဆပေါင်းများစွာ ပိုမိုတိုးမြင့်လာခဲ့သည်။




ဤပုံကို ၂၀၂၁ ခုနှစ်၊ ဧပြီလ မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပေကေးကျေးရွာအုပ်စု၊ ဒေ့ပူနို့ကျေးရွာတွင် ရိုက်ယူခဲ့သည်။ ပုံမှာ ၂၀၂၁ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် SAC လေကြောင်းတိုက်ခိုက်မှုကြောင့် ရွာသားများ၏အိုးအိမ်များနှင့် ပိုင်ဆိုင်မှုများ ပျက်စီးသွားသောပုံဖြစ်သည်။ *(ဓာတ်ပုံ – KHRG)*




ဤပုံကို ၂၀၂၁ ခုနှစ်၊ ဧပြီလ မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပေကေးကျေးရွာအုပ်စုတွင် ရိုက်ယူခဲ့သည်။ ပုံမှာ ၂၀၂၁ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် SAC ၏လေကြောင်းတိုက်ခိုက်မှုအတွင်း ပြုတ်ကျလာသည့် မပေါက်ကွဲသေးသော ပေါက်ကွဲမှုပြင်းထန်သည့် ဗုံးတစ်လုံး၏ပုံဖြစ်သည်။ *(ဓာတ်ပုံ – KHRG)*

70 ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ပဏာမအပစ်ခတ်ရပ်စဲရေးသဘောတူစာချုပ်ကို KNU နှင့် မြန်မာအစိုးရမှ ဘားအံမြို့တွင် သဘောတူရေးထိုးခဲ့ပြီး၊ ရေရှည်တည်တံ့သည့်ငြိမ်းချမ်းရေးလမ်းစဉ်၏ ပထမခြေလှမ်းအဖြစ် ဆွေးနွေးညှိနှိုင်းမှုအား ဆောင်ရွက်ခဲ့ကြသည်။

71 KHRG မှ ၂၀၂၁ ခုနှစ်၊ ဧပြီလတွင် ထုတ်ဝေသော “ကျွန်မတို့ဘယ်ဆီကိုထပ်ပြီးထွက်ပြေးသင့်သလဲ” ခလယ်လွိထူခရိုင်နှင့် မူတြော်ခရိုင်တို့၌ ဖြစ်ပွားသောတိုက်ပွဲနှင့် နေရပ်ရွှေ့ပြောင်းနေရခြင်း၊ ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလအထိ” တွင်ကြည့်ပါ။

72 ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် CIDKP မှ KHRG အား သတင်းအချက်အလက်များ ပေးအပ်ခဲ့သည်။

၂၀၂၁ ခုနှစ်၊ မတ်လတွင်ဖြစ်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုသည် မတ်လ ၂၇ ရက်နေ့မှ ဧပြီလ ၁ ရက်နေ့အထိ ခြောက်ရက်ကျော် ကြာမြင့်ခဲ့သည်။ လူသော၊ ဘူးသိုနှင့် ဒွယ်လိုးမြို့နယ်များတွင် သေဆုံးသူ ၇ ဦးနှင့် ဒဏ်ရာရသူ ၂၃ ဦးရှိခဲ့ကြောင်း KHRG မှသတင်းရရှိခဲ့သည်။[73] ဒုတိယအကြိမ် လေကြောင်းတိုက်ခိုက်မှုသည် ဧပြီလ ၂၇ ရက်နေ့တွင် စတင်ခဲ့ပြီး အဓိကပစ်မှတ်ထားသည့်နေရာများမှာ ဘူးသိုမြို့နယ်မှ ခေါပူ၊ ဘူးအာဒဲနှင့် ပဟဲကျေးရွာအုပ်စုများဖြစ်ပြီး လူသောမြို့နယ်မှ ဒါးဂွင်ဒေသတို့ဖြစ်သည်။[74] ရွာသားများမှာ အစောပိုင်းတိုက်ခိုက်မှုများကြောင့် နေရပ်ရွှေ့ပြောင်းပြီးဖြစ်သည့်အတွက် ဧပြီလလေကြောင်းတိုက်ခိုက်မှုတွင် သေဆုံးမှုမရှိခဲ့ပါ။ လေကြောင်းတိုက်ခိုက်မှုများကြောင့် မေလအစောပိုင်းအထိ မူတြော်ခရိုင်တွင် နေရပ်ရွှေ့ပြောင်းနေထိုင်ရသူ ၂၅,၀၀၀ ကျော်ရှိသည်ဟု KHRG မှ ခန့်မှန်းထားသည်။[75] KPSN က လူပေါင်း ၇၀,၀၀၀ ကျော် နေရပ်ရွှေ့ပြောင်းနေထိုင်ခဲ့ရသည်ဟု ခန့်မှန်းထားသည့်အတွက် ခရိုင်၏ကျေးလက်နေ လူဦးရေမှာ ၈၀,၀၀၀ ရှိသဖြင့် ၉၀ ရာခိုင်နှုန်းခန့် နေရပ်ရွှေ့ပြောင်းနေထိုင်ကြရသည်ဟု ဆိုနိုင်သည်။[76] ပြည်သူများအား တိုက်ရိုက်တိုက်ခိုက်ခြင်းသည် တပ်မတော်မှ တွန်းလှန်မှုများကို တုန့်ပြန်ရန် ကာလကြာရှည်အသုံးပြုလျက်ရှိသည့် နည်းဗျူဟာတစ်ခုဖြစ်ပြီး နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေအား ချိုးဖောက်နေခြင်းလည်းဖြစ်သည်။



ဤပုံကို ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ၌ မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ လအ–––ကျေးရွာတွင် ရိုက်ယူခဲ့သည်။ ပုံတွင် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့၌ နစကနှင့်ဒေသခံ KNLA ကြား တိုက်ပွဲဖြစ်ပြီးနောက် နစက၏ ခမရ(၄၀၇)မှ မီးရှို့ဖျက်ဆီးခဲ့သည့် အိမ်လေးလုံးအနက် မီးလောင်ထားသော အိမ်တစ်လုံးဖြစ်သည်။ လအ–––ကျေးရွာသားများအားလုံး (အိမ်ခြေပေါင်း ၅၀ ခန့်) ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ *(ဓါတ်ပုံ – ဒေသခံရွာသား)*

မြေပြင်တိုက်ခိုက်မှုများနှင့် တိုက်ပွဲများကြောင့်လည်း ခရိုင်အတွင်း နေရပ်ရွှေ့ပြောင်းနေထိုင်မှု ဖြစ်ပေါ်လာခဲ့ပါသည်။ KHRG ၏ သတင်းမှတ်တမ်းပြုစုသူများက မေလပထမပတ်အထိ (စစ်တပ်အာဏာသိမ်းပြီး ပထမသုံးလအတွင်း)မူတြော်ခရိုင်တွင်လက်နက်ကြီးပစ်ခတ်မှုအကြိမ်ပေါင်း ၁၀၀ ကျော်ဖြစ်ပွားခဲ့ကြောင်းနှင့် အများစုက လူသောမြို့နယ်အတွင်း ဖြစ်ပွားခဲ့ကြောင်း တင်ပြခဲ့ကြသည်။[77] ခရိုင်အတွင်း တိုက်ပွဲများနှင့် လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှုများ တိုးမြင့်လာသည့်အပြင် ပစ်ခတ်မှုများမှာ နေ့စဉ်ရက်ဆက် တစ်ခါတစ်ရံ

73 KRHG မှ ၂၀၂၁ ခုနှစ်၊ မေလတွင် ထုတ်ဝေသော “ပိုမိုမြင့်မားလာသောစိုးရိမ်ပူပန်မှုများ – ၂၀၂၁ ခုနှစ်၊ မတ်လအတွင်း မူတြော်ခရိုင်နှင့် ခလယ်လွီထူခရိုင်တို့တွင် တပ်မတော်၏လေကြောင်းတိုက်ခိုက်မှုမှ ရွာသား ၁၃ ဦးသေဆုံးသွားခဲ့ပြီး ထောင်နှင့်ချီသောရွာသားများ နေရပ်ရွှေ့ပြောင်းနေထိုင်ရခြင်း” တွင်ကြည့်ပါ။ KPSN မှ ၆ ရက်တာအတွင်း အရပ်သား ၁၆ ဦးသေဆုံးမှုနှင့် ၂၀ ဦးဒဏ်ရာရရှိမှုအား တင်ပြခဲ့သည်။ ကရင်ငြိမ်းချမ်းရေး အထောက်အကူပြုကွန်ယက် (KPSN) မှ ၂၀၂၁ ခုနှစ်၊ မေလတွင် ထုတ်ဝေသော Terror from the Skies: Coup regime’s escalated offensives cause mass displacement across Mutraw တွင်ကြည့်ပါ။

74 လေကြောင်းတိုက်ခိုက်မှုနှင့်ပတ်သတ်သည့် အသေးစိတ်အချက်အလက်ကို KRHG မှ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ဝေသွားမည့် “Southeast Myanmar Field Report: military coup, protests, armed conflict and attacks, human rights abuses, and COVID–19, January to June 2021” တွင်ကြည့်ပါ။

75 KHRG (မထုတ်ဝေဖြစ်ခဲ့သော) Submission on State Administration Council airstrike and IDP situation after the coup (၂၀၂၁ခုနှစ်၊ မေလ)

76 ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ယက် (KPSN) မှ ၂၀၂၁ ခုနှစ်၊ မေလတွင် ထုတ်ဝေသော Terror from the Skies: Coup regime’s escalated offensives cause mass displacement across Mutraw တွင်ကြည့်ပါ။

77 မူတြော်ခရိုင်အတွင်းဖြစ်ပွားခဲ့သောတိုက်ခိုက်မှုများနှင့်ပဋိပက္ခအသေးစိတ်အချက်အလက်များကို KHRG မှ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ဝေသွားမည့် “Southeast Myanmar Field Report: military coup, protests, armed conflict and attacks, human rights abuses, and COVID–19, January to June 2021” တွင်ကြည့်ပါ။

တွင် ရက်သတ္တပတ်များစွာအထိ ဆက်လက်ဖြစ်ပွား လျက်ရှိသည်။ ထို့အတွက် ရွာသားများမှာ လိုအပ်သော အစားအစာနှင့်အထောက်အပံ့များရယူရန် သို့မဟုတ် ၎င်းတို့ပိုင်ဆိုင်သောပစ္စည်းများအား ပြန်လည်ရယူရန်အတွက် ကျေးရွာများသို့ ပြန်လည်ဝင်ရောက်နိုင်ခြင်းမရှိခဲ့ပေ။ ပိုမိုများပြားလာသည့် နေရပ်စွန့်ပြောင်း နေထိုင်မှုများအပြင် ဆက်လက်ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများနှင့် စစ်ဘက်ဆိုင်ရာလှုပ်ရှားမှုများသည် မြေယာနှင့်ပိုင်ဆိုင်မှုများကို ပျက်စီးဆုံးရှုံးစေသည်။ UXO များရှိခြင်းနှင့် နေရာဒေသများပျက်စီးခြင်းများကြောင့် တိုက်ပွဲနှင့်တိုက်ခိုက်မှုများ ပြီးဆုံးသည့်အချိန် ရွာသားများသည် ၎င်းတို့၏နေရာဒေသများသို့ ပြန်လည်နေထိုင်ရန် ခက်ခဲပါလိမ့်မည်။

တိုက်ခိုက်မှုများနှင့် တိုက်ပွဲများပိုမိုတိုးမြှင့်လာခြင်းက ကျန်းမာရေးစောင့်ရှောက်မှုအပေါ်တွင်လည်း ထိခိုက်မှုများ ရှိလာခဲ့သည်။ မလုံခြုံမှုများ ပိုမိုတိုးမြှင့်လာသဖြင့် အချို့သူများမှာ အခြားနေရာသို့ ရွှေ့ပြောင်းနေရချိန်တွင် ဆေးခန်းအချို့မှာ ပျက်စီးသွားခြင်း သို့မဟုတ် ဖျက်ဆီးခံရခြင်းများရှိသည်။ ၂၀၂၁ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ပါဟဲကျေးရွာအုပ်စုတွင်း လေကြောင်းတိုက်ခိုက်မှုကြောင့် ဘူးသိုမြို့နယ်၊ ဖောကားဒဲကျေးရွာ၊ သီးကော်ထနေရာရှိ ဆေးခန်းတစ်လုံးမှာ ပျက်စီးသွားခဲ့ကြောင်း KHRG မှ တင်ပြခဲ့သည်။ စစ်ကောင်စီ၏ ဒရုန်းများနှင့် ရဟတ်ယာဉ်များ နေစဉ်ရက်ဆက် ကင်းထောက်လှည့်နေသည့်အတွက် ထိုအချိန်မှစတင်၍ ဘူးသိုမြို့နယ်မှ ဆေးခန်းအများအပြား ရွှေ့ပြောင်းခဲ့ရသည်။[78]

(၃) ခလယ်လွိထူခရိုင်

ခလယ်လွိထူခရိုင်သည်လည်း ပဋိပက္ခနှင့် တိုက်ပွဲများဖြစ်ပွားသည့် နေရာဒေသတစ်ခုဖြစ်သည်။ အကြောင်းမှာ KNU ထိန်းချုပ်သည့် မူတြော်ခရိုင်နှင့် အစိုးရထိန်းချုပ်သည့် ကရင်ပြည်နယ်အနောက်ပိုင်းနှင့် မြန်မာနိုင်ငံ၏အခြား အပိုင်းများအကြားတွင် တည်ရှိနေခြင်းကြောင့် ဖြစ်နိုင်သည်။ တိုက်ပွဲများမှာ အဓိကအားဖြင့် လယ်ဒိုမြို့နယ်တွင် လယ်ဒိုမှမူသယ်သို့ ဆက်သွယ်ထားသော စစ်တပ်လမ်းမကြီးတစ်လျှောက်တွင် ဖြစ်ပွားလေ့ရှိသည်။

တိုက်ပွဲများနှင့်ပတ်သက်သည့် ပထမဆုံးအစီရင်ခံချက်များမှာ မတ်လကုန်ပိုင်းတွင်ဖြစ်ပြီး စစ်ကောင်စီစစ်သားများ သည် ၎င်းတို့၏စခန်းမှနေ၍ KNU ထိန်းချုပ်နယ်မြေအတွင်း လယ်ဒိုမြို့နယ်ရှိကျေးရွာ (သံလဲ့ကျေးရွာနှင့် မြေနီကုန်းနေရာ)များသို့ လက်နက်ကြီးများ စတင်ရမ်းသမ်းပစ်ခတ်ခဲ့သည်။ ပစ်ခတ်မှုများသည် ၂၀၂၁ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့မှ မတ်လ ၃၀ ရက်နေ့ထိ ကြာမြင့်ခဲ့သည်။ ထွက်ပြေးတိမ်းရှောင်နေရသူများ မရှိသော်လည်း ရွာသားများမှာ ၎င်းတို့၏လုံခြုံရေးအခြေအနေနှင့်ပတ်သက်၍ စိုးရိမ်လျက်ရှိနေသေးသည်။ မတ်လမှစ၍ စစ်ကောင်စီစစ်သားများသည် ၎င်းတို့၏လမ်းဘေးဂိတ်များတွင် ပိုမိုတင်းကြပ်သည့် စစ်ဆေးရေးများပြုလုပ်လာခဲ့ကြသည်။

ဧပြီလမှစတင်ပြီး လယ်ဒိုစစ်စခန်းတွင်အခြေစိုက်သော စစ်ကောင်စီတပ်ဖွဲ့များသည် လယ်ဒိုမှမူသယ်သို့ ဆက်သွယ်ထားသည့်လမ်းဖြင့် ခလယ်လွိထူမှ မူတြော်ခရိုင်သို့ စစ်သားများ၊ စစ်ပစ္စည်းများနှင့် လက်နက်ခဲယမ်းများကိုလည်း (ဧပြီလ ၁၇ ရက်နေ့အထိ စစ်သား ၂၇၀ ဦးနှင့် ပစ္စည်းများကိုသယ်ရန် မြင်းအကောင်ရေ ၁၄၀ ကို အသုံးပြုခဲ့သည်) ပိုမိုပို့ဆောင်ခဲ့သည်။[79] စစ်သားများနှင့် ထောက်ပံ့ပစ္စည်းများ ပေးပို့ခြင်းသည် စစ်ကောင်စီတပ်နှင့်

---

78 KRHG မှ ၂၀၂၁ ခုနှစ်၊ မေလတွင် "ပိုမိုမြင့်မားလာသောစိုးရိမ်ပူပန်မှုများ – ၂၀၂၁ ခုနှစ်၊ မတ်လအတွင်းမူတြော်ခရိုင်နှင့် ခလယ်လွိထူခရိုင်တို့တွင်တပ်မတော်၏လေကြောင်းတိုက်ခိုက်မှုမှ ရွာသား ၁၆ ဦးသေဆုံးသွားခဲ့ပြီး ထောင်နှင့်ချီသောရွာသားများ နေရပ်စွန့်ပြောင်းနေထိုင်ရခြင်း" နှင့် KHRG မှ ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် ထုတ်ဝေခဲ့သော "Mu Traw District Situation Update: Landmine contamination, indiscriminate shelling, arbitrary taxation, movement of troops, and livelihood, education and healthcare situation, May to June 2021," တွင်ကြည့်ပါ။

79 KRHG မှ ၂၀၂၁ ခုနှစ်၊ မေလတွင် ထုတ်ဝေသော "ခလယ်လွိထူခရိုင်နောက်ဆုံးရဒေသတွင်းအစီရင်ခံစာ: လယ်ဒိုမြို့နယ်တွင် စစ်ရေးလှုပ်ရှားမှုများ၊ တပ်မတော်နှင့် KNLA တို့အကြားတိုက်ပွဲများ များပြားလာခြင်းကြောင့် ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ရသူများ (IDPs) မှ မိမိတို့၏နေအိမ်သို့ပြန်နေထိုင်ရန် အတားအဆီးဖြစ်စေခြင်း၊ ၂၀၂၁ ခုနှစ်၊ မတ်လမှမေလထိ" တွင်ကြည့်ပါ။

KNDO[80] တို့အကြား တိုက်ခိုက်မှုကို ပိုမိုတိုးမြင့်လာစေပြီး အနီးအနားပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ လက်နက်ကြီး ရမ်းသမ်းပစ်ခတ်မှုများကိုလည်း ပိုမိုပြုလုပ်လာစေသည်။ ရွာသားများမှာ အစောပိုင်းစစ်လှုပ်ရှားမှုများကြောင့် ထွက်ပြေးတိမ်းရှောင်နှင့်ပြီးသားဖြစ်သည်။ ဧပြီလအလယ်မှ မတ်လကုန်ထိ ခဲဒဲကျေးရွာအုပ်စုသည် စစ်အင်အား ဆက်လက်ဖြည့်တင်းခြင်းကြောင့် တိုက်ပွဲများစွာ ဖြစ်ပွားခဲ့သည့်နေရာတစ်ခု ဖြစ်လာခဲ့သည်။[81]

မူတြော်ခရိုင်တွင် လေကြောင်းတိုက်ခိုက်မှုများ များစွာဖြစ်ပွားခဲ့သော်လည်း ခလယ်လွှီထူတွင်မူ တစ်ကြိမ်ဖြစ်ပွားခဲ့သည်။ ၂၀၂၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် စစ်ကောင်စီ၏ ဂျက်လေယာဉ်နှစ်စင်းမှ ဆောထိမြို့နယ်၊ မဲယဲခီးကျေးရွာအုပ်စု၊ ထီးဖဒိုကျေးရွာအနီးရှိမဲ့သဲခီးနေရာရှိ မိုးအောင်ရွှေတွင်းအပေါ်သို့ ဗုံးကျဲခဲ့သည်။ ဒေသတွင်းအရင်းအမြစ်တစ်ခုအရ လူ ၉ ဦး သေဆုံးခဲ့ပြီး ထိုလူများအနက် အများစုမှာ မိုင်းလုပ်သားများဖြစ်ကာ အခြား ၂ ဦးသည်လည်း ဒဏ်ရာရရှိခဲ့သည်။[82]



ဤပုံကို ၂၀၂၁ ခုနှစ်၊ မတ်လ ၂ ရက်နေ့၌ ခလယ်လွှီထူခရိုင်၊ လယ်ဒိုမြို့နယ်တွင် ရိုက်ယူခဲ့သည်။ ခဲဒဲကျေးရွာအုပ်စုမှ ရွာသားများသည် ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ ထွက်ပြေးတိမ်းရှောင်ခဲ့ပြီး ဒေသတွင်းလက်နက်ကြီးများ ပစ်ခတ်မှုနှင့် ဆက်လက်ဖြစ်ပွားနေသည့်တိုက်ပွဲများကြောင့် ယခုထိ ၎င်းတို့၏ရွာသို့ အိမ်ပြန်လာ၍မရပေ။ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများ(IDPs)၏ ခန့်မှန်းခြေလူဦးရေမှာ ၅၀၀ နီးပါးရှိသည်။ ပုံတွင်တိမ်းရှောင်ရသည့် ကလေးများနှင့် ကျောင်းဆရာများသည် တောထဲတွင် စာသင်နေသောပုံဖြစ်သည်။
*(ဓာတ်ပုံ – Forum Asia မှ ဝန်ထမ်းတစ်ဦး)*

ခလယ်လွှီထူခရိုင်၊ လယ်ဒိုမြို့နယ်၊ ခဲဒဲကျေးရွာအုပ်စုမှ ကျောင်းသားများအနေဖြင့် ပညာရေးအားလက်လှမ်းမီရန်အတွက် အခက်အခဲကြုံတွေ့နေကြရသည်ဟု KHRG မှ ယခင်ကတင်ပြခဲ့သည်။ ၎င်းတို့အနေဖြင့် ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလမှ စတင်ပြီး KNU နှင့် တပ်မတော်စစ်သားများအကြား ဖြစ်ပွားခဲ့သောတိုက်ပွဲများကြောင့် ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ စစ်တပ်အာဏာသိမ်းမှု စတင်သည့်အချိန်မှစ၍ တိုက်ပွဲများပိုမိုဖြစ်ပေါ်လာခဲ့ပြီး ကျောင်းသားများအနေဖြင့် ကျောင်းတက်ရန်အတွက် ၎င်းတို့၏ ကျေးရွာသို့ ပြန်လည်နေထိုင်နိုင်ခြင်းမရှိတော့ပေ။[83]

80 ကရင်အမျိုးသားကာကွယ်ရေးတပ်မတော် (KNDO) ကို ၁၉၄၇ ခုနှစ်တွင် ကရင်အမျိုးသားအစည်းအရုံးမှ စတင်ဖွဲ့စည်းခဲ့ပြီး၊ ၎င်းသည် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA)၏ ရှေ့ပြေးအဖွဲ့ဖြစ်သည်။ ယနေ့ ကရင်အမျိုးသား ကာကွယ်ရေးတပ်မတော်ဆိုသည်မှာ KNU၊ KNLA မှသင်တန်းပေးသော လက်နက်ကိုင် လုပ်အားပေးတပ်ဖွဲ့တစ်ခုဖြစ်ပြီး၊ တပ်ရင်း၊ တပ်ခွဲ ပုံသဏ္ဍာန်များနှင့်ဖွဲ့စည်းထားသည်။ အဖွဲ့ဝင်များသည် ယူနီဖောင်းဝတ်ဆင်ရသည်။ ၎င်းတို့အနေဖြင့် ၂ နှစ် တာဝန်ထမ်းဆောင်ရသည်။

81 KHRG မှ ၂၀၂၁ ခုနှစ်၊ မတ်လတွင် ထုတ်ဝေသော "Dooplaya District Short Update: Skirmish between the Tatmadaw and the KNLA in Kaw T'Ree Township, February 2021," တွင်ကြည့်ပါ။

82 KRHG မှ ၂၀၂၁ ခုနှစ်၊ မေလတွင် ထုတ်ဝေသော "ပိုမိုမြင့်မားလာသောစိုးရိမ်းပူပန်မှုများ – ၂၀၂၁ ခုနှစ်၊ မတ်လအတွင်း မူတြော်ခရိုင်နှင့် ခလယ်လွှီထူခရိုင်တို့တွင် တပ်မတော်၏လေကြောင်းတိုက်ခိုက်မှုမှ ရွာသား ၁၆ ဦးသေဆုံးသွားခဲ့ပြီး ထောင်နှင့်ချီသောရွာသားများ နေရပ်ရွှေ့ပြောင်းနေထိုင်ရခြင်း" တွင်ကြည့်ပါ။

83 KHRG မှ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ဝေသွားမည့် "Southeast Myanmar Field Report: military coup, protests, armed conflict and attacks, human rights abuses, and COVID-19, January to June 2021" တွင်ကြည့်ပါ။

(၄) ဒူးပလာယာခရိုင်

မကြာသေးမီအချိန်အထိ ဒူးပလာယာခရိုင်အနေဖြင့် တိုက်ပွဲကြီးကြီးမားမား ကြုံတွေ့ရခြင်းမရှိသေးပေ။ အမှန်အားဖြင့်ဆိုလျှင် ဒူးပလာခရိုင်ရှိ KNU ထိန်းချုပ်နယ်မြေများသည် CDM လှုပ်ရှားမှုတွင်ပါဝင်သူများအား ကြိုဆိုသည့် အဓိကခိုလှုံရာနေရာတစ်ခုဖြစ်လာသည်။ မေလကုန်အထိ အခြားသောနေရာဒေသများမှ CDM လှုပ်ရှားမှုပြုလုပ်သူ ၃,၀၀၀ ကျော်အား လက်ခံကြိုဆိုခဲ့သည်။

ဖေဖော်ဝါရီလ အစောပိုင်းတွင်ရရှိခဲ့သည့် အစီရင်ခံစာတွင် ကော့တရိမြို့နယ်၊ ဂအ–––ကျေးရွာအုပ်စုတွင် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့က CDM လှုပ်ရှားမှုတွင် ပါဝင်သူများခိုလှုံရန် ရောက်ရှိလာသည့်အတွက် KNLA နှင့် စစ်ကောင်စီတပ်တို့အကြား တိုက်ပွဲများဖြစ်ပေါ်ခဲ့ကြောင်း ဖော်ပြခဲ့သည်။ NCA အားချိုးဖောက်သည့်အနေဖြင့် စစ်ကောင်စီတပ်ဖွဲ့များသည် KNU ၏ကန့်သတ်နယ်မြေများတွင် CDM လှုပ်ရှားမှုနှင့် အာဏာသိမ်းမှုဆန့်ကျင်ဆန္ဒပြခြင်းနှင့် ပါဝင်သောကျောင်းဆရာများနှင့် ဆရာဝန်များအား ရှာဖွေဖမ်းဆီးရန် ကင်းလှည့်ခဲ့ကြသည်။ (ထိုကျောင်းဆရာများနှင့် ဆရာဝန်များမှာ ကော့တရိမြို့နှင့် အနီးအနားဒေသများမှ ဖြစ်သည်။) ထိုတိုက်ပွဲဖြစ်ပြီးသည့်နောက်တွင် စစ်ကောင်စီတပ်သားများသည် မည်သူ့ကိုမှဖမ်းဆီးခြင်းမရှိပဲ ၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် ထိုဒေသမှ ထွက်သွားခဲ့သည်။[84]

ဇွန်လအတွင်း ကော့တရိမြို့တွင် လက်နက်ကိုင်တပ်ဖွဲ့များအကြား တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ထိုင်း–မြန်မာနယ်စပ်သို့ ထွက်ပြေးတိမ်းရှောင်သွားသည့် ရွာသား ၇၀၀ ကျော် နေရပ်ရွှေ့ပြောင်းနေထိုင်ခဲ့ရပါသည်။ ဇွန်လ ၁ ရက်နေ့တွင် KNDO မှ စစ်ကောင်စီရဲစခန်းအား တိုက်ခိုက်ပြီးနောက် မော်ခီးကျေးရွာအုပ်စုတွင် စစ်ကောင်စီတပ်နှင့် KNDO တို့အကြား (KNLA လည်းပါဝင်နိုင်သည့်) တိုက်ပွဲများစွာ ဖြစ်ခဲ့သည်။ ဇွန်လ ၂ ရက်နေ့တွင် ဖလူးဖိုးဒေသ၌ BGF ၊ စစ်ကောင်စီတပ်နှင့် DKBA ခွဲထွက်အဖွဲ့[85] များကြား တိုက်ပွဲထပ်မံဖြစ်ပွားခဲ့သည်။ ရွာသားများအနေဖြင့် မည်သည့်အကြောင်းကြောင့် တိုက်ပွဲဖြစ်ရသည်ကို မသိရပါ။[86]

84 KHRG မှ ၂၀၂၁ ခုနှစ်၊ မတ်လတွင် ထုတ်ဝေသော "Dooplaya District Short Update: Skirmish between the Tatmadaw and the KNLA in Kaw T'Ree Township, February 2021," တွင်ကြည့်ပါ။

85 ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်နေ့တွင် DKBA ခွဲထွက်အဖွဲ့ကိုဦးဆောင်သည့် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောကျော်သက်၊ ဒုစစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောတိုင်ရွှေ(ခေါ်)ဘိုဘိုနှင့် ဗိုလ်ဆန်းဆောင်တို့မှ ၎င်းတို့အဖွဲ့အား တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော်အဖြစ် စတင်တည်ထောင်ခဲ့သည်။ ထို့ကြောင့် ယခုအချိန်တွင် DKBA ဟူသည့်အမည်အတိုကောက်ကို အဖွဲ့နှစ်ဖွဲ့လုံးမှသုံးလျှက်ရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ယခင်ပင်မ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် DKBA အဖွဲ့နှင့် တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော်ခွဲထွက် DKBA အဖွဲ့တို့ဖြစ်ကြသည်။ တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် ခွဲထွက်အဖွဲ့သစ်အား ၁၉၉၄ ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိ တည်ရှိနေဆဲဖြစ်သည့် ပင်မဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်နှင့် မရောထွေးသင့်ပေ။ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်မှ တစ်နိုင်ငံလုံးဆိုင်ရာအပစ်ခတ်ရပ်စဲရေးသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သော်လည်း တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုး သားတပ်မတော်အဖွဲ့သစ်မှာမူ လက်မှတ်မရေးထိုးခဲ့ပေ။ နောက်ပိုင်းတွင် ကရင်ပြည်နယ်တွင်းရှိ နေရာအများအပြားတွင်ဖြစ်ပွားနေသော တပ်မတော်နှင့် လက်နက်ကိုင် ပဋိပက္ခတိုက်ပွဲမြောက်မြားစွာတွင် တက်ကြွစွာပါဝင်ခဲ့ကြသည်။

86 KHRG မှ ၂၀၂၁ ခုနှစ်၊ ဇွန်လတွင် ထုတ်ဝေသော "Dooplaya District Interview: Recent fighting and displacement in Kaw T'Ree Township, June 2021," နှင့် KHRG မှ ၂၀၂၁ ခုနှစ်၊ ဇွန်လတွင် ထုတ်ဝေသော "Dooplaya District Interview: Fighting between SAC troops and other armed groups resulted in villagers' displacement, Kaw T'Ree Township, Dooplaya District, June 1st 2021," တွင်ကြည့်ပါ။

(၅) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး

တိုက်ပွဲများ၊ တိုက်ခိုက်မှုများနှင့် ပဋိပက္ခများကြောင့်ဖြစ်ပေါ်လာသော လူ့အခွင့်အရေးချိုးဖောက်မှုများသည် စစ်တပ်မှ အာဏာသိမ်းပြီးချိန်မှစတင်၍ ဖြစ်ပွားလာသည့်အတွက် NCA မှာ အသက်ဝင်ခြင်းရှိမရှိနှင့်ပတ်သက်ပြီး မေးခွန်းထုတ်စရာ ဖြစ်လာခဲ့ပါသည်။ စစ်ကောင်စီမှ ၎င်းတို့၏ကတိကဝတ်ဖြစ်သည့် "ထာဝရငြိမ်းချမ်းရေး" ကို ရရှိရန်နှင့် NCA အား လေးစားလိုက်နာရန်ဟူသည့် အချက်များကို ယခင်ကတည်းက ဖော်ပြလေ့ရှိသည်။ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ငြိမ်းချမ်းရေးဖော်ဆောင်ရန် ကော်မတီပေါင်းများစွာအား ဖွဲ့စည်းခဲ့သော်လည်း စစ်ကောင်စီစစ်တပ်၏ လုပ်ဆောင်မှုများက ငြိမ်းချမ်းရေးရရှိရန်အတွက် ၎င်းတို့ထားရှိသည့် ကတိကဝတ်အနည်းငယ်ကိုသာ ဖြည့်ဆည်းကြောင်း ဖော်ပြခဲ့သည်။ တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့သည့်အတွက် စစ်ကောင်စီမှာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဧပြီလ ၁ ရက်နေ့တွင် ကြေညာခဲ့ပြီးနောက် ဇွန်လကုန်အထိ နှစ်ကြိမ်တိုင်တိုင် ဆက်လက်တိုးမြှင့်ခဲ့သည်။ ဤအစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း စစ်ကောင်စီတပ်ဖွဲ့များ၏ လက်နက်ကြီးဖြင့် ပစ်ခတ်မှုများနှင့် အခြားတိုက်ခိုက်မှုများသည် အထူးသဖြင့် ဤအပစ်ရပ်သည့်လများအတွင်း နေရာဒေသအများအပြားတွင် ပိုမိုတိုးမြှင့်လာခဲ့သည်။ စစ်ကောင်စီမှ ၎င်းအနေနှင့် အစိုးရ၏လုံခြုံရေးနှင့် အုပ်ချုပ်ရေးကို အနှောင့်အယှက်ဖြစ်စေသည့် လုပ်ရပ်များကို ပြန်လည်တုန့်ပြန်သွားမည်ဟု မူလကကြေညာခဲ့သည်။ ထို့အတွက်ကြောင့် အခြားလက်နက်ကိုင်တပ်ဖွဲ့များအား ငြိမ်းချမ်းရေးကိုထိန်းသိမ်းရန် တိုက်တွန်းသော်လည်း ၎င်းတို့၏စစ်တပ်ကမူ ထိုးစစ်ဆင်လျက်ရှိသည်။

၂၀၁၂ ခုနှစ်တွင် စတင်ခဲ့ပြီး ၂၀၁၅ ခုနှစ်အထိ NCA အား လက်မှတ်ထိုးခြင်းဖြင့် ဆက်လက်လုပ်ဆောင်လျက်ရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ပြဿနာများအကြား နွံနစ်လျက်ရှိပြီး ထိရောက်မှုမရှိကြောင်း သက်သေပြလျက်ရှိသည်ကို KHRG နှင့်အခြားအဖွဲ့များမှ ယခင်က ထောက်ပြခဲ့ပြီးပြီဖြစ်သည်။ NCA ချုပ်ဆိုသည့်အချိန်မှစ၍ KHRG မှ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ တိုက်ပွဲများနှင့်ပတ်သက်သည့် အချက်အလက်များအား နှစ်စဉ်တင်ပြခဲ့သည်။ တိုက်ပွဲများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများမှာ လျော့နည်းခဲ့သော်လည်း ဆက်လက်ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများနှင့် အကြမ်းဖက်မှုများက လူအများအား ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး သံသယဖြစ်စေသည်။ ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်တပ်မှအာဏာသိမ်းပြီးနောက် မကြာမီအချိန်များတွင် NCA အား သဘောတူလက်မှတ်ရေးထိုးထားသည့် အဖွဲ့ ၁၀ ဖွဲ့က (ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင်) ၎င်းတို့အနေဖြင့် စစ်ကောင်စီနှင့်ညှိနှိုင်းဆွေးနွေးမှုများအား ရပ်စဲထားမည်ဖြစ်သော်လည်း ၎င်းတို့အနေဖြင့် စစ်အာဏာရှင်စနစ်အဆုံးသတ်ရန်နှင့် လက်ရှိနိုင်ငံရေးပြဿနာများအတွက် ပိုမိုခိုင်မာသည့်အဖြေကို ရှာနိုင်ရန် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ အပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။"[87]

အာဏာသိမ်းပြီးနောက် ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းမှုများတွင် ငြိမ်းချမ်းရေးအားလိုလားကြောင်း မကြာခဏ ဖော်ပြကြသော်လည်း အချို့သောကျေးလက်ဒေသမှာမှ ရွာသားများ၊ ဆန္ဒပြသူများနှင့် CDM လှုပ်ရှားမှုတွင်ပါဝင်သူများက စစ်ကောင်စီနှင့် ညှိနှိုင်းရန်မှာ ဖြစ်နိုင်ခြင်းရှိမရှိနှင့် ငြိမ်းချမ်းသောနည်းဖြင့် ဆောင်ရွက်ခြင်းများက ဒီမိုကရေစီနှင့် အရပ်သားအစိုးရကို ပြန်လည်ရရှိနိုင်ရန် လုံလောက်ခြင်းရှိမရှိ မေးခွန်းထုတ်ခဲ့ကြသည်။ မူတြော်ခရိုင်မှ နေ့စားအလုပ်သမားတစ်ဦးက စစ်ကောင်စီကိုမယုံကြောင်းဖော်ပြပြီး ၎င်း၏ထင်မြင်ချက်ကို ဤသို့ပြောပြခဲ့သည်။ *"သူတို့က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်မှာ မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ ဘယ်သူမှ သူတို့[စစ်ကောင်စီ]ရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လက်ခံမှာမဟုတ်ဘူး။"* ရန်ကုန်တွင်နေထိုင်သည့် ဘားအံခရိုင်မှ လူငယ်ခေါင်းဆောင်တစ်ဦးက ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့ဆက်နိုင်မည့်မျှော်လင့်ချက်လုံးဝမရှိ

[87] Burma News International မှ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထုတ်ဝေသော "NCA signatories suspend political negotiations with junta, says steering team," တွင်ကြည့်ပါ။

ကြောင်း ပြောပြခဲ့သည်။ *“တိုင်းရင်းသားပြည်သူတွေအပေါ် စစ်ကောင်စီရဲ့တုန့်ပြန်မှုဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လုံးဝဖျက်စီးနေပြီး ကျွန်တော်တို့အနေနဲ့ ဆက်လက်ပြီး ဘာဆွေးနွေးမှုမှမလုပ်သင့်ဘူး။ သူတို့ကိုယုံကြည်လို့မရတဲ့အတွက် ပြန်တိုက်ဖို့ကပဲ တခုတည်းသောနည်းလမ်းဖြစ်တယ်။”*

ထိုနည်းတူစွာ အချို့သောမေးခွန်းဖြေကြားသူများက ၎င်းတို့ကိုယ်ကိုကာကွယ်ရန်အတွက် လက်နက်ကိုင်ရန် ဆန္ဒရှိကြောင်းကို ဖော်ပြကြပြီး အချို့သူများက KNLA အနေဖြင့်အရပ်သားများကို ပိုမိုကောင်းမွန်စွာကာကွယ်ရန်အတွက် ပြောသည်။ သို့သော်လည်း KHRG လူတွေ့မေးမြန်းခဲ့သော သူအများအပြားက ၎င်းတို့အနေဖြင့် ငြိမ်းချမ်းသည့်နည်းလမ်းကို မျှော်လင့်နေသေးကြောင်း ပြောသည်။ ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်မှ နေ့စားအလုပ်သမားတစ်ဦးက *“တကယ်လို့သင့်အနေနဲ့ ငြိမ်းချမ်းရေးကိုဦးတည်ပြီးလုပ်မယ်ဆိုရင် ငြိမ်းငြိမ်းချမ်းချမ်းနဲ့လုပ်ဖို့လိုတယ်။”*

(ခ) လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်မလုံခြုံမှုများ

ဤအခန်းတွင် သတ်ဖြတ်ခြင်း၊ အဓမ္မခိုင်းစေခြင်း၊ တရားလက်လွတ်ဖမ်းဆီးခြင်း၊ လုယက်ခြင်း/သိမ်းယူခြင်းနှင့် ငွေကြေးအဓမ္မတောင်းခံခြင်းအပြင် မြေမြှုပ်မိုင်းဆိုင်ရာပြဿနာများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် မလုံခြုံမှုများကို ဖော်ပြထားသည်။ ဤအခန်းတွင် ဖော်ပြထားသော အကြမ်းဖက်မှုဖြစ်စဉ်များမှာ NCA ချုပ်ဆိုပြီးနောက်ပိုင်း ရေးသားထားသည့် အစီရင်ခံစာများတွင် ပါရှိပြီးဖြစ်သည်။ သို့သော်လည်း အရပ်သားများအနေဖြင့် တိုက်ရိုက်ပစ်မှတ်ထားခံရသည့်အခါများတွင် မလုံခြုံမှုများနှင့် အကြမ်းဖက်မှုများသည် ပိုမို၍စနစ်ကျပြီး အစိုးရမှကျူးလွန်သည့် အကြမ်းဖက်မှုများသို့ ပြန်သွားရန် ညွှန်ပြနေသည်။

(၁) ပဋိပက္ခအနည်းငယ်သာဖြစ်ပွားသည့်နေရာများမှမလုံခြုံမှုများ

ပစ်ခတ်တိုက်ခိုက်မှု အနည်းငယ်သာကြုံတွေ့ရသည့် နေရာများသည်လည်း မလုံခြုံမှုများကို ပြင်းထန်စွာခံစားရလျက်ရှိနေသေးသည်။ ၎င်းတို့၏ဒေသများတွင် လက်နက်ကိုင်တပ်ဖွဲ့များ၏ လှုပ်ရှားမှုများ၊ တပ်သားနှင့်ရိက္ခာဖြည့်တင်းခြင်းများအပြင် လက်နက်ကိုင်စစ်သားများအနေဖြင့် ကင်းလှည့်ခြင်းများကို ပိုမိုလုပ်ဆောင်လာကြကြောင်း ရွာသားများမှ မှတ်ချက်ပေးကြသည်။ တိုက်ပွဲဖြစ်ပွားခြင်းမရှိသည့် ဘားအံခရိုင်တွင် စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်သားများကင်းလှည့်ကြသည်ကို တွေ့လာရကြောင်း ရွာသား(တောင်သူ)တစ်ဦးက ပြောသည်။ အတိတ်ကာလများတွင် ထိုစစ်သားများမှာ လက်နက်များကိုင်ဆောင်ခြင်းမရှိသော်လည်း ရုတ်တရက်သေနတ်များဖြင့် ကင်းလှည့်လာသည်ကို တွေ့မြင်ကြရသည်။ မူတြော်ခရိုင်မှ နေ့စားအလုပ်သမားတစ်ဦးက ယခုအခါတွင် စစ်သားများကို စစ်ဆေးရေးဂိတ်များတွင် စစ်ဝတ်စုံအပြည့်ဖြင့် တွေ့မြင်နိုင်ကြောင်း ဖော်ပြခဲ့သည်။ ယခင်က ထိုသို့တွေ့ရခြင်းမရှိပါ။ ဒူးပလာယာခရိုင်တွင် စစ်သားများက လမ်းမပေါ်ကင်းလှည့်ကြကြောင်းနှင့် *“စစ်သားတွေက ရွာသားတွေရဲ့တဲဘက်ကို တန်းသွားတော့ ရွာသားတွေလည်းကြောက်တာနဲ့ [ရာဘာပင်က]ရာဘာစေးတောင် သွားမခြစ်ရဲတော့ဘူး။”* ဟု ရွာသားတစ်ဦးက ပြောခဲ့သည်။[88] ထိုသို့လုပ်ဆောင်မှုများက တိုက်ပွဲများနှင့် အဓမ္မစေခိုင်းမှုများ ပြန်လည်ဖြစ်ပွားမည်ကို စိုးရိမ်မှုဖြစ်စေသည်။ မူတြော်ခရိုင်နှင့် ခလယ်လွိုထူခရိုင်များတွင် လေကြောင်းတိုက်ခိုက်မှုများအကြောင်းကို သတင်းမီဒီယာများမှ အလေးအနက်ထားဖော်ပြကြသဖြင့် အခြားဒေသမှရွာသားများမှာလည်း ၎င်းတို့၏နေရာများတွင် ထိုသို့ဖြစ်မည်ကို ကြောက်ရွံ့ကြောင်း ဖော်ပြကြသည်။ တိုက်ခိုက်ရေးဂျက်လေယာဉ်များနှင့် ဒရုန်းများဖြင့် ကင်းထောက်ခြင်းများသည်လည်း အနာဂတ်တွင် စစ်ကောင်စီတပ်များ၏ တိုက်ခိုက်ခြင်းခံရမည်ကို စိုးရိမ်မှုပိုမိုဖြစ်ပေါ်စေသည်။

[88] KHRG မှ မကြာမီထုတ်ဝေတော့မည့် အစီရင်ခံစာ “We Will Win this Fight” တွင် ကြည့်ပါ။

အချို့ဒေသများရှိ ရွာသားများအတွက် စိုးရိမ်မှုဖြစ်စေသည့် အခြားအကြောင်းရင်းတစ်ခုမှာ ပြည်သူ့စစ်အဖွဲ့များ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ဥပမာအားဖြင့် KHRG မှ ဘိတ်–ထားဝယ်ခရိုင်၊ တနေသာရီမြို့နယ်တွင် ပြည်သူ့စစ်များ ပေါ်ပေါက်လာခြင်းနှင့်ပတ်သက်၍ အစီရင်ခံစာများရရှိခဲ့သည်။ တပ်မတော်မှ ၁၉၆၇ ခုနှစ်များတွင် နေဝင်းစစ်အစိုးရလက်ထက်တွင် ပြည်သူ့စစ်ကို စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ၎င်းတို့မှ ပံ့ပိုးပေးထားသည့် ရပ်ရွာအခြေပြု ရှေ့ပြေးအဖွဲ့များဖြစ်သည်။ တပ်မတော်မှဦးဆောင်ပြီး ၎င်းတို့အား စစ်အစိုးရ၏ကာကွယ်ရေးအစိတ်အပိုင်းတခုအဖြစ် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ၎င်းတို့၏ ဦးစားပေးတာဝန်မှာ ကျေးရွာကာကွယ်ရေးအား အထောက်အကူပေးရန်နှင့် လမ်းပြ သို့မဟုတ် သတင်းပေးအဖြစ် တာဝန်ထမ်းဆောင်ရန်ဖြစ်သည်။[89] KHRG ၏ သတင်းမှတ်တမ်းပြုစုသူတစ်ဦး၏ တင်ပြချက်အရ စစ်တပ်အာဏာသိမ်းပြီးသည့်အချိန်မှစ၍ ရွာထဲရှိ တပ်မတော်တပ်သားဟောင်းများအား ပြည်သူ့စစ်အဖွဲ့ဝင်အသစ်များအဖြစ် ခန့်အပ်ခဲ့ကြသည်။ ထိုသူများသည် ကျေးရွာအုပ်စုများအတွင်း လှည့်လည်နေထိုင်ကြပြီး အထူးသဖြင့် ရွာသားများနှင့် ဒေသတွင်းရှိ KNU ၏ လှုပ်ရှားမှုများကို စောင့်ကြည့်ရန်အတွက် တာဝန်ပေးအပ်ခြင်းခံရသည်။

ကျေးလက်ဒေသရှိ ရွာသားများအနေဖြင့် ၎င်းတို့၏ လူမှုအသိုင်းဝိုင်းအတွင်း သတင်းပေးများတည်ရှိခြင်းကြောင့် စိုးရိမ်မှုများ ပိုမိုရှိလာခဲ့သည်။ ဒူးပလာယာခရိုင်မှ မေးခွန်းဖြေကြားသူတစ်ဦးက ဤသို့ပြောခဲ့သည်။ *“ကျွန်တော်တို့တွေ ကိုယ့်မိသားစုအတွင်းမှာပဲ စစ်အာဏာသိမ်းမှုနဲ့ပတ်သက်ပြီးပြစ်တင်ဝေဖန်ရဲတယ်။ ဘာကြောင့်လဲဆိုတော့ စစ်အစိုးရကို ပြစ်တင်ဝေဖန်ပြီး အမြင်မတူတဲ့သူတွေအကြောင်း ရဲတပ်ဖွဲ့ကိုအကြောင်းကြားတဲ့ စစ်အစိုးရရဲ့ သူလျှိုတွေအများကြီးရှိတယ်။”* ရှမ်းလူမျိုး ဆန္ဒပြသူတစ်ဦးက သူမအနေဖြင့် ပုဒ်မ ၅၀၅ ဖြင့်အဖမ်းခံရပြီးနောက် သူမ၏ကျေးရွာသို့ ပြန်လည်နေထိုင်ခဲ့ပြီး ယခုအခါ အခြားရွာသားအား ယုံကြည်မှုမရှိကြောင်း သူမမှပြောခဲ့သည်။ *“အမှန်အတိုင်းပြောရရင် ကျွန်မတို့ဒေသထဲမှာ ရဲတွေထက် သတင်းပေးတွေကို ပိုပြီးကြောက်ရတယ်။ ဆန္ဒပြပွဲတွေကို ရဲအရာရှိတွေဖြိုခွင်းပြီးတဲ့အချိန်မှာ ကျွန်မတို့ရွာဘေးမှာနေတဲ့ သတင်းပေးတွေက ပွဲကျင်းပတယ်။ ဒီကိစ္စတွေကို ကျွန်မပြန်လွတ်လာပြီးမှ ကြားရတာ။”* ရောနှောထိန်းချုပ်မှုနယ်မြေများနှင့် နိုင်ငံရေးအရ ကွဲပြားခြားနားမှုပိုများသည့်နေရာများတွင် ဤသို့သောစိုးရိမ်မှုများ ပိုမိုကြီးမားနိုင်ပါသည်။

KNU ထိန်းချုပ်နယ်မြေများတွင် ခိုလှုံရန်ရောက်ရှိလာသည့် ဆန္ဒပြသူများနှင့် CDM တွင် ပါဝင်သူများ၏ အရေအတွက် တိုးမြှင့်လာခြင်းကလည်း အချို့သောရွာသားများအတွက် သံသယဖြစ်စေသော အကြောင်းရင်းတစ်ခုဖြစ်နိုင်သည်။ KNU ဒေသများသို့ ထွက်ပြေးတိမ်းရှောင်မှုများရှိလာပြီး ၎င်းတို့၏ဒေသသို့ ထွက်ပြေးလာသူများအား ကူညီပေးနေသော်လည်း ထိုသူများမှ စစ်ကောင်စီသို့ ပြန်လည်သတင်းပို့မည်ကို သတိထားရကြကြောင်း ရွာသားတစ်ဦးမှ ပြောခဲ့သည်။ *“ကျွန်တော်တို့တွေ နောက်ဆုံးရအခြေအနေတွေကို သိဖို့လိုပြီးတော့ ဂရုတစိုက်နဲ့ အလုပ်လုပ်ရတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ရဲ့အခြေအနေကိုကြည့်ပြီး စစ်ကောင်စီကိုသတင်းပေးမယ့်သူတွေ ရှိနေနိုင်တယ်။ ဒါကြောင့် ကျွန်တော်တို့ သတိတော့ထားရတယ်။ အဲ့ဒါအပြင် တခြားပြဿနာမရှိဘူး။”* ကျေးရွာများတွင် အကြမ်းဖက်မှုများပြုလုပ်ရန်အတွက် စစ်ကောင်စီမှထောင်သားများအား လွှတ်ပေးသည်ဟူသော ကောလာဟာလများကြောင့်လည်း အချို့စိုးရိမ်မှုများ ပေါ်လာရခြင်းဖြစ်သည်။

(၂) အရပ်သားများအားပစ်ခတ်ခြင်းနှင့် သတ်ဖြတ်ခြင်း

ယေဘုယျအားဖြင့် စစ်ကောင်စီတပ်များနှင့် အခြားဆက်စပ်လက်နက်ကိုင်တပ်ဖွဲ့များမှ အရပ်သားများအား တိုက်ရိုက်ပစ်ခတ်မှုများ ပိုမိုများပြားလာပြီး အထူးသဖြင့် မူတြော်ခရိုင်တွင် အရပ်သားများအား ရည်ရွယ်ချက်ရှိရှိ သတ်ဖြတ်ခြင်းများ ပိုမိုများပြားလာသည်။ ဖြစ်စဉ်အများစုတွင် စစ်ကောင်စီတပ်ဖွဲ့များမှ “လူတွေ့လျှင်ပစ်” စနစ်ဖြစ်သည့် ညမထွက်ရအမိန့်များ ထုတ်ပြန်ခဲ့သည်။ ၎င်းတို့အနေဖြင့် ထိုသူများအား KNLA စစ်သားများဟု ယုံကြည်

[89] John BUCHANAN, The Asia Foundation မှ ၂၀၂၁ ခုနှစ်၊ ဇွန်လတွင် ထုတ်ဝေသော Militias in Myanmar တွင်ကြည့်ပါ။

သည့်အတွက် ပစ်ရခြင်းဖြစ်ကြောင်း အခိုင်အမာပြောခဲ့သည်။ အချို့ဖြစ်စဉ်များတွင် KHRG နှင့် ရွာသားများကိုယ်တိုင်ပင် ဤသို့သတ်ဖြတ်ရခြင်း သို့မဟုတ် ပစ်ခတ်ရခြင်း၏အကြောင်းပြချက်ကို ထင်ထင်ရှားရှားမသိရသဖြင့် ဤတိုက်ခိုက်မှုများသည် ပို၍ပင် တရားလက်လွတ်ဆန်သည်ဟု မြင်နိုင်သည်။

ဘိတ်–ထားဝယ်ခရိုင်၊ တနေသာရီမြို့နယ်၊ မနိုရိုဒေသ၊ ဟဗ–––ကျေးရွာမှ အသက် ၁၇ နှစ်အရွယ် အမျိုးသားငယ်တစ်ဦးသည် မတ်လ ၁၆ ရက်နေ့ ညနေ ၇ နာရီ ၄၅ မိနစ်ခန့်တွင် လမ်းမကြီးပေါ်လမ်းလျှောက်နေစဉ် ပစ်သတ်ခြင်းခံခဲ့ရသည်။ ကျည်ဆံသည် သူ၏ရင်ဘတ်ကို ထိမှန်ခဲ့ပြီး ချက်ခြင်းသေဆုံးသွားခဲ့သည်။ လက်နက်မှာ MA–1 ရိုင်ဖယ်အမျိုးအစားဖြစ်ပြီး တပ်မတော်မှအသုံးများသော လက်နက်ဖြစ်သည်။ ညမထွက်ရအမိန့်အား ည ၉ နာရီအထိ(ပြည်သူ့စစ်အဖွဲ့ကိုယ်တိုင်မှ)သတ်မှတ်ထားသော်လည်းထိုညမထွက်ရအမိန့်အားချိုးဖောက်သည့်အကြောင်းရင်းဖြင့် ထိုလူငယ်အား ပြည်သူ့စစ်အဖွဲ့ဝင်တစ်ဦးမှ ပစ်သတ်ခဲ့ခြင်းဖြစ်သည်။ ဤဖြစ်စဉ်သည် အာဏာသိမ်းပြီးနောက်ပိုင်းတွင် ထိုဒေသအတွင်း ပထမဦးဆုံးအကြိမ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။[90]

ဒေသအတွင်းလုံခြုံရေးပေးသည့် အရပ်သားများအား သတ်ဖြတ်ခြင်းနှင့်ပတ်သက်ပြီး အစီရင်ခံစာများကို KHRG မှစတင်လက်ခံရရှိခဲ့သည်။ ၂၀၂၁ ခုနှစ်၊ ဧပြီလ မနက် ၇ နာရီတွင် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ ဂဂ–––ကျေးရွာအုပ်စု၊ ဟ၅–––ကျေးရွာတွင် နေထိုင်သော အသက် ၃၄ နှစ်အရွယ် စောဘဒ–––သည် လယ်သို့သွားနေသည့်အချိန်တွင် စစ်ကောင်စီနှင့် BGF တပ်ဖွဲ့များမှ ဖမ်းဆီးသတ်ဖြတ်ခဲ့သည်။ စစ်ကောင်စီအဖွဲ့များမှ စောဘဒ–––အား ဖမ်းဆီးခဲ့ပြီး ၎င်းတွင်လက်ပစ်ဗုံးရှိကြောင်း သိရှိပြီးနောက် သတ်ဖြတ်ခဲ့သည်။ ထိုသတ်ဖြတ်မှုတွင် စစ်ကောင်စီနှင့် BGF တပ်နှစ်ဖွဲ့စလုံး ပါဝင်ခဲ့သည်။ သူသည် ဟ၅–––ကျေးရွာ၏ ကျေးရွာလုံခြုံရေးအဖွဲ့ဝင်အနေဖြင့် တာဝန်ထမ်းဆောင်သည့်အတွက် ထိုအချိန်တွင် လက်ပစ်ဗုံးသယ်ဆောင်သွားခြင်း ဖြစ်နိုင်သည်။ ၎င်းအနေဖြင့် အဖမ်းခံရပြီးနောက် ညှဉ်းပမ်းနှိပ်စက်ခံရပြီး သတ်ဖြတ်ခြင်းခံခဲ့ရသည်။ ၎င်း၏မိသားစုဝင်များက ဤသေဆုံးမှုနှင့်ပတ်သက်၍ BGF ထံမှသိရှိခဲ့ရပြီး စောဘဒ–––သည် လက်ပစ်ဗုံးကိုင်ဆောင်မှုကြောင့် အသတ်ခံရခြင်းဖြစ်ကြောင်း ရှင်းပြခဲ့ကြသည်။

"ကျေးရွာလုံခြုံရေးတပ်ဖွဲ့"(ဂယ်ဒယ်)[91]အား ဖွဲ့စည်းခြင်းသည် ရွာသားများမှ လွန်ခဲ့သည့်စစ်အုပ်ချုပ်မှုနှင့် ပဋိပက္ခကာလအတွင်း ကျင့်သုံးခဲ့သည့်အရာဖြစ်ပြီး တပ်မတော်၏တပ်ဖွဲ့များအား စောင့်ကြည့်ရန်နှင့် ရွာသားများထွက်ပြေးနိုင်ရန်အတွက် သတိပေးရန် အဓိကထားဖွဲ့စည်းထားခြင်းဖြစ်သည်။ သို့သော်လည်း အချို့အခြေအနေများတွင် ကျေးရွာလုံခြုံရေးများသည် KNLA နှင့် KNDO တပ်ဖွဲ့များက ပူးပေါင်းလေ့ရှိသည်။ ပဋိပက္ခပြင်းထန်သောဒေသများနှင့် လုံခြုံမှုမရှိသောဒေသများတွင် ၎င်းတို့အနေဖြင့် KNLA ထံမှ လက်နက်နှင့် သင်တန်းများရရှိကြသည်။ သို့သော်လည်း စောဘဒ–––အသတ်ခံရသည့် ဖြစ်စဉ်တွင်မူ ထိုသို့ဟုတ်မဟုတ် မသေချာပါ။

၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့ မူတြော်ခရိုင်တွင် စစ်ကောင်စီစစ်သားများသည် ဒွယ်လိုးမြို့နယ်၊ မထောကျေးရွာအုပ်စု၊ လအ–––ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သည့် အသက် ၃၈ နှစ်အရွယ် စောဘဂ–––အား ပစ်သတ်ခဲ့ကြသည်။ KNLA နှင့် စစ်ကောင်စီတပ်ဖွဲ့များအကြား တိုက်ပွဲဖြစ်နေပြီး ရွာသားများက ၎င်းတို့၏ကျေးရွာမှထွက်ပြေးရန်ကြိုးစားနေသည့်အချိန်တွင် ပစ်သတ်ခံရခြင်းဖြစ်သည်။ စောဘဂ–––သည် ခေါင်းတွင်တချက်၊ ဗိုက်တွင်တစ်ချက်

90 KHRG မှ မကြာမီတွင် ထုတ်ဝေတော့မည့် အစီရင်ခံစာ (21–175–S1) တွင် ကြည့်ပါ။

91 ကရင်ပြည်နယ် မြောက်ပိုင်းဒေသများတွင် တပ်မတော်မှပြည်သူများအား ပစ်မှတ်ထားတိုက်ခိုက်သည့် စစ်ဆင်ရေးနှင့် ကြီးမားသောစားနပ်ရိက္ခာမလုံလောက်မှု၊ ပြတ်လပ်မှုဖြစ်ပေါ်လာခြင်းများအား ကူညီဖြေရှင်းရန် အိမ်စောင့် သို့မဟုတ် ဂယ်ဒယ်အဖွဲ့များအား ဖွဲ့စည်းထားခြင်းဖြစ်သည်။ KHRG မှ တွေ့ဆုံးမေးမြန်းသည့် ရွာသူရွာသားများ၏ တင်ပြချက်အရ ဂယ်ဒဲမှ လူမှုအသိုင်းအဝန်းရှိ ထွက်ပြေးပုန်းရှောင်နေရသည့် ပြည်သူပြည်သားများ၊ အထူးသဖြင့် အဆိုပါ လူမှုအသိုင်းအဝန်းမှ စားသောက်ကုန် ထုတ်လုပ်မှုနှင့်ရောင်းချမှုဆောင်ရွက်ချိန်နှင့် အခြားကာကွယ်ရေးနည်းလမ်းများကို မရရှိနိုင်ချိန်များတွင် လုံခြုံရေးပေးရန် စသည့်ရည်ရွယ်ချက်ဖြင့် စတင်ဖွဲ့စည်းထားခြင်းဖြစ်သည်။ ဂယ်ဒယ်အကြောင်းအရာများအားပိုမိုသိရှိရန် KRHG မှ ၂၀၁၀ ခုနှစ်၊ ဩဂုတ်လတွင် ထုတ်ဝေသော "Self–protection under strain: Targeting of civilians and local responses in northern Karen State," တွင်ကြည့်ပါ။

ဖြင့် ကျည်နှစ်ချက်ထိမှန်ခဲ့သည်။ ၎င်းတွင်ဇနီးသည်နှင့် သမီးနှစ်ဦးကျန်ခဲ့သည်။ ရွာသားများမှာ ၎င်းတို့၏ရွာမှ ထွက်ပြေးတိမ်းရှောင်ရသည့်အတွက် ကျန်ရစ်သူမိသားစုအား အဖွဲ့အစည်းအားဖြင့်သော်လည်းကောင်း တစ်ဦးချင်း အားဖြင့်သော်လည်းကောင်း ထောက်ပံ့ခြင်းမရှိသေးပါ။

တရားလက်လွတ်သတ်ဖြတ်ခြင်းနှင့် ပစ်ခတ်ခြင်းများသည် ပိုမိုများပြားလာလျှက်ရှိသည်။ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် စစ်ကောင်စီစစ်သားများက မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ခေးပူကျေးရွာအုပ်စု၊ ဟရ–––ကျေးရွာ မှ စားနပ်ရိက္ခာသွားဝယ်နေသော အသက် ၄၂ နှစ်အရွယ် စောဘအ–––အား ခေးပူကျေးရွာအုပ်စု၊ ကော်ထဲဒဲဒေသ တွင် ပစ်သတ်ခဲ့သည်။ စောဘအ–––သည် လမ်းမကြီးအားဖြတ်သွားစဉ် ပစ်သတ်ခံရခြင်းဖြစ်ပြီး ၎င်းတွင် လက်နက် မရှိပါ။ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့တွင် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ ကတိုင်တိကျေးရွာအုပ်စု၊ ဟဇ–––ကျေး ရွာမှ အသက် ၃၀ အရွယ် စောဘဖ––––အား စစ်ကောင်စီနှင့် BGF မှ နို့ခေးလမ်းမကြီးဘေးတွင် ပစ်သတ်ခဲ့သည်။ ၎င်းသည်မိသားစုအတွက် ကမမောင်းမြို့သို့ ဆိုင်ကယ်ဖြင့်ကုန်အချို့ သွားဝယ်နေခဲ့ခြင်းဖြစ်သည်။ ဧပြီလ ၂၉ ရက်နေ့ နေ့လည် ၁၂ နာရီ ၅ မိနစ်တွင် ဘူးသိုမြို့နယ်၊ မယ်ကလောကျေးရွာအုပ်စုရှိ ကျေးရွာသို့ ဆိုင်ကယ်ဖြင့်ပြန် သွားသည့်ရွာသားတစ်ဦးကိုလည်း စစ်ကောင်စီတပ်ဖွဲ့ဝင်များက သေနတ်ဖြင့် ရှစ်ချက်ပစ်ခတ်ခဲ့သည်။ ထိုနေ့ နေ့လည် ၂ နာရီတွင်လည်း ကဂျ–––မှ အသက် ၄၂ နှစ်အရွယ် စောဘဂျ–––အား လယ်ကွင်းထဲရှိ ၎င်း၏နွားတင်း ကုပ်တွင် စစ်ကောင်စီမှ သေနတ်ဖြင့်ပစ်ခဲ့သည်။ မည်သူတစ်ဦးမှ ဒဏ်ရာရခဲ့ခြင်းမရှိသော်လည်း ထိုအဖြစ်အပျက် က မယ်ကလောကျေးရွာအုပ်စုရှိ ဒေသခံရွာသားများအား ၎င်းတို့၏လုံခြုံရေးအတွက် စိုးရိမ်မှုများဖြစ်စေသည်။

၂၀၂၁ ခုနှစ်၊ မေလ ၂၈ ရက်နေ့တွင်ခလယ်လွိုထူခရိုင်၊ မူး(မုန်း)မြို့နယ်၊ ဂျန–––ကျေးရွာအုပ်စု၊ လအ–––တွင်ရွာ သားနှစ်ဦးသည် ၎င်းတို့၏တောင်ယာထဲရှိ တဲထဲတွင်ထိုင်နေစဉ် စစ်ကောင်စီစစ်သားများမှ သေနတ်ဖြင့်ပစ်ခဲ့သည်။ စစ်သားများ ၎င်းတို့အားပစ်ခတ်ခဲ့သည့်အချိန်သည် ၎င်းတို့မှ ဒူးရင်းသီးကောက်ရန် စောင့်နေသည့်အချိန်ဖြစ်ပြီး ၎င်းတို့နှစ်ဦးထဲမှတစ်ဦးမှာ ဒဏ်ရာရရှိခဲ့သည်။ အခြားတစ်ဦးမှာမူ ပျောက်ဆုံးသွားသဖြင့် ၎င်းအနေဖြင့် အသတ်ခံ ရခြင်း သို့မဟုတ် အခြားနေရာသို့ ခေါ်သွားခံရခြင်းဖြစ်နိုင်ကြောင်း ဒေသခံရွာသားများက ယုံကြည်ထားသည်။ ဒဏ်ရာရသောရွာသားအား ပျောက်ဆုံးသူရွာသား၏ဖခင်မှ ဆေးရုံတွင်ကုသမှုခံရယူရန်အတွက် ခေါ်သွားပြီးနောက် စစ်ကောင်စီစစ်သားများမှ ဆက်လက်ကုသမှုပေးရန်အကြောင်းပြပြီး ဆေးရုံမှခေါ်ထုတ်သွားပြီးနောက် ထိုအချိန် မှစ၍ သတင်းအစအနမရတော့ချေ။[92]

၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့ ညစနာရီခန့်တွင် ဒူးပလာယာခရိုင်၊ ကျုံဒိုးမြို့နယ်၊ အဖ–––ကျေးရွာအုပ်စု၊ အဖ– ––ကျေးရွာမှ ဆယ်အိမ်မှူး (တိုင်းရင်းဆေးဆရာတစ်ဦးလည်းဖြစ်သူ)သည် ၎င်း၏နေအိမ်တွင် ပစ်သတ်ခြင်းခံခဲ့ရ သည်။ အိမ်တံခါးခေါက်သံကြောင့် သွားဖွင့်သည့်အချိန်တွင် ၆ ချက်အပစ်ခံရပြီး ရင်ဘတ်တွင် ၁ ချက်ထိမှန်သော ကြောင့် သေဆုံးသွားခဲ့သည်။ ချောင်းနှစ်ခွရဲစခန်းမှ စစ်ကောင်စီ၏ ရဲအရာရှိများက ထိုကျည်ဆံများသည် ၎င်းတို့၏ ကျည်ဆံမဟုတ်ကြောင်းဆိုပြီး ထိုကိစ္စကို ဖြေရှင်းနိုင်ခြင်းမရှိသေးပါ။ ထိုဖြစ်စဉ်နှင့်ပတ်သက်ပြီး ကရင်အမျိုးသား ရဲတပ်ဖွဲ့(KNPF)[93] မှ သော်လည်းကောင်း စစ်ကောင်စီ၏ရဲတပ်ဖွဲ့မှသော်လည်းကောင်း စုံစမ်းစစ်ဆေးမှုပြုလုပ်ခြင်း မရှိပါ။[94]

ခရိုင်အသီးသီးမှ ရွာသားများက ဆိုင်ကယ်ဖြင့်သွားလာနေသူများသည် တိုက်ခိုက်ခံရရန် ပိုမိုလွယ်ကူကြောင်း ပြောသည်။ ဘိတ်–ထားဝယ်ခရိုင်၊ လယ်ဒိုစိုးမြို့နယ်မှ ရွာသူတစ်ဦးက သူမ၏ဒေသတွင် ဆိုင်ကယ်စီးသူများမှာ

92 KHRG မှ ၂၀၂၁ ခုနှစ်၊ ဇွန်လတွင် ထုတ်ဝေသော "ခလယ်လွိုထူခရိုင် မှခင်းဖော်ပြသည့်မှတ်တမ်းလွှာ: မူးမြို့နယ်တွင် တပ်မတော်မှ သေနတ်ဖြင့်ပစ်ခတ်မှုကြောင့် ရွာသားတစ်ဦးဒဏ်ရာရရှိပြီး အခြားတစ်ဦးမှာ ပျောက်ဆုံးနေခြင်း၊ ၂၀၂၁ ခုနှစ်၊ မေလ" တွင်ကြည့်ပါ။

93 ကရင်အမျိုးသားရဲတပ်ဖွဲ့သည် ကရင်အမျိုးသားအစည်းအရုံး၏ ဥပဒေစိုးမိုးရေးအေဂျင်စီဖြစ်သည်။ ၎င်းကို ၁၉၉၁ ခုနှစ်တွင် စတင်ဖွဲ့ စည်းခဲ့သည်။

94 KHRG မှ မကြာမီတွင် ထုတ်ဝေတော့မည့် အစီရင်ခံစာ (21–195–S1) တွင် ကြည့်ပါ။

ပစ်ခတ်ခြင်းခံရသည့်အတွက်ကြောင့် ထိုဒေသရှိလူများသည် ဆိုင်ကယ်ဖြင့် ခရီးသွားခြင်းမလုပ်တော့ပဲ ကားဖြင့်သာ ခရီးသွားကြောင်း ပြောခဲ့သည်။ ဒေသတွင်းရှိ ရွာသားတစ်ဦး ကြုံတွေ့ခဲ့သည့် အဖြစ်အပျက်တစ်ခုကို သူမက ဤသို့ပြန်ပြောပြခဲ့သည်။ *"သူကအပြန်လမ်းမှာ ပစ်သတ်ခံရတာ။ မြို့အပြင်ဘက်လေးမှာပဲ။ သူတို့[နစက စစ်သားတွေက] သူတို့ခေါ်တာ ဒီလူမကြားဘူးလို့ပြောတယ်။ သူတို့က သူဆိုင်ကယ်မောင်းနေတုန်း ရပ်ဖို့ပြောပေမယ့် အဲ့ဒီလူကမကြားပဲ ဆက်မောင်းသွားတယ်။ အဲ့ဒါကြောင့် တပ်မတော်စစ်သားတွေက သူ့ကိုပစ်လိုက်တာ။"* ပစ်ခတ်သည့်အကြောင်းရင်းကို နားလည်ရန်ကြိုးစားပြီး သူမက ဤသို့ပြောခဲ့သည်။ *"အဲ့ဒီရွာသားက အဲ့ဒီနေ့က ပျောက်ကျားဘောင်းဘီ ဝတ်ထားတယ်။ တပ်မတော်စစ်သားတွေက သူ့ကို KNLA စစ်သားလို့ ထင်သွားတာနေမှာပေ့ါ။ ဒါပေမယ့် သူဘာအမှားမှမလုပ်ခဲ့ဘူးလေ။"*

ဒူးပလာယာခရိုင်၊ နိုတကောမြို့နယ်၊ ကြတ်ခတ်ချောင်းကျေးရွာအုပ်စုမှ ဒေသခေါင်းဆောင်တစ်ဦးက ဆိုင်ကယ်နှင့်ဖြစ်စေ၊ ကားနှင့်ဖြစ်စေ ခရီးသွားလာခြင်းက အန္တရာယ်များလာခဲ့ကြောင်းပြောခဲ့သည်။ *"ဥပမာအနေနဲ့ ခင်ဗျားကားနဲ့ဖြစ်ဖြစ် ဆိုင်ကယ်နဲ့ဖြစ်ဖြစ် သွားနေတဲ့အချိန် တပ်မတော်ကခင်ဗျားကိုပစ်ခဲ့ရင် ခင်ဗျားဘာမှမလုပ်နိုင်ဘူး။ ဘာလုံခြုံမှုမှမရှိတော့ဘူး။ သူတို့ကစစ်ဆေးတာအရင်မလုပ်ပဲ ဒီအတိုင်းပစ်တဲ့အခြေအနေတွေ ရှိလာတယ်။"* ဤအခြေအနေများက ရွာသားများအား ခရီးသွားရန်အတွက် အထူးသဖြင့် ညအချိန်ကျန်းမာရေးအရေးပေါ်ကိစ္စများအတွက် သွားလာရန် စိုးရိမ်မှုဖြစ်စေသည်။

(၃) အဓမ္မစေခိုင်းခြင်း

KHRG အနေဖြင့် အာဏာသိမ်းပြီးနောက်ပိုင်းတွင် အဓမ္မစေခိုင်းခြင်းများနှင့်ပတ်သက်သည့် အစီရင်ခံစာများ ရရှိခဲ့ပြီး ထိုအစီရင်ခံစာများက လူ့အခွင့်အရေးချိုးဖောက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်ဖြစ်ပွားလျက်ရှိကြောင်း ညွှန်ပြနေသည်။ ၂၀၁၂ ခုနှစ် ပဏာမအပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးပြီးနောက်ပိုင်းတွင် အဓမ္မခိုင်းစေမှုနှင့်ပတ်သက်ပြီး အစီရင်ခံမှုများ လျော့နည်းလာသည်။ ပဏာမအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်နှင့် ၂၀၁၅ ခုနှစ် NCA သဘောတူစာချုပ်အောက်တွင် တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံးသည် အရပ်သားများအား အဓမ္မစေခိုင်းခြင်းအပြင် အဓမ္မအခွန်ကောက်ခံခြင်းနှင့် ငွေကြေးတောင်းခံခြင်းများကို ရပ်တန့်ရန် ကတိပြုထားသည်။[95] KHRG မှ ယခင်က အစီရင်ခံထားသကဲ့သို့ ထိုသဘောတူညီမှုများမတိုင်မီက အဓမ္မစေခိုင်းခြင်းနှင့် ပေါ်တာခိုင်းခြင်းများကို တပ်မတော်အပါအဝင် (မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ အခြားသောလက်နက်ကိုင်အဖွဲ့အများစုက) ဖိနှိပ်ရန် သို့မဟုတ် စစ်အင်အားတိုးမြှင့်ရန်အတွက် နည်းလမ်းများအဖြစ် အသုံးပြုလေ့ရှိသည်။[96] ငြိမ်းချမ်းရေးသဘောတူညီမှုများ ပြုလုပ်ပြီးနောက်တွင် အဓမ္မစေခိုင်းမှုများမှာ လုံးဝရပ်တန့်သွားခြင်းမဟုတ်ပဲ ရွာသားများအပေါ် ၎င်းတို့၏အာဏာကိုပြသရန်အတွက် BGF၊ တပ်မတော်နှင့် DKBA(ခွဲထွက်)အဖွဲ့များ၏တပ်မှူးများက ပိုမိုအသုံးပြုခဲ့ကြသည်။ အဓမ္မစေခိုင်းမှုများသည် ပုံစံအမျိုးမျိုးနှင့်ဖြစ်လေ့ရှိပြီး များသောအားဖြင့် တပ်မတော်မှ လုပ်အားခပေးမည်ဟု လိမ်ညာကတိပေးပြီး "လုပ်အားပေး" အမည်တပ်ကာခိုင်းစေလေ့ရှိသည်။ ရွာသားများက ၎င်းတို့အနေဖြင့် တပ်မတော်မှ လက်တုန့်ပြန်ခြင်းနှင့် အခွင့်အရေးချိုးဖောက်မှုများ ပြုမည်ကိုစိုးရိမ်သည့်အတွက် ထိုတောင်းဆိုမှုများကို ငြင်းပယ်ရန်မဝံ့ရဲကြောင်း တင်ပြခဲ့ကြသည်။


KHRG ၏သတင်းမှတ်တမ်းပြုစုသူများက အာဏာသိမ်းပြီးနောက်ပိုင်း စစ်ကောင်စီတပ်ဖွဲ့ဝင်များနှင့် နယ်ခြားစောင့်တပ်များမှကျူးလွန်သည့် အဓမ္မစေခိုင်းမှုများကို တင်ပြခဲ့သည်။ မေးခွန်းဖြေကြားသူများက အာဏာသိမ်းမှုနှင့်ပတ်သက်သည့် သတင်းများကြားပြီးနောက် စစ်ရေးလှုပ်ရှားမှုများ ပိုမိုများပြားလာသည်နှင့်အမျှ ဒေသခံရွာ

95 ကရင်အမျိုးသားအစည်းအရုံး (KNU) မှ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ဝေသော "Statement on Initial Agreement between KNU and Burmese Government, January 13th 2012," တွင်ကြည့်ပါ။

96 KHRG မှ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ဝေသော "အကြောက်တရား၏ အုတ်မြစ်: ၂၅ နှစ်အတွင်း မှတ်တမ်းတင်ထားသော မြန်မာပြည်အရှေ့တောင်ပိုင်းမှ ရွာသားများ၏အသံများ" တွင်ကြည့်ပါ။

# မြေပုံ - ၃ လူ့အခွင့်အရေးချိုးဖောက်မှုများ

**မြေပုံ ၃-မူတရော်ခရိုင်တွင်ဖြစ်ပွားခဲ့သော လူ့အခွင့်အရေးချိုးဖေါက်မှုများနှင့်အကြမ်းဖက်မှုများ**



သားများအား မည်သည့်လက်နက်ကိုင်တပ်ဖွဲ့မဆို တောင်းဆိုမှုများပြုလုပ်မည်ကို ကြိုတင်သိနှင့်သည့်အတွက် ၎င်းတို့အနေဖြင့် အဓမ္မခိုင်းစေခြင်းနှင့် ပေါ်တာခေါ်ခြင်းများ ပြုလုပ်လာမည်ကိုကြောက်ရွံ့ကြောင်း အတိအလင်း ဖော်ပြကြသည်။ တိုက်ပွဲများနှင့် တိုက်ခိုက်မှုများ ပြန်လည်ဖြစ်ပွားလာပြီးသည့်နောက်တွင် ကျေးရွာအများအပြား မှ အမျိုးသားများမှာ ပုန်းရှောင်နေခြင်း သို့မဟုတ် ညအချိန်၎င်းတို့၏အိမ်တွင် အိပ်စက်ခြင်းများမလုပ်ကြတော့ပေ။ အကြောင်းမှာ ၎င်းတို့သည် အဓမ္မစေခိုင်းမှုများအတွက် အဓိကပစ်မှတ်များဖြစ်သောကြောင့် ဖြစ်သည်။

၂၀၂၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင်စစ်ဗျူဟာတပ်ရင်း(SOC) အမှတ်(၂)မှ စစ်ကောင်စီဗိုလ်ကြီးဆန်းမျိုးထိုက် အောင်က ချုံရှင်းရန်၊ အမိုက်သယ်ရန်နှင့် သန့်ရှင်းရေးပြုလုပ်ရန် ဒူးပလာယာခရိုင်၊ ဝေါ်ရေ့မြို့နယ်၊ လွတ်ရှမ်းကျေး ရွာအုပ်စု၊ အဂ---ကျေးရွာမှ အိမ်ထောင်စုတစ်စုလျှင် ကိုယ်စားတယောက်ခေါ်မည်ဟု ကြေညာခဲ့သည်။ အကယ်၍ ရွာသားများမလာခဲ့ပါက အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၃,၀၀၀ ပေးရမည်ဟု ခြိမ်းခြောက်ခဲ့သည်။ ရလာဒ်အနေ ဖြင့် တောင်းဆိုမှုအတိုင်း ရွာသားများမှ သွားခဲ့ကြသည်။

ဧပြီလ ၂၂ ရက်နေ့တွင် KHRG သို့ အစီရင်ခံတင်ပြချက်အရ စစ်ကောင်စီ၏ စစ်ဆင်ရေးကွပ်ကဲမှုတပ်ရင်းအမှတ် (၈)နှင့် (မောင်လှကြိုင်လက်အောက်ရှိ) BGF အမှတ်(၁၀၁၃)တို့သည် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်မှ ကျေးရွာသုံး ရွာဖြစ်သည့် (အဟ---၊ အဂျ---နှင့် အက---)တို့မှ ရွာသား ၂၅ ဦးအား ပေါ်တာထမ်းရန် တောင်းဆိုခဲ့သည်။ ဒေသ ခံရွာသားများသည် စစ်သားများ၏ပစ္စည်းများကိုသယ်ယူရန် ကြောက်ရွံ့သည့်အတွက် ရွာသူကြီးအား ငွေကြေး ကောက်ခံခိုင်းခဲ့သည်။ ကျေးရွာသုံးရွာမှ ကျပ်ငွေစုစုပေါင်း ၁,၂၅၀,၀၀၀ ကျပ်ကို ကောက်ခံရရှိခဲ့သည်။ အချို့ရွာ သားများအနေဖြင့် အဓမ္မစေခိုင်းမှုကို မလုပ်နိုင်သည့်အခါ သို့မဟုတ် အချို့ကျေးရွာများအနေဖြင့် လိုအပ်သည့် လုပ်သားဦးရေ မပြည့်မီသည့်အခါများတွင် လက်နက်ကိုင်တပ်ဖွဲ့များက “အစားထိုးခ” သို့မဟုတ် “ပေါ်တာကြေး” တောင်းခံလေ့ရှိသည်။ ထို့အတွက်ကြောင့် ရွာသားများသည် အဓမ္မခေါ်ဆောင်ခံရခြင်းမှ ကင်းလွတ်စေရန်အတွက် ၎င်းတို့ကိုယ်တိုင် ငွေပေးချေသည့်နည်းလမ်းကို အသုံးပြုလေ့ရှိသည်။ ရွာသားများကြုံတွေ့ရသည့် ချိုးဖောက်မှုများ မှာ အဓမ္မစေခိုင်းခြင်းထက်ကျော်လွန်ပြီး တခါတရံ ရိုက်နှက်ခြင်း၊ ညှဉ်းပမ်းခြင်း၊ လိင်ပိုင်းဆိုင်ရာကျူးလွန်ခြင်း၊ အစာရေစာကျွေးမွေးမှုမရှိခြင်းအပြင် ကျွန်ပြုခြင်းအား ပိုမိုရှည်ကြာစေခြင်းတို့ကြောင့် အဓမ္မစေခိုင်းမှုကို ကြောက် ရွံ့ကြောင်း ရွာသားများက သက်သေခံချက်များတွင် မကြာခဏဖော်ပြကြသည်။ Saferworld နှင့် ကရင်ငြိမ်းချမ်းရေး အထောက်အကူပြုကွန်ရက် (KPSN)အဖွဲ့အစည်းများက အဓမ္မစေခိုင်းမှုသည် အခြားချိုးဖောက်မှုများထက် ပိုမိုဖြစ် လေ့ရှိကြောင်းနှင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးထားသည့်ဒေသများတွင် စစ်တမ်းကောက်သည့်အခါ အိမ်ထောင်စု ၈၀ ရာခိုင်နှုန်းအပေါ်တွင် သက်ရောက်မှုရှိကြောင်း တွေ့ရှိခဲ့သည်။[97]

KHRG သတင်းမှတ်တမ်းပြုစုသူတစ်ဦး၏ တင်ပြချက်အရ အဟ---၊ အဂျ---နှင့် အက---ကျေးရွာများမှ ဒေသခံရွာ သားများအနေဖြင့် အဓမ္မပေါ်တာထမ်းခြင်းအားရှောင်ရှားရန် အစားထိုးကြေးကို လုံလုံလောက်လောက်ပေးနိုင် သော်လည်း ထိုသို့လုပ်ဆောင်ခြင်းက ၎င်းတို့အတွက် ငွေကြေးပိုင်းဆိုင်ရာအခက်အခဲများကို ပိုမိုဖြစ်ပေါ်စေသည် ဟု ဖော်ပြခဲ့သည်။ KHRG အနေဖြင့် ယခင်ကမီးမောင်းထိုးပြခဲ့သည်မှာ ဤသို့သော ငွေကြေးတောင်းခံမှုများမ ကြာခဏဖြစ်ပေါ်ပါက ရွာသားများအနေဖြင့် အကြွေးနွံနစ်ခြင်း သို့မဟုတ် အခြားရွေးချယ်စရာမရှိပဲ အဓမ္မစေခိုင်းမှု အား လက်ခံလုပ်ဆောင်ခြင်းများ ကြုံတွေ့ရစေသည့်အပြင် စစ်သားများ၏လက်ထဲတွင် အခြားအကြမ်းဖက်မှုများ ကို ကြုံတွေ့ခံစားရနိုင်သည်။[98]

---

97 Saferworld မှ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ဝေသော Security, justice and governance in south east Myanmar: A knowledge, attitudes and practices survey in Karen ceasefire areas တွင်ကြည့်ပါ။

98 KHRG မှ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ဝေသော “အကြောက်တရား၏ အုတ်မြစ်: ၂၅ နှစ်အတွင်း မှတ်တမ်းတင်ထားသော မြန်မာပြည်အရှေ့တောင်ပိုင်းမှ ရွာသားများ၏အသံများ” တွင်ကြည့်ပါ။

KHRG မှ ဧပြီလ ၂၂ ရက်နေ့တွင်ရရှိခဲ့သော အခြားအစီရင်ခံစာတစ်စောင်အရ ဗိုလ်ချစ်သူ (တပ်ရင်းအမှတ် ၁၀၁၂) နှင့် ဗိုလ်မောင်ချစ် (တပ်ရင်းအမှတ် ၁၀၁၄)မှ BGF စစ်သည်များသည် ဘူးသိုမြို့နယ်၊ အလ–––ကျေးရွာမှ မဲ့ပရီး ကျေးရွာအုပ်စု၊ အမ–––ကျေးရွာသို့သွားစဉ်တွင် ရွာသားများအားဖမ်းဆီးပြီး လမ်းပြလုပ်စေခဲ့ကြသည်။ ကွင်းဆင်း လုပ်သားများ၏ တင်ပြချက်အရ စစ်သားများအနေဖြင့် လမ်းပြမလိုအပ်ကြောင်းနှင့် ၎င်းတို့သည် KNLA ၏တိုက် ခိုက်ခြင်းမှကာကွယ်နိုင်ရန် ရွာသားများအား လူသားဒိုင်းအဖြစ် အသုံးပြုခြင်းသာဖြစ်သည်။

ဗိုလ်မောင်ချစ်လက်အောက်ရှိ BGF တပ်ရင်းများမှ အဓမ္မခိုင်းစေခြင်းများမှာ အာဏာသိမ်းမှုမတိုင်မီ အချိန်များ ကတည်းက ဖြစ်ပျက်နေခြင်းဖြစ်သည်။ KHRG မှ ၂၀၂၀ ခုနှစ် အစောပိုင်းတွင် တင်ပြခဲ့သကဲ့သို့ မူတြော်ခရိုင်ရှိ နယ်ခြားစောင့်တပ်သည် ရွာသား ၁၅၀ ကို ၎င်းတို့၏ စခန်းအသစ်တည်ဆောက်ရာတွင် အလုပ်လုပ်ကိုင်စေသည်။ ရွာသားများမှ ဤကိစ္စနှင့်ပတ်သက်၍ KNU ခေါင်းဆောင်များထံ အစီရင်ခံတိုင်ကြားခဲ့သော်လည်း တစ်စုံတရာ အရေးယူဆောင်ရွက်ခြင်း မရှိခဲ့ပါ။ ရွာသားများမှာ BGF အား ကြောက်ရွံ့သည့်အတွက် တိုင်ကြားမှုနှင့်ပတ်သက်၍ ဆက်လက်လုပ်ဆောင်ခြင်း မရှိတော့ပါ။[99]

၂၀၂၁ ခုနှစ်၊ မေလတွင် BGF [တပ်ရင်းအမှတ်မသိ]သည် ဒူးသထူခရိုင်၊ ဘားအံမြို့နယ်မှ ဟဖ–––ရွာသားများအား လမ်းပြပေးရန်နှင့် လက်နက်ခဲယမ်းနှင့် အခြားတပ်ပစ္စည်းများသယ်ယူပေးရန် ပေါ်တာအဖြစ်ခိုင်းစေခဲ့သည်။[100]

ဤအစီရင်ခံစာ ရေးသားသည့်အချိန်တွင် အဓမ္မခိုင်းစေမှုနှင့်အတူ ဖြစ်ပေါ်သည့် ညှဉ်းပမ်းနှိပ်စက်ခြင်း၊ အကြမ်းဖက် ခြင်းများနှင့်ပတ်သက်ပြီး အစီရင်ခံစာများအား KHRG မှမရရှိသော်လည်း မကြာသေးမီကရရှိထားသော အစီရင်ခံ စာများအရ ထိုကိစ္စများဖြစ်ပေါ်လျက်ရှိကြောင်း ညွှန်ပြလျက်ရှိသည်။

(၄) လုယက်ခြင်း၊ သိမ်းဆည်းခြင်းနှင့် အဓမ္မငွေကြေးတောင်းခံခြင်း

လုယက်ခြင်း၊ သိမ်းဆည်းခြင်းနှင့် အဓမ္မငွေကြေးတောင်းခံခြင်းများသည် ယခင်ပဋိပက္ခကာလများအတွင်း မကြာ ခဏ ဆိုးဆိုးရွားရွားဖြစ်ပွားခဲ့ပြီး တပ်မတော်၏ "ဖြတ်လေးဖြတ်" ဗျူဟာနှင့်အတူ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။[101] တပ်မတော်မှ ၁၉၆၀ ခုနှစ်များတွင် ဖြတ်လေးဖြတ်နည်းဗျူဟာကို တန်ပြန်ပုန်ကန်မှုနည်းလမ်းအဖြစ် စတင်ကျင့် သုံးခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအနေဖြင့် ပြည်သူများထံမှ အစားအသောက်၊ ငွေကြေး၊ တပ်သား သစ်နှင့် သတင်းအချက်အလက်များမရနိုင်စေရန် လုပ်ဆောင်ခြင်းဖြင့် ၎င်းတို့အားချေမှုန်းနိုင်ရန် ကြိုးပမ်းခဲ့သည်။ တပ်မတော်မှ KNU နှင့် ဆက်သွယ်မှုပြုသည်ဟု ယူဆရသူများနှင့် ရွာသားများအားပစ်မှတ်ထားပြီး ထိုနည်းဗျူဟာ ကို ကရင်ပြည်နယ်တွင် များစွာအသုံးပြုခဲ့သည်။ ၁၉၆၀ ခုနှစ်မှစပြီး ၂၀၁၂ ခုနှစ် ပဏာမအပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးသည့်အချိန်အထိ တပ်မတော်သည်ကျေးရွာများနှင့် လယ်မြေများ/တောင်ယာ များအားမီးရှို့ခြင်း၊ အစားအစာ၊ ဆေးဝါးနှင့် ငွေကြေးထောက်ပံ့မှုများအားဖြတ်တောက်ခြင်းများကိုပြုလုပ်ခဲ့သည်။ ကရင်ဒေသများအတွင်းရှိ ပိုင်ဆိုင်မှုများနှင့် အစားအသောက်များအားလုံးကို "သူပုန်ထောက်ပံ့ရေးပစ္စည်းများ"

---

99 KHRG မှ ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ဝေသော "Mu Traw District Short Update: Villagers subjected to forced labour by the Border Guard Force in Bu Tho Township, October 2020," တွင်ကြည့်ပါ။

100 KHRG မှ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ဝေသော "Doo Tha Htoo District Situation Update: Fighting between the BGF and KNLA, and pressure to close KECD schools (April to June 2021)" တွင်ကြည့်ပါ။

101 မြန်မာနိုင်ငံရှိ ဖြတ်လေးဖြတ်မူဝါဒသည် ၁၉၅၀ အစောပိုင်းကာလတွင် တပ်မတော်မှ သောင်းကျန်းမှုနှိမ်နင်းရေးဗျူဟာအဖြစ် စတင် အသုံးပြုခဲ့ပြီး၊ ၎င်းကို ၁၉၆၀ အလယ်ပိုင်းကာလတွင် တရားဝင်ကျင့်သုံးခဲ့ခြင်းကို New York: St. Martin's Press မှ 1999 ခုနှစ်တွင် ထုတ်ဝေသော စာမျက်နှာ ၂၅၈ မှ ၂၆၂ အတွင်းရှိ Burma: Insurgency and the Politics of Ethnicity တွင်ကြည့်ပါ။

ဟုယူဆပြီး ရွာသားများ၏ပိုင်ဆိုင်မှုများနှင့် ပစ္စည်းများအားလုယက်ခြင်းနှင့် သိမ်းယူခြင်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခဲ့သည်။[102]

ငြိမ်းချမ်းရေးသဘောတူညီချက်ရယူပြီး အစောပိုင်းကာလများတွင် လုယက်ခြင်း၊ သိမ်းယူခြင်း၊ အဓမ္မငွေကြေးတောင်းခံခြင်းနှင့် ပိုင်ဆိုင်မှုဖျက်ဆီးခြင်းများမှာ ဆက်လက်ဖြစ်ပွားနေသော်လည်း လွန်ခဲ့သည့်ခြောက်လကျော်ကာလအတွင်း ထိုလုပ်ဆောင်မှုများနှင့်ပတ်သက်၍ အစီရင်ခံမှုများ ပိုမိုတိုးမြှင့်လာခြင်းက အထူးသဖြင့်စိုးရိမ်ဖွယ်ဖြစ်စေပါသည်။

မတ်လ ၂၃ ရက်နေ့မူတြော်ခရိုင်၊ ထီးထော်ပယ်ဒေသတွင် အခြေစိုက်သော စစ်ကောင်စီစစ်သားများက ခေါ်ဒေါ်ခိုဒေသရှိ တပ်စခန်းသို့ ရိက္ခာများပို့ဆောင်စဉ်တွင် လမ်းတစ်လျှောက်တွင် မီးရှို့ခဲ့ကြသည်။ တကျေးထမြစ်နှင့်ခေါ်ဒေါ်ခိုတပ်စခန်းကြားရှိ ရွာသားများပိုင်ဆိုင်သည့် လယ်ကွက် ၂၀ ကွက်ခန့် မီးလောင်ပျက်စီးခဲ့သည်။

အာဏာသိမ်းပြီးနောက်ပိုင်း မူတြော်ခရိုင်တွင် လုယက်မှုများများစွာဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်အများစုတွင် စစ်သားများသည် အစားအသောက်နှင့် မွေးမြူရေးတိရိစ္ဆာန်များကို ယူဆောင်သွားကြသည်။ သို့သော် ဧပြီလ ၁၆ ရက်နေ့တွင် လမ်းဆောက်လုပ်ရေးအတွက် လုံခြုံရေးပေးနေသော စစ်ကောင်စီစစ်သားများသည် ဒွယ်လိုးမြို့နယ်၊ အခ–––ကျေးရွာရှိ ရွာသားများ၏အိမ်သို့ဝင်ပြီး ၎င်းတို့၏ပစ္စည်းများကို ခိုးယူခဲ့ကြသည်။ အစားအသောက်နှင့် အခြားတစ်ကိုယ်ရေသုံးပစ္စည်းများအပြင် ဆိုလာပြား၊ ရေအားလျှပ်စစ်မော်တာစက်တစ်လုံး၊ ကားတစ်စီး၊ သစ်ခွဲစက်တစ်လုံး၊ ဓါတ်ဆီနှင့် ငွေကြေးများကို လည်းယူဆောင်သွားကြသည်။ အလားတူပင် ဧပြီလ ၂၄ ရက်နေ့တွင် စစ်ကောင်စီစစ်သားများသည် အဝ–––ကျေးရွာသို့သွားပြီး ကျပ်သုံးသိန်းတန်ဖိုးရှိသည့် ရွာသားများ၏ ပစ္စည်းများဖြစ်သောဆိုလာပြားများ၊ ဘတ္ထရီ၊ တာလပတ်၊ ဓါး၊ အစားအသောက်နှင့် မွေးမြူရေးတိရိစ္ဆာန်(ဝက်၁ကောင်)ကို ယူဆောင်သွားကြသည်။ ကရင်အကျီရောင်းသူတစ်ဦး၏ ပစ္စည်းများကို လည်းဖျက်စီးခဲ့ကြသည်။ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့တွင် ဒွယ်လိုးမြို့နယ်၊ မာထော်ကျေးရွာအုပ်စု၊ အဘ–––ကျေးရွာမှ အသက် ၅၀ အရွယ် နော်ဘဟ–––ပိုင်သည့်ဆိုင်မှ (ကျပ်လေးသိန်းတန်ဖိုးရှိ) ပစ္စည်းများကို စစ်ကောင်စီတပ်သားများက ခိုးယူခဲ့ကြသည်။

မေလ ၁ ရက်နေ့တွင် ဖာပွန်မှစစ်ကောင်စီတပ်သားများသည် ဘူးသိုမြို့နယ်၊ ဂအ–––ကျေးရွာသို့ BGF နှင့်အတူရောက်ရှိလာပြီး ဒေသခံရွာသားတစ်ဦး၏ ကျပ်ငါးသိန်းတန်ဖိုးရှိသော ပစ္စည်းများကိုလည်း ခိုးယူခဲ့ကြသည်။

လုယက်ခြင်းများသည်တိုက်ပွဲများအတွင်းတွင်လည်းအထူးသဖြင့်ဖြစ်ပွားတတ်ပြီးရွာသားများထွက်ပြေးပြီးနောက်တွင် ဖြစ်လေ့ရှိသည်။ ဒူးသထူခရိုင်၊ ဘားအံမြို့နယ်၊ တကော်ဘိုးကျေးရွာအုပ်စု၊ အပ–––ကျေးရွာတွင် ဇွန်လ ၂၁ ရက်နေ့က စစ်ကောင်စီနှင့် BGF စစ်သားများသည် KNLA နှင့် ပစ်ခတ်မှုဖြစ်ပွားပြီးနောက် ရွာသားများ၏အိမ်များမှ ပစ္စည်းများ လုယူခဲ့သည်။ အထူးသဖြင့် မိဘနှစ်ဦးမှ ၎င်းတို့၏သားသမီးများအား လက်ဆင့်ကမ်းရန် အမွေအဖြစ်စုဆောင်းထားသည့် ရတနာများသည် ခိုးယူခြင်းခံခဲ့ရသည်။ လက်ရှိ စစ်အာဏာသိမ်းထားသည့်အခြေအနေတွင် တရားဥပဒေစိုးမိုးရေးမရှိသည့်အတွက် ထိုစုံတွဲအနေဖြင့် ယင်းကိစ္စကို KNU ၏တရားရေးစနစ်အပါ အဝင်အခြားမည်သည့်တရားရုံးတွင်မှ တိုင်ကြားနိုင်ခြင်းမရှိခဲ့ပါ။[103]

ဆိုင်ကယ်များ သိမ်းယူခံရခြင်းများနှင့်ပတ်သက်၍လည်း အစီရင်ခံတိုင်ကြားမှုများ ပိုမိုများပြားလာခဲ့ပါသည်။ ခလယ်လွီထူခရိုင်၊ ဆောထီး(ရွှေကျင်)မြို့နယ်၊ အစျ–––နှင့် အရ–––ကျေးရွာများအကြား နစကစစ်ကားဖြတ်သွား

102 KHRG မှ ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ဝေသော “Mu Traw District Short Update: Villagers subjected to forced labour by the Border Guard Force in Bu Tho Township, October 2020,” တွင်ကြည့်ပါ။

103 KHRG မှ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေသော “ဒူးသထူခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို – ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့တွင် BGF စစ်သားများနှင့် SAC စစ်သားများမှ လုယက်မှု” တွင်ကြည့်ပါ။

စဉ် လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်စဉ်တွင် ရွာသားနှစ်ဦးစွပ်စွဲခံရပြီး ၂၀၂၁ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့တွင် ၎င်းတို့ဆိုင်ကယ်များ သိမ်းယူခံခဲ့ရသည်။ အခင်းဖြစ်ပွားချိန်တွင် အခင်းဖြစ်ပွားရာအနီးအနားရှိ ဆိုင်ကယ်ပေါ်တွင် ထိုင်နေခဲ့သည့်အတွက် သံသယရှိသူများအဖြစ် သတ်မှတ်ခံခဲ့ရသည်။ ထိုရွာသားနှစ်ဦးအား သံသယရှိသော်လည်း မဖမ်းဆီးရခြင်းမှာ စစ်သားများသည် ၎င်းတို့၏ဆိုင်ကယ်များအား သိမ်းယူရန်ကိုသာ စိတ်ဝင်စားသည့်အကြောင်းကို ပြသနေသည်။[104]

ဘိတ်–ထားဝယ်ခရိုင်၊ တနေသရီ(တနင်္သာရီ)မြို့နယ်၊ အစိုးရထိန်းချုပ်နယ်မြေဖြစ်သည့် ကတာကလိုးဒေသမှ ဒေသခံတောင်သူတစ်ဦး၏အဆိုအရ ရေတပ်စစ်သားများသည် လိုင်စဉ်မရှိသည့် ဆိုင်ကယ်မောင်းသူများအား ဖမ်းဆီးလျက်ရှိသည်။ ၎င်းတို့သည် ဆိုင်ကယ်များအားသိမ်းပြီး ထိုဆိုင်ကယ်ပိုင်ရှင်များကို ငွေတောင်းပြီးပြန်ရွေးစေသည်။ ရွာသားအများစုမှာ ထိုသို့လုပ်ဆောင်ရန် ကြောက်ရွံ့ကြသည်။ ၎င်းတို့သည် ဆိုင်ကယ်အကောင်းစီးသူများကိုသာ စစ်ဆေးကြောင်းကိုလည်း ရွာသားများက မှတ်ချက်ပြုကြသည်။ ဆိုင်ကယ်ပြန်ရရန်အတွက် ငွေကျပ် ၁၀၀,၀၀၀ ကျပ်မှ ၃၀၀,၀၀၀ ကျပ်အထိ ပေးရသည်။ ထိုဆိုင်ကယ်များအား မည်သို့လုပ်ကြသည်နှင့်ပတ်သက်ပြီး မေးမြန်းသည့်အခါတွင် ထိုတောင်သူက *"ကျွန်တော်လည်းမသိဘူး။သူတို့က အာဏာသိမ်းလိုက်ပြီဆိုတော့ အခုဆိုရင် သူတို့ကဘုရင်ပဲလေ။သူတို့သုံးချင်သုံးမယ်။ ရောင်းရင်လည်းရောင်းမှာပေါ့။ ကျွန်တော်တို့လည်း မသေချာဘူး။"*




ဤပုံကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့၌ တောင်ငူခရိုင်၊ ဒေါ်ဖခိုမြို့နယ်၊ ဖစ---ကျေးရွာအုပ်စု၊ ဖစ---ကျေးရွာတွင် ရိုက်ယူခဲ့သည်။ နစက၏ ခမရ(၇၃၀)မှ လမ်းတွင်လုံခြုံရေးအတွက တာဝန်ထမ်းဆောင်နေချိန်တွင် ရွာသားများအိမ်သို့ ဝင်ရောက်လာပြီး စားစရာများတောင်းစားခဲ့သည်။ ရွာသားများမှ နစကစစ်သားများအားကြောက်ရသော်လည်း ၎င်းတို့မှ တစ်စုံတစ်ရာပြုလုပ်မည်ကို စိုးရိမ်သည့်အတွက်ကြောင့် စားစရာများ ပေးခဲ့ပါသည်။ *(ဓါတ်ပုံ – KHRG)*

စစ်ကောင်စီမှ ဆက်သွယ်ရေးများကို ပိုမိုတိုးမြှင့်ထိန်းချုပ်လိုက်သည်နှင့်အမျှ လျှပ်စစ်ပစ္စည်းများကိုလည်း သိမ်းယူလာကြသည်။ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ ဖာပွန်မြို့တွင်အခြေစိုက်သည့်စစ်ကောင်စီစစ်သားများသည် မြို့ပေါ်ရှိကုန်စုံဆိုင်များနှင့် အခြားဆိုင်များအား ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ကြသည်။ ၎င်းတို့သည် ဆိုလာပြားများ၊ ဘတ္ထရီများ၊ လျှပ်စစ်ဝါယာကြိုးများနှင့် ရုပ်မြင်သံကြား ဂြိုလ်တုစက်များရောင်းချသည့်ဆိုင်များကို စာရင်းပြုစုပြီး ထိုပစ္စည်းများသည်ရောင်းချရန် တရားမဝင်သော ပစ္စည်းများဖြစ်သည်ဟုဆိုခဲ့သည်။ ထို့နောက် ၎င်းတို့သည် ဆိုင်ပိုင်ရှင်၏ဖုန်းများကို စစ်ဆေးပြီး ဖုန်းများအားပြန်မပေးမီ ၎င်းတို့၏အမည်များနှင့် မှတ်ပုံတင်နံပါတ်များကို မှတ်သားထားခဲ့သည်။ နောက်နေ့တွင် ဆိုင်ပိုင်ရှင်များကိုဆက်သွယ်ပြီး ဆိုင်ရှိ ဘတ္ထရီများ၊ ဆိုလာပြားများနှင့် လျှပ်စစ်ဝါယာကြိုးများကို ဖာပွန်စစ်ဆင်ရေးကွပ်ကဲမှုဌာနသို့ ပို့ဆောင်စေခဲ့သည်။

လုယက်ခြင်း၊ သိမ်းယူခြင်း၊ ငွေကြေးအဓမ္မတောင်းခံခြင်းနှင့် ပိုင်ဆိုင်မှုပစ္စည်းများကို ဖျက်စီးခြင်းများသည် ရွာသားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအားအပေါ် အခက်အခဲကြုံတွေ့စေပါသည်။ ထို့အပြင်

[104] KHRG မှ ၂၀၂၁ ခုနှစ်၊ ဧပြီလတွင် ထုတ်ဝေသော "ခလယ်လွိထူခရိုင် နောက်ဆုံးရဒေသတွင်းအစီရင်ခံစာ – တပ်မတော်မှ ဆောထိမြို့နယ်ရှိ ဒေသခံများအား ခြိမ်းခြောက်ခဲ့ပြီးနောက် သူတို့၏ဆိုင်ကယ်နှစ်စီးအား အတင်းအဓမ္မသိမ်းယူခဲ့ခြင်း၊ ၂၀၂၁ ခုနှစ် ဧပြီလ" တွင်ကြည့်ပါ။

အခြားကြောက်မက်ဖွယ် ချိုးဖောက်မှုပုံစံများဖြစ်သည့် ခြိမ်းခြောက်မှုနှင့်အာဏာပြမှု သို့မဟုတ် အခြားအကြမ်းဖက်မှုပုံစံများဖြစ်သည့် လက်နက်ကိုင်တိုက်ပွဲများနှင့် နေရပ်ရွှေ့ပြောင်းနေထိုင်မှုများနှင့်လည်း ရင်ဆိုင်ရစေပါသည်။

၁၉၄၉ ခုနှစ် လေးခုမြောက်ဂျနီဗာသဘောတူစာချုပ်တွင် လက်နက်ကိုင်တိုက်ပွဲများအတွင်း အရပ်သားများ၏ပိုင်ဆိုင်မှုများအား လုယူခြင်းကိုတားမြစ်ထားသည်။ ဤဂျနီဗာသဘောတူစာချုပ်သည် နိုင်ငံတကာလက်နက်ကိုင်တိုက်ပွဲများတွင်သာ အကျုံးဝင်သော်လည်း ဤမူဝါဒကိုပြည်တွင်း ပဋိပက္ခတွင်လည်း လိုက်နာရန်ကတိကဝတ်ပြုထားသည်။ လုယူခြင်းနှင့် "သိမ်းယူခြင်း" သည် NCA ပုဒ်မ၉(ဃ)နှင့်(င)များကို ချိုးဖောက်နေခြင်းဖြစ်သည်။ ဤစာချုပ်တွင် လက်မှတ်ရေးထိုးထားသည့်အဖွဲ့များအနေဖြင့် "ပြည်သူလူထုထံမှငွေ၊ ပစ္စည်းဥစ္စာ၊ စားနပ်ရိက္ခာ၊ လုပ်အားနှင့် ဝန်ဆောင်မှုများကို အဓမ္မတောင်းခံရယူခြင်းမပြုလုပ်ရ" နှင့် "အများပိုင်ပစ္စည်းများကို ပျက်စီးစေခြင်း၊ ခိုးယူခြင်း၊ လုယက်ခြင်းနှင့် ခွင့်ပြုချက်မရှိပဲ ယူဆောင်ခြင်းမပြုရ။" ဟူသောအချက်များကို လိုက်နာရမည်ဖြစ်သည်။[105]

(၅) အဓမ္မအခွန်ကောက်ခြင်းနှင့် စစ်ဆေးရေးဂိတ်များထားရှိခြင်း

ပုံစံအမျိုးမျိုးဖြင့် အဓမ္မအခွန်ကောက်ခြင်းများသည် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် အာဏာသိမ်းမှုမတိုင်မီအချိန်များကပင် ပုံမှန်ဖြစ်ပွားလေ့ရှိသည်။ အဓမ္မအခွန်ကောက်ခံခြင်းနှင့်ပတ်သက်၍ နိုင်ငံတကာလူ့အခွင့်အရေးဥပဒေများတွင် ရှင်းလင်းစွာဖော်ပြထားခြင်းမရှိသော်လည်း အခွန်ကောက်ခံသည့်ပုံစံပေါ်မူတည်၍ ခြောက်လှန့်တောင်းယူခြင်းအဖြစ် သတ်မှတ်နိုင်သည်။ အခွန်ကောက်ခံခြင်းသည် ပုံမှန်အားဖြင့်လိုအပ်သည့်အများပြည်သူသုံးပစ္စည်းများနှင့် ဝန်ဆောင်မှုများပေးခြင်းအပြင် အခွင့်အရေးကာကွယ်စောင့်ရှောက်မှုများနှင့်လည်း ဆက်နွယ်လျက်ရှိသည်။ ပြည်သူများအား ထိခိုက်နစ်နာစေသည့် တိုက်ခိုက်မှုများနှင့် တိုက်ပွဲများတွင်ပါဝင်စေခြင်းအပြင် လက်နက်ကိုင်တပ်ဖွဲ့များမှ စစ်အင်အားဖြည့်ရန်ရည်ရွယ်ချက်ဖြင့် အခွန်အခများကောက်ခံခြင်းသည် ထိုအခွန်ဆောင်သည့်အရပ်သားများအပေါ်ပိုမိုဆိုးရွားသည့်အခွင့်အရေးချိုးဖောက်မှုများအားကျူးလွန်နေခြင်းပင်ဖြစ်သည်။

KHRG သတင်းမှတ်တမ်းပြုစုသူတစ်ဦးက ဒူးသထူခရိုင်ရှိ BGF စစ်သားများသည် ရွာသားများအား အခြားဒေသမှဆန်များသယ်ဆောင်ခွင့်ပေးသော်လည်းငင်းတို့မှစစ်ဆေးရေးဂိတ်များထားရှိပြီးအဓမ္မအခွန်ကောက်ခံခြင်းကြောင့်အရပ် သားများ၏ကုန်ကား သို့မဟုတ် ကားအားလုံးသည် ၎င်းတို့အားချွင်းချက်မရှိ ငွေကြေးပေးဆောင်ရကြောင်း ၂၀၂၁ ခုနှစ်၊ ဇွန်လတွင်တင်ပြခဲ့သည်။[106] COVID-19 ရောဂါပျံ့နှံ့သည့် အချိန်မှစတင်ပြီး အချို့သောဒေသများမှာ စပါးစိုက်ပျိုးနိုင်ခြင်းမရှိသည့်အတွက် ၎င်းတို့၏အခြေခံလိုအပ်ချက်များကိုဖြည့်ဆည်းရန်အတွက် မြို့ပေါ်တွင်သွားရောက်ဝယ်ယူကြရပြီး ဆန်ရရှိရေးသည် အဓိကအရေးကြီးသောအချက်ဖြစ်လာသည်။ ဤသို့အခွန်ကောက်ခြင်းသည် ရွာသားများအတွက် ငွေကြေးအခက်အခဲဖြစ်စေသည်သာမက ၎င်းတို့၏ နဂိုခက်ခဲပြီးသားအခြေအနေကို ပိုမိုဆိုးရွားလာစေသည်။

BGF တပ်ရင်းအမှတ် ၁၀၁၄ သည်လည်း ယွန်းစလင်းမြစ်ကမ်းတွင် စစ်ဆေးရေးဂိတ်များချထားလျက်ရှိသည်။ ၎င်းတို့မှ မြစ်တစ်လျှောက်ပြေးဆွဲသည့်လှေများအား ထောက်ခံစာပါသော်လည်း ခရီးစဉ်တခုလျှင်ငွေကျပ် ၂,၀၀၀ ကောက်ခံလျက်ရှိသည်။ အကယ်၍ ထောက်ခံစာမရှိပါက ၎င်းတို့အနေဖြင့် BGF တပ်စခန်းတွင် ထောက်ခံစာတစ်

[105] ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ဝေသော The National Ceasefire Agreement between the Government of the Republic of the Union of Myanmar and the Ethnic Armed Organizations တွင်ကြည့်ပါ။

[106] KHRG မှ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ဝေသော "Doo Tha Htoo District Situation Update: Fighting between the BGF and KNLA, and pressure to close KECD schools (April to June 2021)" တွင်ကြည့်ပါ။

စောင်ပြုလုပ်ရန်လိုအပ်ပြီး လေ့အကြီးများအတွက် ၅၀,၀၀၀ ကျပ်နှင့် လှေအသေးများအတွက် ၃၀,၀၀၀ ကျပ် ပေးဆောင်ရသည်။[107]

စစ်တပ်၏စစ်ဆေးရေးဂိတ်များသည် အခွင့်အရေးချိုးဖောက်မှုများနှင့် ခြိမ်းခြောက်မှုများကျူးလွန်သည့် နေရာများဖြစ်ကြောင်း KHRG မှယခင်က တင်ပြခဲ့သည်။ အဓမ္မအခွန်ကောက်ခံခြင်းနှင့် ငွေတောင်းခံခြင်းများသည် ဖြစ်လေ့ဖြစ်ထရှိသော ပြဿနာများဖြစ်သော်လည်း ရွာသားများအနေဖြင့် တရားလက်လွတ်ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းအပြင် ညှဉ်းပမ်းနှိပ်စက်မှုများကိုလည်း ခံစားကြရသည်။[108]

အာဏာသိမ်းပြီးသည့် အချိန်မှစ၍ ရွာသားများအနေဖြင့် မလုံခြုံမှုများနှင့် လွတ်လပ်စွာသွားလာခွင့်အား ဆုံးရှုံးရသည်ဟု ပြန်လည်ခံစားလာရသည်။ စစ်တပ်သည် ခရီးသွားလာသူများကိုစစ်ဆေးခြင်း၊ ဖမ်းဆီးခြင်းများပြုလုပ်သဖြင့် ခရီးသွားလာစဉ် ကြောက်ရွံ့မှုများခဲ့စားလာရသည်။ ဘိတ်-ထားဝယ်ခရိုင်၊ လယ်ဒိုစိုးမြို့နယ်၊ စယ---ကျေးရွာမှ ရွာသားတစ်ဦးက ၎င်းတို့အနေဖြင့် *"သူတို့[စစ်ကောင်စီစစ်သား]တွေက စစ်ဆေးရေးဂိတ်တွေမှာ အိတ်တွေကိုလည်းစစ်ဆေးလို့ ပိုက်ဆံတွေကိုဖွက်ထားရတယ်။"* ဘိတ်-ထားဝယ်ခရိုင်မှ အခြားမေးခွန်းဖြေကြားသူ ရဲ့အရာရှိတစ်ဦးက စစ်ဆေးရေးဂိတ်များရှိ စစ်သားများသည် ခရီးသည်များထံမှ အစားအသောက်များသိမ်းယူခြင်းနှင့် "တကယ်လို့ စစ်အာဏာသိမ်းမှုကို ဆန့်ကျင်တဲ့သက်သေတစ်စုံတစ်ခုတွေ့ရင်" ဖမ်းသည်ဟုပြောခဲ့သည်။ ထိုကဲ့သို့ ခရီးသွားလာမှုများအား တင်းကြပ်ထားခြင်းကြောင့် ဖြစ်ပေါ်လာသည့်အကျိုးဆက်ကို ရွာသားတစ်ဦးက ဤသို့ ပြောခဲ့သည်။ *"သူတို့ရဲ့ လူမဆန်မှုတွေက ကျွန်တော်တို့အတွက် ကြောက်ရွံ့မှုကိုဖြစ်ပေါ်စေတယ်။ ကျွန်တော်တို့အနေနဲ့ ခရီးသွားလာဖို့ လုံခြုံတယ်လို့မခံစားရဘူး။ ပြီးတော့သူတို့တွေ ကျွန်တော်တို့ကိုတခုခုလုပ်မှာကိုလည်း နည်းနည်းတော့ ကြောက်ရတယ်။"*

စစ်ကောင်စီစစ်သားများမှ စစ်ဆေးရေးဂိတ်များတွင် ဖုန်းများအားရှာဖွေစစ်ဆေးခြင်းသည်လည်း ပိုမိုအဖြစ်များလာသည်။ ဒူးပလာယာခရိုင်၊ ကော့တရိမြို့နယ်၊ အခ---ကျေးရွာမှ ရွာသားတစ်ဦးက စစ်ဆေးရေးဂိတ်များမှ တပ်မတော်စစ်သားများသည် "ခရီးသည်တွေရဲ့ဖုန်း၊ ကားနဲ့ဆိုင်ကယ်" များကို စစ်ဆေးကြောင်းပြောသည်။ ဒူးပလာယာခရိုင်၊ ဆိပ်ကြီးမြို့အနီးရှိ စစ်ဆေးရေးဂိတ်များတွင် ဖုန်းများအား ရှောင်တခင်စစ်ဆေးမှုများပြုလုပ်ကြောင်း တင်ပြကြသည်။[109] စစ်သားများသည် ဆန္ဒပြခြင်းသို့မဟုတ် CMD နှင့်ပတ်သက်မှု တစ်စုံတစ်ရာရှိမရှိ ဖုန်းထဲတွင်ရှိသော မက်ဆေ့ချ်များနှင့် သမိုင်းကြောင်းများကိုစစ်ဆေးကြောင်း ရွာသားများကတင်ပြခဲ့သည်။ စစ်ကောင်စီသည် ပုဂ္ဂိုလ်ရေးဆိုင်ရာ လုံခြုံရေးဥပဒေများနှင့်ပတ်သက်၍ ဥပဒေပြင်ဆင်ရေးများပြုလုပ်ကာ အရပ်သားများ၏ လှုပ်ရှားမှုများကို ပုံစံသစ်ဖြင့် စောင့်ကြည့်ခြင်းနှင့် အီလက်ထရောနစ်ဆိုင်ရာ အချက်အလက်လုယူခြင်းများကို ပြုလုပ်လျက်ရှိသည်။ ဘိတ်-ထားဝယ်ခရိုင်၊ တနင်္သာရီမြို့နယ်၊ ဘုတ်ပြင်းမြို့မှ မေးခွန်းဖြေကြားသူတစ်ဦးက ဤသို့ပြောပြခဲ့သည်။ *"သူတို့က စစ်အာဏာသိမ်းမှုဆန့်ကျင်ရေးနဲ့ ပတ်သက်တဲ့ဓါတ်ပုံတစ်ပုံကို လူတယောက်ရဲ့ ဆိုင်ကယ် ဒါမှမဟုတ် ဖုန်းမှာတွေ့ရင် အဲ့ဒီဖုန်းနဲ့ဆိုင်ကယ်ကို ဖျက်စီးလိုက်ကြတယ်။"* ထို့ကြောင့် ရွာသားများသည် ၎င်းတို့၏ဖုန်းပေါ်ရှိအရာအားလုံးကို မကြာခဏဖျက်ပစ်ရန် လုပ်ဆောင်လာကြသည်။

107 KHRG မှ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေသော "Mu Traw District Situation Update: Landmine contamination, indiscriminate shelling, arbitrary taxation, movement of troops, and livelihood, education and healthcare situation, May to June 2021," တွင်ကြည့်ပါ။

108 KHRG မှ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ဝေသော "အကြောက်တရား၏ အုတ်မြစ်: ၂၅ နှစ်အတွင်း မှတ်တမ်းတင်ထားသော မြန်မာပြည်အရှေ့တောင်ပိုင်းမှ ရွာသားများ၏အသံများ" တွင်ကြည့်ပါ။

109 KHRG မှ ၂၀၂၁ ခုနှစ်၊ ဇွန်လတွင် ထုတ်ဝေသော "Dooplaya District Situation Update: Civil Disobedience Movement, military activity and anti-coup protests, March 2021," တွင်ကြည့်ပါ။

(၆)မြေမြှုပ်မိုင်းများ

မြန်မာအစိုးရနှင့် အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံးကို မြေမြှုပ်မိုင်းအသုံးပြုမှု ရပ်တန့်ရန်နှင့် မိုင်းအသုံးပြုမှုတားဆီးပိတ်ပင်ရေးသဘောတူညီချက်အား လက်ခံရန်တောင်းဆိုကြသော်လည်း မြေမြှုပ်မိုင်းအသစ်များအား ဆက်လက်အသုံးပြုနေလျက်ရှိသည်။ အာဏာသိမ်းပြီးနောက်ပိုင်းတွင် KHRG အနေဖြင့် မြေမြှုပ်မိုင်းပေါက်ကွဲမှုနှင့်ပတ်သက်၍ အစီရင်ခံစာများအား ပိုမိုလက်ခံရရှိလာခဲ့သည်။ အချို့သောအစီရင်ခံစာများမှာ အာဏာသိမ်းမှုမတိုင်မီက ထောင်ထားသည့်မိုင်းများနှင့် ပတ်သက်သော်လည်း အစီရင်ခံစာအများစုမှာ မူတြော်ခရိုင်အတွင်း မြေမြှုပ်မိုင်းအသစ်များအသုံးပြုခြင်းကို ဖော်ပြလျက်ရှိသည်။ ထိုသို့လုပ်ဆောင်ခြင်းများ၏ သက်ရောက်မှုများကိုလည်း တွေ့မြင်ရပြီးဖြစ်သည်။



ဤပုံကို ၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်နေ့၌ ခလယ်လွီထူခရိုင်၊ လယ်ဒိုမြို့နယ်၊ ဃဲကာခို့ကျေးရွာအုပ်စု၊ တ---ကျေးရွာတွင် ရိုက်ယူခဲ့သည်။ ပုံတွင် ၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင်ဖြစ်ပွားခဲ့သော မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် သေဆုံးခဲ့သည့် ရွာသားနှစ်ဦးအထဲမှ တစ်ဦး၏ရုပ်အလောင်းဖြစ်သည်။ *(ဓာတ်ပုံ-ဒေသခံရွာသား)*

မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်တွင် ဘားအံအခြေစိုက် စစ်ကောင်စီတပ်များသည် ဧပြီလအတွင်း အရပ်သားများနေထိုင်သည့် ဒေသများသို့ဝင်ရောက်ခဲ့စဉ်က မြေမြှုပ်မိုင်းများထောင်ခဲ့ကြောင်းဖော်ပြသည့် အစီရင်ခံစာများအား KHRG မှလက်ခံရရှိခဲ့သည်။ ရလာဒ်အနေဖြင့် ရွာသားများ၏ မွေးမြူရေးတိရိစ္ဆာန်များ (ဝက်နှင့်ကျွဲများ)သည် မြေမြှုပ်မိုင်းပေါက်ကွဲမှုများကြောင့် သေဆုံးခဲ့ရသည်။[110] ရွာသားများအနေဖြင့် ၎င်းတို့၏ဒေသများတွင် မြေမြှုပ်မိုင်းများရှိနေခြင်းနှင့် ရန်းသမ်းပစ်ခတ်မှုများကြောင့် ၎င်းတို့၏အိမ်မွေးတိရိစ္ဆာန်များအားရှာဖွေရန် ကြောက်ရွံ့ကြသည်။

KNLA မှအချို့မြေမြှုပ်မိုင်းများကို ရှင်းလင်းခဲ့သော်လည်း မကြာသေးမီကရရှိခဲ့သည့် အစီရင်ခံစာများအရ ထိုရှင်းလင်းခြင်းများသည် ရွာသားများအား အကာအကွယ်ပေးရန် လုံလောက်မှုမရှိပါ။ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့တွင် ကမမောင်းနှင့် ဖာပွန်ကြားလမ်းမတစ်လျှောက်ရှိမြေမြှုပ်မိုင်းများအားရှင်းလင်းခဲ့သော်လည်း မြေမြှုပ်မိုင်းထိမှန်သည့် အဖြစ်အပျက်များစွာ ရှိနေသေးသည်။[111] ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် ဘူးသိုမြို့နယ်၊ မယ်ကလောကျေးရွာအုပ်စု အစ---ကျေးရွာမှ အသက် ၄၆ နှစ်အရွယ် ရွာသားတစ်ဦးသည် မိုင်းနှင့်ဆက်ထားသည့်ကြိုးအား တိုက်မိခဲ့ပြီး ၎င်း၏ရင်ဘတ်တွင် ဒဏ်ရာရရှိခဲ့သည်။ ၎င်းအားဆေးရုံသို့မပို့နိုင်သဖြင့် အခြားရွာသားများမှ ၎င်း၏နေအိမ်သို့ ပြန်လည်ပို့ဆောင်ရာ နေအိမ်ရောက်သည်နှင့် ချက်ခြင်းသေဆုံးခဲ့သည်။ ထိုနေ့တွင်ပင် ဘူးသိုမြို့နယ်၊ မယ်ကလောကျေးရွာအုပ်စု အထ---ကျေးရွာမှ ရွာသားနှစ်ဦးသည်လည်း အစ---ရွာသို့သွားသည့်လမ်းတွင် မိုင်းနှင့်ဆက်ထားသည့်ကြိုးကို ဆိုင်ကယ်ဖြင့်ဖြတ်မောင်းမိခဲ့သည်။ ၎င်းတို့ဆိုင်ကယ်စီးသည့်

110 KHRG မှ မကြာမီတွင် ထုတ်ဝေတော့မည့် အစီရင်ခံစာ (21-141-S1) တွင် ကြည့်ပါ။

111 KHRG မှ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေသော , “Mu Traw District Situation Update: Landmine contamination, indiscriminate shelling, arbitrary taxation, movement of troops, and livelihood, education and healthcare situation, May to June 2021,” တွင်ကြည့်ပါ။

အမြန်နှုန်းကြောင့် မိုင်းအပိုင်းအစအများစု ထိမှန်ခြင်းမှကာကွယ်ပေးထားပြီး ၎င်းတို့၏ဒဏ်ရာများမှာ အသေးအဖွဲသာဖြစ်သည့်အတွက် ဆေးကုသမှုခံယူရန် မလိုအပ်ခဲ့ပါ။[112]

၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့တွင် ဒွယ်လိုးမြို့နယ်၊ မာထောကျေးရွာအုပ်စု၊ အဥ–––ကျေးရွာမှအသက် ၁၀ နှစ်အရွယ်ယောကျ်ားလေးတစ်ဦးသည် ကက–––ကျေးရွာနှင့် လအ–––ကျေးရွာကြားတွင် မိုင်းနှင့်ဆက်ထားသည့် ကြိုးနင်းမိခဲ့သည်။ ပေါက်ကွဲမှုကြောင့် ၎င်း၏ဦးခေါင်း၊ မေးစေ့နှင့် ဝမ်းဗိုက်တို့တွင်ထိခိုက်ဒဏ်ရာရခဲ့သည်။[113] အာဏာသိမ်းပြီးသည့်ချိန်မှစ၍ မူတြော်ခရိုင်တွင် မြေမြှုပ်မိုင်းကြောင့် ထိခိုက်ဒဏ်ရာရမှုများနှင့်ပတ်သက်ပြီး အခြားသော အစီရင်ခံစာများစွာကိုလည်း လက်ခံရရှိခဲ့သည်။

ရွာသားများအနေဖြင့် မြေမြှုပ်မိုင်းဆိုင်ရာ အသိပညာပေးသင်တန်းများ တိုးမြှင့်ရရှိကြသော်လည်း ဖြစ်စဉ်တော်တော်များများတွင် သင်တန်းပေးခြင်းဖြင့် မလုံလောက်ပါ။ ဥပမာအားဖြင့် ဒွယ်လိုးမြို့နယ်မှ မကြာသေးမီက မြေမြှုပ်မိုင်းထိမှန်သူ၏ မိသားစုဝင်များကတင်ပြခဲ့သည်မှာ ရွာသားများအနေဖြင့် အမြင်ဖွင့်သင်တန်းများရရှိကြသော်လည်း သင်တန်းတွင် ရွာသားများဖတ်ရန်အတွက် လက်ကမ်းစာစောင်များသာ မျှဝေပေးခဲ့သည်။ ထို့အပြင်ဖြစ်စဉ်အများစုတွင် မြေမြှုပ်မိုင်းများတည်ရှိသည့်နေရာများသည် ရှင်းလင်းစွာအမှတ်အသားပြုလုပ်ထားခြင်း မရှိပါ။ ထို့ကြောင့် ထိုနေရာအားသိရှိရန် ခက်ခဲသည်။ ဘူးသိုမြို့နယ်၊ မယ်ကလောကျေးရွာအုပ်စု၊ အစ–––ကျေးရွာတွင် မကြာသေးမီကဖြစ်ခဲ့သည့်ဖြစ်စဉ်တွင်မိုင်းနှင့်ချိတ်ဆက်ထားသည့်ဝါယာကြိုးသည်အင်မတန်သေးငယ်ကြောင်းနှင့် ၎င်းတို့အနေဖြင့်ဖြတ်သွားသည့်အခါတွင် သတိပြုမိရန်ခက်ခဲကြောင်း ရွာသားများက မှတ်ချက်ပြုခဲ့သည်။

စစ်ကောင်စီနှင့် KNLA တို့နှစ်ဖွဲ့လုံးသည် အာဏာသိမ်းပြီးသည့်အချိန်မှစပြီး မြေမြှုပ်မိုင်းအသစ်များ ထပ်မံထောင်ထားခဲ့သည်။ KNLA က၎င်းတို့ကိုယ်ကိုနှင့် ရွာသားများအားကာကွယ်ရန်အတွက်ဟုဆိုကာ မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်ရှိ စစ်ကောင်စီတပ်သားများ၏ စစ်စခန်းအနီးတွင် မြေမြှုပ်မိုင်းထောင်ထားခဲ့သည်။ တစ်ခါတစ်ရံ ရွာသားများအား ၎င်းတို့မိုင်းထောင်ထားသည့် နေရာများသို့မသွားရန် အသိပေးထားသော်လည်း စနစ်တကျမဖြစ်ခဲ့ပါ။[114] ထို့အပြင်ထိုသို့သောအသိပေးချက်များကအခြေအနေအရလုံလောက်မှုမရှိပါ။KHRGမှယခင်ကတင်ပြထားသကဲ့သို့ ရွာသားများ၏စားဝတ်နေရေးအတွက် လုပ်ကိုင်စားသောက်ရန်လိုအပ်သောနေရာများတွင် မြေမြှုပ်မိုင်းများရှိသည်ဟု သတိပေးထားသော်လည်း ထိုသတိပေးချက်မှာ ၎င်းတို့ အားထိုနေရာသို့သွားခြင်းမှ ဟန့်တားနိုင်ခြင်းမရှိပါ။[115] ဤပြဿနာများ၏ တစ်ခုတည်းသောအဖြေမှာ မြေမြှုပ်မိုင်းအသုံးပြုမှုအား လုံးဝရပ်တန့်လိုက်ရန်ဖြစ်သည်။

---

112 KHRG မှ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေသော "မူတြော်ခရိုင်မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ – မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်ရှိ လမ်းတစ်လျှောက်တွင် မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ရွာသားတစ်ဦးသေဆုံးခဲ့ပြီး အခြားရွာသားနှစ်ဦးတို့မှ ထိခိုက်ဒဏ်ရာရရှိခဲ့ (၂၀၂၁ခုနှစ်၊ ဇူလိုင်လ)" တွင်ကြည့်ပါ။

113 KHRG မှ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေသော "မူတြော်ခရိုင်မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ – မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်တွင် ဆယ်နှစ်သားအရွယ် ယောကျ်ားလေးတစ်ဦးမှ ဆွဲမိုင်းကိုနင်းမိ၍ ထိခိုက်ဒဏ်ရာရရှိ (၂၀၂၁ခုနှစ်၊ ဇွန်လ)" တွင်ကြည့်ပါ။

114 KHRG မှ မကြာမီတွင် ထုတ်ဝေတော့မည့် အစီရင်ခံစာ (21–141–S1) တွင် ကြည့်ပါ။

115 KHRG မှ ၂၀၂၁ ခုနှစ်၊ ဇွန်လတွင် ထုတ်ဝေသော "မူတြော်ခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ – ၂၀၂၁ ခုနှစ်၊ ဇွန်လအတွင်း မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ရွာသားနှစ်ဦးပြင်းထန်စွာဒဏ်ရာရရှိခြင်း" တွင်ကြည့်ပါ။ ရွာသူရွာသားများမှ ၎င်းတို့၏လယ်ယာမြေများသို့ မသွားရောက်နိုင်သောကြောင့် မြေမြှုပ်မိုင်းများကို ၎င်းတို့ကိုယ်တိုင်ဖယ်ရှားရန် ကြိုးစားကြသည်။ KHRG မှ ၂၀၂၀ ခုနှစ် စက်တင်ဘာလတွင်ထုတ်ဝေသော "မရေရာမှုများဆီသို့လှမ်းဝင်ခြင်း – မြန်မာပြည်အရှေ့ တောင်ပိုင်းရှိ ပြည်တွင်းပြည်ပဒုက္ခသည်များ၏နေရပ်ပြန်သည့်အတွေ့အကြုံများ" နှင့် KHRG မှ ၂၀၁၂ ခုနှစ်၊ မေလတွင် "Uncertain Ground: Landmines in eastern Burma," တွင်ကြည့်ပါ။

(၇) တရားလက်လွတ်ဖမ်းဆီးခြင်း

KHRG ၏သတင်းမှတ်တမ်းပြုစုသူများမှ တရားလက်လွတ်ဖမ်းဆီးခြင်းနှင့် အခွင့်အရေးချိုးဖောက်မှုများ ပိုမိုများပြားလာကြောင်းကို တင်ပြခဲ့သည်။ ဤအစီရင်ခံစာ၏ ယခင်အခန်းများတွင် ဖော်ပြထားသကဲ့သို့ အာဏာသိမ်းဆန့်ကျင်မှု/ဒီမိုကရေစီလိုလားမှုအတွက် ဆန္ဒပြခြင်းများနှင့် CDM တွင်ပါဝင်လာခြင်းများအတွက် ဖမ်းဆီးချုပ်နှောင်ခြင်းများ ပိုမိုများပြားလာသည်။ ကျေးလက်ဒေသရှိ ရွာသားများသည်လည်း ဤဖမ်းဆီးမှုများနှင့်ပတ်သက်ပြီး သတင်းများ၊ လူမှုကွန်ယက်မီဒီယာများမှတဆင့် ကြားသိခဲ့ကြသော်လည်း အချို့နေရာဒေသများတွင် ဆန္ဒပြသူများ၊ CDM တွင် ပါဝင်သူများနှင့် NLD အဖွဲ့ဝင်များအား လုံခြုံရေးတပ်ဖွဲ့များက ၎င်းတို့၏ဒေသသို့ လာရောက်ရှာဖွေခြင်းကို မျက်မြင်တွေ့ကြရသည်။

ပဲခူးတိုင်း၊ တောင်ငူမြို့နယ်၊ ခဂ---ကျေးရွာမှ ၎င်း၏ဒေသအတွင်း လာရောက်ခိုလှုံခွင့်ရှာသူများအား အထောက်အပံ့ပေးခဲ့သော စိုက်ပျိုးရေးလုပ်သားတစ်ဦးက ၎င်းကိုယ်တိုင် ဖမ်းဆီးခြင်းခံရနိုင်ချေရှိသည်ကိုသိမြင်ပြီး တောထဲသို့သွားရောက် ရှောင်ပြေးခဲ့ရသည်။ *“အာဏာသိမ်းပြီးနောက် တချို့ CDM ဝန်ထမ်းတွေ၊ ဆန္ဒပြသူတွေနဲ့ NLD အဖွဲ့ဝင်တွေက အိမ်မှာနေရင် လုံခြုံရေးကိုစိုးရိမ်ရတဲ့အတွက် ဂျဝ---ကျေးရွာအုပ်စု၊ ဂျဝ---ကျေးရွာအနီးမှာရှိတဲ့နေရာမှာ ခိုလှုံဖို့ရောက်လာကြတယ်။ ကျွန်တော်တို့အနေနဲ့ကလည်း သူတို့ကိုလူသားချင်းစာနာတဲ့ အထောက်အပံ့ပေးရမယ့် တာဝန်ရှိတယ်လို့ခံစားရတဲ့အတွက် သူတို့ကိုလက်ခံပြီးတော့ ကျွန်တော်တို့နေရာမှာခိုလှုံခွင့်ပေးတယ်။ […]ဒီလူတွေအတွက် အစားအသောက်တွေပို့ဆောင်တဲ့အခါ ကျွန်တော်တို့ ဘာလုပ်နေတယ်ဆိုတာကို သူတို့တွေစပြီး ရိပ်မိလာတယ်ထင်တယ်။ ပြီးတော့သူတို့ ကျွန်တော်တို့ရဲ့လူတွေဖြစ်တဲ့ အစားအသောက်သယ်ပို့ပေးတဲ့ စောဂျဌ---နဲ့ ရွာလူကြီး ဂျဝ---ကို ၂၀၂၁ ခုနှစ်၊ ဇွန်လ ၅ရက်နေ့ ည ၇ နာရီနဲ့ ၈ နာရီလောက်မှာ လာဖမ်းသွားတယ်။ ဒါကိုကြားပြီးတာနဲ့ ကျွန်တော်တို့လည်းစိုးရိမ်လာတယ်။ ဒါကြောင့် ကျွန်တော်တို့ခိုလှုံခွင့်ပေးထားတဲ့လူတွေကို တခြားနေရာရွှေ့လိုက်တယ်။”* ၎င်း၏ဖခင်ဖြစ်သူ၏ နေအိမ်အားလာရောက်စီးနင်းကြသော်လည်း ၎င်းအနေဖြင့် ထွက်ပြေးလွတ်မြောက်ပြီးဖြစ်သည်။ *“ဘယ်သူမှမရှိတော့ သူတို့တံခါးကိုဖျက်ပြီးဝင်တယ်။ ကျွန်တော်လည်းမရှိဘူး။ ဒါပေမယ့် အဲ့ဒီကအမျိုးသမီးတစ်ယောက်က ကျွန်တော်ကို ပြန်ပြောပြတယ်။ သူတို့တွေ တံခါးကိုဖျက်ပြီးတော့ အထဲမှာရှိတဲ့ပစ္စည်းတွေအားလုံးကို လျှောက်ဖွကြတယ်။ သူတို့က အိမ်မှာရှိတဲ့ဆိုင်ကယ်၊ ရေခဲသေတ္တာနဲ့ဆန်တွေကို သူတို့ကားထဲ အကုန်ထည့်သွားတယ်။ ပြီးတော့ သူတို့အစောင့်တွေလာထားတယ်။ သူတို့ရဲ့ဆန်ကို ဘယ်ယူသွားလဲတော့မသိဘူး။ ဒါပေမယ့် စစ်ကောင်စီရဲ့ကားနဲ့ သယ်သွားကြတယ်။”*

၎င်းအနေဖြင့် အတည်ပြုနိုင်ခြင်းမရှိသော်လည်း စောဂျဌ---အား တောင်ငူအမှတ်(၁)ရဲစခန်းတွင် ဖမ်းဆီးထားပြီးနောက် အမှောင်ခန်းထဲတွင်ထည့်ထားပြီး ၎င်း၏ခေါင်းအားအုပ်ကာ ကားဖြင့်အခြားနေရာသို့ခေါ်ဆောင်သွားပြီးနောက် စစ်ကောင်စီ၏တပ်စခန်းတစ်ခုတွင် ချုပ်နှောင်ထားသည်။ အနီးအနားရှိရွာသားများအားလုံးမှာလည်း ယခုအချိန်တွင် ပုန်းနေကြရသည်။ *“မောင်ဂျယ---လို့ ခေါ်တဲ့လူတယောက်က အဝေးကနေပြီးတော့ စောင့်ကြည့်နေတယ်။ အခုဆိုရင် ဘယ်သူမှအိမ်ထဲမဝင်ရဲဘူး။ […]သူတို့အိမ်ထဲမှာ ဘာတွေလုပ်ခဲ့လဲကျွန်တော်တို့လည်း သေချာမသိဘူး။ သူတို့အိမ်ထဲမှာ မိုင်းထောင်သွားမှာကိုတော့ ကြောက်တယ်။ သူတို့တခြားနေရာကနေ ဒီနေရာကို စောင့်ကြည့်နေပြီး အိမ်ထဲဝင်တဲ့သူတွေကိုလည်း ဖမ်းဆီးခဲ့ကြတယ်။ ရွာသားတွေက အန္တရာယ်ကြားထဲမှာနေနေကြရတယ်။ ဘယ်သူမှ အိမ်ထဲမသွားရဲသေးဘူး။”*

KHRG အနေဖြင့် ဆန္ဒပြမှုနှင့် CDM နှင့် တိုက်ရိုက်သက်ဆိုင်မှုမရှိသည့် တရားလက်လွတ်ဖမ်းဆီးခြင်းနှင့် အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်ပြီး အစီရင်ခံစာအနည်းငယ်ကိုသာ လက်ခံရရှိခဲ့သည်။ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၃ ရက်နေ့တွင် စစ်ကောင်စီစစ်သားများသည် မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ ဂဘ---ကျေးရွာအုပ်စု၊ အဗ---ကျေးရွာသို့သွားပြီး ရွာသားသုံးဦးကိုဖမ်းဆီးခဲ့သည်။ ထိုသုံးဦးထဲတွင် ဖခင်ဖြစ်သူနှင့် အသက် ၁၇ နှစ်အရွယ်သမီးဖြစ်သူတို့ပါဝင်သည်။ ဖမ်းဆီးရသည့်အကြောင်းမှာ သူမ၏ဖုန်းတွင် KNLA စစ်သားပုံကိုတွေ့ပြီး ၎င်းတို့၏နေအိမ်တွင်

မြေမြှုပ်မိုင်းပြုလုပ်ပုံ လက်စွဲစာအုပ်ကိုတွေ့ရှိသည့်အတွက် ဖြစ်သည်။ စစ်ကောင်စီတပ်သားများသည် ထိုသူများအား ၎င်းတို့၏တပ်စခန်းသို့ခေါ်ဆောင်လာပြီး ထိုနေ့တွင် ဖခင်ဖြစ်သူကိုသာ ပြန်လွှတ်ခဲ့သည်။ စစ်ကောင်စီတပ်ဖွဲ့များသည် သမီးဖြစ်သူအား မေးခွန်းများဆက်လက်မေးမြန်းနိုင်ရန် နည်းဗျူဟာစစ်ဆင်ရေးကွပ်ကဲမှုဌာနသို့ ပို့ဆောင်ခဲ့ပြီးနောက်အခြားစခန်းတစ်ခုသို့ထပ်မံပို့ဆောင်ကာသူမအားပြန်မလွှတ်မီနှစ်ရက်ခန့်ဖမ်းချုပ်ထားခဲ့သည်။ အခြားအဖမ်းခံရသူတစ်ဦးမှာ အသက် ၂၀ အရွယ် အမျိုးသားတစ်ဦးဖြစ်ပြီး ၎င်း၏ကိုယ်ပေါ်မှ တက်တူးကြောင့် စစ်ကောင်စီမှ ၎င်းအား KNLA စစ်သားဟု စွပ်စွဲကာဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် စစ်ကောင်စီတပ်ဖွဲ့များသည် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မာထောကျေးရွာအုပ်စု၊ အခ–––ကျေးရွာမှ အသက် ၃၅ နှစ်အရွယ် စောဘအ–––အား အဓမ္မဖမ်းဆီးခဲ့ကြသည်။ အကြောင်းမှာ ၎င်းသည် KNU အား ဖုန်းဖြင့်ဆက်သွယ်သည့်အတွက် ဖမ်းဆီးရခြင်းဖြစ်သည်ဟု ဆိုသည်။

(ဂ) နေရပ်ရွှေ့ပြောင်းနေထိုင်မှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြပ်အတည်းများ

ဖေဖော်ဝါရီလ ၁ ရက်နေ့စစ်အာဏာသိမ်းပြီးနောက်တွင် ပဋိပက္ခကြောင့် နေရပ်ရွှေ့ပြောင်းနေထိုင်သူများ၏ အရေအတွက်ကို ခန့်မှန်းရန်မှာ အလွန်ခက်ခဲသည်။ ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသောကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး(UNHCR)က ကရင်ပြည်နယ်တွင် နေရပ်ရွှေ့ပြောင်းနေထိုင်သူ အရေအတွက် ၄၇,၇၀၀ ဦးရှိပြီး မွန်ပြည်နယ်တွင် ၁၁၀၀ ရှိသည်ဟု ခန့်မှန်းထားသည်။[116] IDPစခန်းများနှင့် အခြားဒေသများမှ နေရပ်ရွှေ့ပြောင်းနေထိုင်ခြင်းနှင့်ဆိုင်သည့် သတင်းအချက်အလက်များအား ရရှိရန်ခက်ခဲသည့်အတွက် နေရပ်ရွှေ့ပြောင်းသူအရေအတွက်မှာ ဖော်ပြပါအရေအတွက်ထက် ပိုမိုများပြားနိုင်ချေရှိသည်။ ထို့အပြင် နေရပ်ရွှေ့ပြောင်းနေထိုင်ခြင်း၏ ပြောင်းလဲတတ်သည့်သဘောအရ မကြာခဏပြောင်းလဲနေထိုင်ခြင်း သို့မဟုတ် ကာလကြာရှည်နေထိုင်ခြင်းများကြောင့် နေ့ရက်အလိုက် သို့မဟုတ် လအလိုက်အရေအတွက် ပြောင်းလဲနိုင်ချေရှိသည်။ အကြီးမားဆုံးနေရပ်ရွှေ့ပြောင်းနေထိုင်မှုမှာ မတ်လနှင့်ဧပြီလအတွင်း မူတြော်ခရိုင်နှင့် ခလယ်လွိုထူခရိုင်များတွင် လေကြောင်းတိုက်ခိုက်မှုကြောင့် ဖြစ်ပေါ်လာခဲ့သည်။ ထောင်ပေါင်းများစွာသော ရွာသားများသည် ထိုင်း–မြန်မာနယ်စပ်သို့ဦးတည်သွားရောက်ခဲ့ကြသော်လည်း ထိုင်းအာဏာပိုင်များ၏ပြန်တွန်းပို့ဆောင်ခြင်းကို ခံရခဲ့သည်။ မတ်လကုန်ပိုင်းတွင် ပထမဆုံးထွက်ပြေးခဲ့သည့် လူဦးရေ ၂,၀၀၀ ခန့်မှာ ထိုင်းနိုင်ငံဘက်ခြမ်းရှိ သံလွင်မြစ်ကမ်းတလျှောက်တွင် နေထိုင်နိုင်ခဲ့ကြသည်။ တဖက်ကမ်းသို့ မကူးနိုင်သူများ သို့မဟုတ် ပြန်လည်တွန်းပို့ခံရသူများမှာ မြန်မာနိုင်ငံဘက်ခြမ်းရှိတောများနှင့် ဂူများထဲတွင် ယာယီနေထိုင်နိုင်မည့်နေရာများကို ရှာဖွေနေထိုင်ခဲ့ကြရသည်။ အခြားကျေးရွာများသို့ ထွက်ပြေးနေထိုင်ကြသည့် နေရပ်ရွှေ့ပြောင်းနေထိုင်သူများသည် ပဋိပက္ခနှင့်တိုက်ပွဲများ ပိုမိုကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားလာသည့်အတွက် နောက်တစ်ကြိမ် ထပ်မံတွက်ပြေးတိမ်းရှောင်ကြရသည်။

လေကြောင်းတိုက်ခိုက်မှုကြောင့် ထွက်ပြေးကြရသည့် ရွာသားအများအပြားသည် စားနပ်ရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများကို ၎င်းတို့နှင့်အတူ သယ်ယူနိုင်ခြင်းမရှိခဲ့ပါ။ တောများနှင့်ဂူများက ၎င်းတို့အား လက်နက်ဖြင့်တိုက်ခိုက်ခံရမှုများမှ အကာအကွယ်အချို့ပေးနိုင်သော်လည်း သဘာဝပတ်ဝန်းကျင်ရန်မှ အနည်းငယ်သာအကာအကွယ်ပေးနိုင်သည်။ ထိုင်းနိုင်ငံနယ်စပ်သို့ ထွက်ပြေးတိမ်းရှောင်သူများအတွက် တဲဆောက်ခွင့်ရရှိရန်မှာလည်း ခက်ခဲသည်။ ထိုင်းနိုင်ငံ၏ဥပဒေမှ ၎င်းတို့အား ယာယီတဲများဆောက်နိုင်ရန် ဝါးခုတ်ခြင်းအားတားမြစ်ထားသည့်အတွက် နေ့အချိန်တွင် ပူပြင်းသည့်နေဒဏ်၊ ညအချိန်တွင် အအေးဒဏ်နှင့်မိုးဒဏ်များကို ခံစားခဲ့ကြရသည်။ ၎င်းတို့အနေဖြင့် သောက်ရေသန့်မရှိသဖြင့် သံလွင်မြစ်မှ မသန့်စင်သောရေများကို သောက်သုံးကြရသည်။ ထို့အပြင် ရွာသားများအနေဖြင့် အိမ်သာဆောက်လုပ်ခွင့်လည်း မရကြပေ။

[116] ကမ္ဘာ့ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းမှုရုံး (OCHA)မှ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေသော "Myanmar: Humanitarian Update No. 9 ," တွင်ကြည့်ပါ




ဤပုံကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့၌ မူတြော်ခရိုင်၊ ဘူးသို မြို့နယ်၊ ခဝ---ကျေးရွာအုပ်စုတွင် ရိုက်ယူခဲ့သည်။ ပုံတွင် ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့၌ နစကစစ်ဂျက်လေယာဥ်များ မှဒေသတွင်းဗုံးကျဲသောကြောင့် ဒေသခံကလေးများနှင့်ရွာ သားများဂူထဲတွင် ထွက်ပြေးတိမ်းရှောင်နေသည့်ပုံဖြစ်သည်။ *(ဓာတ်ပုံ–KHRG)*




ဤဓာတ်ပုံကို ဧပြီလ(၁၁)ရက်နေ့ ၂၀၂၁ ခုနှစ်တွင် ထိုင်းနိုင်ငံ ဘက်ခြမ်းသံလွင်မြစ်ပေါ်တွင် ရိုက်ယူထားခြင်းဖြစ်သည်။ ဓာတ်ပုံထဲရှိဒေသခံရွာသားသည် တောထဲတစ်နေရာတွင် စစ်ဘေးတိမ်း ရှောင်နေသည့် ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေ ထိုင်သူတစ်ဦးဖြစ်သည်။ ဤအဖိုးအိုသည် အသက်တစ်ရာ ကျော်ရှိပြီး နာမကျန်းဖြစ်နေသည်။ ၎င်းအား ဟောင်းနွမ်းညစ် ပေနေသည့်စောင်တစ်ထည်ဖြင့် ပေးခြုံထားပြီးသေးငယ်သည့် ဖျာပေါ်တွင်လဲလျောင်းနေပြီးမည်သူတစ်ဦးတစ်ယောက်ကမျှ ကြည့်ရှုစောင့်ရှောက်မှုမပေးနိုင်ပါ။ အကြောင်းမှာ ၎င်း၏ဇနီး သည်လည်းအသက်ကြီးနေပြီးဖြစ်သည်။ အဖိုးအိုသည် နောက်ပတ်အကြာတွင် သေဆုံးသွားခဲ့သည်။ *(ဓာတ်ပုံ – KHRG)*

ထိုသို့လေကြောင်းတိုက်ခိုက်မှုကြောင့် ထွက်ပြေးရသူများတွင် အသက်ကြီးသူများ၊ နို့စို့အရွယ်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်များလည်း ပါဝင်သည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် လေကြောင်းတိုက်ခိုက်မှုဖြစ်ပွား ပြီးနောက် ထွက်ပြေးတိမ်းရှောင်နေစဉ် မီးဖွားခဲ့ကြရသည်။ ၎င်းတို့၏မွေးကင်းစကလေးငယ်များအတွက် စောင် သို့မဟုတ် အနီးပင်မရှိကြောင်းပြောခဲ့သည်။ အချို့အမျိုးသမီးများမှာ လေကြောင်းတိုက်ခိုက်ဖြစ်ပွားနေစဉ်အ တွင်း မီးဖွားခဲ့ကြသည့်အတွက် အလွန်အားနည်းသည့်အချိန်တွင် ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ အချို့အသက် ၁၀၀ ကျော်အရွယ်ရှိပြီး ကျန်းမာရေးမကောင်းသော သက်ကြီးရွယ်အိုရွာသားများကိုလည်း KHRG မှတွေ့ဆုံခဲ့သည်။ နေရပ်ရွှေ့ပြောင်းနေထိုင်ရမှုက ၎င်းတို့၏ကျန်းမာရေးအား ပိုမိုဆိုးရွားလာစေသည်။ KHRG မှတွေ့ဆုံခဲ့သည့် အမျိုး သမီးတစ်ဦးမှာ လုံးဝလမ်းလျှောက်နိုင်ခြင်း မရှိတော့ပါ။ သူမအနေဖြင့် ဂူထဲတွင် ၁၁ ရက်ခန့် ပုန်းအောင်းခဲ့ရသည်။

အကူအညီပေးသည့် အဖွဲ့အစည်းများအနေဖြင့်လည်း ထိုနေရာများသို့ ရောက်ရှိရန်ခက်ခဲသည်။ ဒုက္ခသည်များ ဝင်ရောက်မှုအား တားဆီးရန်နှင့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအား ဤ အရေးကိစ္စကြောင့် ဝင်ရောက်လာခြင်းကို တားမြစ်ရန်အတွက် ထိုင်းနိုင်ငံအမျိုးသားလုံခြုံရေးကောင်စီမှ ၎င်းတို့ ၏စစ်တပ်အား ညွှန်ကြားခဲ့သည်။ ထိုင်းအစိုးရသည် လုံခြုံရေးနှင့်ပြည်သူ့ကျန်းမာရေး(COVID-19)ကို အကြောင်း ပြပြီး နေရပ်ပြန်လည်ပို့ဆောင်ခြင်းဆိုင်ရာ စွပ်စွဲချက်များကို ပယ်ချခဲ့သည်။[117] ထိုင်းနိုင်ငံအနေဖြင့် ၁၉၅၁ ခုနှစ် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ သဘောတူညီချက်စာချုပ်အား လက်မှတ်ရေးထိုးထားခြင်းမရှိသော်လည်း ဒုက္ခသည်များအား နေရပ်ပြန်ပို့ခြင်းမပြုရေးမူဘောင်သည် နိုင်ငံတကာဓလေ့ထုံးတမ်းဥပဒေ၏ အစိတ်အပိုင်းတစ်

[117] Ruji AUETHAVORNPIPAT မှ ၂၀၂၁ ခုနှစ်၊ ဧပြီလ East Asia Forum တွင်ထုတ်ဝေသော "Thailand's weak reaction to the Myanmar coup," တွင်ကြည့်ပါ။

ခုဖြစ်သည့်အတွက် နိုင်ငံအားလုံးနှင့်သက်ဆိုင်သည်။ ဤမူဘောင်အောက်တွင် အန္တရာယ် သို့မဟုတ် ညှဉ်းပမ်းနှိပ်စက်မှု ကြုံတွေ့ရသူများအား ၎င်းတို့၏နေရပ်သို့ တရားမဝင်ပြန်လည်ပို့ဆောင်ခြင်းအပါအဝင် မည်သည့်နည်းနှင့်မျှ ပြန်လည်ပို့ဆောင်ခြင်းမပြုရန် နိုင်ငံအားလုံးတွင် တာဝန်ရှိသည်။ ထို့အပြင် ကုလသမ္မဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)၏ နိုင်ငံတကာကာကွယ်ရေးအကူအညီလိုအပ်သူများအား COVID–19 ကာလအတွင်း နယ်မြေများသို့ ဝင်ရောက်ခွင့်ရရှိရန်အတွက် အဓိကဥပဒေပိုင်းဆိုင်ရာ ထည့်သွင်းစဉ်းစားမှုမှာ “နေရပ်ပြန်လည်ပို့ဆောင်ခြင်းခံရသူများအား အကာအကွယ်ပေးနိုင်ရန် လုံခြုံရေးစံနှုန်းများချမှတ်ခြင်းမရှိ ပဲနယ်မြေအတွင်းဝင်ရောက်ခြင်းအားတားမြစ်ခြင်းကို မည်သို့သောကျန်းမာရေးစောင့်ရှောက်မှု အန္တရာယ်အကြောင်းပြု၍ ညှိနှိုင်းမှုမလုပ်နိုင်ပါ။”[118] Fortify Rights ၏ အလုပ်အမှုဆောင်ညွှန်ကြားရေးမှူး၏ တင်ပြချက်အရ “ဒုက္ခသည်များအား အကာအကွယ်ပေးရန် လုပ်ဆောင်ခြင်းသည် လူသားချင်းစာနာထောက်ထားမှု၏ ပထမဦးစားပေးကိစ္စဖြစ်ပြီး အသက်အန္တရာယ်ဆုံးရှုံးခြင်းမှ ကာကွယ်နိုင်ရန်အတွက် ထိုင်းအာဏာပိုင်များထံမှ သင့်တော်သည့်တုန့်ပြန်မှုများအား ပေးရန်လိုအပ်သည့် အချက်ဖြစ်သည်။ […] COVID–19 ရောဂါနှင့်ပတ်သက်၍ ပြည်သူ့ကျန်းမာရေးစိုးရိမ်မှုများနှင့် နိုင်ငံတော်လုံခြုံရေးကိစ္စရပ်များမှာ ဖြေရှင်း၍ရသောကိစ္စများဖြစ်ပြီး သင့်လျော်သည့် စီစစ်မှုများပြုလုပ်ပြီး စီမံခန့်ခွဲနိုင်သည့် ကိစ္စရပ်ဖြစ်သည်။ အကူအညီပေးရန် အဆင်သင့်ဖြစ်နေသော ကုလသမဂ္ဂအဖွဲ့များနှင့်လူသားချင်းစာနာထောက်ထားမှုအကူအညီပေးသည့် အဖွဲ့အစည်းများအား ပိတ်ပင်ဖယ်ကျဉ်ထားခြင်းထက် ထိုင်းနိုင်ငံအာဏာပိုင်များအနေဖြင့် ၎င်းတို့၏နည်းပညာဆိုင်ရာကျွမ်းကျင်မှုများနှင့် အရင်းအမြစ်များကိုအသုံးပြုပြီး ညှိနှိုင်းတုန့်ပြန်မှုများပြုလုပ်သင့်သည်။”[119]

KHRG မှရရှိထားသည့် အစီရင်ခံစာများအရ လေကြောင်းတိုက်ခိုက်မှုကြောင့် ထိုင်းနိုင်ငံအတွင်းသို့ နယ်စပ်ဖြတ်ကျော်လာသူများအနေဖြင့် ယခုအခါတွင် မြန်မာနိုင်ငံအတွင်းသို့ပြန်လည်နေထိုင်ကြသော်လည်း နေရပ်ရွှေ့ပြောင်းနေထိုင်မှုကို ဆက်လက်ကြုံတွေ့နေရဆဲဖြစ်သည်။ သို့သော်လည်း အခြားနေရာများတွင် ဖြစ်ပေါ်သည့်တိုက်ပွဲများသည် အခြားအစုအဖွဲ့များအား ထိုင်းနိုင်ငံအတွင်းခိုလှုံမှု ရှာဖွေစေသည်။ ဒူးပလာယာခရိုင်၊ ကော့တရိမြို့နယ်တွင် ၂၀၂၁ ခုနှစ် ဇွန်လ ၁ ရက်နှင့် ၂ ရက်နေ့များတွင် ဖြစ်ပေါ်ခဲ့သောတိုက်ပွဲများကြောင့် ရွာသား ၇၀၀ ကျော် ၎င်းတို့၏ဒေသများမှ ထွက်ပြေးခဲ့ပြီး ထိုအထဲမှ ၅၀၀ ခန့်မှာ ထိုင်းနိုင်ငံသို့ ထွက်ပြေးခဲ့ကြသည်။ ထိုပြည်တွင်း နေရပ်စွန့်ခွာထွက်ပြေးသူများက COVID–19 ရောဂါအခြေအနေများကြောင့် ၎င်းတို့အနေဖြင့် ထိုင်းနိုင်ငံအတွင်းရှိကျေးရွာများသို့ ဝင်ရောက်ခွင့်မရှိကြောင်း KHRG မှတ်တမ်းပြုစုသူများထံ ပြောပြခဲ့သည်။ လူအများအပြားမှာ မြစ်ကမ်းတစ်လျှောက်တွင်သာ နေထိုင်ခဲ့ရသည်။ ဂျဇ–––သို့ ထွက်ပြေးခဲ့သည့် ကလ–––ရွာသားများကိုမူ ထိုင်းအာဏာပိုင်များက ရွာအပြင်ဖက်ရှိ စားကျက်မြေများပေါ်တွင် နေထိုင်ခွင့်ပေးခဲ့ပြီး ဒေသခံများထံမှ အကူအညီအချို့ရရှိခဲ့သည်။[120]

118 ကမ္ဘာ့ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) မှ ၂၀၂၀ ခုနှစ်၊ မတ်လတွင် ထုတ်ဝေသော “Key Legal Considerations on access to territory for persons in need of international protection in the context of the COVID–19 response,” တွင်ကြည့်ပါ။

119 Fortify Rights မှ ၂၀၂၁ ခုနှစ်၊ မေလတွင်ထုတ်ဝေသော “Thailand: Prevent Pushbacks, Establish Protection Mechanisms for Refugees,” တွင်ကြည့်ပါ။

120 ကရင့်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လတွင်ထုတ်ဝေသော “Dooplaya District Interview: Fighting between SAC troops and other armed groups resulted in villagers’ displacement, Kaw T’Ree Township, Dooplaya District, June 1st 2021,” တွင်ကြည့်ပါ။




ဤပုံကို ၂၀၂၁ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့၌ ဒူးပလာယာခရိုင်၊ ကော့တရိမြို့နယ်၊ ခဗ--- ဒေသတွင် ရိုက်ယူခဲ့သည်။ ပုံတွင် ခရ--- ရွာမှ IDP များသည် အခြားရွာသားများဆီမှ ထောက်ပံ့မှုပစ္စည်းများကို လက်ခံရရှိနေသောပုံဖြစ်သည်။ *(ဓာတ်ပုံ – KHRG)*



ဤပုံကို ၂၀၂၁ခုနှစ်၊ ဇွန်လ ၂ရက်နေ့၌ ဒူးပလာယာခရိုင်၊ ကော့တရိမြို့နယ်၊ ဟအ--- ဒေသတွင် ရိုက်ယူခဲ့သည်။ ကလေးများအပါအဝင် ဟအ--- ရွာသားများသည် ၎င်းတို့ရွာတွင်တိုက်ပွဲဖြစ်ပွားသောကြောင့်ထိုင်းနိုင်ငံသို့ထွက်ပြေးတိမ်းရှောင်နေသောပုံဖြစ်သည်။ *(ဓာတ်ပုံ – ဒေသခံရွာသား)*

ခလယ်လွိထူခရိုင်အတွင်း တိုက်ပွဲများနှင့်ပစ်ခတ်မှုများကြောင့် နေရပ်စွန့်ခွာနေထိုင်မှုများ ရှိခဲ့သည်။ လယ်ဒိုမြို့နယ်၊ ခဲဒဲကျေးရွာအုပ်စု၊ တကော်ဒဲကျေးရွာမှ ရွာသား ၂၃၃ ဦးသည် မေလအလယ်ပိုင်းတွင် နေရပ်စွန့်ခွာထွက်ပြေးခဲ့ကြရသည်။ ဒေသအတွင်း IDP စခန်းများစွာရှိသော်လည်း အရေအတွက်အတိအကျကို KHRG ၏ ကွင်းမှတ်တမ်းပြုစုသူများအနေဖြင့် မသိရပါ။ အစီရင်ခံပြုစုသည့်အချိန်အတွင်း မိုးအပြင်းအထန်ရွာသွန်းမှုများကြောင့် ထိုကျေးရွာများတွင် သုံးရက်ခန့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည်။ ၎င်းတို့အား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရန်အတွက် မည်သည့်အဖွဲ့အစည်းမှ မလုပ်ဆောင်နိုင်ခဲ့ပါ။

အာဏာသိမ်းပြီးသည့်အချိန်မှစ၍တိုက်ပွဲများနှင့်ပစ်ခတ်မှုများကြောင့်လူထောင်ပေါင်းများစွာနေရပ်စွန့်ခွာနေထိုင်ခဲ့ရသည်။ အကြီးမားဆုံးအခက်အခဲမျိုးထဲမှတစ်ခုမှာ အကူအညီမရရှိနိုင်ခြင်းဖြစ်သည်။ COVID-19 ရောဂါအခြေအနေများနှင့် အာဏာသိမ်းပြီးနောက် လုံခြုံရေးမရှိခြင်းများကြောင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် အချို့ဒေသများတွင် လုပ်ငန်းဆောင်ရွက်နိုင်ခြင်း မရှိတော့ပါ။ ဒေသခံအဖွဲ့အစည်းများမှ ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်သူများအား အကူအညီပေးရန် ကြိုးပမ်းရာတွင် ဆန့်ကျင်မှုများကို ကြုံတွေ့ခဲ့ရသည်။ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့ တနင်္ဂနွေနေ့တွင် သံလွင်မြစ်ကမ်းဘေး မဲ့ခါးထစခန်းတွင်အခြေစိုက်သော စစ်ကောင်စီစစ်သားများသည် ရိက္ခာသယ်ယူနေသော လှေငါးစင်းကို ပစ်ခတ်ခဲ့သည်။ ထို့အတွက် ဒေသတွင်းရှိလှေသမားများမှာ သွားလာရန် ကြောက်ရွံ့လျက်ရှိသည်။ ကရင်သတင်းစဉ်မှ မေးမြန်းခဲ့သည့် လှေသမားတစ်ဦးက ဤသို့ပြောခဲ့သည်။ *"ကျွန်တော်တို့ပစ်သတ်ခံရမှာဆိုတော့ ဘယ်လှေမှမထွက်ရဲဘူး။ IDP တွေဆီကိုလည်း ရိက္ခာတွေမပို့ရဲဘူး။ အထောက်အပံ့တွေက ထိုင်းနိုင်ငံဘက်ခြမ်းမှာပဲ စုနေတယ်။ ထိုင်းနိုင်ငံဖက်ခြမ်းက လှေတွေက စစ်ကောင်စီစစ်သားတွေပစ်မှာကြောက်လို့ မြန်မာဖက်ကိုမလာရဲဘူး။"*[121] ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံး (OCHA)ကလည်း ဤသို့ဆိုသည်။ *"စစ်တပ်စစ်ဆေးရေးဂိတ်တွေနဲ့ မလုံခြုံမှုတွေက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အစီအစဉ်တွေကို နှောင့်ယှက်၊နှောင့်နှေးစေတဲ့အပြင် မိတ်ဖက်အဖွဲ့တွေပို့ပေးနိုင်တဲ့ အကူအညီအမျိုးအစားတွေကိုလည်း ကန့်သတ်ထားတယ်။ မြန်မာပြည်အရှေ့တောင်ပိုင်းမှာ နေရပ်ရွှေ့ပြောင်းနေထိုင်သူတွေအတွက် အစားအသောက်၊*

121 ကရင်သတင်းစဉ် (KIC) မှ ၂၀၂၁ ခုနှစ်၊ ဧပြီလတွင် ထုတ်ဝေသော "သံလွင်မြစ်အတွင်းသွားလာသည့်လှေများကို စစ်ကောင်စီတပ်ပစ်ခတ်မှုကြောင့် စက်လှေများရပ်နားထားရ" တွင်ကြည့်ပါ။

*ရေ၊ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး (WASH)နဲ့ ကျန်းမာရေးဆိုင်ရာ အဓိကလိုအပ်ချက်တွေက ပိုတိုးလာပေမယ့် ဝန်ထမ်းတွေအနေနဲ့ ခရီးသွားလာခွင့်ကန့်သတ်ခံရပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပစ္စည်းတွေ သယ်ယူပို့ဆောင်ရေးမှာ ကန့်သတ်မှုတွေရှိတဲ့အတွက် မဖြေရှင်းရသေးတာများတယ်။"*[122]

122 ကမ္ဘာ့ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းမှုရုံး (OCHA) မှ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေသော "Myanmar: Humanitarian Update No. 9," တွင်ကြည့်ပါ။

# အခန်း (၄) COVID–19 နှင့် အာဏာသိမ်းမှု

KHRG အနေဖြင့် မြန်မာပြည်အရှေ့တောင်ပိုင်း တိုင်းရင်းသားနယ်မြေများအတွင်း COVID–19 ရောဂါကူးစက်မှု အခြေအနေနှင့်ပတ်သက်ပြီး ရောဂါစစ်ဆေးမှု၊ အရင်းအမြစ်များနှင့် ထောက်ပံ့မှုများအားနည်းခြင်းနှင့်ပတ်သက်၍ အစီရင်ခံစာတစောင် ထုတ်ပြန်ခဲ့သည်။[123] ထိုအချိန်က KHRG မှ အာဏာသိမ်းပြီးနောက်တွင် ရောဂါစစ်ဆေးမှုများလျော့နည်းသွားခြင်း၊ ဆေးဘက်ဆိုင်ရာ အခြေခံထောက်ပံ့မှုများ ရပ်တန့်သွားခြင်းနှင့် ဆန္ဒပြပွဲများအား လူအစုအဝေးနှင့် တက်ရောက်မှု ပိုမိုများပြားလည်နိုင်သည့်အတွက်ကြောင့် အခြေအနေများ လျင်လျင်မြန်မြန်ဆိုးရွားလာနိုင်သည်နှင့်ပတ်သက်၍ စိုးရိမ်မှုကို ဖော်ပြခဲ့သည်။ ဇူလိုင်လအထိ မြန်မာနိုင်ငံကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန(MOHS)၏ ရောဂါစစ်ဆေးမှုနှင့် အစီရင်ခံမှုမရှိခြင်းက မြန်မာနိုင်ငံအတွင်း COVID–19 ရောဂါကူးစက်မှုပိုမိုမြင့်တက်နေပြီး ဆိုးရွားသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခက်အခဲကြုံတွေ့နေရခြင်းကို ဖုံးကွယ်နိုင်စွမ်းမရှိပါ။

(က) သတင်းမှားများ၏အကျိုးဆက်များ

၂၀၂၀ ခုနှစ်၊ ဧပြီလတွင် လူ့အခွင့်အရေးဖြင့် COVID–19 ရောဂါအတွက် တုန့်ပြန်ခြင်းနှင့် ပြန်လည်ကုစားခြင်းများ ပြုလုပ်နိုင်ပြီး ပြုလုပ်သင့်သည့်အကြောင်း မီးမောင်းထိုးတင်ပြထားသော အစီရင်ခံစာတစ်စောင်တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က “အချိန်မီ၊ မှန်ကန်တိကျပြီး အချက်အလက်ပြည့်စုံသည့် သတင်းအချက်အလက်များ လွတ်လပ်စွာစီးဆင်းမှု” လိုအပ်ကြောင်းကို အဓိကထားပြောခဲ့သည်။[124] ရောဂါစစ်ဆေးခြင်းနှင့် ခြေရာခံခြင်းများသည် အစိုးရ၏လက်ထဲတွင်သာရှိသည့်အတွက် အာဏာသိမ်းပြီးနောက်တွင် COVID–19 ရောဂါနှင့်ပတ်သက်သည့် မှန်ကန်တိကျပြီး အချိန်မီသတင်းအချက်အလက်များကို ရရှိရန် မဖြစ်နိုင်ခဲ့ကြောင်း KHRG အပါအဝင် အဖွဲ့အစည်းအများအပြားက ထောက်ပြခဲ့ပြီးဖြစ်သည်။ ပုဂ္ဂလိကဆေးရုံအချို့တွင် ရောဂါစစ်ဆေးမှုများ ပြုလုပ်ပေးသော်လည်း တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများအနေဖြင့် အခြားရောဂါစစ်ဆေးရေးကိရိယာများနှင့် NLD အစိုးရမှ အာဏာသိမ်းမှုမတိုင်မီရရှိထားသည့် ရောဂါပိုးစစ်ဆေးရေးပစ္စည်း (Rapid Antigen Tests) ၁ သန်းမှ စစ်ဆေးရေးကိရိယာ အနည်းငယ်ကိုသာ လက်လှမ်းမီခဲ့သည်။ အဓိကသတင်းအချက်အလက် အရင်းအမြစ်ဖြစ်သည့် MOHS မှ COVID–19 ရောဂါကူးစက်မှုနှင့် သေဆုံးမှုအရေအတွက်များအား ဆက်လက်ဖော်ပြလျက်ရှိသော်လည်း အာဏာသိမ်းပြီးနောက်တွင် ကျယ်ကျယ်ပြန့်ပြန့် စမ်းသပ်စစ်ဆေးမှုများအား လုံးဝရပ်တန့်ခဲ့သည်။ ကရင်ကျန်းမာရေးနှင့် ကယ်ဆယ်ရေးဌာနကဲ့သို့ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများအနေဖြင့်လည်း ဒေသတွင်း သတင်းအချက်အလက်များရရှိရန်နှင့် ဝန်ဆောင်မှုပေးနိုင်ရန်အတွက် MOHS မှ တင်ပြသည့် သတင်းအချက်အလက်များအပေါ်တွင် မှီခိုကြရသည်။ အာဏာသိမ်းပြီးနောက်ပိုင်းတွင် သတင်းအချက်အလက်များအား ဒေသအလိုက်တင်ပြခြင်းများ ရပ်ဆိုင်းသွားသည့်အတွက် တိုင်းရင်းသားကျန်းမာရေးဌာနများအနေဖြင့် ၎င်းတို့၏လုပ်ရှားရာနယ်မြေဒေသအတွင်း ရောဂါဖြစ်ပွားသည့်နှုန်းကို တိတိကျကျသိရှိနိုင်ရန် မဖြစ်နိုင်တော့ပေ။

အာဏာသိမ်းမှု ကြေညာပြီးသည့်အချိန်မှစ၍ ကျေးလက်ဒေသများတွင် ရောဂါပိုးပျံ့နှံ့မှုမရှိစေရန်အတွက် ရွာသားများအား ကာကွယ်ပေးရန် ချမှတ်ထားသည့် ကာကွယ်ရေးအစီအစဉ်အများစုအား လိုက်နာမှုမရှိခြင်းနှင့်ပတ်သက်သည့် အစီရင်ခံစာများကို KHRG မှ လက်ခံရရှိခဲ့သည်။ KHRG မှ အာဏာသိမ်းပြီးနောက် အချိန်တိုအတွင်း ရိုက်ကူးထား သောဓါတ်ပုံများနှင့် ထုတ်ဝေထားသည့် COVID–19 ရောဂါနှင့်ဆိုင်သည့် အစီရင်ခံစာများအတွင်း ဖော်ပြထားသော ဓါတ်ပုံများတွင်ပါရှိသကဲ့သို့ စစ်ဆေးရေးဂိတ်များအား စွန့်ပစ်ထားခြင်းပင်မဟုတ်ပဲ ဖျက်သိမ်းလိုက်ခြင်း

123 ကရင့်လူ့အခွင့်အရေးအဖွဲ့(KHRG)မှ ၂၀၂၁ ခုနှစ်၊ မေလတွင်ထုတ်ဝေသော “ချန်လုပ်ခံရသူများ မြန်မာပြည်အရှေ့တောင်ပိုင်းကျေးလက်ဒေသရှိ တိုင်းရင်းသားလူနည်းစုများနှင့် ကိုဗစ်–၁၉ တုန့်ပြန်မှုများ,” တွင်ကြည့်ပါ။

124 ကမ္ဘာ့ကုလသမဂ္ဂ (UN) မှ ၂၀၂၀ ခုနှစ်၊ ဧပြီလတွင် ထုတ်ဝေသော “COVID–19 and Human Rights: We are all in this together,” တွင်ကြည့်ပါ။

ဖြစ်သည်။[125] ဘားအံခရိုင်၊ တာကရယ်(ပိုင်ကျုံ)မြို့နယ်၊ ဂဇ---ကျေးရွာအုပ်စု ဖဂျ---ကျေးရွာမှ လူငယ်ခေါင်းဆောင်တစ်ဦးဖြစ်သော အသက် ၂၉ နှစ်အရွယ် စောဘဘ---က KHRG နှင့် မတ်လတွင်ပြုလုပ်ထားသည့် တွေ့ဆုံမေးမြန်းမှုတွင် ဤကဲ့သို့ပြောခဲ့သည်။ *"အခုဆိုလူတွေက COVID–19 ရောဂါကို မကြောက်ကြတော့ဘူး။ လူတွေက စစ်အာဏာသိမ်းမှုကို ပိုကြောက်တယ်။"* ဤသို့သောသဘောထားသည် လူအများအပြားတွင် ရှိပုံပေါ်သည်။ ဒူးပလာယာခရိုင်၊ နိုတကောမြို့နယ်၊ ဂခ---ကျေးရွာအုပ်စု၊ ဒစ---ကျေးရွာမှ ကျေးရွာအတွင်းရေးမှူးက ၎င်းအနေဖြင့် လူထုကြားထဲသို့သွားသည့်အခါတွင် နှာခေါင်းစည်းတပ်သော်လည်း ၂၀၂၁ ခုနှစ်၊ ဧပြီလတွင် ၎င်းမှ ဤသို့ဝန်ခံခဲ့သည်။ *"အာဏာသိမ်းပြီးနောက် ကျွန်တော်တို့ရွာမှာကော နိုင်ငံအနေနဲ့ကော COVID–19 နဲ့ပတ်သက်ပြီး မစဉ်းစားကြတော့ဘူး။ ကျွန်တော်ကိုယ်တိုင်လည်း အဲ့ဒီအကြောင်းကို မတွေးတော့ဘူး။"*

အာဏာသိမ်းမှုသည် အဓိကအရေးကြီးသည့် စိုးရိမ်ဖွယ်အရာတစ်ခုဖြစ်သော်လည်း စစ်ကောင်စီမှ အာဏာသိမ်းပြီးနောက် COVID–19 ရောဂါနှင့်ပတ်သက်၍ တိကျမှန်ကန်သည့် သတင်းအချက်အလက်မရှိခြင်းက COVID–19 ရောဂါအား ရွာသားများအနေဖြင့် စိုးရိမ်ရန်မလိုတော့သော အရာတစ်ခုအဖြစ် ခံစားသွားရစေသည်။ ဘားအံခရိုင်၊ တာကရယ်(ပိုင်ကျုံ)မြို့နယ်၊ ဖဂျ---ကျေးရွာမှ စောဘဘ---က ဤသို့မှတ်ချက်ချခဲ့သည်။ *"COVID–19 ရောဂါကူးစက်မှုနည်းလာပြီး။"* ၎င်းက ယခုအချိန်တွင် နှာခေါင်းစည်းများအား ဖုန်မှုန့်ရှူမိခြင်းမှ ကာကွယ်ရန်သာ သုံးလေ့ရှိသည်ဟု ထပ်လောင်းပြောခဲ့သည်။ *"ရောဂါကနည်းသွားပြီဆိုတော့ လူတွေက နှာခေါင်းစည်းသိပ်မတပ်တော့ဘူး။ ဒါပေမယ့် တချို့လူတွေကတော့ လူများတဲ့နေရာသွားရင် တပ်သေးတယ်။ ခရီးသွားတဲ့အခါ လမ်းမှာဖုန်အရမ်းများရင် ကျွန်တော်တို့ကိုယ်ကိုကာကွယ်ဖို့ တပ်ရတယ်။"* ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တစ်ရက်လျှင် လူနာ ၁,၂၀၀ ဦးကိုသာ စစ်ဆေးပေးသည့်အတွက် (ယခင်အာဏာသိမ်းမှုမတိုင်မီက တစ်ရက်လျှင်လူပေါင်း ၁၇,၀၀၀ ကျော်ကို စစ်ဆေးပေးခဲ့သည်နှင့်နှိုင်းယှဉ်လျှင်)[126] အရေအတွက်မှာ အလွန်နည်းပါးပြီး လက်တွေ့အခြေအနေကို ထင်ဟပ်နေခြင်းမရှိပါ။ ထို့အတွက်ကြောင့် ရွာသားများအနေဖြင့် အာဏာသိမ်းပြီးနောက်ပိုင်းလများတွင် COVID–19 ရောဂါအားထိန်းချုပ်လိုက်နိုင်သည်ဟု ယုံကြည်သည်မှာ အံ့ဖွယ်မဟုတ်ပါ။ အထူးသဖြင့် ကျေးလက်ဒေသများနှင့် ဝေးလံသောကျေးရွာများတွင် အာဏာသိမ်းမှုမတိုင်မီက မြို့ပေါ်တွင်ဖြစ်ပျက်ခဲ့သည့် ဆိုးရွားသော ရောဂါကူးစက်မှုများအား ထိန်းသိမ်းထားနိုင်ပြီး အခြားဒေသများသို့ ဆက်လက်ပျံ့ပွားခြင်းမရှိတော့ကြောင်း ယုံ ကြည်ကြသည်။ အာဏာသိမ်းပြီးနောက်ပိုင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ရောဂါကူး စက်ပျံ့ပွားမှုနှုန်းများနှင့် ရွာသားများ၏ ရောဂါပျံ့ပွားမှုနှုန်း လျော့နည်းလာသည်ဟူသည့် နားလည်မှုမှာ ကိုက်ညီ မှုရှိသည်။ ဤမမှန်ကန်သည့် သတင်းအချက်အလက်များသည် ကျေးလက်ဒေသရှိရွာသားများအား ရောဂါဖြစ်ပွား မှုကို တုန့်ပြန်ရာတွင် နစ်နာမှုဖြစ်စေသည်။

ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့(UNESCO)၏ သတင်းအချက်အလက်ရရှိရေးဆိုင်ရာ အစီရင်ခံစာတွင် စာရေးသူများအနေဖြင့် မှန်ကန်သည့်သတင်းအချက်အလက်ရရှိရေး၏အရေးပါပုံကို ထောက်ပြခဲ့သည်။ "COVID–19 ရောဂါကူးစက်မှုက ဘေးအန္တရာယ်ကျရောက်နေသည့် ကာလများတွင် သတင်းအချက်အလက်ရရှိရေးသည် ပိုမိုအရေးပါကြောင်း မီးမောင်းထိုးပြခဲ့သည်။ မှန်ကန်သည့် သတင်းအချက်အလက်များအား အချိန်နှင့်တပြေးညီရရှိခြင်းက လူများအား ၎င်းတို့ကိုယ်တိုင် သို့မဟုတ် ၎င်းတို့၏မိသားစုများအတွက် ပိုမိုလုံခြုံသည့် ရွေး

[125] ကရင့်လူ့အခွင့်အရေးအဖွဲ့(KHRG)မှ ၂၀၂၁ခုနှစ်၊ မေလတွင်ထုတ်ဝေသော "ချန်လှပ်ခံရသူများ မြန်မာပြည်အရှေ့တောင်ပိုင်းကျေးလက်ဒေသရှိ တိုင်းရင်းသားလူနည်းစုများနှင့် ကိုဗစ်–၁၉ တုန့်ပြန်မှုများ," တွင်ကြည့်ပါ။

[126] Reuters မှ ၂၀၂၁ ခုနှစ်၊ မေလတွင်ထုတ်ဝေသော "Myanmar COVID–19 outbreak hits health system shattered after coup," တွင်ကြည့်ပါ။

ချယ်မှုများ ပြုလုပ်နိုင်ရန်ကူညီပေးပြီး အစိုးရအနေဖြင့်လည်း လူထုစိတ်ဝင်စားသည့် သတင်းအချက်အလက်များကိုကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေပေးရန်နှင့်မှားယွင်းသည့်သတင်းများထုတ်ပြန်နေမှုကိုဖြေရှင်းရန်တာဝန်ရှိသည်။"[127]

(ခ) ကျန်းမာရေးလက်လှမ်းမီနိုင်မှုအားနည်းခြင်း

မြို့နယ်ပေါင်း ၃၃၀ မှ ၂၉၆ မြို့နယ်သည် COVID–19 ရောဂါကူးစက်ပျံ့ပွားခဲ့ပြီး နိုင်ငံ၏လူဦးရေ ၉၀ ရာခိုင်နှုန်းခန့် ကူးစက်ခံရပြီးနောက် COVID–19 ရောဂါကူးစက်မှုများ မြင့်တက်လာကြောင်းနှင့်ပတ်သက်သည့် အစီရင်ခံစာများသည် ၂၀၂၁ ခုနှစ်၊ မေလနှင့်ဇွန်လအတွင်း စတင်ပေါ်ထွက်လာခဲ့သည်။ သတင်းဌာနများက "တတိယလှိုင်း" နှင့် ပတ်သက်၍ ဇူလိုင်လမှသာ စတင်ပြောဆိုကြသည်။[128] COVID–19 ရောဂါဖြစ်ပွားနှုန်း၏ ထင်ရှားစွာပိုမိုမြင့်တက်လာခြင်းက စစ်ကောင်စီ၏ မှားယွင်းစွာကိုင်တွယ်ဖြေရှင်းခြင်းကို ဦးတည်စေသည်။ စစ်ကောင်စီအနေဖြင့် မမှန်ကန်သည့် သတင်းအချက်အလက်များကိုသာ ဆက်လက်တင်ပြနေခြင်းသာမကပဲ အရင်းအမြစ်နှင့် ဝန်ဆောင်မှုပေးခြင်းများ လက်လှမ်းမီရေးကို ကန့်သတ်လိုက်ပြီး အဓိကလုပ်ငန်းဆောင်ရွက်သူများမှ ဗိုင်းရပ်စ်ပိုး ကူးစက်ပျံ့နှံ့မှုအား ထိန်းချုပ်ရန်နှင့် မြန်မာနိုင်ငံသားများလိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများအား ကူညီဖြေရှင်းပေးခြင်းများကိုလည်း ဟန့်တားခဲ့သည်။

KHRG မှ ကျေးရွာများတွင် COVID–19 ရောဂါ ကူးစက်ခံရမှုများနှင့်ပတ်သက်သည့် အစီရင်ခံမှုများကိုလည်း ဇူလိုင်လမှစတင်၍ တိုးမြင့်လက်ခံရရှိခဲ့သည်။ ကျေးလက်ဒေသများတွင် ရောဂါကူးစက်မှုနှုန်းတိုးမြင့်လာသည်နှင့်အမျှ KNU အနေဖြင့် ကရင်ပြည်နယ်အတွင်း ရောဂါကူးစက်မှုနှုန်း လျှော့ချရန်အတွက် ခရီးသွားလာမှုကန့်သတ်ခြင်းများအား ပိုမိုတိုးမြင့်လုပ်ဆောင်လာသော်လည်း စစ်ကောင်စီ၏ဆန့်ကျင်မှုများကို ကြုံတွေ့လာရသည်။ ဇူလိုင်လ ၁၃ ရက်နေ့တွင် KNU ၏ ၁၄ ရက်တာ လမ်းပိတ်ခြင်းနှင့် ၎င်းမှခွင့်ပြုထားသည့် COVID–19 ရောဂါစစ်ဆေးရေးဂိတ်ထားရှိခြင်းအား လက်မခံကြောင်း စစ်ကောင်စီမှ KNU ထံ ကန့်ကွက်စာပို့ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ထိုလုပ်ဆောင်ချက်များက ဒေသအတွင်း စစ်ကောင်စီစစ်သားများ၏ လှုပ်ရှားမှုအပေါ်တွင် သက်ရောက်မှုရှိနိုင်သည့်အတွက် ဖြစ်သည်။[129] ဇူလိုင်လ ၁၇ ရက်နေ့တွင် BGF အမှတ် ၁၀၁၄ မှ ဒူးသထူခရိုင်၊ ဘားအံမြို့နယ်ရှိ စစ်ဆေးရေးဂိတ်များကို ဖျက်စီးခဲ့သည်။[130] တပ်မတော်မှ ထိုလုပ်ဆောင်မှုများကို ရောဂါကူးစက်မှုအစပိုင်းတွင်လည်း လုပ်ခဲ့သေးသည်။[131] စစ်ကောင်စီ၏ ထိုသို့သောလုပ်ဆောင်မှုများက ကျေးလက်တိုင်းရင်းသားဒေသများသို့ COVID–19 ရောဂါပျံ့နှံ့မှုကို ပိုမိုဆိုးရွားလာစေသည်။ ထိုဒေသများသည် စစ်ဆေးရေးကိရိယာများ အလွယ်တကူမရနိုင်သောနေရာများဖြစ်ပြီး COVID–19 ရောဂါကာကွယ်ရေးပစ္စည်းများနှင့် အရင်းအမြစ်များ ရှားပါးသောနေရာ

127 United Nations Educational, Scientific and Cultural Organization (UNESCO) မှ ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေသော "The Right to Information in Times of Crisis: Access to Information – Saving Lives, Building Trust, Bringing Hope!,," တွင်ကြည့်ပါ။

128 ဧရာဝတီမှ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လတွင်ထုတ်ဝေသော "Myanmar's Third Wave of COVID–19 Spreads to Almost 90% of Townships," တွင်ကြည့်ပါ။

129 ကရင်သတင်းစဉ်(KIC)မှ ၂၀၂၁ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေသော "Karen Health Officials Vow to Continue its COVID–19 Responses, Despite Military Council Objections," တွင်ကြည့်ပါ။

130 ကရင့်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ ၂၀၂၀ ခုနှစ်၊ ဇွန်လတွင် ထုတ်ဝေသော "မူတြော်ခရိုင်ဒေသတွင် အစီရင်ခံစာ– ဒွယ်လိုးမြို့နယ်တွင်း တပ်မတော်မှ KNPF ချထားသည့် ကိုဗစ်–၁၉ ကျန်းမာရေးစစ်ဆေးရေးဂိတ်များကို ဖျက်ဆီးခြင်းကြောင့် တပ်မတော်နှင့် KNLA အကြား ပစ်ခတ်မှုများဖြစ်ပွား (၂၀၂၁ ခုနှစ်၊ မေလ)," ကရင့်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေသော "Southeast Myanmar Field Report: COVID–19, armed conflict, landmines and sexual violence, January to June 2020", ကရင့်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ ၂၀၂၀ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ဝေသော "Delayed and Uneven: COVID–19 Response in Rural Southeast Myanmar, March to June 2020," တွင်ကြည့်ပါ။

131 Ibid.

များဖြစ်သည့်အတွက် ထိုသို့သောလုပ်ဆောင်ချက်များက ဒေသအတွင်းရှိ ပြည်သူများအား အသက်အန္တရာယ် ခြိမ်းခြောက်နိုင်သည့် COVID–19 ရောဂါ၏ အကျိုးဆက်ကို ပိုမိုထိခိုက်ခံစားစေသည်။

ခရီးသွားလာမှု ကန့်သတ်ချက်များက COVID–19 ရောဂါကူးစက်မှုနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ ရရှိရန်ခက်ခဲစေသော်လည်း နေရာအတော်များများတွင် ရွာသားများအနေဖြင့် ဖျားနာခြင်းနှင့် အနံ့ပျောက်ခြင်းများ ခံစားနေရသော်လည်း ရောဂါစစ်ဆေးမှုခံယူရန် မတတ်နိုင်ခဲ့ကြောင်း KHRG ၏ သတင်းမှတ်တမ်းပြုစုသူများက ဖော်ပြခဲ့သည်။ ကရင့်ကျန်းမာရေးနှင့်ကယ်ဆယ်ရေးဌာန(KDHW)မှ စစ်ဆေးရေးဂိတ်များတွင် ရောဂါစစ်ဆေးမှုများ ပိုမိုတိုးမြှင့်လုပ်ဆောင်ပေးသော်လည်း အချို့ရွာသားများမှာ ထိုနေရာသို့ရောက်အောင် မသွားနိုင်ခဲ့ပေ။ အချို့ရွာသားများမှာမူ COVID–19 ရောဂါ စစ်ဆေးမှုမလုပ်ရန် ရွေးချယ်ခဲ့ကြသည်။ ၎င်းတို့အနေဖြင့် ရာသီတုတ်ကွေးလက္ခဏာများအဖြစ်သာ မှတ်ယူကြပြီး ရောဂါကူးစက်ခံရသည်ကို ကွဲကွဲပြားပြားမသိပဲ အများအားဖြင့် နေအိမ်များ၌သာ တိုင်းရင်းဆေးဝါးများဖြင့် ကုသခဲ့ကြသည်။ သို့သော်လည်း ရွာသားများအနေဖြင့် ရောဂါစစ်ဆေးမှုမခံယူပါက ဒေသတွင်းအခြေအနေကို တိတိကျကျသိရှိရန်မှာ ခက်ခဲသည်။ ထိုအခြေအနေက ဒေသခံများ၏ ရောဂါကာကွယ်တားဆီးရေးနှင့် ပတ်သက်သည့် လိုအပ်ချက်ကို ဖြေရှင်းပေးရန်အတွက် ကြိုးပမ်းမှုအား အဟန့်အတား ဖြစ်စေသည်။

အမျိုးသားညီညွတ်ရေးအစိုးရ(NUG)၏ ကျန်းမာရေးဝန်ကြီးဌာနမှ လူပေါင်း ၂၅၀၀၀ ကျော်အား စစ်တမ်းကောက်ရာတွင် ၂၀၂၁ ခုနှစ်၊ ဇွန်လမှ ဩဂုတ်လအထိ COVID–19 ရောဂါကြောင့် သေဆုံးမှုနှုန်းသည် ၇.၂ ရာခိုင်နှုန်းရှိသော်လည်း စစ်ကောင်စီ၏ဖော်ပြချက်မှာ ၃.၇ ရာခိုင်နှုန်းသာ ရှိသည်။[132] COVID–19 ရောဂါသံသယရှိလူနာများတွင် ၅ ရာခိုင်နှုန်းသာလျှင် ကျန်းမာရေးစောင့်ရှောက်မှု ရရှိခဲ့ကြောင်း၊ ၃၄ ရာခိုင်နှုန်းမှာ အွန်လိုင်းဝန်ဆောင်မှုမှတစ်ဆင့်ရရှိကြောင်းနှင့် ၂၁ ရာခိုင်နှုန်းမှာ အိမ်တွင်သာကုသကြောင်း ထိုစစ်တမ်းမှ သိရှိခဲ့ရသည်။ COVID–19 ရောဂါနှင့်သက်ဆိုင်၍ သေဆုံးသူ ၇၃ ရာခိုင်နှုန်းသည် အိမ်တွင်သေဆုံးခြင်းဖြစ်ပြီး ၁၇ ရာခိုင်နှုန်းသာ ဆေးရုံတွင်သေဆုံးခြင်းဖြစ်သည့်အတွက် ဆေးရုံများမှစောင့်ရှောက်မှုမရရှိခြင်းက COVID–19 ရောဂါနှင့်သက်ဆိုင်၍ သေဆုံးခြင်းအတွက် အဓိကအချက်ဖြစ်လာသည်ကို သိရှိရသည်။

KHRG လွှမ်းခြုံထားသည့် ဒေသရှိဆေးခန်းများနှင့် ဆေးရုံအမြောက်အများသည် အာဏာသိမ်းပြီးနောက်ပိုင်းတွင် ပိတ်သိမ်းလိုက်ရသည်။ စစ်ကောင်စီမှ CDM တွင်ပါဝင်သည့် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအနေဖြင့် ၎င်းတို့၏လုပ်ငန်းပိုင်းဆိုင်ရာ ကျမ်းကျိန်ဆိုမှုများကိုချိုးဖောက်ပြီး လူနာများအားစွန့်ပစ်ထားသည်ဟု[133] စွပ်စွဲခဲ့သော်လည်း အဖမ်းဆီးခံရရန် ကြောက်ရွံ့ခြင်းနှင့် ခြိမ်းခြောက်မှုများက ၎င်းတို့ကိုအလုပ်သို့ပြန်လာရန် ခက်ခဲစေသည်။ ဤအစီရင်ခံစာတွင် မီးမောင်းထိုးပြထားသကဲ့သို့ CDM တွင်ပါဝင်သော ကျန်းမာရေးလုပ်သားများသည် ဒေသခံပြည်သူများ၏ ကျန်းမာရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်အတွက် ပြင်ပဆေးကုသမှုပေးခြင်းနှင့် ပုဂ္ဂလိကဆေးပေးခန်းများတွင် အလုပ်လုပ်ခြင်းများ ပြုလုပ်ကြသော်လည်း စစ်ကောင်စီမှ ပုဂ္ဂလိကဆေးပေးခန်းများတွင် အလုပ်လုပ်သည့် ကျန်းမာရေးလုပ်သားများအား ဖိနှိပ်အရေးယူမှုများဆောင်ရွက်သည့်အတွက် ထိုသို့လုပ်ဆောင်ခြင်းက ကျန်းမာရေးဝန်ထမ်းများအပေါ် အန္တရာယ်ပိုမိုကျရောက်စေသည်။

ကုလသမဂ္ဂမှ “ဤကူးစက်ရောဂါသည် ဒီမိုကရေစီအဖွဲ့အစည်းများအား ပြိုလဲစေခြင်း၊ တရားဝင်သဘောထားကွဲလွဲမှုများ သို့မဟုတ် စိတ်ပျက်အားလျော့သူများ၊ ဤလက်ရှိအခက်အခဲမှကျော်လွှန်ပြီးနောက် ကွန်ုပ်တို့အတူ

[132] အမျိုးသားညီညွတ်ရေးအဖွဲ့၊ ကျန်းမာရေးဝန်ကြီးဌာနမှ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ နောက်ဆုံးလက်ခံရရှိပြီး ထုတ်ဝေသော “Assessment on COVID–19 During Third Wave by MOH, NUG,” တွင်ကြည့်ပါ။

[133] Frontier Myanmar မှ ၂၀၂၁ ခုနှစ်၊ မတ်လတွင်ထုတ်ဝေသော “Striking health staff boycott COVID–19 jabs as the CDM grows,” Myanmar Now မှ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင်ထုတ်ဝေသော “Frontline workers in Myanmar’s health crisis vow to keep up pressure on the regime,” တွင်ကြည့်ပါ။

အသက်ရှင်ရမည့် လက်လှမ်းမမီနိုင်သည့် အကျိုးဆက်များရှိလာစေနိုင်သည်။” ဟု ထောက်ပြခဲ့သည်။[134] ဤအရာသည် အာဏာသိမ်းပြီးနောက်ပိုင်း ကျွန်ုပ်တို့ တိတိကျကျမြင်တွေ့ရသည့် မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသောအရာများဖြစ်သည်။ ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်ခြင်း အထူးသဖြင့် ပုဒ်မ ၅၀၅ နှင့် ၁၂၄ တို့ကိုပြင်ဆင်ခြင်းသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ နိုင်ငံတော်ပုန်ကန်မှုနှင့် ဆူပူအုံကြွမှုများနှင့်သက်ဆိုင်သည်။ စစ်ကောင်စီမှ ငြိမ်းချမ်းစွာဆန္ဒပြနေသူများ၊ CDM တွင် ပါဝင်သူများအား ဖမ်းဆီးရန်နှင့် တရားစွဲရန်ပိုမိုလွယ်ကူအောင် ပြုလုပ်ခြင်းဖြစ်သည်။ ဆေးဘက်ဆိုင်ရာပညာရှင်အများအပြားသည် ယခုအခါတွင် ထောင်ဒဏ်သုံးနှစ် ချမှတ်ခံကြရမှုများနှင့် ရင်ဆိုင်နေကြရသည်။ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် အဖမ်းဆီးခံထားရဆဲဖြစ်သော ဆေးဘက်ဆိုင်ရာပညာရှင် ၆၇ ဦးနှင့်ပတ်သက်၍ AAPP မှမှတ်တမ်းတင်ထားသည်။ (ထိုအထဲတွင် ယခင်ကထောင်ဒဏ်ချမှတ်ခံထားရသူများ မပါဝင်ပါ။)[135] ရောဂါကူးစက်ခံထားရသူများအား ကုသပေးရာတွင် ပါဝင်ကူညီခြင်း သို့မဟုတ် ရောဂါကူးစက်မှုအား ထိန်းချုပ်ရာတွင်ပါဝင်ခြင်းထက် ဤဆေးဘက်ဆိုင်ရာ ပညာရှင်များကိုယ်တိုင် ရောဂါပိုးကူးစက်ခံရနိုင်ချေမြင့်မားလျက်ရှိပြီး သင့်တော်သည့်ကျန်းမာရေးစောင့်ရှောက်မှုများလည်း မရရှိကြပါ။ ဤသို့ ထောင်ထဲမှအခြေအနေများအား ဆွေးနွေးရာတွင် စစ်အာဏာသိမ်းအစိုးရသည် COVID-19 ရောဂါအား စစ်ပွဲလက်နက်သဖွယ် အသုံးပြုခဲ့ကြောင်း AAPP မှပြောသည်။[136]

စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်(ICESCR)တွင် မြန်မာနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ထိုစာချုပ်အရ ကျန်းမာရေးစောင့်ရှောက်မှုရရှိခွင့်ကို နိုင်ငံတော်အနေဖြင့် “ကပ်ရောဂါ၊ အဖြစ်များသောရောဂါများ၊ လုပ်ငန်းခွင်ပိုင်းဆိုင်ရာရောဂါနှင့် အခြားရောဂါများကို ကာကွယ်၊ ကုသ၊ ထိန်းချုပ်ပေးရမည်။” ထို့အပြင် “ဖျားနာသည့်အခါများတွင် ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုနှင့် ဆေးဝါးကုသမှုပေးရမည်။”[137] ကျန်းမာရေးဆိုင်ရာအခွင့်အရေးများတွင် ကျန်းမာရေးစောင့်ရှောက်မှုများ၊ ကျန်းမာရေးဆိုင်ရာအဆောက်အအုံများနှင့် ပစ္စည်းများလုံလုံလောက်လောက်ရှိပြီး ခွဲခြားဆက်ဆံခြင်းမရှိပဲ အားလုံးအတွက် လက်လှမ်းမီရမည်။ သို့သော်လည်း ညမထွက်ရအမိန့်များသည် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုခံယူရန်အတွက် ခရီးသွားလာခွင့်ကို တားမြစ်ထားပြီး ဆန္ဒပြပွဲတွင်ပါဝင်သူများနှင့် CDM တွင်ပါဝင်သူများအနေနှင့်လည်း ဆေးကုသမှုခံယူနိုင်ခြင်းကို ပိတ်ပင်ခံကြရသည်။[138]

(ဂ) ကာကွယ်ဆေးထိုးခြင်း

အာဏာသိမ်းမှုမတိုင်မီ NLD အစိုးရသည် COVID-19 ရောဂါကာကွယ်ဆေးများရရှိရန် ကြိုးစားခဲ့ပြီး ကာကွယ်ဆေးထိုးရန် အစီအစဉ်များ ချမှတ်ခဲ့သည်။ KHRG အနေဖြင့် ဤအစီအစဉ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အုပ်ချုပ်မှုအောက်ရှိဒေသများ ပါဝင်နိုင်မှုနှင့်ပတ်သက်၍ သတင်းအချက်အလက်များ မရရှိခဲ့ပေ။ မကြာသေးမီက ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းမှုများအရ ကာကွယ်ဆေးထိုးခြင်းများကို ကျေးလက်ဒေသများတွင်လည်း ပြုလုပ်မည့်အစီအစဉ်ရှိသော်လည်း ထိုအထဲတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အုပ်ချုပ်မှုအောက်တွင်ရှိသော ဒေသများပါဝင်ခြင်းရှိမရှိမှာ ရှင်းလင်းမှုမရှိသေးပါ။ ထို့အပြင် ယခုအချိန်တွင် စစ်အစိုးရမှ

134 ကမ္ဘာ့ကုလသမဂ္ဂ (UN) မှ ၂၀၂၀ ခုနှစ်၊ ဧပြီလတွင် ထုတ်ဝေသော “COVID-19 and Human Rights: We are all in this together,” တွင်ကြည့်ပါ။

135 နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေသော “COVID, Coup and Medics,” တွင်ကြည့်ပါ။

136 နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေသော “Emergency Release: COVID-19 in Burma’s Prisons,” တွင်ကြည့်ပါ။

137 ကမ္ဘာ့ကုလသမဂ္ဂ(UN)မှ ၁၉၇၆ ခုနှစ်၊ ဇန်နဝါရီလတွင်ထုတ်ဝေသော “International Covenant on Economic, Social and Cultural Rights,” တွင်ကြည့်ပါ။

138 CIVICUS မှ ၂၀၂၁ ခုနှစ်၊ မေလတွင် ထုတ်ဝေသော “Myanmar: ‘The military turned medical workers from heroes to criminals overnight,” တွင်ကြည့်ပါ။

ဤလုပ်ငန်းစဉ်အား ပြန်လည်တာဝန်ယူထားသည့်အတွက် စစ်တပ်အား အယုံအကြည်မရှိသဖြင့် ကျေးလက်ဒေသရှိ ရွာသားများမှ ကာကွယ်ဆေးထိုးရန် ငြင်းဆန်လျက်ရှိနေကြောင်း သိရသည်။

ဒူးပလာယာခရိုင်ရှိ ရောနှောထိန်းချုပ် နယ်မြေဒေသတွင်နေထိုင်သော စောအဒ---က ဤသို့ပြောခဲ့သည်။ *"စစ်အစိုးရက COVID-19 ကာကွယ်ဆေးထိုးပေးဖို့ လာစီစဉ်ကြပြီး ရွာသားတွေရဲ့အမြင်ကို သူတို့ကမေးတယ်။ ရွာသားအားလုံးကလည်း တကယ်လို့ဒီဆေးထိုးတာကို စစ်အာဏာရှင်ကလုပ်ပေးတဲ့အတွက် သူတို့အနေနဲ့ လုံးဝထိုးကြမှာမဟုတ်ဘူးလို့ပြောတယ်။ သူတို့ရဲ့ တုန့်ပြန်ချက်အရ ရွာသားတွေ ဘယ်ဖက်ကိုရွေးလဲဆိုတာ တွေ့နိုင်တယ်။"*

KNU ထိန်းချုပ်နယ်မြေအတွင်းရှိ ဖဂျ---ကျေးရွာမှ စောဘဘ---က *"တခါက ကျွန်တော်တို့(ကျေးရွာ)ကော်မတီအဖွဲ့ဝင်တွေကို ဆေးရုံမှာကာကွယ်ဆေး လာထိုးဖို့ပြောသေးတယ်။ ဒါပေမယ့် ကျွန်တော်ကမထိုးဘူးလို့ပြောလိုက်တယ်။ ဒါကြောင့် တခြားလူတွေလည်း ကာကွယ်ဆေးမထိုးရတော့ဘူး။ ကာကွယ်ဆေးတွေကို ဒီနေရာကိုကောင်းကောင်းပို့လိုက်တာဆိုပေမယ့် မြန်မာစစ်တပ်က တခြားဆေးတွေနဲ့ ရောလိုက်မှာကိုစိုးတယ်။ [...].ဒါကြောင့် ဘယ်သူမှ ကာကွယ်ဆေးမထိုးရဲဘူး။"*

ကုလသမဂ္ဂမှ COVID-19 ရောဂါနှင့် လူ့အခွင့်အရေးအခြေအနေများနှင့် ပတ်သက်ပြီး ၎င်း၏အစီရင်ခံစာတွင် ထောက်ပြသကဲ့သို့ *"ထိရောက်မှုအရှိဆုံးတုန့်ပြန်မှုမှာ လူများယုံကြည်ရသည့် အရင်းအမြစ်ကလာသော မှန်ကန်၊ ရှင်းလင်း၍ သက်သေခိုင်လုံမှုရှိသည့် သတင်းအချက်အလက်များသာ ဖြစ်သည်။"* [139]ထို့နည်းတူစွာ COVID-19 ရောဂါအားတုန့်ပြန်မှုများတွင် ထိရောက်မှုရှိစေရန်အတွက် ရွာသားများယုံကြည်ရသည့် စစ်တပ်နှင့်လုံးဝပတ်သက်မှုမရှိသော လမ်းကြောင်းများမှတစ်ဆင့် ဆောင်ရွက်ရမည်ဖြစ်သည်။

[139] ကမ္ဘာ့ကုလသမဂ္ဂ(UN)မှ ၂၀၂၀ခုနှစ်၊ ဧပြီလတွင် ထုတ်ဝေသော "COVID-19 and Human Rights: We are all in this together," တွင်ကြည့်ပါ။

# အပိုင်း (၃) ပိုမိုကျယ်ပြန့်သည့်သက်ရောက်မှုများနှင့်အမြင်သဘောထားများ

## အခန်း (၅) ငြိမ်းချမ်းရေး၊ဒီမိုကရေစီနှင့်ဖွံ့ဖြိုးမှုများအားစိန်ခေါ်ခြင်း

အာဏာသိမ်းခြင်းသည် မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများ၏ နေ့စဉ်ဘဝများအပေါ် ဆိုးရွားသည့်သက်ရောက်မှုများရှိပြီး လူတစ်ဦးချင်းစီအနေနှင့် အင်တာနက်သုံးစွဲခွင့်မရခြင်းမှစ၍ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် နိုင်ငံ၏စီးပွားရေးလုပ်ငန်းများ ပြိုလဲကျဆင်းမှုအထိ သက်ရောက်မှုများ ဖြစ်ပေါ်စေသည်။ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့်ဖွံ့ဖြိုးရေးပျက်သုန်းလာခြင်းသည် ပြည်သူအားလုံး၏ဘဝများအား သက်ရောက်မှုရှိစေပြီး အထူးသဖြင့် ကျေးလက်ဒေသရှိ ရွာသားများအပေါ် ပိုမိုသက်ရောက်မှုရှိသည်။

(က) အုပ်ချုပ်ရေးပုံစံသစ်

အရပ်သားအစိုးရအုပ်ချုပ်ရေးနှင့် NCA သဘောတူညီချက်ကြောင့် လွန်ခဲ့သည့်ဆယ်နှစ်တာကာလအတွင်း ပိုမိုကောင်းမွန်သော အခြေခံအဆောက်အအုံများဖြစ်သည့် လမ်းဖောက်လုပ်ခြင်း၊ ကျန်းမာရေးနှင့်ပညာရေးတိုးတက်ကောင်းမွန်လာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိခြင်းနှင့် သွားလာခွင့်ပိုမိုလွယ်ကူလာခြင်း စသည့်အခြေအနေများသည် နေရာတိုင်းတွင် တန်းတူညီစွာဖြင့် ဖြစ်ပေါ်ခြင်းမဟုတ်သော်လည်း ကောင်းမွန်သည့်ပြောင်းလဲမှုများဖြစ်ပေါ်လာကြောင်း ပြည်သူများမှ ပြောပြခဲ့သည်။ အစိုးရ၏ ပွင့်လင်းမြင်သာမှုနှင့် ရွေးကောက်ခံကိုယ်စားလှယ်များနှင့် လွယ်ကူစွာပြောဆိုဆွေးနွေးခွင့် ရရှိခြင်းများကိုလည်း ဂရုပြုလာကြသည်။ ဤတိုးတက်ပြောင်းလဲမှုများက အာဏာသိမ်းအစိုးရအား အထူးသဖြင့် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုတွင် အရပ်သားအစိုးရ၏တာဝန်များကို စဉ်းစားသည့်အခါတွင် ၎င်း၏အုပ်ချုပ်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး ပိုမိုစိုးရိမ်မှုဖြစ်စေသည်။

စစ်အာဏာသိမ်းမှုတွင် ရွေးကောက်ခံအရပ်သားအစိုးရအဖွဲ့မှ စစ်အာဏာရှင်စနစ်သို့ ပြောင်းလဲခြင်းသာမဟုတ်ပဲ ဒေသခံအုပ်ချုပ်ရေးမှူးများကိုလည်း စစ်ကောင်စီမှ ရွေးကောက်ထားသူများနှင့် အစားထိုးခြင်းများလည်း ပြုလုပ်ခဲ့ကြပါသည်။ ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်တပ်မှအာဏာသိမ်းပြီးနောက်ပိုင်းတွင် နစကအားဖွဲ့စည်းခဲ့ပြီး အစိုးရအဖွဲ့၏ အဆင့်မြင့်ရာထူးများနေရာတွင် စစ်တပ်နှင့် စစ်ဘက်ဆိုင်ရာအရာရှိများကို စတင်ခန့်အပ်ခဲ့သည်။[140] တစ်ချိန်တည်းမှာပင် စစ်အစိုးရမှဒေသတွင်း အုပ်ချုပ်ရေးပိုင်းတွင် ဒေသခံအုပ်ချုပ်ရေးအရာရှိများအား ရာထူးမှဖြုတ်ချပြီး အဖွဲ့ဝင်အသစ်များဖြင့် ပြောင်းလဲခန့်အပ်ခဲ့သည်။ ဘားအံမြို့မှ NLD ပါတီဝင်တစ်ဦးဖြစ်သော ဒေါ်အဝ–––က စစ်ကောင်စီမှ လူသစ်များခန့်အပ်ခြင်းနှင့် ပတ်သက်၍ သူမ၏အတွေ့အကြုံကို ပြောပြခဲ့သည်။ *"ကျေးရွာအုပ်ချုပ်ရေးမှူးအသစ် [စစ်ကောင်စီမှခန့်အပ်ထားသည့်]က ကျွန်မတို့ကိုပြောတယ်။ သူတို့တွေဆယ်အိမ်မှူးကစပြီး ကျေးရွာအုပ်ချုပ်ရေးမှူးတွေအထိ[...] ကျွန်မတို့ဒေသမှာရှိတဲ့ [NLD]အုပ်ချုပ်ရေးမှူးဟောင်းတွေအားလုံးကိုစစ်ကောင်စီက ရွေးချယ်ခန့်ထားတဲ့လူတွေနဲ့ အစားထိုးလိုက်တယ်။ စစ်ကောင်စီစစ်တပ်က ခန့်အပ်လိုက်တာပေါ့။"*

ဒေသတွင်းအုပ်ချုပ်ရေးမှူးများနှင့် ပတ်သက်ပြီး အစီရင်ခံစာများစွာရရှိခဲ့သည်။ အထူးသဖြင့် NLD ၏ အဖွဲ့ဝင်များအား စစ်ကောင်စီမှဖယ်ရှားခြင်း သို့မဟုတ် ဖမ်းဆီးခြင်းများပြုလုပ်ကာ ဒေသခံပြည်သူများ၏ သဘောထားမပါပဲ အုပ်ချုပ်ရေးမှူးအသစ်များ ခန့်အပ်ခြင်းဖြစ်သည်။ မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ ဂဘ–––ကျေးရွာအုပ်စု၊ ဒဝ–––ကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးဖြစ်သည့် ဦးအခ–––ကိုလည်း စစ်ကောင်စီကရာထူးမှဖယ်ရှားလိုက်ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(USDP) ပါတီဝင်တစ်ဦးနှင့် ပြန်လည်အစားထိုးခန့်အပ်ခဲ့သည်။ ဦးအခ–––က KHRG အားဤသို့ပြောခဲ့သည်။ *"သူတို့က ကျေးရွာအုပ်စုမှူးသုံးယောက်ကို ရာထူးကနေဖြုတ်လိုက်*

140 ရောဝတီမှ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထုတ်ဝေသော "Myanmar Military Regime Appoints Governing Body," တွင်ကြည့်ပါ။

*တယ်။ ပြီးတော့ သူတို့ကြိုက်တဲ့သူကိုပြန်ခန့်တယ်။"* ဘိတ်-ထားဝယ်ခရိုင်၊ လယ်ဒိုစိုးမြို့နယ်၊ ဖယ---ကျေးရွာအုပ်စု၊ စယ---ကျေးရွာမှ နော်ဝ---က ထားဝယ်မြို့ရှိ ဒေသအုပ်ချုပ်ရေးမှူးတစ်ဦး ဖမ်းဆီးခံရကြောင်း တင်ပြခဲ့သည်။ သူမအနေဖြင့် မြို့ပေါ်နှင့်အခြားကျေးရွာများတွင် ထိုသို့ဖမ်းဆီးထိန်းသိမ်းမှုများ ဖြစ်ပေါ်လျက်ရှိသည်ဟု ကြားသိရသော်လည်း သူမ၏ရွာတွင် မဖြစ်သေးပါ။ ဧရာဝတီတိုင်း၊ လေးမျက်နှာမြို့နယ်၊ ဂရ---ကျေးရွာအုပ်စု၊ ဖအိ---ကျေးရွာမှ စောဘအ---က အာဏာသိမ်းပြီးနောက် စစ်ကောင်စီမှ ရွာလူကြီးအားဖမ်းဆီးရန် ကြိုးပမ်းခဲ့ကြောင်း ဤကဲ့သို့တင်ပြခဲ့သည်။ *"စစ်ကောင်စီတပ်တွေက NLD ကျေးရွာအုပ်ချုပ်ရေးမှူးတွေကို ဖမ်းပြီးတော့ သူတို့နေရာမှာ လူသစ်တွေကို အစားထိုးခဲ့တယ်။"*

စစ်ကောင်စီမှ အုပ်ချုပ်ရေးမှူးအသစ်များအား ကျေးရွာအုပ်စုများနှင့် ရပ်ကွက်များအတွင်း ခန့်အပ်သည့်အခါတွင် ပြည်သူအများအပြား စိတ်မကောင်းဖြစ်ကြရသည်။ အစိုးရအုပ်ချုပ်ရေးမှူးတစ်ဦးက ဤသို့ပြောခဲ့သည်။ *"သူတို့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ခန့်ထားတဲ့ ကျေးရွာအုပ်စုခေါင်းဆောင်တွေကို မလိုချင်ဘူး။"* ၎င်းမှဆက်လက်၍ အစိုးရအုပ်ချုပ်ရေးမှူးတစ်ဦးကလည်း ဤသို့ပြောခဲ့သည်။ *"သူတို့က ကျေးရွာအုပ်စုခေါင်းဆောင်တွေကို ပြည်သူတွေက ရွေးကောက်တာကိုပဲလိုချင်တယ်။"* ဟု ပြောပြခဲ့သည်။ ရွေးကောက်ခံခေါင်းဆောင်များအား စစ်တပ်မှ ခန့်အပ်ထားသူများနှင့် ပြန်လည်အစားထိုးခြင်းသည် ဒီမိုကရေစီလမ်းကြောင်းကို ပိုမိုပျက်စီးစေသည်သာမက ဒေသခံလူမှုအသိုင်းအဝိုင်းနှင့် ၎င်းတို့အားကိုယ်စားပြု အမှုထမ်းရမည့်အုပ်ချုပ်ရေးမှူးတို့အကြား ယုံကြည်မှုကို ပျက်စီးစေသည်။

ထိုအခြေအနေကို ပြန်လည်တုန့်ပြန်သည့်အနေဖြင့် လူမှုအသိုင်းအဝိုင်းအသီးသီးမှ ဒေသခံပြည်သူများကအုပ်ချုပ်ရေးအာဏာပိုင်အသစ်များကို သဘောမကျသဖြင့် ဆန့်ကျင်ဆန္ဒပြကြသည်။ ဘားအံမြို့နှင့်နီးသည့် ကျေးရွာတစ်ရွာမှ ဒေသခံကျန်းမာရေးဝန်ထမ်းတစ်ဦးဖြစ်သော မဇ---က သူမ၏ဒေသတွင်းရှိအခြေအနေကို ဤကဲ့သို့ရှင်းပြခဲ့သည်။ "ကျေးရွာအုပ်ချုပ်ရေးမှူးအသစ်ကို ခန့်လိုက်တယ်။ အဲ့ဒီအုပ်ချုပ်ရေးမှူးအသစ်ကို မကြိုက်တဲ့ရွာသားတွေက ဒါနဲ့ပတ်သက်ပြီးတော့ အုပ်ချုပ်ရေးရုံးရှေ့မှာ ဆန့်ကျင်ဆန္ဒပြကြတယ်။" စစ်ကောင်စီမှ အသစ်ခန့်အပ်လိုက်သည့် အာဏာပိုင်များအား ဆန့်ကျင်ဆန္ဒပြသည်သာမက ၎င်းတို့အလုပ်မလုပ်နိုင်အောင် ဆန့်ကျင်မှုအမျိုးမျိုးကို ကြိုးစားလုပ်ဆောင်ကြသည်။ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်မှ ဒေသခံများက အုပ်ချုပ်ရေးမှူးအသစ်များရုံးတွင် အလုပ်မတက်နိုင်ရန် အုပ်ချုပ်ရေးရုံးများအား သော့ခတ်ထားကြသည့်အတွက် ၎င်းတို့အနေဖြင့် ရုံးမတတ်နိုင်တော့ပေ။ စမ်းချောင်းမြို့နယ်မှ တက္ကသိုလ်ကျောင်းသူသားတစ်ဦးဖြစ်သော ဘဌ---က *"ကျွန်တော်တို့ ဒီဒေသခံခေါင်းဆောင်တွေကို လက်မခံနိုင်ဘူး။ လူတွေကအုပ်ချုပ်ရေးရုံးကို သော့ခတ်ထားကြတယ်။ ဒါကြောင့် ဒေသခံအုပ်ချုပ်ရေးမှူးတွေက အလုပ်တက်လို့မရဘူး။ ကျွန်တော်တို့ပြည်သူတွေအနေနဲ့က ကျွန်တော်တို့ရွေးတဲ့လူကိုပဲခေါင်းဆောင်အဖြစ် ထားချင်တယ်။ အာဏာသိမ်းစစ်အစိုးရက ရွေးထားတဲ့လူတစ်ယောက်ကိုမှ လက်မခံနိုင်ဘူး။"* ထိုတွေ့ဆုံမေးမြန်းမှုဖြေဆိုခဲ့သူက ဆက်လက်၍ သာကေတ၊ စမ်းချောင်းမြို့နယ်ရှိ အစိုးရရုံးများအားလုံးကို ဒေသခံများက သော့ခတ်ထားကြောင်း ပြောပြသည်။

အချို့အခြေအနေများတွင် စစ်ကောင်စီမှခန့်အပ်ထားသည့် အာဏာပိုင်အသစ်များကို ဆန့်ကျင်ဆန္ဒပြသောကြောင့် အဖမ်းခံကြရသည်။ ဘားအံခရိုင်၊ လှုပလယ်(လှိုင်းဘွဲ)မြို့နယ်၊ ဖအ---ကျေးရွာအုပ်စု၊ ဖအ---ကျေးရွာမှကျောင်းဆရာတစ်ဦးဖြစ်သော စောအဗ---က ၎င်း၏ကျေးရွာတွင် ဖြစ်ပျက်ခဲ့သည်များကို ဤသို့တင်ပြခဲ့သည်။ *"စစ်ကောင်စီက သူတို့ရဲ့ရွာမှာရွာသားတွေ သဘောတူညီချက်မရှိပဲ ကျေးရွာအုပ်ချုပ်ရေးမှူးအသစ်ခန့်ခဲ့ လို့ရွာသားတွေက ဆန့်ကျင်ဆန္ဒပြပြီးတဲ့နောက်မှာကျန်းမာရေးလုပ်သားတစ်ယောက်ကိုနောက်တစ်ရက်မှာပဲသူ့ကိုဖမ်းလိုက်တယ်။"*

ပညာရေးဌာနတွင် ဆယ့်ငါးနှစ်တာ တာဝန်ထမ်းဆောင်ခဲ့သည့် ကျောင်းအုပ်တစ်ဦးက NLD အစိုးရအုပ်ချုပ်သည့်အချိန်တွင် ပြည်သူများအနေဖြင့် အကြောက်တရားနည်းနည်းဖြင့်သာ နေထိုင်ခဲ့ကြသည်ကို ဤကဲ့သို့အလေးပေးပြောခဲ့သည်။ "စစ်တပ်အုပ်ချုပ်မှုအောက်မှာ ဆယ်အိမ်မှူးကိုတောင်ကြောက်ရတယ်။" ဘိတ်-ထားဝယ်ခရိုင်၊

တနေ့သရိ(တနင်္သာရီ)မြို့နယ်၊ ခအဥ---ကျေးရွာမှရွာသားတစ်ဦးက မလုံခြုံမှုများပိုမိုတိုးမြင့်လာသည့်အတွက် *"ရွာသားတွေအနေနဲ့ ပြည်သူတွေကိုကာကွယ်ပြီး သူတို့ရပ်ရွာအတွက် လုံခြုံရေးပေးနိုင်တဲ့ ကိုယ်ပိုင်တပ်မတော်ကို တည်ထောင်ရမယ်။ အရာအားလုံးက ကျေးရွာအုပ်ချုပ်ရေးမှူးအပေါ်မှာပဲ မူတည်တယ်။ ဘာကြောင့်လဲဆိုတော့ ခင်ဗျားဟာခင်ဗျား ဘယ်လောက်ပဲ ကိုယ့်ရွာကိုကာကွယ်နေပါစေ ကျေးရွာအုပ်ချုပ်ရေးမှူးက စစ်အစိုးရအောက်မှာ အလုပ်လုပ်တယ်ဆိုရင် ခင်ဗျားဘာမှမတတ်နိုင်ဘူး။ သူက သတင်းအချက်အလက်တွေအားလုံးကို စစ်ကောင်စီဆီကို ပို့လိမ့်မယ်။"* ဟု ပြောခဲ့သည်။

ဤပြောင်းလဲမှုများသည် ရောနှောထိန်းချုပ်နယ်မြေများအတွက် ပိုမိုကြီးမားသည့် သက်ရောက်မှုရှိစေသည်။ အာဏာသိမ်းမှုမတိုင်မီက အစိုးရဘက်မှခေါင်းဆောင်နှင့် ဒေသတွင်းတိုင်းရင်းသားခေါင်းဆောင်များအကြား ပူးပေါင်းလုပ်ဆောင်မှုလက္ခဏာများ တွေ့ရှိခဲ့ရသည်။

(ခ) စီးပွားရေးပြိုလဲကျဆင်းသွားခြင်း

အာဏာသိမ်းမှုသည် မြန်မာနိုင်ငံ၏စီးပွားရေးအခြေအနေအပေါ် တစ်ဦးချင်းအလိုက်ဖြစ်စေ နိုင်ငံတော်အဆင့်တွင်ဖြစ်စေ ပြင်းထန်သည့်သက်ရောက်မှုများကို ဖြစ်ပေါ်စေသည်။ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ပြည်သူများသည် အလုပ်အကိုင်ဆုံးရှုံးခြင်း၊ နေ့စဉ်သုံးပစ္စည်းများ ဈေးနှုန်းမြင့်တက်လာခြင်း၊ ခရီးသွားလာမှုကန့်သတ်ခံရခြင်းနှင့် ဆက်သွယ်ရေးစနစ်အသုံးပြုခွင့် ဆုံးရှုံးခြင်းအပြင် အစားအစာမလောက်ငမှုနှင့် စားဝတ်နေရေးအကြပ်အတည်းများကို ရင်ဆိုင်ကြုံတွေ့လာကြရသည်။ COVID-19 ရောဂါပျံ့နှံ့မှု၏ အကျိုးဆက်နှင့်ပေါင်းစပ်၍ စစ်အာဏာသိမ်းမှုသည် ဒေသ၏အနာဂတ်ဖွံ့ဖြိုးရေးအပေါ် ဆိုးရွားသည့်သက်ရောက်မှုများ ဖြစ်ပေါ်စေသည်။

အလုပ်အကိုင်ရရှိရေးနှင့် စားဝတ်နေရေးအပေါ် စစ်တပ်အာဏာသိမ်းမှုက များစွာရှုပ်ထွေးစေသည်။ ပြည်သူအများအပြားမှ အလုပ်အကိုင်ဆုံးရှုံးရပြီး အချို့သူများမှာ ၎င်းတို့၏လုံခြုံရေးအတွက် အလုပ်မှထွက်ခြင်း သို့မဟုတ် ထွက်ပြေးတိမ်းရှောင်နေကြရသည်။ ရန်ကုန်မြို့မှ ဒေသတွင်း NGO အဖွဲ့မှ ဝန်ထမ်းတစ်ဦးက ဤသို့မှတ်ချက်ပြုခဲ့သည်။ *"တချို့လူတွေက အလုပ်လုပ်ဖို့စိတ်မဝင်စားကြတော့သလို တချို့တွေလည်း အလုပ်ပြုတ်ကြတယ်။ တချို့က အလုပ်ရှိပေမယ့် အလုပ်မလုပ်ချင်တော့ဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့ကဆန္ဒပြပွဲတွေမှာ ပါဝင်ဖို့ပိုပြီးစိတ်အားထက်သန်ကြတယ်။ […]ဆန္ဒပြတာကိုဦးဆောင်စီစဉ်ကြတဲ့သူတွေကတော့ သူတို့ရဲ့လုံခြုံရေးကြောင့် တချို့က အလုပ်ကနေ ထွက်လိုက်ရတယ်။"*

နိုင်ငံတကာစီးပွားရေးလုပ်ငန်းများ ပိတ်သိမ်းခြင်း သို့မဟုတ် နိုင်ငံအတွင်းမှထွက်ခွာခြင်းများကြောင့် အလုပ်အကိုင်ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ အလုပ်သစ်ရှာဖွေသူများအတွက်မူ စီးပွားရေးလုပ်ငန်းများ ပိတ်သိမ်းခြင်း သို့မဟုတ် လူသစ်ခေါ်ယူခြင်းမရှိသည့်အတွက် အလုပ်သစ်တစ်ခုရရန် ရုန်းကန်ကြရသည်။[141] ထိုသို့အလုပ်အကိုင်ဆုံးရှုံးမှုများသည် ဒူးပလာယာခရိုင်၊ ကရူတူ(ကျုံဒိုး)မြို့နယ်၊ အဂ---ကျေးရွာအုပ်စု၊ အဂ---ကျေးရွာမှ ဒေါ်အဂျ---ကဲ့သို့ ၎င်းတို့၏ကုန်ပစ္စည်းများကို မရောင်းချနိုင်သည့်အတွက် လယ်သမားများအပေါ်တွင်လည်း သက်ရောက်မှုရှိသည်။ *"ဘာမဆိုထုတ်နိုင်ရင်တောင် ကျွန်မတို့ပစ္စည်းကို ဝယ်မယ့်လူမရှိတော့ မရောင်းရဘူး။"* ထို့အပြင် ဝယ်လိုမှုအားကျဆင်းခြင်း၊ ဈေးကွက်မတည်ငြိမ်ခြင်းများကြောင့် တောင်သူများအနေဖြင့် ၎င်းတို့ကုန်ပစ္စည်းများ၏ ဈေးနှုန်းကျဆင်းမှုများကိုလည်း ကြုံတွေ့နေကြရသည်။ ခလယ်လွိီထူခရိုင်၊ မူး(မုန်း)မြို့နယ်၊ ခမ---ကျေးရွာအုပ်စု၊ ခက---ကျေးရွာမှ စောရ---က ဤသို့မှတ်ချက်ပြုခဲ့သည်။ *"ရွာသားတွေက သူတို့ရဲ့ပဲဈေးနဲ့ပတ်သက်ပြီး စိုးရိမ်နေကြတယ်။ ဇန်နဝါရီလတုန်းကပဲ ဈေးကငြိမ်တယ်။ ဖေဖော်ဝါရီကနေစပြီးတော့ ပဲဈေးတွေက ၄၆,ဂဂဂ ကနေ*

141 ကရင့်လူ့အခွင့်အရေးအဖွဲ့(KHRG)မှ ၂၀၂၁ ခုနှစ်၊ မတ်လတွင် ထုတ်ဝေသော "Mergui- Tavoy District Interview: Security forces kill peaceful anti-coup protstors in Dawei Town, February 2021," တွင်ကြည့်ပါ။

*၄၈,၅၀၀ ကျပ်အထိ ကျသွားတယ်။ ရွာသားတွေအနေနဲ့က လယ်လုပ်ငန်းအပေါ်မှာပဲမှီခိုကြတော့ [...] ဒီကန့်သတ်မှု တွေက သူတို့ရဲ့ စားဝတ်နေရေးကို တကယ်ထိခိုက်စေတယ်။"*

ဘားအံခရိုင်၊ တနေးဆား(နဘူး)မြို့နယ်၊ ဖဘ---ကျေးရွာအုပ်စု၊ ဖဘ---ကျေးရွာမှ အစိုးရဝန်ထမ်းဟောင်းတစ်ဦး ဖြစ်ပြီး CDM တွင်ပါဝင်လျက်ရှိသော နန်းအတ---က စစ်အာဏာသိမ်းမှုကြောင့် အလုပ်အကိုင်နှင့်ပတ်သက်၍ အခြားသက်ရောက်မှုတစ်ခုကို ဤသို့ပြောပြခဲ့သည်။ *"တကယ်လို့ အာဏာမသိမ်းဘူးဆိုရင် ကျွန်မတို့တွေမှာအလုပ် အကိုင်အခွင့်အလမ်းတွေရှိပြီးတော့ ကိုယ့်အားသာချက်ကို ကိုယ်သိမှာပဲ။"* သူမကထပ်မံ၍ *"[အာဏာသိမ်းလိုက် တော့] ကျွန်မတို့အလုပ်လုပ်ခွင့်လည်းမရှိသလို ကျွန်မတို့ဘာလုပ်ချင်လဲဆိုတာကိုလည်း ဖော်ပြခွင့်တောင်မရှိ တော့ဘူး။"* အလုပ်ပြုတ်ခြင်းနှင့် လစာမဲ့ခြင်းများအပြင် တစ်ဦးချင်းကျွမ်းကျင်မှုအလိုက် ၎င်းတို့ရွေးချယ်ထားသည့် လုပ်ငန်းများကို လုပ်ကိုင်ခွင့်လည်း ဆုံးရှုံးကြရသည်။

လက်ရှိစစ်ကောင်စီခန့်အပ်ထားသည့် ဝန်ထမ်းများသည်လည်း အာဏာသိမ်းမှုကြောင့် ငွေကြေးအခက်အခဲများ ကို ရင်ဆိုင်နေရကြသည်။ ဘားအံခရိုင်၊ လှူးပလယ်(လှိုင်းဘွဲ)မြို့နယ်၊ ဂဝ---ကျေးရွာအုပ်စု၊ ဖခ---ကျေးရွာမှ တက္ကသိုလ်ကျောင်းသားတစ်ဦးဖြစ်သည့် စောအဥ---က စစ်ကောင်စီအနေဖြင့် ၎င်းတို့၏ဝန်ထမ်းများအား လခမ ပေးနိုင်ခြင်းနှင့်ပတ်သက်ပြီး ၎င်း၏အမြင်ကို တင်ပြခဲ့သည်။ *"သူတို့မှာ ဘဏ္ဍာငွေမရှိတော့ဘူး။ သူတို့ရဲ့ စစ်သား တွေကိုတောင် လခမပေးနိုင်တော့ဘူး။ ပြီးတော့ဝန်ထမ်း ၂၀-၃၀ ရာခိုင်နှုန်းလောက်ပဲ အလုပ်ဆက်လုပ်နေတာ ဆိုတော့ သူတို့အစိုးရယန္တရားကိုလည်း လည်ပတ်နိုင်ဖို့ လွယ်မှာမဟုတ်ဘူး။ သူတို့က အစိုးရလုပ်ငန်းကို မလည် ပတ်နိုင်ရင် လခအတွက်ကလည်း စိတ်မချရဘူး။"* စစ်ကောင်စီအနေနှင့် ၎င်းတို့၏ဝန်ထမ်းများအား လုပ်ခလစာ မပေးနိုင်သည့်အတွက် အနာဂတ်တွင် ဆူပူအုံကြွမှုများပိုမိုဖြစ်လာနိုင်ချေရှိသည်ဟု အချို့ဝန်ထမ်းများက ၎င်းတို့၏ စိုးရိမ်မှုများကို တင်ပြခဲ့သည်။

အစိုးရ၏ ချေးငွေအဖွဲ့အစည်းများအား လက်လှမ်းမီနိုင်မှုအပေါ် သက်ရောက်မှုရှိလာသည်။ ပထမဆုံးအနေဖြင့် ဘဏ်ဝန်ထမ်းများစွာ CDM တွင်ပါဝင်သည့်အတွက် ဝန်ထမ်းမရှိသဖြင့် ဘဏ်များပိတ်ခဲ့ရသည်။ ထို့အပြင် အာဏာ သိမ်းမှုကြောင့် လုံခြုံမှုမရှိတော့သဖြင့် ဘဏ်များပိတ်ခဲ့ရသည့်အတွက် ငွေထုတ်ယူရန် အခက်အခဲများနှင့် ရင်ဆိုင် ကြုံတွေ့ကြရပြီး အချို့ဘဏ်ခွဲများမှာ ငွေသားမရှိသည့်အတွက် ပိတ်ထားရသည်။[142] အချို့အခြေအနေများတွင် CDM တွင် ပါဝင်သူများ၏ဘဏ်အကောင့်များ ပိတ်ခဲ့ရပြီး ၎င်းတို့အနေဖြင့် ငွေထုတ်ခွင့်လုံးဝမရနိုင်တော့ပေ။ ရန်ကုန်မြို့မှ အမျိုးသမီးတစ်ဦးက *"CDM မှာပါတဲ့ ကျွန်မသူငယ်ချင်းတွေရဲ့ ဘဏ်အကောင့်တွေ အပိတ်ခံလိုက် ရတယ်။ ကျွန်မတို့ဘဏ်ကနေ ငွေလွယ်လွယ်ကူကူနဲ့ ထုတ်လို့မရတော့ဘူး။"* ဟု ပြောပြခဲ့သည်။

အကြီးစားသက်ရောက်မှုအနေဖြင့် နိုင်ငံ၏ဘဏ္ဍာရေးစနစ်ကိုလည်း ထိခိုက်မှုရှိစေခဲ့သည်။ ကရင် NGO တစ်ဖွဲ့ မှ ဝန်ထမ်းတစ်ဦးက အချို့ရွာသားများအနေဖြင့် *"ဘဏ်တွေ [အဆောက်အဦးအရမဟုတ်ပဲ စီးပွားရေးအရ] ပျက် စီးသွားမှာကို ကြောက်ကြတယ်။"* မြို့ပြကျေးလက်ဒေသများတွင် ငွေသွင်းခြင်းထက် ငွေထုတ်ခြင်းများ ပိုမိုလုပ် ဆောင်ကြပြီး ဘဏ်အများအပြားတွင် ငွေသားနည်းပါးလာပြီး တစ်နေ့လျှင်ထုတ်ယူနိုင်သည့် ငွေကြေးပမာဏကို ပါကန့်သတ်ထားခဲ့သည်။[143] ကျေးလက်ဒေသရှိရွာသားများအားလုံး ဘဏ်ဝန်ဆောင်မှုအား အသုံးမပြုသော်လည်း ဤသို့ငွေကြေးထုတ်ယူရာတွင် ကန့်သတ်မှုများပြုလုပ်လာခြင်းက ကျေးလက်ဒေသရှိ ဘဏ်အသုံးပြုသောရွာ သားများအတွက်ပြင်းထန်သောသက်ရောက်မှုကိုဖြစ်ပေါ်စေသည်။ ဘဏ်အသုံးပြုသူများအနေဖြင့် နေ့စဉ်ငွေထုတ် နိုင်ရန်အတွက် ဘဏ်မှကန့်သတ်အရေအတွက်ဖြင့် ထုတ်ပေးသည့် တိုကင်များကို ရယူရန်လိုသည်။ လူများစွာ

---

142 ကရင့်လူ့အခွင့်အရေးအဖွဲ့(KHRG)မှ ၂၀၂၁ ခုနှစ်၊ မေလတွင် ထုတ်ဝေသော "Mergui–Tavoy District Situation Update: Impact of the military coup on villagers in K'Ser Doh, Ler Muh Lah and Ler Doh Soh townships, February 2021," တွင်ကြည့်ပါ။

143 လွတ်လပ်သည့်အာရှအသံ(RFA)မှ ၂၀၂၁ ခုနှစ်၊ မေလတွင် ထုတ်ဝေသော "Myanmar Banking System 'Near Collapse' as Customers Make Fewer Deposits, More Withdrawals," တွင်ကြည့်ပါ။

တို့သည် ဘဏ်အပြင်ဖက်တွင် ညမထွက်ရအမိန့်အရ သတ်မှတ်ချိန်လွန်သည့် နံနက်လေးနာရီလောက် မှစတင်ပြီး တိုကင်ရရှိနိုင်ရန် တန်းစီကြရသည်။ ကျေးလက်ဒေသရှိ ရွာသားများအနေဖြင့်မူ ညမထွက်ရအမိန့်အရကြောင့် သတ်မှတ်ချိန်မရောက်မချင်း မြို့ပေါ်သို့မသွားနိုင်ပါ။ ထို့အတွက်ကြောင့် ၎င်းတို့အနေဖြင့် တိုကင်ယူရန် နံနက်စောစောမရောက်လာနိုင်ပါ။ အချို့သောဒေသခံများက ညအချိန်ကတည်းကမြို့တက်ပြီး မိတ်ဆွေသူငယ်ချင်းသို့မဟုတ် ဆွေမျိုးသားချင်းများ၏အိမ်တွင် သွားရောက်နေထိုင်ကြသော်လည်း ညဥ့်အိပ်ညဥ့်နေဧည့်သည် များအား ဧည့်စာရင်းတိုင်ရန်လိုအပ်သောကြောင့် ၎င်းတို့အနေဖြင့် ပြဿနာကြုံတွေ့ရပြန်သည်။ ထို့အတွက်ကြောင့် ကျေးလက်ဒေသရှိ ရွာသားအများအပြား ၎င်းတို့၏ငွေများအား ပြန်လည်ရယူနိုင်ခြင်းမရှိပါ။

အာဏာသိမ်းပြီးနောက်တွင် နိုင်ငံတကာမှထုတ်ကုန်များ မြန်မာနိုင်ငံအတွင်းသို့ တူညီသည့်ပမာဏဖြင့် ဝင်ရောက်နိုင်ခြင်းမရှိတော့သည့်အတွက် ကုန်ဈေးနှုန်းများမြင့်တက်လာပြီး နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဖြစ်သော (FDI)လည်း သိသိသာသာကျဆင်းခဲ့သည်။ ၂၀၂၁ ခုနှစ်၊ မေလအထိ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၆ ဘီလီယံကျော် ဆိုင်းငံ့ခြင်းခံထားရသည်။[144] ထိုငွေကြေးအခက်အခဲများက ဆန်စပါးကဲ့သို့ အဓိကပစ္စည်းများ၏ ကုန်ဈေးနှုန်းမြင့်တက်မှုအပေါ်တွင်လည်း သက်ရောက်မှုရှိသည်။ ဘိတ်–ထားဝယ်ခရိုင်၊ လယ်ဒိုစိုးမြို့နယ်၊ ဖရ–––ကျေးရွာအုပ်စု၊ ခရ–––ကျေးရွာမှ တွေ့ဆုံမေးမြန်းထားသူတစ်ဦးက ဤသို့တင်ပြခဲ့သည်။ *“ကုန်ဈေးနှုန်းတွေက အရမ်းတက်နေတယ်။ [...]ဆန်တစ်အိတ်ကိုအရင်က ၁၆,၀၀၀ ကျပ်ကနေ အခုဆို ၂၃,၀၀၀ ကျပ် ဖြစ်သွားပြီ။ ဒါတောင်အရည်အသွေးညံ့တဲ့ဆန်တွေ။”* ဓါတ်ဆီကဲ့သို့ အခြားလိုအပ်သောပစ္စည်းများ၏ ဈေးနှုန်းများသည်လည်း မြင့်တက်လာသည်။ အဖွဲ့ယန္တယားများ ဖျက်စီးခံရမည်ကို အချို့ကစိုးရိမ်ကြသည်။ *“အစိုးရရဲ့ အလုပ်တွေအားလုံးအပေါ် ယုံကြည်မှုက လျော့နည်းလာတယ်။ [...]ဒေသခံရွာသားတွေက သူတို့အစားအစာတွေ မီးရှို့ဖျက်စီးခံရမှာနှင့် သူတို့စီးပွားရေးပျက်စီးသွားမှာကို ကြောက်ကြတယ်။”* ဟု ထပ်မံပြောကြားခဲ့သည်။

လူတစ်ဦးချင်း၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအခြေအနေနှင့် အာဏာသိမ်းမှုကြောင့် စားနပ်ရိက္ခာမဖူလုံမှုအား ပေါင်းစပ်လိုက်သည့်အခါတွင် ဤငွေကြေးကိစ္စများသည် ပြည်သူများ၏ဘဝများကို ဖျက်စီးစေသည်။ ဒူးပလာယာခရိုင်မှ သာသနာပြုဆရာမတစ်ဦးက ရန်ကုန်နှင့်မော်လမြိုင်မှ ပြည်သူများအနေဖြင့် မလုံလောက်မှုများရှိကြောင်း တင်ပြခဲ့သည်။ *“ဒီမှာရှိတဲ့လူတွေက စားစရာမရှိလို့ သူတို့ရဲ့ဆွေမျိုးသားချင်းတွေကို အစားအစာတွေပို့ပေးဖို့တောင်းကြတယ်။ သူတို့ဆွေမျိုးတွေက အစားအစာပို့ပေးလို့မရတော့ ငွေသားပဲပို့ပေးကြတယ်။”* မကြာသေးမီက ငွေလွှဲရာတွင် အကန့်အသတ်များရှိလာသောကြောင့် ပြည်သူများမှာ ထိုထက်ပိုဆိုးသည့်အခြေအနေကို ရင်ဆိုင်လာကြရသည်။ သူမက *“တစ်ရက်လျှင် အစားတနပ်သာစားခြင်းက မော်လမြိုင်တွင် အဖြစ်များလျက်ရှိပြီး လူတိုင်းက စစ်အာဏာသိမ်းမှုကြောင့် သူတို့အခြေအနေတွေ ပိုဆိုးလာတယ်ဆိုတာ ကိုသိလာကြတယ်။”* ဟု ထပ်လောင်းပြောပြခဲ့သည်။ စစ်ကောင်စီမှ နိုင်ငံအတွင်းနှင့် နိုင်ငံတကာမှ ငွေကြေးလွှဲပြောင်းခြင်းများကို ကန့်သတ်လိုက်သည့်အတွက် ငွေကြေးစနစ်ဝန်ဆောင်မှုများအား နိုင်ငံရပ်ခြားမှရရှိနိုင်သည့် အခြေအနေအပေါ်တွင်လည်း သက်ရောက်မှုရှိသည်။[145] ဤကန့်သတ်ချက်များသည် အထူးသဖြင့် နိုင်ငံတကာမှငွေလွှဲမှုများအပေါ် မှီခိုရသူများနှင့် နိုင်ငံခြားတွင်အလုပ်လုပ်နေသော ဆွေမျိုးများမှပေးပို့သည့်ငွေများကို ထုတ်ယူခွင့်မရှိတော့သောသူများအတွက် ထိခိုက်နစ်နာစေသည်။[146]

144 ရောဝတီမှ ၂၀၂၁ ခုနှစ်၊ မေလတွင် ထုတ်ဝေသော “100 Days Since Myanmar’s Coup: Looming Economic Collapse, Poverty and Hunger,” တွင်ကြည့်ပါ။

145 ကရင့်လူ့အခွင့်အရေးအဖွဲ့(KHRG)မှ ၂၀၂၁ ခုနှစ်၊ မေလတွင် ထုတ်ဝေသော “Mergui–Tavoy District Situation Update: Impact of the military coup on villagers in K’Ser Doh, Ler Muh Lah and Ler Doh Soh townships, February 2021,” တွင်ကြည့်ပါ။

146 ရောဝတီမှ ၂၀၂၁ ခုနှစ်၊ မေလတွင် ထုတ်ဝေသော “100 Days Since Myanmar’s Coup: Looming Economic Collapse, Poverty and Hunger,” တွင်ကြည့်ပါ။

ဤသို့ဘဏ္ဍာရေးအပေါ်သက်ရောက်မှုများကတိုင်းပြည်၏အနာဂတ်အတွက်မလွယ်ကူကြောင်းခံစားရစေသည်။ ဘားအံခရိုင်၊လှူပလယ်(လှိုင်းဘွဲ့)မြို့နယ်၊ဖအ–––ကျေးရွာအုပ်စု၊ဖအ–––ကျေးရွာမှကျောင်းဆရာတစ်ဦးဖြစ်သော စောအဗ–––ကဤသို့ပြောသည်။ *"ကျွန်တော်အနေနဲ့ အနာဂတ်ဒီမိုကရေစီစနစ်အောက်မှာဖွံ့ဖြိုးတိုးတက်မှုနဲ့ လွတ်လပ်ခွင့်တွေကို မြင်ယောင်ကြည့်နိုင်ခဲ့တယ်။လက်ရှိအာဏာသိမ်းမှုလုပ်ရပ်တွေကဖွံ့ဖြိုးရေးနှင့်ကျွန်ုပ်တို့၏ လွတ်လပ်မှုတွေကိုပိတ်ပင်ထားတယ်။"* သူက *"အမှန်တကယ်တော့ကျွန်တော်တို့ကပြောင်းလဲမှုရဲ့အစမှာပဲရှိနေ သေးတယ်။[…]ဒါပေမယ့်စစ်တပ်က ရုတ်တရက်အာဏာသိမ်းလိုက်တော့ကျွန်တော်တို့ရဲ့အနာဂတ်တွေကိုဖျက် စီးလိုက်တာပဲ။"*

(ဂ) ဝန်ဆောင်မှုများအားလက်လှမ်းမီခြင်း

(၁) ပညာရေးအပေါ်သက်ရောက်မှု

ပညာရေးသည် အနာဂတ်မျိုးဆက်များနှင့် တိုင်းပြည်၏ဖွံ့ဖြိုးတိုးတက်ရေး နှစ်ခုလုံးအတွက် အရေးကြီးသော အရာဖြစ်သည်။ NLD အုပ်ချုပ်မှုအောက်၌ ကျောင်းသင်ရိုးညွှန်းတမ်းများတွင် လူ့အခွင့်အရေးနှင့် အားလုံးပါဝင် နိုင်သည့် သမိုင်းကြောင်းများကို သင်ကြားနိုင်ရန်အပါအဝင် ပညာရေးစနစ်တဖြည်းဖြည်းချင်းတိုးတက်လာစေ ရန်အတွက် ကျောင်းသားများနှင့်ဆရာများမှ အတူတကွလုပ်ဆောင်ခဲ့ကြသည်။ ပညာရေးဘာသာရပ် ယူထားသည့် တက္ကသိုလ်ကျောင်းသူတစ်ဦးဖြစ်သည့် နော်အ၄–––က ဤသို့ပြောခဲ့သည်။ *"NLD အစိုးရအုပ်ချုပ်မှုအောက်မှာ ပညာရေးစနစ်က အများကြီးတိုးတက်လာတယ်။ ကလေးတွေလည်းစာသင်ခွင့်ရတယ်။ အရင်ကနဲ့မတူဘူး။ ပညာ ရေးမှာပြောင်းလဲမှုတွေ အများကြီးဖြစ်လာခဲ့တယ်။"* COVID–19 ရောဂါကြောင့် အဆက်ပြတ်ခဲ့ပြီးဖြစ်သည့် ပညာ ရေးသည် အာဏာသိမ်းမှုကြောင့် ကြီးမားသည့်သက်ရောက်မှုကို ထပ်မံခံစားခဲ့ရသည်။ မြန်မာနိုင်ငံ၏ပညာရေး စနစ်သည် ပညာရေးဝန်ထမ်းများ CDM တွင် ပါဝင်ခြင်းနှင့် ကျောင်းသားများမှ စစ်ကောင်စီအစိုးရမှပေးသည့် ပညာရေးကို ဆက်လက်သင်ယူလိုစိတ်မရှိသည့်အတွက်ကြောင့် ပညာရေးလက်လှမ်းမီနိုင်မှုအပေါ် သက်ရောက် မှုများရှိခဲ့သည်။

CDM လှုပ်ရှားမှုသည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ပညာရေးစနစ်အားကြီးမားစွာ သက်ရောက်မှုဖြစ်ပေါ်စေခဲ့ သည်။ စစ်ကောင်စီမှ အာဏာသိမ်းပြီးနောက်တွင် အစိုးရကျောင်းမှဆရာ/ဆရာမများစွာ CDM တွင်ပါဝင်လာကြ သည့်အတွက် အစိုးရကျောင်းများစွာ ပိတ်သိမ်းခဲ့ရသည်။ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် စစ်ကောင်စီအစိုးရ မှ ကျောင်းအချို့အား ပြန်လည်ဖွင့်ခဲ့သော်လည်း ကျောင်းဆရာ/ဆရာမများနှင့် ကျောင်းသားများအနည်းငယ် သာရှိခဲ့သည်။ ကျောင်းဆရာ/ဆရာမများမှာ အစိုးရကျောင်းမှထွက်ပြီး CDM တွင် ပါဝင်လာသည့်အပြင် ထိုထဲမှ အများစုမှာ စစ်ကောင်စီ၏ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းနှင့် အပြစ်ပေးခြင်းမှရှောင်ရှားရန်အတွက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ အုပ်ချုပ်မှုနယ်မြေများဖြစ်သည့် ကျေးလက်ဒေသများသို့ ထွက်ပြေးတိမ်းရှောင်လာခဲ့ ကြသည်။မြန်မာတစ်နိုင်ငံလုံးဆိုင်ရာဆရာ/ဆရာမများအဖွဲ့ချုပ်(MTF)တင်ပြချက်အရမြန်မာအစိုးရကျောင်းဆရာ/ ဆရာမစုစုပေါင်း ၄၃၀,၀၀၀ ဦး[147] မှ သုံးပုံတပုံခန့်နှင့် တက္ကသိုလ်နှင့်ကျောင်းများမှ ကျောင်းသား ၉၀ ရာခိုင်နှုန်း [148] မှာ ကျောင်းတက်ရန် ဆိုင်းငံ့ထားခြင်း သို့မဟုတ် ၎င်းတို့မှ ကျောင်းတက်ရန်ငြင်းဆိုထားကြသည်။ ဒူးပလာယာ ခရိုင်၊ ဝေါ်ရေ့(ဝင်းရေး)မြို့နယ်၊ ဒဥ––ကျေးရွာမှ မူလတန်းပြကျောင်းဆရာတစ်ဦးဖြစ်သည့် မောင်အန–––က *"ကျွန်တော်တို့ တော်လှန်ရေးမအောင်မချင်း ကျောင်းကိုမပြန်ဘူး။"* ဟု တင်ပြခဲ့သည်။

147 The Indian Express မှ ၂၀၂၁ ခုနှစ်၊ ဇွန်လတွင် ထုတ်ဝေသော "Schools in Myanmar reopen with low attendance as teachers, students continue protest against military," တွင်ကြည့်ပါ။

148 Myanmar Now မှ ၂၀၂၁ ခုနှစ်၊ မေလတွင် ထုတ်ဝေသော "Some 90 percent of Myanmar students refuse to attend school under coup regime, teachers say," တွင်ကြည့်ပါ။

ထို့အပြင် ပညာရေးအား လက်လှမ်းမီနိုင်ခြင်းသည် COVID-19 ရောဂါနှင့် အာဏာသိမ်းမှုများကြောင့် သက်ရောက်မှုများမှာ မတူညီပေ။ KHRG မှယခင်ကမီးမောင်းထိုးပြသကဲ့သို့ တိုင်းရင်းသားများဦးဆောင်ဖွင့်လှစ်သည့် ကျောင်းများမှာ ရောဂါကူးစက်မှုများကြောင့် အစိုးရကျောင်းများ ပိတ်နေသည့်အချိန်တွင်ပင် ဆက်လက်ဖွင့်လှစ်ရန် စီမံနိုင်ခဲ့သည်။[149] ထိုကျောင်းများသည် CDM လှုပ်ရှားမှုများ စတင်သည့်အချိန်တွင် အစိုးရကျောင်းများပိတ်ထားရပြီး ကျောင်းသားများက စစ်ကောင်စီဖွင့်လှစ်သည့်ကျောင်းများတွင် တက်ရန်ငြင်းဆိုသည့်အတွက် ၎င်းတို့၏ကျောင်းသားအရေအတွက်မှ အစမတန်တိုးမြင့်လာခဲ့သည်။[150] KECD[151] ၏ ဌာနမှူးဖြစ်သော စောလေးအယ်မူးပြောပြချက်အရ ယခုနှစ်တွင် ကျောင်းအပ်နှံသည့် ကျောင်းသားအရေအတွက်မှာ ၁၀,၀၀၀ ကျော်ပိုမိုတိုးမြင့်လာသည်။ အဆောက်အဦးများ၊ ဝန်ထမ်းများနှင့် ပံ့ပိုးရေးပစ္စည်းများမလုံလောက်သည့်အတွက် ကျောင်းသား ၁,၀၀၀ ကျော်ကို ကျောင်းအပ်နှံခွင့်မပေးနိုင်ခဲ့ပေ။[152] ဒူးပလာယာခရိုင်၊ နို့တကော(ကြာအင်းဆိပ်ကြီး)မြို့နယ်၊ နို့တကောကျေးရွာအုပ်စု၊ အရ–––ကျေးရွာမှ အချို့ရွာသားများက ကလေးများအား မြန်မာအစိုးရကျောင်းမတက်စေပဲ ကျေးရွာအတွင်းမှပြန်လည်ခေါ်ယူထားသည့် ဆရာများဖြင့် ကိုယ်ထူကိုယ်ထကျောင်းဖွင့်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ယခုအချိန်တွင် စစ်ကောင်စီအာဏာပိုင်များက KECD ၏ကျောင်းများအား ပိတ်သိမ်းရန် ခြိမ်းခြောက်လျက်ရှိသည်။

(၂) ကျန်းမာရေးစောင့်ရှောက်မှုအားလက်လှမ်းမီနိုင်ခြင်းအပေါ်သက်ရောက်မှု

ကျန်းမာရေးစောင့်ရှောက်မှုအား လက်လှမ်းမီနိုင်မှုအပေါ် ကြီးမားသည့်သက်ရောက်မှုရှိခဲ့သည်။ မြန်မာနိုင်ငံအတွင်းရှိ အထူးကုသမားတော် ၃၀,၀၀၀ ခန့်မှ ၂၀,၀၀၀ ကျော်မှာ အစိုးရဆေးရုံများတွင် အလုပ်လုပ်ကြသည်။ အာဏာသိမ်းမှုအား တုန့်ပြန်သည့်အနေဖြင့် အစိုးရဆေးရုံဆေးခန်းများတွင် အလုပ်လုပ်သူ ၇၅ ရာခိုင်နှုန်းမှာ CDM တွင်ပါဝင်လာပြီး အလုပ်လုပ်ရန်ငြင်းဆိုခဲ့ကြသည်။[153] ယခုအချိန်တွင် ရာဇသတ်ကြီးပုဒ်မ ၅၀၅ အရ အာဏာဖီဆန်သူများအား ရာဇဝတ်သားအဖြစ်သတ်မှတ်နိုင်သည့်အတွက် စစ်ကောင်စီ၏ဖမ်းဆီး၊ ထိန်းသိမ်းရန်ကြိုးပမ်းမှုများနှင့် CDM တွင် ပါဝင်သူများအား အပြစ်ပေးအရေးယူရန် လုပ်ဆောင်မှုများကို ရှောင်ရှားနိုင်ရန်အတွက် ကျန်းမာရေးလုပ်သားများသည် ၎င်းတို့၏နေအိမ်မှထွက်ပြီး KNU အုပ်ချုပ်မှုအောက်ရှိ ဒေသများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။[154] စစ်ကောင်စီ၏ တုန့်ပြန်မှုများနှင့်အတူ CDM တွင် ဆရာဝန်များနှင့် အခြားကျန်းမာရေးလုပ်သားများစွာ ပါဝင်သောကြောင့် ကျန်းမာရေးစနစ်အပေါ် ကြီးမားသည့်သက်ရောက်မှု ရှိခဲ့သည်။ အချို့အခြေအနေများတွင် ကျန်းမာရေးကုသမှုခံယူနိုင်ရန် ပိုမိုခက်ခဲလာသည်။ တနေးဆား(နဘူး)မြို့နယ်၊ ဂဋ–––ကျေးရွာအုပ်စု၊ ဖဂ–––ကျေးရွာမှ နော်အဋ–––၏ တင်ပြချက်အရ *"ပြည်သူ့ဆေးရုံတွေက ဖွင့်တော့ဖွင့်တယ်။ ဒါပေမယ့် ဆေးရုံဝန်ထမ်း*

[149] ကရင့်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ ၂၀၂၁ ခုနှစ်၊ မေလတွင်ထုတ်ဝေသော "ချန်လှပ်ခံရသူများ မြန်မာပြည်အရှေ့တောင်ပိုင်းကျေးလက်ဒေသရှိတိုင်းရင်းသားလူနည်းစုများနှင့် ကိုဗစ်-၁၉ တုန့်ပြန်မှုများ," ကရင့်လူ့အခွင့်အရေးအဖွဲ့ (KHRG)မှ ဧပြီလတွင်ထုတ်ဝေသော "Mu Traw District Situation Update: Villagers face critical situation during COVID-19 pandemic and are concerned about an increase in military activity, July to October 2020," များအား ဥပမာအနေဖြင့်ကြည့်ပါ။

[150] ကရင့်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ ၂၀၂၁ ခုနှစ်၊ ဇွန်လတွင် ထုတ်ဝေသော "Doo Tha Htoo Situation Update: Fighting and indiscriminate shelling by SAC forces, April to May 2021," တွင်ကြည့်ပါ။

[151] ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန (KECD) သည် KNU ၏ပညာရေးဆိုင်ရာဌာနတစ်ခုဖြစ်သည်။ ၎င်းတို့၏ အဓိက ရည်ရွယ်ချက်များမှာမြန်မာပြည်အရှေ့တောင်ပိုင်းရှိကရင်လူမျိုးများအား မိမိဘာသာစကားပညာရေးဆိုင်ရာ ဆောင်ရွက်မှုများကို ပေးကမ်းစီစဉ်ပေးခြင်းနှင့် ကရင်ဘာသာစကား၊ ယဉ်ကျေးမှုနှင့် သမိုင်းများအားထိန်းသိမ်းရန်ဖြစ်သည်။ ၎င်းသည် ဒေသအတွင်း အဓိကပညာရေးစီစဉ်ဆောင်ရွက်ပေးသူဖြစ်သော်လည်း မြန်မာအစိုးရမှ တရားဝင်အသိအမှတ်မပြုပါ။

[152] Frontier Myanmar တွင် အလုပ်လုပ်နေသည့် Nu Nu Lusan and Emily FISHBEIN မှ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေသော ထုတ်ဝေသော "Amid education boycotts, ethnic schools help to fill the gap," တွင်ကြည့်ပါ။

[153] လွတ်လပ်သည့်အာရှအသံ(RFA)မှ ၂၀၂၁ ခုနှစ်၊ ဧပြီလတွင် ထုတ်ဝေသော "Myanmar Junta Charges 100 Healthcare Pros for Work Stoppage Protests," တွင်ကြည့်ပါ။

[154] လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့(HRW)မှ ၂၀၂၁ ခုနှစ်၊ မတ်လတွင် ထုတ်ဝေသော "Myanmar: Post-Coup Legal Changes Erode Human Rights," တွင်ကြည့်ပါ။

*တစ်ယောက်မှမရှိဘူး။"* ပြည်သူ့ကျန်းမာရေးဆေးရုံများ ပိတ်သည့်အတွက် အချို့ပြည်သူများမှာ ပုဂ္ဂလိကဆေးရုံများသို့ ကုသမှုရရှိနိုင်ရန်သွားကြရပြီး အလွန်အကုန်အကျများကြောင်း ပြောပြခဲ့သည်။

ကျန်းမာရေးစောင့်ရှောက်မှုအပေါ် အခြားသက်ရောက်မှုများလည်း ရှိသည်။ ပထမဆုံးအနေဖြင့် ခရီးသွားလာမှုအား ကန့်သတ်ခြင်းသည် ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဆိုးကျိုးသက်ရောက်မှုရှိသည်။ အချို့ ကျေးလက်ဒေသများရှိ ဆေးခန်းများမှာ ပြင်းထန်သည့်ရောဂါများကို ကုသမှုမပေးနိုင်သောကြောင့် ရွာသားများအနေဖြင့် မြို့ကြီးပြကြီးများသို့သွားရောက်ပြီး ကုသမှုခံယူကြရသည်။ လက်ရှိခရီးသွားလာမှု ကန့်သတ်ချက်များကြောင့် ကျန်းမာရေးစောင့်ရှောက်မှု ရယူနိုင်ရန်အတွက် ခရီးသွားရန်မှာ ပိုမိုခက်ခဲလာသည်။ ဆန္ဒပြသူများအား ကုသမှုခံယူရန် ခရီးသွားလာခြင်းအား စစ်တပ်အနေဖြင့် ပိတ်ပင်ထားသည်။ ခလယ်လွိုထူခရိုင်၊ မူး(မုန်း)မြို့နယ်၊ ခအ---ကျေးရွာမှ နော်ဝ---က တင်ပြခဲ့သည်မှာ *"တကယ်လို့လူတွေက ခွဲစိတ်ဖို့လိုတယ်ဆိုရင်တောင် သူတို့ကို[...].ကို ပေးမသွားဘူး။ သူတို့သေသွားမှာပဲ။"*

အစိုးရဆေးရုံများနှင့် ဆေးခန်းများသည် လူသားအရင်းမြစ်၊ ဆေးဝါးပံ့ပိုးမှုများကို စီမံနိုင်စွမ်းမရှိပဲ စစ်ကောင်စီ၏ လက်အောက်တွင် ဖွင့်လှစ်ထားရသည်။ ပုဂ္ဂလိကဆေးရုံများ ကောင်းမွန်စွာလည်ပတ်နိုင်သော်လည်း ပြည်သူအများအပြားမှာ ထိုဆေးရုံများသို့ သွားရောက်ကုသမှုခံယူရန် ကြောက်ရွံ့နေကြရသည်။ *"သူတို့က စစ်ကောင်စီအာဏာပိုင်တွေရဲ့ စစ်ဆေးမေးမြန်းမှုကို ကြောက်ရွံ့ကြတယ်။"* ဟု ဘိတ်-ထားဝယ်ခရိုင်၊ တနောသရိ (တနင်္သာရီ) မြို့နယ်၊ ကတာကလိုးဒေသမှ စောဌ---က ထောက်ပြခဲ့သည်။ အခြားသူများက ကုသမှုရယူရန်ငြင်း ဆိုခဲ့သည်မှာ စစ်ကောင်စီအားအယုံအကြည်မရှိသောကြောင့် ဖြစ်သည်။ စစ်ကောင်စီသည် CDM လှုပ်ရှားမှုနှင့် ဆန္ဒပြပွဲများတွင် ပါဝင်သောဒဏ်ရာရရှိသူများအား ပုဂ္ဂလိကဆေးခန်းသို့ သွားရောက်ကုသခြင်းကို ဟန့်တားသည့်အကြောင်းနှင့် ပတ်သက်၍လည်း အစီရင်ခံစာများရရှိခဲ့သည်။ ရော့ဝတီတိုင်း၊ လေးမျက်နှာမြို့နယ်၊ ဖအ---ကျေးရွာမှ စောဘအ---မှ စစ်ကောင်စီသည် ဒဏ်ရာရနေသောဆန္ဒပြသူများအား ကုသမှုပေးသည့် ဆရာဝန်နှင့် သူနာပြုများကို ခြိမ်းခြောက်ကြောင်း တင်ပြခဲ့သည်။

(၃) သတင်းအချက်အလက်ရရှိနိုင်မှုအပေါ်သက်ရောက်မှု

စစ်အာဏာသိမ်းမှုသည် အချင်းချင်းဆက်သွယ်ရေးစနစ်အား ဖြတ်တောက်ခြင်းအပါအဝင်နှင့် စစ်ကောင်စီမှ သတင်းမီဒီယာအပေါ် ထိန်းချုပ်မှုများအပြင် သတင်းအချက်အလက်ရယူခွင့်ကိုလည်း ပိတ်ပင်ထားသည့်အတွက် ပြည်သူများအပေါ် သက်ရောက်မှုရှိသည်။ အချင်းချင်းဆက်သွယ်ရေးစနစ်အား ဖြတ်တောက်ခြင်းတွင် အထူးသဖြင့် အင်တာနက်လိုင်းများအား ကန့်သတ်ခြင်း သို့မဟုတ် ဖြတ်တောက်ခြင်းသည် လူမှုကွန်ယက်မီဒီယာနှင့် အွန်လိုင်းသတင်းဌာနများမှ သတင်းဖတ်ရှုလေ့ရှိသောပြည်သူများအပေါ် ကြီးမားသည့်သက်ရောက်မှုများရှိသည်။

စစ်ကောင်စီ၏ဆက်သွယ်ရေးစနစ်များနှင့် သတင်းအချက်အလက်ရရှိမှုများအား ချုပ်ခြယ်ခြင်းကို စစ်တပ်အာဏာသိမ်းမှု၏ ပထမရက်တွင် စတင်ပြုလုပ်ခဲ့သည်။ ဒူးသထူခရိုင်၊ ဘီးလင်းမြို့၊ ဘဖဘ---ရပ်ကွက်မှ ကျပန်းအလုပ်သမားတစ်ဦးဖြစ်သော မောင်ဘ---က အာဏာသိမ်းမှုနှင့်ပတ်သက်ပြီး တစ်ဆင့်စကားမှ သိရှိခဲ့ရသည်။ *"ကျွန်တော်ဖုန်းခေါ်ဖို့ကြိုးစားပေမယ့် ခေါ်လို့မရဘူး။ [...]ဆက်သွယ်ရေးတွေ ဖြတ်တောက်ထားတော့ ကျွန်တော်တို့ တစ်ယောက်နဲ့တစ်ယောက် ဆက်သွယ်လို့မရဘူး။"* မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ ဂဘ---ကျေးရွာအုပ်စု၊ ဒလ---ကျေးရွာမှ ဒေါ်အဘ---က သူ့အနေနှင့် အာဏာသိမ်းမှုနှင့်ပတ်သက်ပြီး သိရှိနိုင်ရန် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ အခြားနည်းလမ်းများအသုံးပြုရကြောင်း ပြောပြသည်။ *"အင်တာနက်လည်း ကျွန်မတို့သုံးလို့မရဘူး။ ဘာတွေဖြစ်နေလဲပေါ့။ တခြားလူတွေကိုမေးတော့မှပဲ သူတို့ဘာလို့အင်တာနက်ဖြတ်လိုက်လဲသိရတယ်။"* ဆက်သွယ်ရေးစနစ်အား ထိန်းချုပ်ခြင်းသည် စစ်ကောင်စီ၏ အားကောင်းသည့် ဖိနှိပ်မှုပုံစံတစ်ခုဖြစ်သည်။

ဒူးပလာယာခရိုင်၊ ကောတရိ(ကော့ကရိတ်)မြို့နယ်၊ ဂဝ---ကျေးရွာအုပ်စု၊ ဒရ---ကျေးရွာမှ နော်အဟ---က မတ်လအစောပိုင်းတွင် အစိုးရအနေဖြင့် မကြာခဏဆိုသလို ဖုန်းလိုင်းများအားဖြတ်တောက်ကြောင်းနှင့် ဆန္ဒပြမှုနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ပြည်သူများမသိစေရန် တားမြစ်ခြင်းတို့ကို ပြုလုပ်လေ့ရှိသည်ဟု တင်ပြခဲ့သည်။ သတင်းအချက်အလက်မရရှိစေရန်အတွက် စစ်ကောင်စီမှ ၎င်းတို့၏ ဂြိုလ်တုစလောင်းအား လာရောက်ဖြုတ်သိမ်းသွားကြောင်းနှင့် အင်တာနက်ဖြတ်တောက်မှုများလည်း ပြုလုပ်ကြောင်း ဘီးလင်းမြို့မှ မောင်ဘ---က တင်ပြခဲ့သည်။ မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ မယ်ကလောကျေးရွာအုပ်စု၊ မယ်တရိုကျေးရွာနှင့် ဘားအံခရိုင်၊ တနေးဆား(နဘူး)မြို့နယ်၊ ထို့ကော်ကိုးကျေးရွာအုပ်စု၊ တဝဲဒါကျေးရွာများမှလည်း အင်တာနက်ဖြတ်တောက်မှုများနှင့် ပတ်သက်ပြီးတင်ပြခဲ့သည်။ ဆက်သွယ်ရေးများအား ဖြတ်တောက်ခြင်းသည် အထူးသဖြင့် ကျေးလက်ဒေသရှိပြည်သူများအနေဖြင့် အရေးကြီးသောသတင်းအချက်အလက်များ ဖုန်းမှတဆင့် သတင်းအချက်အလက်ရရှိရန် များစွာသက်ရောက်မှုရှိသည်။ ဘားအံခရိုင်၊ တာကရယ်(ပိုင်ကျုံ)မြို့နယ်၊ ဖဂျ---ကျေးရွာမှ စောဘဘ---က *“တစ်ယောက်နဲ့တစ်ယောက် ဆက်သွယ်လို့မရတော့ဘူး။ တကယ်လို့ တခုခုဖြစ်ခဲ့ရင်လည်း အချင်းချင်းဆက်သွယ်လို့မရဘူး။”* အာဏာသိမ်းမှုအစောပိုင်းတွင် အင်တာနက်လိုင်းများအား ကန့်သတ်ဖြတ်တောက်ထားခြင်းမရှိပေ။ ရန်ကုန်မြို့တွင် မအ---၏တင်ပြချက်အရ အင်တာနက်လိုင်းများအား ဧပြီလအစောပိုင်းတွင် ဖြတ်တောက်ခဲ့သည်။ အစိုးရမှအင်တာနက်လိုင်းများအား ကန့်သတ်သည့်အခါ သို့မဟုတ် ပိတ်လိုက်သည့်အခါတွင် ကျောင်းသားများအနေဖြင့် အွန်လိုင်းမှတဆင့် ပညာမသင်ယူနိုင်တော့ကြောင်း ရန်ကုန်မြို့မှကျောင်းသူတစ်ဦးကပြောသည်။

စစ်ကောင်စီမှ လူမှုကွန်ယက်မီဒီယာများမှတဆင့် သတင်းအချက်အလက်များ ရရှိနိုင်ခြင်းကိုလည်း ကန့်သတ်ခဲ့သည်။ စစ်ကောင်စီမှ “သတင်းမှားများ” ကို တင်ပြခြင်းနှင့်ပတ်သက်၍ ဒူးပလာယာခရိုင်၊ ကောတရိ(ကော့ကရိတ်)မြို့နယ်၊ အအ---ကျေးရွာအုပ်စု၊ အအ---ကျေးရွာမှ နော်အရ---က *“စစ်အစိုးရက တချို့ဖုန်းလိုင်းတွေ၊ ဆိုရှယ်မီဒီယာနဲ့ အင်တာနက်တွေဖြတ်လိုက်တယ်။ [...]ကျွန်မတို့က သတင်းကို အစိုးရရဲ့ တီဗီလိုင်းကနေပဲ ကြည့်ရတယ်။ ဒါကြောင့် ကျွန်မတို့သတင်းမှန်မရခဲ့ဘူး။”* ဟု ပြောပြခဲ့သည်။ အခြားသော မေးခွန်းဖြေကြားသူတစ်ဦးက *“စစ်ကောင်စီက မြန်မာ့အသံမှာ လူလေးသန်းလောက် သူတို့ကိုထောက်ခံတယ်လို့ ကြေညာတယ်။ ဒါပေမယ့် ကျွန်တော်ကတော့ ဒါကိုသဘောမတူဘူး။ လူအယောက်လေးသန်းတောင် သူတို့ကိုထောက်ခံတယ်ဆိုတာ မဖြစ်နိုင်ဘူး။”* ဟု ထပ်လောင်းပြောပြခဲ့သည်။

# အခန်း (၆) အောင်မြင်မှုပန်းတိုင်သို့ရှေ့ဆက်ခြေလှမ်းခြင်း

(က) ဒီပွဲမှာငါတို့နိုင်ရမည်

ဆန္ဒပြပွဲအစပိုင်းတွင် လူထုအင်အားနှင့်လှုပ်ရှားမှုအပေါ် ယုံကြည်စိတ်ချမှုမှာ အားကောင်းသော်လည်း အသက်ပေါင်းများစွာစတေးထားပြီးကြောင်း သတိပြုမိ၍ ဤတော်လှန်ရေးတွင် အနိုင်ရရှိရန်အတွက် မည်သည့်အရာများစွန့်လွှတ်ပေးဆပ်ရမည်ကို နားလည်သိရှိရန် အရေးကြီးသည်။ ဘီးလင်းမြို့မှ နေ့စားအလုပ်သမားတစ်ဦးက *"လူတွေအများကြီး မသေသင့်ပဲနဲ့ သူတို့အသက်တွေကို စတေးခဲ့ရတယ်။ ဒီဆန္ဒပြပွဲတွေက ၈၈၈၈ အုံကြွမှု*[155] *နဲ့ စာရင်ငြိမ်းချမ်းတယ်လို့ ဆိုရပေမယ့် လူတွေအများကြီးက သူတို့အသက်တွေကို စတေးခဲ့ရတယ်။ ဒီလူတွေမှာလည်း မိသားစုတွေရှိတယ်။"*

အချို့ပြည်သူလူထုများအတွက် ဤဆုံးရှုံးမှုများသည် ဆက်လက်တိုက်ပွဲဝင်ရန်အတွက် အကြောင်းရင်းတစ်ရပ်ဖြစ်လာသည်။ ဘားအံခရိုင်မှ အစိုးရဝန်ထမ်းတစ်ဦးက *"သေဆုံးသွားတဲ့လူတွေရဲ့ မိသားစုတွေ၊ မောင်နှမတွေနဲ့ မိဘတွေအတွက် စိတ်မကောင်းစရာပဲ။ ဒါကြောင့် အသက်ရှင်ကျန်ရစ်တဲ့လူတွေအနေနဲ့ ဒီမိုကရေစီအတွက် ဆက်လက်တိုက်ပွဲဝင်ဖို့ အရေးကြီးတယ်။ ဒါမှသာ အောင်မြင်မှုရလိမ့်မယ်။"* အခြားမေးခွန်းဖြေကြားသူတစ်ဦးက ဆက်လက်တိုက်ပွဲဝင်ခြင်းမရှိတော့ပါက ဖြစ်ပေါ်လာမည့် အကျိုးဆက်များကို အလေးပေးဖော်ပြခဲ့သည်။ *"မြန်မာနိုင်ငံမှာ လူတွေအများကြီးသေဆုံးခဲ့ရပြီးပြီ။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ သေရမှာကြောက်မနေသင့်ဘူး။ ဒီအချိန်သေဖို့ကြောက်နေပြီးတော့ (စစ်အာဏာရှင်ကို) ဘာမှမလုပ်ဘူးဆိုရင် ကျွန်တော်တို့ဘဝတွေ ထာဝရသေသွားရလိမ့်မယ်။ ကျွန်တော်တို့သားတွေသမီးတွေနဲ့ သူတို့ရဲ့ကလေးတွေ ကျွန်တော်တို့ အနာဂတ်မျိုးဆက်သစ်တွေရဲ့ဘဝတွေ သေသွားလိမ့်မယ်။ သူတို့ဘဝတွေသေမှာကို ကျွန်တော်တို့မလိုလားဘူး။ ဒါကြောင့် ကျွန်တော်တို့တတ်နိုင်သလောက် တိုက်ပွဲဝင်ရမယ်။"*[156]

အစောပိုင်းကာလများတွင် နွေဦးတော်လှန်ရေး အောင်မြင်မည်ဟုယုံကြည်ချက်အပြည့်ရှိသော်လည်း တိုက်ပွဲအားမည်သို့ဆက်ရမည်ဟူသည့် အမြင်အပေါ်တွင် ကွဲပြားမှုများရှိလာခဲ့သည်။ အများ၏အမြင်တွင် စစ်အစိုးရနှင့် စေ့စပ်ညှိနှိုင်းပြီး နိုင်ငံရေးအရအဖြေရှာရန်မှာ မဖြစ်နိုင်ပါ။ ဘားအံခရိုင်၊ လှုပလယ်မြို့နယ်မှ တက္ကသိုလ်ကျောင်းသားတစ်ဦးက *"စေ့စပ်ညှိနှိုင်းခြင်းဆိုတာ အရှုံးပေးလိုက်ခြင်းတမျိုးပဲ။ ပြီးတော့ ကျွန်တော်တို့ကို နောက်တကြိမ်ထပ်ပြီး ဖိနှိပ်ခွင့်ပေးလိုက်တာပဲ။"* ဟု ပြောခဲ့သည်။ ၎င်းအနေဖြင့် *"တကယ်လို့ ကျွန်တော်တို့မှာ သူတို့နဲ့ညှိနှိုင်းရမယ့်လမ်းကြောင်းရှိရင်တော့ ပြည်သူတွေဘက်ကနေ ညှိနှိုင်းလို့ရတယ်။ ဒါပေမယ့် သူတို့က ကျွန်တော်တို့ကိုသတ်ခဲ့တယ်။ ညှဉ်းပမ်းနှိပ်စက်ခဲ့တယ်။ ဒါကြောင့် ပြည်သူတွေအနေနဲ့ သူတို့နဲ့ညှိနှိုင်းဖို့ဆိုတာက ခက်လိမ့်မယ်။ ကျွန်တော်ကတော့ ဒီလိုပဲမြင်တယ်။ ကျွန်တော်အနေနဲ့ ပြည်သူအများစုက ဒီအယူအဆကို မကြိုက်ဘူးလို့ထင်တယ်။ ကျွန်တော်လည်း အဲ့ဒါကိုမလိုချင်ဘူး။"* ပြည်သူအများစု၏ဆန္ဒမှာ စစ်တပ်အနေဖြင့် ၎င်းတို့စိတ်ဆန္ဒအလျောက် အရပ်သားအစိုးရအား အာဏာပြန်လည်လွှဲအပ်ပေးရမည်ဖြစ်သော်လည်း ဤကဲ့သို့ဖြစ်လာမည်မဟုတ်ကြောင်းကို သေချာသိရှိနားလည်ထားပါသည်။

ပြည်သူများအနေဖြင့် စေ့စပ်ညှိနှိုင်းမှုသည် ၎င်းတို့အတွက် အကျိုးရှိမည်မဟုတ်ကြောင်း သိရှိထားသော်လည်း အချို့လူများက ငြိမ်းချမ်းခြင်းဖြင့် အဖြေရှာနိုင်သည်ဟု ယုံကြည်လျက်ရှိနေသေးသည်။ ဒူးပလာယာခရိုင်မှ KWO ဝန်ထမ်းတစ်ဦးက KNU အား ဤသို့တိုက်တွန်းလှုံ့ဆော်ခဲ့သည်။ *"စည်းလုံးမှုရှိဖို့နဲ့ ဒီပြဿနာတွေကို ငြိမ်းချမ်းတဲ့နည်းနဲ့ အဖြေရှာရမယ်။ ငြိမ်းချမ်းမှုသာရှိမယ်ဆိုရင် ပြည်သူတွေလည်း စည်းစည်းလုံးလုံးနဲ့ နေနိုင်မယ်။"*

---

155 ၈၈၈၈ အရေးတော်ပုံသည် ၁၉၈၈ ခုနှစ်တွင် နေဝင်း၏ စစ်အုပ်ချုပ်ရေးကို ဆန့်ကျင်သည့် ကျောင်းသားများ ဆက်တိုက်ဦးဆောင်ခဲ့သည့် ဆန္ဒပြပွဲဖြစ်သည်။

156 KHRG မှ မကြာခင်ထုတ်ဝေတော့မည့် အစီရင်ခံစာ "We Will Win this Fight" တွင် ကြည့်ပါ။

လူအများစုမှကောင်းမွန်စွာ အစီအစဉ်ချထားသော မိမိကိုယ်ကိုကာကွယ်ရေးနည်းလမ်းများအပြင် ပြည်သူ့ကာကွယ်ရေးတပ်(PDF)[157] နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ပူးပေါင်းမှုဖြင့် ထိရောက်သည့် ထိုးစစ်များပြုလုပ်ရန်လိုအပ်ကြောင်း ပြောပြခဲ့သည်။ *"သူတို့နဲ့ရင်ဆိုင်တဲ့အခါမှာ စေ့စပ်ညှိနှိုင်းရေးက ဘယ်လိုမှအလုပ်ဖြစ်မှာမဟုတ်ဘူး။"* ဟု ဘားအံခရိုင်မှရွာသားတစ်ဦးက ပြောခဲ့သည်။ *"သူတို့နဲ့ စေ့စပ်ညှိနှိုင်းရင်တောင် သူတို့က သူတို့ရဲ့လမ်းစဉ်ကိုပဲ ရွေးလိမ့်မယ်။ သူတို့သေတဲ့အထိ ကျွန်တော်တို့တိုက်သွားရမှာဖြစ်တယ်။"* ကျန်းမာရေးဝန်ထမ်းတစ်ဦးက မလုံခြုံမှုများပိုမိုတိုးမြင့်လာမှုနှင့်ပတ်သက်၍ စိုးရိမ်ကြောင်း ဖော်ပြခဲ့သည်။ *"ကျွန်တော်ရွာမှာရှိတဲ့ လူငယ်တွေအနေနဲ့ စစ်ကောင်စီရဲ့တိုက်ခိုက်မှုကနေ သူတို့ကိုယ်သူတို့ကာကွယ်ဖို့အတွက် နည်းဗျူဟာလိုအပ်တယ်။"* အချို့လူများမှ အသေးစိတ်အချက်အလက်ကို ဖော်ပြခြင်းမရှိပဲ "မိမိကိုယ်ကိုကာကွယ်ရန်" လေ့ကျင့်ရေးသင်တန်းများကို ရှာဖွေလျက်ရှိကြောင်း KHRG မှသတင်းရခဲ့သည်။

KHRG မှ တွေ့ဆုံမေးမြန်းခဲ့သူအများစုမှာ ဆန္ဒပြပွဲများတွင် ပါဝင်သူများနှင့် CDM လှုပ်ရှားမှုတွင် ပါဝင်လာသူများဖြစ်သည့်အတွက် ၎င်းတို့ပေးသည့် အကြံပြုချက်များနှင့် မျှော်လင့်ချက်များမှာ အနာဂတ်တွင် ပိုမိုစည်းလုံးမှုရှိစေရန် ဖြစ်သည်။ ဥပမာအားဖြင့် အများစုက တိုက်ပွဲကိုဆုံးသည်အထိ ဆက်လက်တိုက်ရန် အလေးထားပြောသကဲ့သို့ အစိုးရဝန်ထမ်းများအနေဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်လာရန်လိုအပ်ကြောင်းကိုလည်း ပြောကြသည်။

ဘားအံမြို့ပြင် ကျေးရွာတစ်ရွာမှ သားဖွားဆရာမတစ်ဦးက *"လူတိုင်းပါဝင်လာရင်တော့ နိုင်ငံရဲ့ဒီကပ်ဘေးလည်း မြန်မြန်အဆုံး သတ်သွားလိမ့်မယ်။ ကျွန်မအနေနဲ့ လူငယ်တွေကော လူကြီးတွေအားလုံးကိုပါ တရားမျှတမှုနဲ့ တရားမမျှတမှုရဲ့အဓိပ္ပါယ်ကို သိစေချင်တယ်။ CDM မှာပါတဲ့လူတွေကိုလည်း အဆုံးထိပါကြဖို့ အကြံပြုလိုတယ်။ လူတိုင်းမှာ အခက်အခဲရှိတာကို နားလည်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မအနေနဲ့ လူတွေအားလုံးကို [အခက်အခဲကို] ဒီအချိန်တိုလေးအတွင်းမှာ ရင်ဆိုင်လိုက်ပြီးတော့ CDM မှာ ဆက်ပါစေချင်တယ်။"*

ဤအချက်ကို တက္ကသိုလ်ကျောင်းသားအများစုကလည်း ဖော်ပြကြသည်။ ဘားအံခရိုင်၊ တနေးဆား(နဘူး)မြို့နယ်၊ ဂ၄---ကျေးရွာအုပ်စု၊ ဖဂ---ကျေးရွာမှ နော်အ၄---က *"လူတိုင်းသာ CDM ဝင်မယ်ဆိုရင် မြန်မာစစ်တပ်လည်း နိုင်ငံကိုအုပ်ချုပ်နိုင်မှာမဟုတ်ဘူး။ သူတို့တွေကျရှုံးသွားလိမ့်မယ်။ ဒါကြောင့် လူတိုင်း CDM မှာပါဖို့ မျှော်လင့်တယ်။ ကျွန်မတို့ဆန္ဒပြကြတယ်။ ပြီးတော့ သူတို့ရဲ့အလုပ်ဟာ စစ်ကောင်စီအပေါ်သက်ရောက်မှုရှိတယ်လို့ သူတို့ကို CDM မှာပါဝင်ဖို့ အားပေးတိုက်တွန်းတယ်။ စစ်ကောင်စီကိုဖြုတ်ချဖို့အတွက် CDM က အထိရောက်ဆုံးပဲ။"*

CDM ဆက်လက်လုပ်ဆောင်ရန် လိုအပ်သော်လည်း ဆန္ဒပြသူများအပေါ် အကြမ်းဖက်မှုများကြောင့် ဆန္ဒပြပွဲများအား ရပ်တန့်သင့်သည်ဟု ခံစားရကြောင်း အခြားတက္ကသိုလ်ကျောင်းသားတစ်ဦးက ပြောပြခဲ့သည်။ ဆန္ဒပြပွဲတွေက အလုပ်မဖြစ်တော့ဘူးလို့ ကျွန်မမြင်တယ်။ ကျွန်မတို့ တတ်နိုင်သလောက် အစွမ်းကုန်လုပ်ပြီးပြီ။ ကျွန်မတို့ရဲ့အသံတွေလည်း ကြားသင့်သလောက် ကြားပြီးပြီ။ တစ်ကမ္ဘာလုံးမှာရှိတဲ့ လူတွေကလည်း ကျွန်တော်တို့အသံကိုကြားပြီးပြီ။ ကျွန်မတို့ ဒါကိုဆက်လုပ်မယ်ဆိုရင် သေဖို့အတွက် တောင်းဆိုနေသလိုဖြစ်မယ်။ သူတို့အတွက်သေမယ့်အစား ပြန်တိုက်တာက ပိုကောင်းတယ်။ ကျွန်မလိုချင်တာကတော့ ဒီအချိန်ဟာ နည်းဗျူဟာတွေကိုပြောင်းရမယ့်အချိန်ဖြစ်တယ်။ အဲ့ဒီနည်းလမ်းကို သုံးစရာမလိုတော့ဘူး။"

[157] ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF)သည် လက်နက်ကိုင်တောင်လှန်ရေးတစ်ခုဖြစ်ပြီး နိုင်ငံအနှံ့အပြားတွင် လွတ်လပ်စွာ ဖွဲ့စည်းတည်ထောင်ထားသည့် ဒေသခံပြည်သူ့စစ်များဖြစ်သည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ(၁)ရက်နေ့ စစ်အာဏာသိမ်းခြင်းနှင့် စစ်အာဏာရှင်၏ ဆက်တိုက် ရက်စက်ကြမ်းကြုပ်သောအကြမ်းဖက်လုပ်ရပ်များကြောင့် ထိုအဖွဲ့၏အများစုသည် မြန်မာနိုင်ငံ၏ တရားဝင်အစိုးရဟု အခိုင်အမာဆိုထားသည့် အမျိုးသားညီညွတ်ရေးအစိုးရ(NUG)နှင့် စတင်ပူးပေါင်းဆောင်ရွက်လာကြပြီး ၂၀၂၁ ခုနှစ်၊ မေလ (၅)ရက်နေ့တွင် အမျိုးသားညီညွတ်ရေးအဖွဲ့(NUG)မှ အနာဂတ်ဖက်ဒရယ်အတွက်ရှေးရှုရန်အတွက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) များအား တရားဝင်သတ်မှတ်ပေးခဲ့သည်။

(ခ) ဖယ်ဒရယ်စနစ်အတွက်စည်းလုံးညီညွတ်မှုရယူခြင်း

လူအများစုက စစ်အာဏာရှင်အားဖြုတ်ချရန်အတွက် စည်းလုံးညီညွတ်မှုလိုအပ်ကြောင်း ပြောသည်။ ဘားအံမြို့မှ ကျန်းမာရေးဝန်ထမ်းတစ်ဦးက *"လူတစ်ယောက်တည်းနဲ့တော့ ဖြေရှင်းနိုင်မှာမဟုတ်ဘူး။ အုပ်ချုပ်ရေးဌာနက အုပ်ချုပ်ရေးခေါင်းဆောင်အားလုံးနဲ့ ပြည်သူအားလုံး ဒီပြဿနာကိုဖြေရှင်းဖို့အတွက် စည်းလုံးညီညွတ်ပြီး အတူတကွလက်တွဲလုပ်ဆောင်ရမယ်။"*ဒူးပလာယာခရိုင်တွင်အဓိကဆန္ဒပြကြွေးကြော်သံတစ်ခုမှာ"တိုင်းရင်းသားစည်းလုံးညီညွတ်ရေး -ဒို့အရေး" ဖြစ်သည်။

မတူကွဲပြားသည့် ပြည်သူလူထုများ၏ ဆန္ဒပြမှုများနှင့် မတူညီသောတိုင်းရင်းသားများ၏ ခေါင်းဆောင်မှုများအကြား စည်းလုံးညီညွတ်မှုမရှိခြင်းကြောင့် အချို့ပြည်သူများမှာ စည်းလုံးညီညွတ်ရှိရန် တောင်းဆိုမှုများပြုလုပ်လာကြသည်။ တက္ကသိုလ်ကျောင်းသားတစ်ဦးက *"စစ်ကောင်စီက သွေးခွဲဖို့အချက်ကို လိုက်ရှာနေတာ။ တကယ်လို့ ကျွန်တော်တို့သွေးကွဲသွားရင် ကျွန်တော်တို့ရှုံးပြီ။ ကျွန်တော်တို့ရဲ့ ကရင့်တပ်မတော်အတွက်ကလည်း အတူတူပဲ။ အရင်ကဆို ကျွန်တော်တို့မှာ စစ်တပ်တခုတည်းရှိတယ်။ အခုတော့ လက်နက်ကိုင်အဖွဲ့တွေအများကြီးကွဲသွားတယ်။ သူတို့က ကျွန်တော်တို့ကိုခွဲလိုက်တော့ ကျွန်တော်တို့ရဲ့တပ်တွေက အားနည်းလာတယ်။ သူတို့မှာသွေးခွဲတဲ့နည်းဗျူဟာတခုပဲရှိတယ်။ သူတို့ဒါကိုလုပ်နိုင်ရင် ကျွန်တော်တို့ကိုနိုင်ပြီ။ ကျွန်တော်တို့အများကြီးခံစားလာရတဲ့အတွက် ဒါကိုသင်ခန်းစာယူဖို့လိုတယ်။ ကျွန်တော်ပြောချင်တာကတော့ စည်းလုံးမှုရှိဖို့ပဲ။ ကျွန်တော်တို့တစ်ယောက်နဲ့တစ်ယောက် မကြိုက်ရင်တောင် ဒါကိုစိတ်ထဲမှာသိမ်းထားရမယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ရဲ့ဆန္ဒကဘာလဲဆိုတာကို သိဖို့လိုတယ်။ ကျွန်တော်တို့ရဲ့ပန်းတိုင်ကို ဦးတည်ဖို့လိုတယ်။"*

တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးနှင့် တန်းတူညီမျှမှုရရှိနိုင်ရန် တစ်ခုတည်းသောနည်းလမ်းဖြစ်သည့် ဖယ်ဒရယ်ဒီမိုကရေစီအား လိုအပ်ကြောင်းကို လူအများအပြားဖော်ပြခဲ့ပြီး အရပ်ဖက်အဖွဲ့အစည်းမှ ဝန်ထမ်းတစ်ဦးက အဓိကအချက်မှာ ဒီမိုကရေစီလမ်းကြောင်းသို့ ပြန်သွားရန်သာမဟုတ်ကြောင်းနှင့် ဖယ်ဒရယ်ဒီမိုကရေစီစနစ်ထူထောင်ရန်ဖြစ်ကြောင်း ဖော်ပြခဲ့ကြသည်။ ဘိတ်-ထားဝယ်ခရိုင်၊ တနောသရိ(တနင်္သာရီ)မြို့နယ်မှ ကရင်လယ်သမားတစ်ဦးက ဖယ်ဒရယ်စနစ်ဆိုသည်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် တန်းတူအခွင့်အရေးများပါဝင်ကြောင်း အဓိပ္ပါယ်ဖွင့်ဆိုခဲ့သည်။ *"တိုင်းရင်းသားတွေ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဖို့၊ ကိုယ်ပိုင်အုပ်ချုပ်ရေးစနစ်နဲ့ တန်းတူအခွင့်အလမ်းတွေရဖို့ ကျွန်တော်တို့လိုလားတယ်။ ဒါက ဖယ်ဒရယ်စနစ်ရဲ့ အနှစ်သာရပဲ။"* ဒူးပလာယာခရိုင်မှ KECD မှဆရာမတစ်ဦးလည်း ဤအချက်ကို ထပ်မံဖော်ပြခဲ့သည်။ *"ကျွန်မအနေနဲ့ ကိုယ့်နိုင်ငံရဲ့ အာဏာရှင်စနစ်ကနေလွတ်မြောက်ဖို့၊ စစ်မှန်တဲ့ဖယ်ဒရယ်ဒီမိုကရေစီရဖို့နဲ့ တိုင်းရင်းသားလူနည်းစုတွေအနေနဲ့ တန်းတူအခွင့်အရေးရဖို့ ဆန္ဒပြတယ်။ ကျွန်မတို့ဒီနိုင်ငံမှာ နေထိုင်ရတဲ့အချိန်မှာ တန်းတူအခွင့်အရေးမရဘူးဆိုရင် ကိုယ့်ကိုယ်ကို မြန်မာနိုင်ငံသားလို့ သတ်မှတ်ဖို့ အကြောင်းမရှိဘူး။"*

(ဂ) ကျေးလက်ဒေသပြည်သူများ၏အမြင်များနှင့်လူနည်းစုများ၏အသံများ

KHRG ၏ နောက်ဆုံးရသတင်းအချက်အလက်များအရ ပဋိပက္ခဒေသများတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် အာဏာသိမ်းပြီး အစောပိုင်းကာလများတွင် နေရပ်ရွှေ့ပြောင်းနေထိုင်မှုနှင့် အခြားသောမလုံခြုံမှုများကို ကြုံတွေ့ခံစားကြရသည်။ ထို့အတွက်ကြောင့် ၎င်းတို့၏အသံများအား အထူးသဖြင့် မြို့ပြဆန္ဒပြပွဲများတွင် ဖော်ပြခံရခြင်းနည်းပါးသည်။ မေးခွန်းဖြေကြားသူအချို့က ကျေးလက်ဒေသရှိ ရွာသားများကြုံတွေ့ရသည့် အာဏာသိမ်းမှုသည် မြို့ပြဒေသများတွင် နေထိုင်သူများကြုံတွေ့ရသည့် အာဏာသိမ်းမှုနှင့် ကွဲပြားကြောင်းမီးမောင်းထိုးပြခဲ့သည်။

ဘိတ်-ထားဝယ်ခရိုင်၊ လယ်ဒိုစိုးမြို့နယ်၊ ဖယ---ကျေးရွာအုပ်စုမှ (လူမှုရေးဝန်ထမ်း) ရွာသားတစ်ဦးက အထူးသဖြင့် ဆန္ဒပြပွဲများတွင် တက်ကြွစွာမပါဝင်နိုင်သော ကျေးလက်ဒေသရှိရွာသားများ၏ တုန့်ပြန်မှုများကို နားလည်ရန်

လိုအပ်ကြောင်း ပြောပြခဲ့သည်။ *"တပ်မတော်က ကျွန်တော်တို့ကရင်လူမျိုးတွေကို နှစ်ပေါင်းများစွာ ဖိနှိပ်ခဲ့တယ်။ ကျွန်တော်တို့ နေရပ်ရွှေ့ပြောင်းနေထိုင်သူတွေဟာ တခြားနိုင်ငံမှာ ဒုက္ခသည်အဖြစ်နဲ့ နေလာရတယ်။ ကျွန်တော်တို့ ထိုင်းနိုင်ငံကို ပြေးတဲ့အချိန်မှာ ထိုင်းအာဏာပိုင်တွေက လက်မခံဘူး။ မြန်မာနိုင်ငံထဲမှာနေပြန်တော့ ကျွန်တော်တို့မှာ မြေမရှိဘူး။ ဒါက ကျွန်တော်တို့ကြုံတွေ့နေရတဲ့ ဘဝပဲ။ ဆန္ဒပြပွဲမှာပါရဲတဲ့သူတွေက ဆန္ဒပြပွဲတွေမှာပါကြတယ်။ ကြောက်တဲ့သူတွေကတော့ ပုန်းနေရတယ်။ သူတို့ကို ကျွန်တော်တို့ ကူညီပံ့ပိုးပေးဖို့လိုတယ်။"*

လက်ရှိရန်ကုန်တွင် နေထိုင်လျက်ရှိသော သံတောင်မြို့နယ်မှ ရွာသားတစ်ဦးကလည်း ကျေးလက်နှင့်မြို့ပြရှိပြည်သူများအနေဖြင့် စစ်အာဏာရှင်စနစ်ကို မလိုလားသော်လည်း ၎င်းတို့အနေဖြင့် မတူကွဲပြားသည့် စစ်တပ်အုပ်ချုပ်မှုစနစ်များကို ကြုံတွေ့ရကြောင်း ဖော်ပြခဲ့သည်။ *"ကျွန်တော်တို့ စစ်တပ်အုပ်ချုပ်မှုအောက်မှာ နေခဲ့ဘူးတယ်။ ဒါကဘယ်လိုမျိုးလဲဆိုတာ လူတိုင်းသိပါတယ်။ အထူးသဖြင့် တိုင်းရင်းသားတွေနဲ့ ကျေးလက်ဒေသမှာနေကြတဲ့သူတွေပေါ့။ ကျွန်တော်တို့အများကြီး ခံစားခဲ့ရတယ်။ မြို့ပေါ်မှာနေတဲ့လူတွေ ဘယ်လိုကြုံတွေ့ရလဲ ကျွန်တော်တို့ မသိဘူး။ ကျွန်တော်ရန်ကုန်ကို ပြောင်းနေတော့ သူတို့တွေ စစ်တပ်အုပ်ချုပ်မှုအောက်မှာ ဘယ်လိုကြုံတွေ့ခံစားရလဲဆိုတာကို သိလာရတယ်။ ကျွန်တော်တို့နဲ့ ကျေးလက်ဒေသနဲ့မတူပေမယ့် သူတို့လည်း အခက်အခဲတွေရှိတယ်။ ဒါကြောင့်သူတို့လည်း စစ်အာဏာရှင်စနစ်ကို မလိုချင်တော့ဘူး။ မြို့ပြကော ကျေးရွာမှာနေတဲ့လူတွေကော အများစုက စစ်အုပ်ချုပ်မှုအောက်မှာ မနေချင်ကြတော့ဘူး။"*

စစ်အာဏာသိမ်းမှုသည် တိုင်းရင်းသားလူနည်းစုများအပေါ် စစ်တပ်၏ရက်စက်ကြမ်းကြုတ်မှုကို အချို့ပြည်သူများမှ သိမြင်စေသည့်အပြင် စစ်တပ်မှကျူးလွန်သည့် အကြမ်းဖက်မှုများ၏ ဆိုးရွားပုံကိုလည်း ပိုမိုသိရှိနားလည်လာစေပါသည်။ CDM လှုပ်ရှားမှုတွင် ပါဝင်ပြီးနောက် ခလယ်လွိုထူခရိုင်သို့ ထွက်ပြေးလာသည့် ဧရာဝတီတိုင်း၊ မြောင်းမြခရိုင်မှ အရပ်ဖက်လူမှုအဖွဲ့အစည်း ဝန်ထမ်းတစ်ဦးက *"တိုင်းရင်းသားတွေက ဖိနှိပ်ခံရတယ်။ ကျွန်မတို့က ဒါကို ကြားပဲကြားဖူးတာ။ တကယ့်လက်တွေ့မှာတော့ သူတို့ခံစားရတာကို တခါမှမတွေ့ဖူးဘူး။ မြေပြန့်ဒေသမှာ လူတွေက အာဏာသိမ်းမှုကိုဆန့်ကျင်ကြတဲ့အခါမှာတော့ လူတွေဘယ်လိုဖိနှိပ်ခံရလဲဆိုတာ ကိုယ်တိုင်တွေ့လိုက်ရတယ်။ ကျွန်တော်တို့ ဒါကိုမြင်ရတဲ့အခါ တိုင်းရင်းသားတွေအပေါ် ကိုယ်ချင်းစာလာတယ်။ တိုင်းရင်းသားတွေ ဘာကြောင့် လက်နက်ကိုင်တော်လှန်ရေးလုပ်ရလဲဆိုတာ စပြီးနားလည်လာတယ်။"*

ကျေးလက်ဒေသရှိ ရွာသားများက အတိတ်ကာလနှင့် လက်ရှိဆက်လက်ကြုံတွေ့နေရသည့် စစ်တပ်၏အကြမ်းဖက်မှုများအား လူတိုင်းကိုသတိပေးရန် လိုအပ်ကြောင်း အလေးထားပြောခဲ့သည်။ ဒူးပလာယာခရိုင်၊ ကောတရိ (ကော့ကရိတ်)မြို့နယ်၊ သေ့ဘောဘိုးကျေးရွာအုပ်စု၊ အအ---ကျေးရွာမှ နေ့စားအလုပ်သမားတစ်ဦးက ဤသို့ပြောသည်။ *"အာဏာသိမ်းမှုက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ဆိုးကျိုးတွေရှိလာလိမ့်မယ်။ ဘာကြောင့်လဲဆိုရင် အာဏာရှင်စနစ်ဆိုတာက အကြမ်းဖက်မှု၊ ဖျက်စီးမှုနဲ့ ချိုးဖောက်မှုတွေအပေါ်မှာ အခြေခံထားတယ်။ အာဏာရှင်စနစ်မှာ ငြိမ်းချမ်းမှုနဲ့ ချစ်ခြင်းမေတ္တာမရှိဘူး။ ကျွန်တော်တို့ဘိုးဘွားလက်ထက်မှာ သူတို့လည်း ဒီအကြမ်းဖက်မှု၊ ဖျက်စီးမှုနဲ့ ချိုးဖောက်မှုကို တွေ့ကြုံခံစားခဲ့ရတယ်။" "ကျွန်တော်တို့အနေနဲ့ လူ့အခွင့်အရေးကို ရရှိခံစားရခြင်း မရှိရင် ကျွန်တော်တို့ရဲ့ ဘဝတွေ တိုးတက်မှာမဟုတ်ဘူး။"* ဟု ထပ်လောင်းပြောခဲ့သည်။

ဒူးသထူခရိုင်မှ လယ်သမားတစ်ဦးက ၎င်း၏အမြင်ကို ဤသို့တင်ပြခဲ့သည်။ *"တပ်မတော်က နှစ်ပေါင်းသုံးဆယ် လေးဆယ်လောက် အာဏာရှင်စနစ်ကို ကျင့်သုံးခဲ့တယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ ကရင်တော်လှန်ရေးက နှစ်ပေါင်း ၇၀ ကျော်ပြီ။ သူတို့က ပြည်သူတွေအကျိုးအတွက် ဘာမှမလုပ်ဘူး။ သူတို့အကျိုးအတွက်ပဲ သူတို့လုပ်ကြတယ်။ ဒေသခံရွာသားတွေဆိုတာက သူတို့ရှေ့မှာ တိရိစ္ဆာန်တွေလိုပဲ။ ဒါကြောင့် ကျွန်တော်တို့ သူတို့ကိုမလိုချင်ဘူး။ စစ်အာဏာသိမ်းမှုကို တော်လှန်တဲ့သူတွေအတွက် ဝမ်းသာတယ်။ သူတို့ကို ကျွန်တော်တို့လိုအပ်တယ်။ ကျွန်တော်တို့အနေနဲ့ စစ်အာဏာသိမ်းမှုကို မလိုချင်ဘူး။ ဘာကြောင့်လဲဆိုတော့ စစ်တပ်ရဲ့ အာဏာအလွဲသုံးစားလုပ်*

*တာ၊ ပြည်သူတွေအပေါ် အခွင့်အရေးချိုးဖောက်မှုကျူးလွန်တာ စတဲ့စစ်တပ်ရဲ့ ဖိနှိပ်မှုအောက်မှာ ကျွန်တော်တို့အနေနဲ့ နှစ်ပေါင်းများစွာ နေလာပြီးပြီ။”*

မေးခွန်းဖြေကြားသူအများစုက ရှေ့ဆက်လုပ်ဆောင်မည့် အစီအစဉ်များနှင့် နည်းဗျူဟာများတွင် လူနည်းစုတိုင်းရင်းသားများ၏အသံကို ထည့်သွင်းရန်လိုအပ်ကြောင်း မီးမောင်းထိုးပြခဲ့သည်။ မြို့ပြ NGO အဖွဲ့အစည်းတွင် အလုပ်လုပ်သော အမျိုးသမီးတစ်ဦးက စစ်တပ်၏ဖိနှိပ်မှုများအား ကြုံတွေ့ခံစားရသူများ၏ အသံများကို နားထောင်နိုင်မည့် ပြည်သူ့ရေးရာအစီအစဉ်များ လိုအပ်ကြောင်း ပြောခဲ့သည်။ *“ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ[CRPH][158] အနေနဲ့ တိုင်းရင်းသားလူနည်းစုတွေရဲ့အသံကို နားမထောင်ပဲ သူတို့ဟာသူတို့ဆုံးဖြတ်ချက်တွေလုပ်ရင်တော့ အန္တရာယ်များတယ်။ သူတို့တွေအနေနဲ့ ဘယ်လိုအရာတွေကို အတူလက်တွဲလုပ်ဆောင်ကြမလဲဆိုတာနဲ့ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးမှုအစည်းအဝေးတွေ လုပ်သင့်တယ်။ တိုင်းရင်းသားလူနည်းစုတွေက ဒီတော်လှန်ရေးမှာပါလာတာ နှစ်ပေါင်း ၇၀ ကျော်ပြီ။ သူတို့မှာ အတွေ့အကြုံအများကြီးရှိတယ်။ သူတို့ကဒီအတွေ့အကြုံတွေကိုသုံးပြီးတော့ သူတို့ရဲ့နိုင်ငံရေးခရီးစဉ်ကို ရှေ့ဆက်သင့်တယ်။”*

ဘီးလင်းမြို့မှ နေ့စားအလုပ်သမားတစ်ဦးက တိုင်းရင်းသားလူနည်းစုများ၏ အသံများကို အလေးထားရန် လိုအပ်ကြောင်းနှင့် အရပ်သားအစိုးရသစ်ဖွဲ့စည်းသည့်အခါတွင်လည်း ထည့်သွင်းစဉ်းစားသင့်သည့် အယူအဆကို ထပ်မံပြောခဲ့သည်။ *“ဆိုကြပါစို့၊ အရပ်သားအုပ်ချုပ်မှုစနစ်ရရင် တိုင်းရင်းသားလူနည်းစုတွေကို ချန်ထားလို့ အဆင်ပြေမှာမဟုတ်ဘူး။ တိုင်းရင်းသားတိုင်းရဲ့ တောင်းဆိုမှုတွေကို ထည့်သွင်းစဉ်းစားသင့်တယ်။”*

158 ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH)သည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ(၁)ရက်နေ့တွင် စစ်အာဏာသိမ်းပြီး ပြည်ထောင်စုလွှတ်တော်နေရာတွင် တားမြစ်ခြင်းခံရသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)၏ ရွေးကောက်တင်မြှောက်ထားသည့် ဥပဒေပြုရေးအဖွဲ့များမှ ဖွဲ့စည်းထားခြင်းဖြစ်သည်။ ဖွဲ့စည်းပြီး ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ (၅)ရက်မှ လွှတ်တော်အသွင်ဖြစ်လှုပ်ရှားပြီး စစ်တပ်နှင့် လုံခြုံရေးတပ်များ၏လှုပ်ရှားမှုများကို ပြင်းထန်စွာရှုပ်ချခဲ့ကြသည်။ ပြည်သူများအား အာဏာဖီဆန်ရေး အကြမ်းမဖက်လှုပ်ရှားမှု (CDM)တွင် ပူးပေါင်းပါဝင်ရန်နှင့် စစ်အာဏာရှင်များ၏ အမိန့်များအား မလိုက်နာရန် တွန်းအားပေးခဲ့သည်။ ၂၀၂၁ ခုနှစ်၊ မတ်လ (၃၁)ရက်တွင် ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်စာတမ်းအား ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေး ကနဦးသဘောတူညီချက် အကြမ်းဖျင်းနှင့် ကြားဖြတ်ဖွဲ့စည်းပုံပြင်ဆင်ရေးများကို ပုံဖော်ပြုလုပ်ခဲ့ကြသည်။ ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၆)ရက်နေ့တွင် CRPH ၏ ယာယီအစိုးရအဖွဲ့ကို ဖျက်သိမ်းပြီး နစက(SAC)စစ်တပ်၏ ဖမ်းဆီးထိန်းသိမ်းထားဆဲဖြစ်သော်လည်း ဦးဝင်းမြင့်အားသမ္မတ၊ ဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ်ခန့်အပ်ထားပြီး အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့ (NUG)ကိုဖွဲ့စည်းခဲ့ကြသည်။ နောက်ထပ်သတင်းအချက်အလက်များအား CRPH မှ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလတွင် နောက်ဆုံးလက်ခံရရှိသည့် ဝက်ဆိုဒ် https://crphmyanmar.org/ တွင် ရှာဖွေနိုင်ပါသည်။

# နိဂုံး

ဤအစီရင်ခံစာတွင် ရေးသားထားသကဲ့သို့ အာဏာသိမ်းပြီးနောက် ပထမခြောက်လအတွင်း စစ်ကောင်စီမှ ပြည်သူများအပေါ် နိုင်ငံ့ရန်သူကဲ့သို့ ဆက်ဆံခြင်းနှင့် ဆန့်ကျင်ဆန္ဒပြသူများအား ချေမှုန်းခြင်းများကြောင့် အကြမ်းဖက်မှုများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားစေပြီး အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရသည်။ စစ်ကောင်စီမှ ငြိမ်းချမ်းစွာဆန္ဒပြသူများအား သေနတ်ဖြင့်ပစ်ခြင်း၊ သတ်ဖြတ်ခြင်း၊ ကျေးလက်ဒေသရှိ ကျေးရွာများအား ဗုံးကြဲခြင်း စသည့်လုပ်ရပ်များကြောင့် ထောင်ပေါင်းများစွာသော ပြည်သူများ ထွက်ပြေးတိမ်းရှောင်နေရခြင်း၊ ကျန်းမာရေးဝန်ဆောင်မှုများနှင့် သတင်းအချက်များ ရရှိနိုင်ခွင့်အား ပိတ်ပင်ကန့်သတ်ခြင်းများအပြင် မြန်မာနိုင်ငံရှိ ပြည်သူများအား ၎င်းတို့၏ သဘောအတိုင်း ဖမ်းဆီး၊ ထိန်းသိမ်းညှဉ်းပမ်းနှိပ်စက်ရန်အတွက် ဥပဒေကို လိုသလိုအသုံးချခဲ့ကြသည်။

ဤအစီရင်ခံစာကို ရေးသားနေသည့် အချိန်ကာလတလျှောက်လုံးတွင်လည်း မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေသများတွင် ညှဉ်းပမ်းနှိပ်စက်မှု၊ အဓမ္မလုပ်အားပေးခိုင်းစေမှုနှင့် သတ်ဖြတ်ခြင်းများနှင့် စသည့်အကြမ်းဖက်မှုဆိုင်ရာ ဖြစ်စဉ်များနှင့်ပတ်သက်ပြီး သတင်းအချက်အလက်များ ဆက်လက်လက်ခံရရှိခဲ့သည်။ တိုက်ပွဲများနှင့် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိကာ ပိုမိုကျယ်ပြန့်လာသည်။ နေရပ်ရွှေ့ပြောင်းနေထိုင်ရသူအများစုမှာ အထောက်အပံ့များမရရှိခြင်းအပြင် အချို့သူများမှာလည်း အစားအသောက်အနည်းငယ်သာ ကျန်ရှိကြောင်းတင်ပြခဲ့သည်။နေရပ်ရွှေ့ပြောင်းနေထိုင်မှုများဆက်လက်ဖြစ်ပွားလျက်ရှိပြီးထိုင်းနိုင်ငံနယ်စပ်တစ်လျှောက်တွင် ခိုလှုံရန်မှာလည်း ကန့်သတ်ချက်များ ရှိနေသည်။ ဖျားနာမှုကြောင့် သေဆုံးခြင်းများနှင့်ပတ်သက်သည့် သတင်းအချက်များကို လက်ခံရရှိခဲ့သော်လည်း ရွာသားများအနေနှင့် ထိုသေဆုံးမှုများမှာ COVID–19 ရောဂါကြောင့် သို့မဟုတ် အခြားရောဂါကြောင့်ဆိုသည်ကို ခွဲခြားမသိပေ။ ထိုသို့သိရှိနိုင်ရန်အတွက် စစ်ဆေးမှု သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုများမှာလည်း အနည်းငယ်သာရှိသည်။ COVID–19 ရောဂါသည် ထွက်ပြေးတိမ်းရှောင်နေရသူများအကြားတွင်လည်း ပျံ့နှံ့နေပြီး အများစုမှာ ကျန်းမာရေးအထောက်အပံ့ သို့မဟုတ် ဆရာဝန်များကို လက်လှမ်းမမီနိုင်ခြင်းမရှိကြောင်းကိုလည်း ဖော်ပြထားသည်။ ရောဂါပျံ့နှံ့မှုနှင့်ပတ်သက်ပြီး KHRG ၏သတင်းအချက်အလက်စုဆောင်းသူတစ်ဦးမှ ဤသို့တင်ပြခဲ့သည်။ *"ဒေသခံရွာသားတွေအနေနဲ့ ထွက်ပြေးတိမ်းရှောင်နေရချိန်မှာ COVID–19 ရောဂါကူးစက်ခံရမှာကိုတောင် အာရုံမစိုက်နိုင်တော့ပဲ SAC စစ်သားတွေကိုပဲ ကြောက်ရွံ့နေကြရတယ်။"*[159]

KHRG မှ COVID–19 ရောဂါနှင့်ပတ်သက်ပြီး တင်ပြခဲ့ရာတွင် အသွားအလာကန့်သတ်ခြင်းများနှင့် စီးပွားရေးကျဆင်းမှုများကြောင့် ဆင်းရဲနွမ်းပါးမှုနှုန်း တိုးမြင့်လာခြင်းနှင့် စာနပ်ရိက္ခာဖူလုံမှုမရှိခြင်းများအား ရွာသားများခံစားနေရကြောင်း မီးမောင်းထိုးပြခဲ့သည်။ အာဏာသိမ်းပြီးသည့် နောက်ပိုင်းတွင်လည်း ဤပြဿနာများမှာ လျော့ကျသွားခြင်းမရှိပဲ ပိုမိုဆိုးရွားလာခဲ့သည်။ အကယ်၍ စစ်တပ်၏ မတရားအာဏာသိမ်းမှုကို ဖြေရှင်းရန်စောင့်စားနေကြသည့် အချိန်ကာလအတွင်း ရွာသားများအား ကူညီထောက်ပံ့မှုလမ်းကြောင်းများနှင့် ထောက်ပံ့မှုနည်းလမ်းများအား ရှာဖွေခြင်းမရှိပါက အခြေအနေများ ပိုမိုဆိုးရွားလာနိုင်သည်။

အာဏာသိမ်းပြီး အစောပိုင်းလများတွင် ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းမှုများအရ စစ်အစိုးရအနေဖြင့် လာမည့်နှစ်အတွင်း ရွေးကောက်ပွဲကျင်းပမည်မဟုတ်ကြောင်း မေးခွန်းဖြေကြားသူများမှ အခိုင်အမာခံစားနေကြရသည်။ ထို့နောက်တွင် စစ်ကောင်စီမှ "အိမ်စောင့်အစိုးရ" အဖြစ် ပြောင်းလဲသတ်မှတ်ကြောင်း ကြေညာပြီး ရွေးကောက်ပွဲအား ၂၀၂၃ ခုနှစ်၊ ဩဂုတ်လတွင် ကျင်းပပေးမည်ဖြစ်ကြောင်း ကတိပြုခဲ့သော်လည်း စစ်တပ်အနေနှင့် တိုင်းပြည်အာဏာကို ပြန်လည်ပေးအပ်မည်မဟုတ်ပဲ ၎င်းတို့၏ တရားမဝင်လုပ်ရပ်များကို တရားဝင်စေရန်အတွက် နည်းလမ်းများ ဆက်လက်ရှာဖွေကြလိမ့်မည်ဟု ပြည်သူများက ယုံကြည်နေကြသည်။

159 KHRG မှ မကြာမီတွင် ထုတ်ဝေတော့မည့် အစီရင်ခံစာ (21–270–D1) တွင် ကြည့်ပါ။

စစ်အာဏာသိမ်းခြင်း စတင်သည့်အချိန်မှစ၍ မြန်မာနိုင်ငံရှိ ပြည်သူများမှ တရားမျှတမှုအတွက် ရပ်တည်ရန် ၎င်းတို့၏စိတ်အားထက်သန်မှုကို ဖော်ပြခဲ့ကြသည်။ စစ်ကောင်စီမှ "အိမ်စောင့်အစိုးရ" အသစ်တစ်ရပ်ဖွဲ့စည်းရန် လုပ်ဆောင်သည့်အချိန်တွင် မြန်မာနိုင်ငံမှ ပြည်သူများအနေဖြင့် အစိုးရ၏အကြမ်းဖက်မှုများနှင့် ပတ်သက်ပြီး ပိုမိုဂရုစိုက်နေထိုင်ရန်အတွက် လိုအပ်လာခဲ့သည်။ နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများနှင့် လုံးဝဆန့်ကျင်နေသည့် အကြမ်းဖက်မှုများအား ကြုံတွေ့ရသည့် မြန်မာနိုင်ငံမှပြည်သူများအနေဖြင့် တစ်ဦးတစ်ဖွဲ့တည်း ရင်ဆိုင်တုန့်ပြန်ရန် မဖြစ်နိုင်ပါ။

သို့သော်လည်း နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာနိုင်ငံတွင် နေထိုင်ကြသော တိုင်းရင်းသားလူနည်းစုများအပေါ် စစ်တပ်မှကျူးလွန်သည့် ရက်စက်ယုတ်မာမှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် အရေးယူဆောင်ရွက်ပေးရန် ပျက်ကွက်ခဲ့သည်။ တွေ့ဆုံမေးမြန်းမှုအား ဖြေကြားသူတစ်ဦးက *"ကျွန်တော်တို့အနေနဲ့ အတိတ်ကကြုံတွေ့ရသမျှ ကိုကိုယ့်နည်းကိုယ့်ဟန်နဲ့ ရင်ဆိုင်ရတယ်။ ဖြတ်သန်းရတယ်။ ဒါကြောင့် လူတွေကပြဿနာ ဒါမှမဟုတ် တခုခုကိုရင်ဆိုင်ကြုံတွေ့လာရတဲ့အခါ သူတို့နဲ့အတူ ဒါမှမဟုတ် သူတို့အတွက် ဘယ်သူကမှ ရပ်တည်ပေးမှာမဟုတ်ဘူးလို့ ထင်ကြတယ်။ […].ပြည်သူတွေအနေနဲ့ သူတို့ကို တခြားသူတွေက ပံ့ပိုးပေးနေတာနဲ့ ဒီတိုက်ပွဲမှာ သူတို့တွေက တကိုယ်တည်းမဟုတ်တာကို သိရှိခံစားရဖို့ အရေးကြီးတယ်။ သူတို့နဲ့ အတူရှိနေပြီး ရပ်တည်ပေးမဲ့သူတွေကို လိုအပ်တယ်။"* [160] ဤမေးခွန်းဖြေကြားသူ၏ ပြောကြားချက်သည် အရပ်သားများ၏ ဆန္ဒပြပွဲများတွင် ပါဝင်ခြင်းနှင့်ပတ်သက်ပြီး ရည်ညွှန်းပြောဆိုထားခြင်း ဖြစ်သော်လည်း တိုင်းရင်းသားလူနည်းစုများ လိုအပ်သောအချက်များကိုလည်း ခိုင်မာစွာဖော်ပြနေသည်။ နောက်ဆုံးအနေဖြင့် တိုင်းရင်းသားလူနည်းစုများသည် ၎င်းတို့၏အသံများကို ကမ္ဘာမှသိရှိစေသည်သာမက ၎င်းတို့၏ ကိုယ်ပိုင်အခွင့်အရေးများ၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုများအတွက် ရပ်တည်ရာတွင် ပံ့ပိုးမှုများလည်းလိုအပ်သည်။

160 KHRG မှ မကြာမီထုတ်ဝေတော့မည့် အစီရင်ခံစာ "We Will Win this Fight" တွင် ကြည့်ပါ။

## အရှေ့မျက်နှာဖုံးနှင့် အနောက်မျက်နှာဖုံး

### အရှေ့မျက်နှာဖုံးပုံ

ဤပုံကို ၂၀၂၁ ခုနှစ်၊ မတ်လ ၉ ရက်နေ့၌ ဒူးပလာယာခရိုင်၊ ကော့တရိမြို့နယ်၊ ကော့တရိမြို့အနီးရှိ အာရှလမ်းမ ဘေးနားတွင် ရိုက်ယူခဲ့သည်။ ပုံတွင် ဆန္ဒပြပွဲမှုတွင် SAC ၏အကြမ်းဖက်မှုမှ ကာကွယ်နိုင်ရန်အတွက် တစ်ချို့သော ဆန္ဒပြသူများ မိမိကိုယ်ကိုကာကွယ်သည့်ပစ္စည်းများကို စတင်အသုံးပြုလာခဲ့သည်။ ဆန္ဒပြသူများသည် “ဖက်ဒရယ် ပြည်ထောင်စုသစ်တည်ဆောက်ရေး” ဟု ရေးထားသည့်ဆိုင်းဘုတ်ကို ကိုင်ဆောင်ထားကြသည်။(ဓာတ်ပုံ – KHRG)

### အနောက်မျက်နှာဖုံးပုံ

ဤပုံကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့၌ မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပေကေးကျေးရွာအုပ်စု၊ ဒေ့ပူနို့ကျေးရွာ တွင် ရိုက်ယူခဲ့သည်။ ပုံတွင် ၂၀၂၁ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့၌ SAC ၏လေကြောင်းတိုက်ခိုက်မှုကြောင့် ဒေသခံ ကျောင်းတစ်ကျောင်း ပျက်စီးသွားသည့်ပုံဖြစ်သည်။ (ဓာတ်ပုံ – KHRG)



၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာဏာသိမ်းကတည်းက မြန်မာနိုင်ငံ၏လူ့အခွင့်အရေးအခြေအနေသည် ပျက်စီးယိုယွင်းလာခဲ့ပါသည်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(နစက)သည် အရပ်သားပြည်သူများအပေါ် စနစ်တကျအကြမ်းဖက်ဖြိုခွင်းမှုများကို ကျူးလွန်နေပြီး ဤသို့သောလုပ်ဆောင်ချက်များသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှ အာမခံချက်အချို့သာပေးထားသည့် ပြည်သူနှင့်နိုင်ငံရေးဆိုင်ရာ အကာအကွယ်ပေးမှုကို လုံးဝသွေဖည်နေပြီး လူ့အခွင့်အရေးချိုးဖောက်မှုအား ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်လာစေရန် လမ်းဖွင့်ပေးသကဲ့သို့ဖြစ်စေခဲ့ပါသည်။ ဤအစီရင်ခံစာတွင် ရေးသားထားသကဲ့သို့ အာဏာသိမ်းပြီးနောက် ပထမခြောက်လအတွင်း စစ်ကောင်စီမှ ပြည်သူများအပေါ် နိုင်ငံတော်ရန်သူကဲ့သို့ဆက်ဆံခြင်းနှင့် ဆန့်ကျင်ဆန္ဒပြသူများအား ချေမှုန်းခြင်းများကြောင့်အကြမ်းဖက်မှုများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားစေပြီး အသက်ပေါင်းများစွာဆုံးရှုံးခဲ့ရသည်။ စစ်ကောင်စီမှ ငြိမ်းချမ်းစွာဆန္ဒပြသူများအားသေနတ်ဖြင့်ပစ်ခြင်း၊ သတ်ဖြတ်ခြင်း၊ ကျေးလက်ဒေသရှိကျေးရွာများအားဗုံးကျဲခြင်း စသည့်လုပ်ရပ်များကြောင့် ထောင်ပေါင်းများစွာသော ပြည်သူလူထုများ ထွက်ပြေးတိမ်းရှောင်နေရခြင်း၊ ကျန်းမာရေးဝန်ဆောင်မှုများနှင့် သတင်းအချက်များရရှိနိုင်ခွင့်အား ပိတ်ပင်ကန့်သတ်ခြင်းခြင်းများအပြင် ၎င်းတို့၏ဆန္ဒအတိုင်းမြန်မာနိုင်ငံရှိပြည်သူများအား ဖမ်းဆီး၊ ထိန်းသိမ်း၊ ညှဉ်းပမ်းနှိပ်စက်ရန်အတွက် ဥပဒေကိုကျင့်သုံးခဲ့ကြသည်။

ဤအစီရင်ခံစာတွင် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်း မြန်မာပြည်အရှေ့တောင်ပိုင်းရှိပြည်သူများ လက်ရှိခံစားနေရသော ဆိုးရွားလာသည့်လုံခြုံရေးအခြေအနေနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြပ်အတည်းများကို ဖော်ပြထားသည်။ ထို့အပြင် ကျေးလက်ဒေသရှိရွာသားများနှင့် ပြည်သူလူထုတို့၏မျှော်လင့်ချက်များနှင့် ရုန်းကန်နေရမှုအခြေအနေများကိုလည်း တင်ပြထားသည်။ ရွာသားများအနေဖြင့် မလုံခြုံမှုများကို ပို၍ခံစားရသော်လည်း ၎င်းတို့နားလည်သဘောပေါက်ထားသည့် တရားဝင်မှုမရှိသော၊ တရားမျှတမှုမရှိသော စစ်အစိုးရအားရင်ဆိုင်ရန်အတွက် နည်းလမ်းများကို ဆက်လက်ရှာဖွေလျက်ရှိသည်။

KHRG

ကရင်လူ့အခွင့်အရေးအဖွဲ့အား ၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ပြီး မြန်မာပြည်အရှေ့တောင်ပိုင်း ကျေးလက်ဒေသများရှိရွာသားများနှင့် ဒေသခံလူထုများ၏အခြေအနေများအား ၎င်းတို့နှင့်တိုက်ရိုက်တွေ့ဆုံမေးမြန်းခြင်းများ၊ ဓာတ်ပုံနှင့်အခြားအထောက်အထားများအားဖြင့် မှတ်တမ်းတင်မှုများပြုလုပ်ပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့သည် သီးခြားလွတ်လပ်စွာလုပ်ရှားဆောင်ရွက်သော အဖွဲ့အစည်းဖြစ်ပြီး မည်သည့်နိုင်ငံရေး သို့မဟုတ် အခြားအဖွဲ့အစည်းများနှင့် ပတ်သက်ခြင်းမရှိပါ။